www.dhammaransi.com



ဇာတကာလာသိကြားမင်း၏

# လောကလူသားအကျိုးပြုမှုများ

…ာသဒ္ဓမ္မဇောတိကဓဇ

## တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ ဘီ-အေ)

Design KO SAW

www.dhammaransi.com

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)

M.A ကျမ်းပြုဆရာတော်များ နှင့် သုတေသီများအတွက်

# ဇာတကလာ သိကြားမင်း၏

# လောကလူသားအကျိုးပြုမှုများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ်သျှင်သီရိ(ဓမ္မာစရိယ ဘီ.အေ)

• • • • • • • • •

ဦးကိုကိုမြိုင် (တွဲဖက်ဌာနမှူး)

သုတ္တန္တပိဋကမဟာဌာန

သာသနာ-၂၅၅၈ ကောဇာ-၁၃၇၆ ခရစ်-၂၀၁၅

www.dhammaransi.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၅-ခုနှစ်

အုပ်ရေ - ၁၀၀၀

ထုတ်ဝေသူ

ဦးစိုးမင်းထွန်း(မှတ်ပုံတင်အမှတ်-၀၃၈၄၅)
ဒုတိယညွှန်ကြားရေးမှူးချုပ်
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
သာသနာရေးဝန်ကြီးဌာန

အဖုံးနှင့်အတွင်းစာသားပုံနှိပ်သူ

ဦးတင်စိုး
ဂုဏ်လင်းကျော်ပုံနှိပ်တိုက်
အမှတ်(၂၄)၊ ဗဟိုလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

www.dhammaransi.com

# ဓမ္မဒါနအလှူရှင်

ဖခင်ကြီး - သုဓမ္မဇောတိကဓဇ ဦးသန်းဝင်း

+

မိခင်ကြီး - ဒေါ်မြမြဝင်း

*တို့အား အမှူးထား၍*

သား - သုဓမ္မဇောတိကဓဇ ဦးမျိုးဆက်

သမီး - မသီသီမြ (စိမ်းလန်းမြေ)

မိသားစု

အမှတ်(A/၃၉)၊ နောင်ရိုးလမ်း၊

မရမ်းကုန်းမြို့နယ်

ရန်ကုန်တိုင်းဒေသကြီး မှ

M.Aကျမ်းပြုဆရာတော်များ နှင့်သုတေသီများအတွက်

ရိုက်နှိပ်ထုတ်ဝေလှူဒါန်းပါသည်

အလှူငွေပေါင်း--၈,၅၄၀၀၀၀/-

www.dhammaransi.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာစာ. . . . | |
| ၁။ | သူတစ်ပါးအသက်မသေစေလို၍ မိမိ၏အသက်ကို စွန့်လွှတ်သော သိကြားမင်း | ၁ |
| ၂။ | လူမိုက်ခဲနှင့်သိကြားမင်း (သေသောက်ကြူးငြားဖျက်ဆုံးပါးသိကြားမင်းမကယ်နိုင်) | ၇ |
| ၃။ | သိကြားမင်းကဆုံးမသော မစ္ဆရိယသူဌေး | ၁၀ |
| ၄။ | လူအိုတို့နှင့်ကစားသောမင်းနှင့်သိကြားမင်း (ဘယ်သူမပြုမိမိမှု-ကြည့်ရှုဆင်ခြင်ရာ) | ၂၄ |
| ၅။ | ဝမ်းမဝ၊ သီလမစောင့်မှုနှင့်သိကြားမင်း (ဝမ်းရေးမလှ၊ စောင့်သီလ၊ ညီမျှသစ်ကျုတ်သာ) | ၃၀ |
| ၆။ | သိကြားမင်းက ယုန်၊ မြေခွေး၊ မျောက်၊ ဖျံတို့၏ သီလကိုစမ်းသပ်ပုံ | ၃၄ |
| ၇။ | ရသေ့စဉ်းလဲ၊ သူဌေးသမီးလေးဦးနှင့်သိကြားမင်း (ရဟန်းဖြစ်ငြား၊ ကျင့်တရား၊ ထင်ရှားရှိစေလင့်) | ၄၁ |
| ၈။ | စစ်ပွဲနိမိတ်ကိုဖတ်ပေးသောသိကြားမင်း | ၄၆ |
| ၉။ | သေခြင်းတရားကိုအောက်မေ့သင့်ပုံနှင့်သိကြားမင်း (သေပြီးကိုတ-၍ ထိုသူပြန်မလာသိကြားမင်း) | ၅၇ |
| ၁၀။ | သူခိုးဓါးရိုးကမ်းသောမိန်းမနှင့်သိကြားမင်း (ချောင်းကိုပစ်၍မြစ်ကိုရှာ၊ ရေသာများပြီး ငါးမတွေ့ပါ) | ၆၀ |

www.dhammaransi.com


၁၁။ သေသူကိုတ,၍ မငိုကြသူငါးဦးနှင့် သိကြားမင်း ၆၇

၁၂။ မှားသောအယူကိုပယ်ဖျောက်ပေးသောသိကြားမင်း ၇၆
(ရဟန်းသံဃာစီစစ်ကာ ကောင်းစွာကိုးကွယ်သင့်)

၁၃။ မိန်းမအလိုလိုက်သောမင်းမိုက်နှင့်သိကြားမင်း ၈၄
(ကတိဝန်ခံ မြဲမြဲမြဲ၊ တစ်ရံတစ်ဆစ်မဖျက်ရာ)

၁၄။ လှူပြီးမှစားသုံးသင့်ကြောင်းသိကြားမင်းဆုံးမမှု ၉၅
(လှူပြီးမှသာ စားအစာ၊ စားပါမွန်မြတ်သည်)

၁၅။ သေ၍ငိုခြင်းသည် အကျိုးမရှိပုံနှင့်သိကြားမင်း ၉၈
(သေသူတမ်းတ၊ ငိုကြွေးကြ၊ သောကဖြစ်ရုံသာ)

၁၆။ မိဘတို့အားလုပ်ကျွေးသင့်ပုံ၊ သိကြားမင်းဆုံးမမှု ၁၀၂
(ကျေးဇူးသိကြား၊သမီးသား ကြီးပွားချမ်းသာရာ)

၁၇။ ဆင်းရဲသော်လည်း အဆွေခင်ပွန်းမစွန့်ထိုက်ပုံ ၁၁၁
သိကြားမင်းဆုံးမမှု
(ရောင့်ရဲသည်းခံ၊ ချမ်းသာမှန်၊ ဧကန်ရမည်သာ)

၁၈။ သိကြားမင်းပေးသောဆုနှင့်ကဏှရသေ့ယူသောဆု ၁၁၇

၁၉။ သိကြားမင်းနှင့်မင်္ဂလာ (၈)ပါး၊ (၃၈)ပါးပြဿနာ ၁၃၁

၂၀။ သိကြားမင်းဟောပြောသောနတ်ပြည်ရောက် ၁၄၃
ကျင့်စဉ်များ

၂၁။ သတ္တဝါတို့အကျိုးသိကြားမင်းကျင့်ခဲ့ပုံ ၁၅၄

၂၂။ သေရည်အရက်စတင်ဖြစ်ပေါ်ရာ ၁၆၄

၂၃။ သိကြားမင်းကရသေ့၏အကျင့်ကိုဖျက်ခိုင်းမှု ၁၈၁

၂၄။ မလှူသောဆွေမျိုးကို လှူအောင်ဆောင်ရွက်မှု ၁၉၂

၂၅။ သီလရှိသူကို သိကြားမင်းက သားဆုပေးပုံ ၂၃၅

www.dhammaransi.com

# အမှာစာ

ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ အယူအဆ၊ ယုံကြည်ချက်တွင်

"ကောင်းသူတွေကိုကယ်တင်မည်၊ မကောင်းသူတွေကို ပယ်ရှားမယ်တဲ့ ဘုရားတရားတော်နှင့်အညီ"

ဆိုသော သီချင်းစာသားအတိုင်း သိကြားမင်းဟူသည် စတုမဟာရာဇ်နတ်မင်းကြီးလေးပါး အကူအညီနှင့် လူသားတို့ကို စောင့်ရှောက်နေသည်။ မကောင်းသူတွေကို ဝရဇိန်လက်နက်ဖြင့်ဖြိုခွင်း၍ ပယ်မည်။ ကောင်းသူတွေကို ဆင်းရဲဒုက္ခမရောက်အောင်ကူညီသည်ဟု ယုံကြည်ကြသည်။

တစ်ဖန် ဗုဒ္ဓဂေါတမသာသနာ (၅၀၀၀) ရှိမည်ဟုဆိုရာ၌ သာသနာ (၂၅၀၀)ကျော်က သိကြားမင်းကသာသနာတော်ကို အထူးစောင့်ရှောက် ပေးမည်ဖြစ်၍ သိကြားသာသနာ ရောက်မည်ဟုဆိုကာ ယုံကြည်ကြသည်။

www.dhammaransi.com



မြန်မာတို့၏သက္ကရာဇ်သတ်မှတ်ချက်နှင့် သကြင်္ကန်ကျမှု၊ နှစ်ကူးကြောင်းမှုတွင် သိကြားမင်းသည်အဓိကအခန်းက ပါနေပါသည်။

နှစ်ကူးတွင် သိကြားမင်းက ဘာကိုင်၍ဘာစီး၍ လူ့ပြည်သို့ဆင်းလာလျှင် ဤလူ့ပြည်၌ မည်သို့သောကောင်းကျိုး-ဆိုးကျိုးများဖြစ်မည်စသည်ဖြင့် သိကြားမင်းနှစ်ကူးဆင်းလာမှုနှင့် ပတ်သက်၍အကြန်စာပါ သိကြားမင်း၏စီးသောယာဉ် တိရစ္ဆာန်နှင့် ကိုင်ဆောင်သောအရာသည် လူသားတို့၏ကံကြမ္မာကို ဖန်တီးသည်ဟု ယုံကြည်နေကြသည်။

ယခုမြန်မာတို့ သုံးစွဲနေကြသော သက္ကရာဇ်ဟူသောစကားသည် ရာဇ = သက္က = သိကြား+ရာဇ = မင်းဟူသော ပါဠိဝေါဟာရကိုယူထားပြီး သုံးစွဲခြင်းဖြစ်သည်ဟု ဆိုပါသည်။

ပညာရှင်တို့က သက္ကရာဇ်သည် သက္ကရာဇာပါဠိပုဒ်မှ လာသည်။ ပုဒ်အနက်မှာ-

"သက္ကရာဇ်ကိုဖြို့ခြင်းငှာ အသစ်ထားခြင်းငှာ စွမ်းနိုင်သောမင်း၏ဥစ္စာသည်သက္ကရာဇ်မည်၏ ဟူ၍ဖွင့်ဆိုကြပါသည်။

တစ်ဖန် သက္ကရာဇ်ဒီတံကတွာ စသောသုစိဓာတ် လက်ရိုးသက္ကရာဇ်ဟူသော ဝေါဟာရပါ လာသည်ဟု အချို့ကဆိုပါသည်။

သံဒိဌ္ဌိကာကျမ်း၌မူ သကမင်း (သကရာဇာ) နန်းတက်သောနှစ်မှစ၍ ရေတွက်သောနှစ်ဖြစ်သဖြင့် ထိုသကမင်းကိုအစွဲပြု၍ သကရာဇ်ဟု ရေးထုံးဖြစ်ကြောင်း ဖော်ပြပါသည်။

www.dhammaransi.com



မြန်မာနိုင်ငံတွင် သရေခေတ္တရာပြည်ကိုအုပ်စိုးသော သုမုန္ဒရီမင်းလက်ထက်တွင် ဒေါဒေါရသကိန်းဂဏာန်းအရ ကောဇာနှစ် (၆၂၂) ကိုဖြိုလိုက်သည်။

ထိုအချိန်က အိန္ဒိယပြည်တွင် သကမင်းနန်းတက်ချိန်ဖြစ်သည်။ ထီးဆောင်းမင်းအချင်းချင်း မဟာမိတ်ဖြစ်ကြသည်နှင့်အညီ သကမင်းနန်းတက်သည်ကို အသိအမှတ်ပြုကာ သက္ကရာဇ်ဝေါဟာရ ပြုခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။

အချို့ကဝါလပိုင်းဝတ္ထုတွင် ကမ္ဘာတည်တောက်ပုံ ပြဟ္မာမှ လူဖြစ်လာပုံ၊ နေနှင့်လ၊ နေ့နှင့်ညဖြစ်သောအချိန်တွင် သိကြားမင်းသည် လူ့ပြည်သို့ဆင်းလာပြီး ခုနှစ်၊ လတို့ကို စီမံခဲ့သည်။

ထိုသိကြားမင်းစီမံပေးခဲ့သော အစီအမံဖြစ်၍ သက္ကရာဇာ သိကြားမင်း၏နာမည်ကိုယူကာ သက္ကရာဇ်ဟူ၍ ကမ္ဘာဦးကပင် သုံးစွဲလာခဲ့သောအမည်ဖြစ်သည်ဟု ဆိုပါသည်။

တစ်ဖန်မြန်မာတို့က သက္ကရာဇ်နှင့်ပတ်သက်၍ ကောဇာသက္ကရာဇ် ဂေါဇာသက္ကရာဇ် ဟူ၍ (၂) မျိုးသုံးစွဲကြလေ့ရှိပါသည်။

တစ်ဖန်သက္ကရာဇ်နှင့် ပတ်သက်၍မြန်မာတို့၌-

၁။ ကောဇာသက္ကရာဇ်

၂။ သာသနာသက္ကရာဇ် ဟူ၍ (၂)မျိုးသုံးစွဲကြပြန်ပါသည်။

ကောဇာသက္ကရာဇ်ကို-

၁။ ဒီဃသက္ကရာဇ် (အရှည်သက္ကရာဇ်)= ရောက်ဆဲသက္ကရာဇ်

www.dhammaransi.com



၂။ ရဿသက္ကရာဇ်(အတိုသက္ကရာဇ်) = ရောက်ဆဲသက္ကရာဇ်ထဲ၌ (အထ-နော-သတ်)ခေါ် နှုတ်၍ ကျန်သောသချ်ာကိုရဿဟုခေါ်သည်။

(ဒီဃ-၁၃၁၆-၇၉၈ = ၅၁၈ = ရဿခုနှစ်ဖြစ်၏)

သာသနာသက္ကရာဇ်

သက္ကကောဇာ၊ တည်ပြီးခါဝယ်၊ တင်တစ်ရှစ်နှစ် (၁,၁,၈၂) နှောတုံလစ်က တိတ်ဖြစ်သာသနာ မှတ်ကြရာ၏ဆိုသည့်အတိုင်း သာသနာသက္ကရာဇ်ဟု ကောဇာသက္ကရာဇ်ကိုတည် ၁၁၈၂-ခုနှော၊ သာသနာသက္ကရာဇ်ဖြစ်၏။

ဥပမာ. . . ၁၃၁၆ ခု + ၁၁၈၂ = ၂၄၉၈ သည်သာသနာသက္ကရာဇ်ဖြစ်၏။

သက္ကရာဇ်ဖြိုရာအင်္ဂါ (၃) ပါးမှာ

သက္ကရာဇ်ဖြိုခြင်းဟူသည်ကား ဂဏန်းသချ်ာအရေအတွက် ထွေများလာသည်ကို လွယ်ကူစွာသိမှတ်နိုင်စေရန်ရည်သန်၍ အသစ်အတို ပြုခြင်းပင်ဖြစ်ပါသည်။

သို့သော် အောက်ပါအင်္ဂါ (၃)ပါးနှင့် ညီညွတ်ပါမှဖြိုအပ်သည်။ ဖြိုကောင်းသည်၊ ပညာရှိတို့ကတွက်ကိန်းပုံစံထားကြပါသည်။

(က) ရောက်ဆဲသက္ကရာဇ်တည် ၇-ခုနှင့်စား အကြွင်းမဲ့ပြတ်

(ခ) ရောက်ဆဲသက္ကရာဇ်တည် ၁၉-ခုနှင့်စား အကြွင်းမရှိပြတ်

www.dhammaransi.com



(ဂ) ရောက်ဆဲသက္ကရာဇ်တည် ၉၅-ခုနှင့်စား အကြွင်းမရှိပြတ် (ကိန်းစဉ် ညီအောင်ဖြိုခြင်းသာ လိုရင်းပဓာနမှတ်ပါဟု ကန်နီအတွင်းဝန်က ဆိုထားပါသည်။)

သက္ကရာဇ-သက္ကရာဇ်ကိုဖြိုခဲ့ကြသော မင်းနှင့်ကိန်းခမ်းရသေ့ ရဟန်းတို့၏အမည်ကို ရာဇဝင်၊ မဟာဝင်၊ သာသနာဝင်၊ ဆရာစဉ် တို့ မှတ်တမ်းများအရ-

(၁) အာကာရဋ္ဌမင်းကြီးလက်ထက် ကမ္ဘာဦးကာလမှစ၍ "မဟာသုဒ္ဓဝယပ္ပ" ဟူသောပိဋကသချာကိန်းနှင့်အညီ သက္ကရာဇ် (၁၁၄၉၇၈၅) ခုနှစ်တို့ကို ဖြိုခဲ့သည်။

(၂) ကုသမင်းကြီးလက်ထက်မှာ နာတိမဇ္ဈလဒ္ဓိဝိယ ဟူသော ပိဋကသချာကိန်းခမ်းနှင့်အညီ သက္ကရာဇ် (၁၄၉၃၈၅၆၀) သော ခုနှစ်နို့ကို ဖြိုခဲ့သည်။

(၃) ထို့နောက် ဘိုးတော်အဥ္စနမင်းကြီးသည် ဒေလီလရသေ့နှင့်တိုင်ပင်ကာ "မာဃစန္ဒော (သို့မဟုတ်) ဏာဝစန္ဒေ" ဟူသော ပိဋကတ်သချာကိန်းခမ်းနှင့်အညီ သက္ကရာဇ် (၈၆၄၅) ခုနှစ်တို့ကို ဖြိုခဲ့လေသည်။

(၄) ထို့နောက် မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်သောအခါ သာသနာနှစ်နှင့် ကောဇာသက္ကရာဇ်နှင့်ညီစေရန် အဇာတသတ်မင်းကြီးနှင့် ရှင်မဟာကဿပထေရ်တို့ တိုင်ပင်ကာ ဒေဝိယ ဟူသောပိဋကသချာကိန်းနှင့်အညီ သက္ကရာဇ် ၁၄၈ ခုနှစ်တို့ကိုဖြိုလိုက်ပြန်သည်။

www.dhammaransi.com



(၅) ထို့နောက် သက္ကရာဇ်-၆၂၄-ခုသို့ရောက်သောအခါ သုမုန္ဒရီ မင်းကြီးသည် သီရိခေတ္တရာပြည်ကြီး၌ ဒေါဒေါရသ-၂ခု ကြွင်းထား၍ သက္ကရာဇ်-၆၂၂-နှစ်တို့ကို ဖြိုလိုက်ပြန်ပါ သည်။

(၆) ထို့နောက် ၆၅၂-ခုနှစ်သို့ရောက်ပြန်သောအခါ ပုပ္ပါးစော ရဟန်းမင်းကြီးသည် ပုဂံပြည်၌ အလံဗိက ကိန်းကြံ၍ ခဆပဥ္စ ခေါ် နှစ်ပေါင်း-၅၆၀ တို့ကို (၂)ခု ကြွင်းထားလျက် ဖြိုလိုက်ပြန်သည်။

(၇) ထိုမှနောက် သက္ကရာဇ် (၈၀၀)ခုနှစ်သို့ရောက်သောအခါ မိုးညှင်းမင်းတရားကြီးသည် အဠနဝသတ္တကိန်း (သို့မဟုတ်) ဗသျှူဆိဒ္ဓမုနိကိန်းအရ (၇၈၉) ခုနှစ်ကိုဖြိုပြန်သော်လည်း ကိန်းခန်းမရောက်၍ မပြိုမကြေ ဟုပညာရှိတို့ကဆိုကြ သည်။

ထို့နောက် သက္ကရာဇ်ဖြိုမှုမင်းမပေါ်တော့၍ ယနေ့သက္ကရာဇ် အထိ တည်ရှိသွားလျက်ရှိနေပါသည်။

ဤသည်မှာ မြန်မာတို့၏သိကြားမင်းနှင့်ဆက်နွယ်သော သက္ကရာဇာ သက္ကရာဇ်အဆင့်ဆင့်ဖြစ်ပေါ်မှုနှင့် သက္ကရာဇ်တစ်နှစ် ပြည့်လျှင် သိကြားမင်းလူ့ပြည်သို့ဆင်းသော အစဉ်အလာယုံကြည် ချက်နှင့် သင်္ကြန်ကာလသိကြားမင်းဆင်းသောအခါ သိကြားမင်းကို ကြိုဆိုသော အတာအိုး၊ ပန်းထိုးခြင်းဓလေ့များ ဖြစ်ပေါ်လာခဲ့ရ ခြင်း၏အကြောင်းအရာများ ဖြစ်ကြပါသည်။

www.dhammaransi.com



သက္ကရာဇာ သက္ကရာဇ်နှင့်သိကြားမင်းလှူပြည်ဆင်းသက်မှုနှစ်ကူးမှုနှင့်ပတ်သက်၍ မြန်မာတို့၏ရိုးရာယုံကြည်မှုသည် သင်္ကြန်စာပါ အကြောင်းအရာများကို အဓိကထားပြီးယုံကြည်ကြသည်။

သင်္ကြန်ဖြစ်ပေါ်မှုနှင့်ပတ်သက်၍ မြန်မာတို့က အစဉ်အလာအရ ယုံကြည်ထားကြသော ကဝိလမိုင်းပုံပြင်တစ်ခုရှိခဲ့ပါသည်။

"ကမ္ဘာဦးကာလ ကဝိလမိုင်း အမည်ရှိသောဗေဒင်ပုရောဟိတ်ဆရာကြီးတစ်ဆူ လူပြည်၌ပေါ်ထွန်းခဲ့သည်။

အခါတစ်ပါး သိကြားမင်းနှင့်အာသီမည်သော ဗြဟ္မာမင်းတို့ ဗေဒင်ဆိုင်ရာပြဿနာတစ်ခုနှင့်ပတ်သက်၍ အငြင်းပွားကြသည် နောက်ဆုံးသူနိုင်-ငါနိုင်မဆုံးဖြတ်နိုင်ကြ၍ လူပြည်ရှိကဝိလမိုင်းဆရာကြီးထံ လာရောက်အဆုံးအဖြတ်ခံယူကြရန် သဘောတူကြသည်။

ထိုပြင် နိုင်သူကရှုံးသူကို ခေါင်းဖြတ်စတမ်း ဟူ၍လည်း သဘောတူခဲ့ကြသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးလေသည်။

သို့သော် သိကြားမင်းက ဗြဟ္မာမင်းဦးခေါင်းကို မဖြတ်လိုသောအခါ ဗြဟ္မာမင်းသည် မိမိ၏ကတိဝတ်ကို လေးစားလိုက်နာသောအားဖြင့် အဓိဋ္ဌာန်ပြုလျက် မိမိ၏ဦးခေါင်းကိုပြတ်ကျစေသည်။

ပြတ်ကျသွားသော ဗြဟ္မာမင်း၏ဦးခေါင်းကို သမုဒ္ဒရာအတွင်းပစ်ချခဲ့သော် ရေများခမ်းခြောက်သွားမည်။ မြေပြင်တွင်ပစ်သော် တစ်လောကလုံးမီးဟုန်းဟုန်းတောက်မည်။

www.dhammaransi.com



သို့အတွက် သိကြားမင်းက (၁) နန္ဒာနတ်သမီး၊ (၂) ကညာနတ်သမီး၊ (၃) ခံသီနတ်သမီး၊ (၄) ဂေါရသာနတ်သမီး (၅)မဟောရကာနတ်သမီး၊ (၆) ပြောက်ကာနတ်သမီး၊ (၇) ရသကာနတ်သမီး ဟူသော နတ်သမီး (၇) ပါးတို့အား ဗြဟ္မာမင်းကြီး၏ဦးခေါင်းကို တစ်နှစ်တစ်ပါးအလှည့်ကျ ပွေ့ချီထားစေသည်။

နတ်သမီးတစ်ပါးမှ နတ်သမီးတစ်ပါးသို့ ပြောင်းရွှေ့သောကာလမှာ လူတို့၏အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သော အချိန်နှင့်ညီမျှသည်။ ထိုသို့ပြောင်းလွှဲပေးသည်ကို သင်္ကြန်ဇာ-သိကြားမင်းကအမိန့်တာဝန်ချထားသောကြောင့် သင်္ကြန်ဦးခေါင်း ပြောင်းသည်ဟု ဆိုကြပါသည်။

ထိုအယူအဆအရ အတာသင်္ကြန်ပွဲတော်များ ကျင်းပရာတွင် ရှေးခေတ်သင်္ကြန်တို့၌ နတ်သမီး(၂)ပါး၊ ဗြဟ္မာမင်းဦးခေါင်း လွှဲပြောင်းပေးနေပုံကို ရုပ်ပုံရေးဆွဲပြီး ထုတ်ဝေကြသည်ကိုတွေ့ရပါသည်။

မြန်မာယဉ်ကျေးမှုအယူအဆအရ နှစ်သစ်ကူးသင်္ကြန်ကျချိန်၌ သိကြားမင်းသည် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ခေတ္တသက်ဆင်းလာသည်ဟု ယုံကြည်ကြသည်။ သိကြားမင်းလူ့ပြည်သို့ဆင်းသက်ချိန်ကို သင်္ကြန်စ၍ကျချိန်ဟု ယုံကြည်လက်ခံကြသည်။ သိကြားမင်းမဆင်းမီတစ်ရက်အလိုတွင် သိကြားမင်းကိုကြိုဆိုသောအားဖြင့် အတာအိုးများတွင် ပန်းသပြေစသည်ထိုးပြီး ကြိုဆိုလေ့ရှိသည်။ ယင်းကိုသင်္ကြန်အကြိုနေ့ဟု ယုံကြည်သတ်မှတ်ကြသည်။

www.dhammaransi.com


သင်္ကြန်မင်းဆင်းလာသောအချိန်တွင်-

(၁) ရုဒ် = ငိုကြွေးခြင်း၊ ပူဆွေးခြင်း
(၂) မေထုန = မေထုန်သံဝါသပြုခြင်း
(၃) မံသ = အသားဟင်းလျာစားသောက်ခြင်း
(၄) သူရာ = သေရည်သောက်စားမူးယစ်ခြင်း
(၅) ကောဓ = အမျက်ဒေါသထွက်ခြင်း၊ သတ်ပုတ်ခြင်း
(၆) ရုဓိရ = သွေးဖောက်-သွေးထုတ်ခြင်း
(၇) ဆောလိက = ဆီလိမ်း၊ ဆေးလိမ်းခြင်း
(၈) ရုက္ခစ္ဆေဒ = သစ်ပင်ခုတ်ခြင်း၊ ထင်းဖြတ်ခြင်း
(၉) ကီဏ = ဝယ်ယူခြင်း၊ ကျီးသွင်းခြင်း
(၁၀) ဝိက္ကဏ = ရောင်းခြင်း၊ ဝယ်ခြင်း၊ ဆိုင်ထွက်ခြင်း

ဤ (၁၀)ပါးတို့ကို ရှောင်ကြဉ်ကြရသည်။ သို့မှသာ နှစ်သစ်ကျက်သရေအဖြာဖြာနှင့် ပြည့်စုံသည်ဟု ယုံကြည်ကြပါသည်။

သင်္ကြန်မင်းနတ်ပြည်သို့ ပြန်တက်ချိန်ကိုသင်္ကြန်အတက်ဟု သတ်မှတ်ကြသည်။ သို့အတွက် သင်္ကြန်မင်းကို သင်္ကြန်မင်းဟူ၍ ယုံကြည်လက်ခံထားကြပါသည်။

နှစ်သစ်ကူးသင်္ကြန်မင်း လူ့ပြည်သို့သက်ဆင်းသောအခါတွင် ကျွဲ၊ နွား၊ စသောသတ္တဝါတစ်ကောင်ကောင်ကိုစီး၍ဖြစ်စေ၊ လှံ၊ မီးရှူးတိုင်စသည့် ဝတ္ထုပစ္စည်းတစ်ခုခုကိုကိုင်ဆောင်၍ဖြစ်စေ ဆင်းလာလေ့ရှိသည်ဟု ယုံကြည်ကြသည်။

ထိုသင်္ကြန်မင်းစီးလာသောယာဉ်၊ ကိုင်လာသောအရာ

www.dhammaransi.com



ဝတ္ထုကိုကြည့်ပြီး ဥပမာ. . . သိကြားမင်းက လှံတံကိုင်၍ဆင်းလာလျှင် စစ်မက်ဖြစ်ပွားမည်။ ရောဂါအန္တရာယ်ထူပြားမည် စသည်ဖြင့် မကောင်းသောနိမိတ်အဖြစ် ခံယူထားကြလေ့ရှိသည်။

ရေကရားကိုဖြစ်စေ၊ မီးရှူးကိုဖြစ်စေ၊ တောင်ဝှေးကိုဖြစ်စေ ကိုင်၍ဆင်းလာလျှင် တိုင်းပြည်ဝပြောမည်။ မိုးကောင်းမည်၊ ကောက်ပဲသီးနှံဖွံ့ဖြိုးမည် စသည်ဖြင့်နိမိတ်ကောက်ယူကြသည်။

အကယ်၍သိကြားမင်းသည် နဂါးစီး၍ဆင်းလာလျှင် မိုးကောင်းမည်ဟု အယူရှိသကဲ့သို့ ဂဠုန်စီး၍ဆင်းလာလျှင် လေမုန်တိုင်းကျရောက်မည်ဟု ယုံကြည်ကြလေ့ရှိသည်။

ရှေးခေတ်မြန်မာမင်းများလက်ထက်ကတည်းကပင် သင်္ကြန်အခါတော်ကို နန်းတော်ရှိပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ဗေဒင်ကျမ်းနှင့်အညီ တွက်ချက်ပေးရသည်။ ဗေဒင်ပညာကို တစ်ဘက်ကမ်းခတ်တတ်ကြသော မြန်မာလူမျိုး၊ ပုဏ္ဏားလူမျိုး၊ ရဟန်းပညာရှိတို့က နှစ်စဉ်ပင်တွက်ချက်၍ မည်သည့်နှစ်တွင် ဝါထပ်မည်၊ ဝါကြီးထပ်မည်၊ ဝါငယ်ထပ်မည်၊ ရက်ငင်သည်။ မည်သည့်ဂြိုဟ်အကောက်သွားမည်၊ အဖြောင့်သွားမည်၊ နေကြတ်မည်၊ လကြတ်မည်၊ ငလျင်လှုပ်မည်၊ တော်လဲမည်၊ စစ်ဖြစ်မည်၊ စသည်တို့ကို တွက်ချက်၍ တိုင်းပြည်၏အရေးအခင်းများ၊ ကျန်းမာရေး၊ စီးပွားရေး၊ ကောင်းမည်၊ ဆိုးမည်အကြောင်းအရာများကို ဂြိုဟ်များကိုကြည့်၍ ဗေဒင်ဟောစာတမ်းရေးပြီး မင်းထံဆက်သွင်းကြရသည်။

တိုင်းပြည်အတွက် တစ်နှစ်ဟောစာတမ်းကို ဘုရင်က

www.dhammaransi.com



သာသနာပိုင်ဆရာတော်အား ပြသပေးရသည်။ သာသနာပိုင်ဆရာတော်ကလည်း ပညာရှိများတွက်ချက်ယူဆပုံနှင့်ကိုက်ညီ-မညီကို တစ်ဖန်ညှိနှိုင်းစီစစ်၍ သင့်မြတ်လျှင် ယင်းဟောစတမ်းကိုဘုရင်က တိုင်းပြည်သို့ထုတ်ဝေ အသိပေးရသည်။ဤဟောစတမ်းကို သင်္ကြန်စာဟူ၍ ခေါ်ဝေါ်ကြသည်။

သင်္ကြန်စာသည် ဘုရားဟောဒေသနာမဟုတ်သော်လည်း ဗေဒင်ကျမ်းများအရ ဗေဒင်ပညာရှင်တို့က ဗေဒင်အတတ်ပညာအစွမ်းဖြင့် ဖော်ထုတ်ထားသော နိုင်ငံအတွက်ဟောစာတမ်းဖြစ်၍ ပြည်သူ-ပြည်သားတို့သည် တိုင်းရေးပြည်ရာကိစ္စ၊ စိုက်ပျိုးရေးကိစ္စများအတွက် သင်္ကြန်စာကိုယုံကြည်အားကိုးထားကြလေ့ရှိသည်။

ထိုသင်္ကြန်နှင့်ပတ်သက်၍လည်း သင်္ကြန်အမျိုးအစားကို (၁၂)မျိုးခွဲခြားလေ့ရှိပါသည်။

- ၁- ကြွင်းမူ ဇေယျသင်္ကြန်
- ၂- ကြွင်းမူ ဝိသာခါသင်္ကြန်
- ၃- ကြွင်းမူ ဇေဋ္ဌသင်္ကြန်
- ၄- ကြွင်းမူ အာသဠ္ဌိသင်္ကြန်
- ၅- ကြွင်းမူ သရဝဏ်သင်္ကြန်
- ၆- ကြွင်းမူ အဒြသင်္ကြန်
- ၇- ကြွင်းမူ အဿယုတ္တသင်္ကြန်
- ၈- ကြွင်းမူ ကြတ္တိကာသင်္ကြန်
- ၉- ကြွင်းမူ မိဂသီသင်္ကြန်

www.dhammaransi.com



၁၀- ကြွင်းမူ ဖုဿသကြိန်
၁၁- ကြွင်းမူ မာဃသကြိန်
၁၂- ကြွင်းမူ ဖဂ္ဂုဏသကြိန်

ဟူ၍ သတ်မှတ်ကြလေ့ရှိပါသည်။

ဤသို့အားဖြင့် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့ထုံးစံတွင် သိကြားမင်းနှင့်ပတ်သက်သော သကြိန်သည်အလွန်ပင် အရေးပါလာခဲ့ပါသည်။

ထိုသိကြားမင်းသည် လူသားတို့အားထိန်းသိမ်းစောင့်ရှောက်သည်နှင့်ပတ်သက်၍ လူသားအများကို သိကြားမင်းက မကောင်းသူကိုပယ်၍ ကောင်းသူကိုကယ်မည်။ မကောင်းမှုပြုသူများကို ဥပုသ်တစ်ပါတ်တစ်ခါ မာတလိစာရင်းကောက်စေ၍ မကောင်းမှုပြုသူကို ခွေးသားရေတွင် မှတ်တမ်းတင်စေသည်။ ကောင်းမှုပြုသူကို ရွှေပုရပိုက်တွင် မှတ်တမ်းတင်စေသည်ဟု ယုံကြည်လက်ခံထားကြသည်မှုလည်းရှိနေကြပါသည်။

ထိုသိကြားမင်းသည် လောကလူသားတို့အား မည်သို့အကူအညီပေး အကျိုးပြုပါသနည်းဟူသော အမေးပြဿနာသည်ပေါ်လာခဲ့သည်။ သို့အတွက် စာရေးသူသည် ဗုဒ္ဓခေတ်၌ ဗြဟ္မာနှင့် သိကြားမင်းတို့၏ ဗုဒ္ဓနှင့်ရဟန္တာတို့ထံ ပြဿနာဖြေရှင်းပုံအလုံးစုံကို ပိဋကတ်မှတ်တမ်းပါတို့ကို အတတ်နိုင်ဆုံးစုစည်းပြီး အမှတ် (၁) အနေနှင့် "ဗုဒ္ဓဂေါတမနှင့်ဗြဟ္မာ-သိကြားမင်းတို့၏ လောကသဘာဝပြဿနာဖြေရှင်းမှုများ" စာအုပ်ကို ထုတ်ဝေ ရေးသားခဲ့ပါသည်။

www.dhammaransi.com



ယခုအမှတ် (၂) "ဇာတကလာသိကြားမင်း၏ လောကလူသားတို့အား အကျိုးပြုမှု"တွင်မူ ဗုဒ္ဓဂေါတမ၏အတိတ်ဆောင် သိကြားမင်း၏လောကလူသားများအတွက် အကျိုးပြုမှုတို့ကို ထုတ်နှုတ်စုစည်း၍ရေးသား ပြထားပါသည်။ ဤသည်တို့မှာ ဗုဒ္ဓ၏အလောင်းအလျာဘဝတွင် သိကြားမင်းနှင့်တွေ့ဆုံကြပုံ၊ သိကြားမင်းက ကူညီပုံ-အလုံးစုံကို ထုတ်ပြထားပါသည်။

ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့အတွက် သိကြားမင်းနှင့် ပတ်သက်၍သိသင့်သိထိုက်သော အကြောင်းတရားများနှင့် လူ့လောက၊ နတ်လောက၌သိကြားမင်း၏ အရေးပါပုံတို့ကိုသိစေရန် ရည်ရွယ်ပါသည်။

ဤစာမူဖြစ်မြောက်ရေးအတွက် အစစအရာရာ အကူအညီပေးကြသော စာအုပ်စာတမ်းရှာပေးကြသော ဓမ္မမိတ်ဆွေများနှင့် စာကိုအေးဆေးစွာရှာဖွေနိုင်ရန် ရေးသားပြုစုနိုင်ရန် ပါရမီဖြည့်ပေးရှာသော ဇနီး ဒေါ်တင်အေး၊ သမီးလတ် မခင်သူဇာ (ဘီ. အေ-စီးပွားစီမံ) နှင့် ကွန်ပျူတာစာစီပေးသော မမြမြသင်းနှင့် ထုတ်ဝေသူတို့အား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

ဦးကိုကိုမြင့်
အမှတ် (၅၅)၊ သုနန္ဒာ (၃)လမ်း၊
စ-ရပ်ကွက်၊ မြောက်ဥက္ကလာပ
ဖုန်း-၆၉၀၃၂၄

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်ဘွဲ့သိရိ
(ဓမ္မာစရိယ ဘီ-အေ)

www.dhammaransi.com



## ၁။ သူတစ်ပါးအသက်ကိုမသေစေလို၍ မိမိအသက်ကိုစွန့်လွှတ်သော သိကြားမင်း

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ရဟန်းငယ်နှစ်ပါးသည် တောဇနပုဒ်မှနေ၍ ဘုရားရှင်အား ဖူးတွေ့ရန် သာဝတ္ထိပြည်သို့လာစဉ် လမ်းခရီး၌ ရဟန်းငယ်တစ်ပါးသည် ရေစစ်မပါ၍ ရေကိုမစစ်ဘဲ ပိုးများနှင့်အတူ သောက်သုံးခဲ့သဖြင့် ထိုအကြောင်းကို အတူပါသူငယ်ချင်းက ဘုရားကို လျှောက်ထားပြသဖြင့် ဘုရားရှင်က-

"ရှေး၌ပညာရှိတို့သည် နတ်ပြည်၌မင်းပြုကုန်လျက် စစ်ရှုံး၍သမုဒ္ဒရာအပြင်ဖြင့် ပြေးကုန်သည်ရှိသော် အစိုးရခြင်းကိုမှီ၍ အသက်သတ်ခြင်းကို မပြုကုန်အံ့ဟု ရှေးဦးစွာကြီးစွာသော စည်းစိမ်ကိုစွန့်၍ ဂဠုန်ငှက်တို့အားအသက်ပေး၍ ရထားကိုပြန်ဆုတ်ခဲ့ဖူးပုံကို အတိတ်အကြောင်းပြန်၍ ဟောပြတော်မူသည်။

ဘုရားရှင်သည် မာဂဓတိုင်း မစလရွာ၌ မာဃလုလင်ဖြစ်ပြီး ရပ်ကျိုးရွာကျိုးကောင်းကျိုးကို ဆောင်ရွက်ခဲ့၍ သေလွန်သောအခါ တာဝတိံသာနတ်ပြည်ဝယ် လူပြည်ကအပေါင်းအဖော် (၃၃) ဦးနှင့်အတူ သိကြားမင်းနှင့်အခြံအရံနတ်များ ဖြစ်ကြသည်။

www.dhammaransi.com



ထိုအချိန်က ထိုတာဝတိံသာနေရာတွင် အသုရာတို့နေထိုင်ကြသည်။

မာဃသူကြီးမင်းတို့ ရောက်သွားသောအခါ အသုရာတို့ကို တွေ့မြင်ကြ၍-

"ငါတို့သည် သူတစ်ပါးတို့နှင့် ဆက်ဆံသောမင်းအဖြစ်ဖြင့် အဘယ်သို့မင်းမှု ပြုရပါအံ့နည်း။"

ဟု ဆိုကာ နတ်ပြည်၌ဖြစ်သော အဖျော်တို့ကို အသုရာတို့အား သောက်စေသည်။ အသုရာတို့ မူးယစ်မေ့သောအခါ မြင့်မိုရ်တောင်ခြေရင်းပိုင်းသို့ ပစ်ချလေသည်။ အသုရာတို့သည် အသုရာပြည်သို့သာ ရောက်ကြကုန်သည်။

ထိုအသုရာပြည်ကား မြင့်မိုရ်တောင်၏ အောက်အပြင်၌ တာဝတိံသာနတ်ပြည် ပမာဏရှိသည်။

ထိုအရပ်၌ နတ်တို့၏ပင်လယ်ကြား ကသစ်ပင်ကဲ့သို့ ဆန်းကြယ်သော ကမ္ဘာလုံးတည်သော သခွတ်ပင်သည်ရှိ၏။ အသုရာတို့သည် ဆန်းကြယ်သောသခွတ်ပွင့် ပွင့်သည်ရှိသော်-

ဤပြည်သည်ကား ငါတို့ပြည်မဟုတ်၊ ငါတို့ပြည်ကား ပင်လယ်ကသစ်ပင်ရှိ၏။ သိကြားမင်းတို့သည် ငါတို့ကိုယစ်မူးအောင်ပြု၍ ခြေကိုကိုင်ကာ မဟာသမုဒ္ဒရာပြင်သို့ပစ်ချ၍ ငါတို့ပိုင်နတ်ပြည်ကို ယူဘိ၏။ ငါတို့သည်သိကြားမင်းနှင့်အတူ စစ်ထိုးကုန်၍ ငါတို့နတ်ပြည်ကို ပြန်ယူကြကုန်အံ့၊"

www.dhammaransi.com



ဟု နှလုံးသွင်းကာ တိုင်သို့ပိုး၍တို့တက်ကုန်သကဲ့သို့ မြင့်မိုရ်တောင်သို့ တက်ကြကုန်သည်။

သိကြားမင်းသည် အသုရာတို့တက်လာသည်ဟုကြား၍ သမုဒ္ဒရာပြင်သို့သာလျှင် သက်ဆင်း၍အသုရာတို့ကို စစ်ထိုးလေသည်။ သိကြားမင်းသည် အသုရာတို့တွင် စစ်ရှုံးသဖြင့် ယူဇနာ (၁၅၀)ရှိသော ဝေဇယန္တာရထားဖြင့် တောင်သမုဒ္ဒရာအထက်မှ ပြေးခြင်းငှါ အားထုတ်လေသည်။

ထိုအခါ သိကြားမင်း၏ရထားသည် သမုဒ္ဒရာအပြင်၌ လျင်စွာသွားသည်ရှိသော် လက်ပံတောသို့ ရောက်လေသည်။ ရထားသွားရာခရီး၌ လက်ပံတောသည် ကျူတောကဲ့သို့ ပြတ်ကျ၍ သမုဒ္ဒရာအပြင်၌ ကျကုန်သည်။

လက်ပံပင်ပေါ်နေ ဂဠုန်ငှက်ငယ်တို့သည် သမုဒ္ဒရာအပြင် ကျကုန်သည်ဖြစ်၍ သည်းစွာသောအသံဖြင့် မြည်ကြကုန်သည်။

"အမောင်မာတလိ. . . ဤအသံကား အဘယ်မည်သော အသံနည်း။ အလွန်သနားစရာကောင်းသော အသံဖြစ်၏။" ဟု သိကြားမင်းကမေးသည်။

"အရှင်သိကြားမင်း. . . အရှင်၏ရထားအဟုန်ကြောင့် လက်ပံတောသည် ကြေသည်ရှိသော် သမုဒ္ဒရာပြင်သို့ ကျကုန်သော ဂဠုန်ငှက်တို့၏ သေဘေးမှကြောက်ကုန်၍ တပြိုင်တည်းသည်းစွာ မြည်ကြသော အသံတို့ဖြစ်ပါသည်။

www.dhammaransi.com



"အမောင်မာတလိ. . . ငါတို့ကိုမှီ၍ ဂဠုန်ငှက်တို့သည် မပင်ပန်းစေကုန်လင့်၊ ငါတို့သည်အစိုးရခြင်းကိုမှီ၍ အသက်သတ်ခြင်းကိုမပြုကုန်အံ့၊ ဂဠုန်ငှက်တို့၏အကျိုးငှါ ငါတို့သည်အသက်ကိုစွန့်ကုန်၍ အသုရာတို့အားပေးကုန်အံ့၊ ရထားကိုပြန်၍ ဆုတ်နစ်ပါလော။"

ဟု သိကြားမင်းက ပြောပြသောအခါ မာတလိနတ်သားသည် ရထားကိုပြန်၍ဆုတ်နစ်ပြီး တစ်ပါးသောခရီးဖြင့် နတ်ပြည်သို့ရှေ့ရှု ရထားကို မောင်းနှင်လေသည်။

အသူရာတို့သည် ပြန်ဆုတ်လာသော သိကြားမင်း၏ ရထားကို မြင်ကြသော် မချွတ်တစ်ပါးသော စကြာဝဠာတို့မှ သိကြားတို့လာကုန်ပြီး ဗိုလ်ပါတို့ရလာ၍ ရထားပြန်ဆုတ်နစ်လာသည် ဖြစ်လတံ့"

ဟု စဉ်းစားမိကြပြီး သေဘေးမှကြောက်ကုန်ကြပြီး အသူရာပြည်ထဲသို့ ပြန်ဝင်ပြေးကြပြီး မြို့တံခါးသို့ပိတ်ကြလေသည်။

အကြင်အခါ၌ နတ်တို့သည်အားရှိကုန်၏။ ထိုအခါ အသူရာတို့သည် ပြေးကုန်၍အသူရာပြည်သို့ဝင်၍ တံခါးကိုပိတ်ထားကြသည်ရှိသော် သိကြားမင်း၏တစ်သိန်းသော နတ်စစ်သည်တို့သည် မည်သို့မျှမပြုလုပ်နိုင်ဘဲ ပြန်လာခဲ့ရသည်။

အလားတူ အသုရာတို့ကအားရှိသော် နတ်စစ်သည်တို့သည် ဆုတ်ခွာပြေး၍ နတ်ပြည်တံခါးကို ပိတ်ထားသော် အသုရာ

www.dhammaransi.com



စစ်သည်တစ်သိန်းတို့သည် တစ်စုံတစ်ခုကိုပြုခြင်းငှါ မတတ်နိုင်၍ ပြန်ရသည်။

သို့အတွက် တာဝတိံသာနတ်ပြည်၊ အသုရာနတ်ပြည်တို့ကို စစ်တိုးယူ၍ မရနိုင်သောကြောင့် ယင်းနှစ်ပြည်ကို အယုဇ္ဈပုရ ဟုခေါ်ကြသည်။

သိကြားမင်းသည် နတ်ပြည်သို့ဝင်၍ နှစ်ထပ်ကုန်သော နတ်ပြည်တို့၌ နတ်အပေါင်းခြံရံလျက် မြို့လည်၌တည်သည်။

ထိုခဏ၌ မြေကိုဖောက်၍ ယူဇနာ(၁၀၀၀) မြင့်သော ဝေဇယန္တာပြသာဒ်ပေါက်လာလေသည်။ ရန်ကိုအောင်သည် အဆုံး၌ ပေါက်သောကြောင့် "ဝေဇယန္တာ"ဟူသောအမည်ကို မှည့်ကုန်၏။

ထိုအခါ သိကြားမင်းသည် အသူရာတို့လာမတိုက်စိမ့်သော အခါ မြင့်မိုရ်တောင်၏ အဆင့် (၅)ဆင့်၌ အစောင့်အရှောက်ကို ထားသည်မှာ မြင့်မိုရ်တောင်၏-

- အောက်ဆုံးအဆင့်၌ နဂါး
- ဒုတိယအဆင့်၌ ဂဠုန်
- တတိယအဆင့်၌ ကုမ္ဘဏ်
- စတုတ္ထအဆင့်၌ ဘီလူး
- ပဉ္စမအဆင့်၌ စတုမဟာရာဇ်နတ်မင်းကြီး လေးပါး

www.dhammaransi.com



ဟူ၍ အစောင့်အရှောက်အဆင့်ဆင့်ကို ထားလေသည်။

တစ်ခါတစ်ရံအသူရာတို့သည် အမျက်ထွက်၍ စိတ်နောက်ကုန်သည်ရှိသော် နတ်ပြည်သို့တက်ရောက်တိုက်ကြသည်။ သိကြားမင်းက လုံခြုံရေးအဆင့် (၅)ဆင့်တိုက်စရာမလိုတော့ဘဲ အေးချမ်းစွာ သိကြားမင်း၏စည်းစိမ်ကို ခံစားစံစားနေရလေသည်။

ယခုအခါ အာနန္ဒာသည် ထိုအခါ မာတလိနတ်သား
ယခုအခါ ငါဘုရားသည် ထိုအခါ သိကြားမင်း

(ကေကနိပါတ်၊ ကုလာဝကဝဂ်၊ ကုလာဝကဇာတ်)

www.dhammaransi.com



## ၂။ လုပ်ကိုက်ခဲနှင့်သိကြားမင်း
## (သေသောက်ကြူးငြား ဖျက်ဆုံးပါး သိကြားကိုယ်တိုင်မကယ်နိုင်)

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

အနာထပိဏ်သူဌေး၏တစ်ယောက်သည် မိဘပိုင်ကုဋေ လေးဆယ်သောဥစ္စာတို့ကို အရက်သောက်စားမူးယစ်၍ကုန်သော် အနာထပိဏ်သူဌေးထံ ရောက်လာသည်။ အနာထပိဏ်သူဌေးက အသပြာတစ်ထောင်ပေး၍ ကုန်သွယ်လုပ်ငန်းလုပ်စေသည်ကို မလုပ်ဘဲသောက်စားမူးယစ် သုံးဖြုန်းပစ်သည်။ တစ်ဖန်အသပြာ ငါးရာပေးပြန်သော်လည်း သောက်စားမူးယစ်သုံးဖြုန်းပစ်ပြန်သည်။

ထိုအခါ အနာထပိဏ်သူဌေးက အလာမခံနှင်ထုတ်လိုက်ရာ ထိုတူသည်အရက်ရောဂါဖြင့် ကွယ်လွန်သွားခဲ့လေသည်။

တစ်နေ့တွင် အနာထပိဏ်သူဌေးက ထိုတူအကြောင်းနှင့် ပတ်သက်၍ဘုရားရှင်အား လျှောက်ထားပြရာ ဘုရားရှင်က ထိုတူ၏ ရှေးဘဝဇာတ်ကြောင်းကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သူဌေးမျိုး၌ဖြစ်၍ အဘ လွန်သော် သူဌေးအရာကို ဆက်ခံရရှိသည်။

ထိုဘုရားလောင်းသူဌေး၌ သားတစ်ယောက်ရှိလေသည်။

www.dhammaransi.com



ဘုရားလောင်းသူဌေးသည် အသက်ထက်ဆုံး ဒါန, သီလတို့ကို ဆောက်တည်လေရာ အသက်၏အဆုံးဝယ် တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်ရလေသည်။

အဖလွန်သော် ထိုသူဌေးသားသည် သူဌေးအရာ၌ ရရှိသည်။ ထိုဘုရားလောင်းသူဌေးသားသည် မဏ္ဍပ်ကြီးကျယ်စွာ ဆောက်ကုန်ပြီး လက်ဝှေ့ပွဲ၊ ကခုန်ပွဲ၊ သီဆိုပွဲအစရှိသည်တို့ဖြင့် ပျော်ပါးကာ ကာမကျူးသည်၊ သေသောက်ကြူးသည်၊ ထို ကျွမ်းသည်ကချေသည်၊ သီချင်းသည် စသည်တို့ကို စည်းကမ်းမရှိ စသည်တို့ကို စည်းကမ်းမရှိ ဆုပေးဆုချ၏။ မိန်းမတို့နှင့် ပျော်ကြူး၍ ဥစ္စာတို့ကိုဖြုန်းသည်။

ကာလကြာသော် အဖထားခဲ့သော ဥစ္စာတို့သည် ကုန်သဖြင့် ဆင်းရဲရောက်၍ အဝတ်နွမ်းသာ တက်ကာသွားလာတောင်းစားရသည့် ဘဝသို့ရောက်ရလေသည်။

သိကြားမင်းသည် လူ့လောကိုဆင်ခြင်လတ်သော် သား၏ ဆင်းရဲခြင်းရောက်သည်ကို တွေ့မြင်ရ၍ သား၌ချစ်ခြင်းဖြစ်ကာ လာရောက်ပြီး အလုံးစုံလိုရာကိုပေးနိုင်သောအိုးကို ပေး၍-

"အမောင်. . . ဤအိုးကို မကွဲရလေအောင် စောင့်ရှောက်ပါလော၊ ဤအိုးရှိသော် ဥစ္စာအပိုင်းအခြားမရှိဖြစ်လတ့်၊ မမေ့မလျော့စောင့်ရှောက်ပါလော"

ဟု မှာကြား၍ နတ်ပြည်သို့ပြန်သွားလေသည်။

www.dhammaransi.com



သေသောက်ကြူးသည် သေကိုကျိုက်သလောက်သောက် ပြန်၏။ တစ်နေ့တွင် သေရည်ယစ်၍အိုးကို ကောင်းကင်သို့ပစ် မြှောက်၍ ခံလတ်သော် တစ်ကြိမ်တည်းဖြင့်လွဲချော်၍ အိုးသည် မြေ၌ ကျကွဲလေသည်။

ထိုအိုးကွဲသောအခါမှစ၍ တစ်ဖန်ဆင်းရဲပြီး အဝတ်နွမ်းကို ဝတ်၍ ခွက်လက်စွဲကာ တောင်းရမ်းစားသောက်ရပြီး သူတစ်ပါး၏ နံရံကိုမှီပြီးနေရသည်။ နောက် မကြာခင် သေဆုံးရလေသည်။

ထိုအခါ သေသောက်ကြူးသည် ယခုအခါ အနာထပိဏ်တူ

ထိုအခါ သိကြားမင်းသည် ယခုအခါ ဘုရားရှင်ဖြစ်၏။

(ကေကနိပါတ၊ ကုမ္ဘဝဂ်၊ သုရာဃဋဇာတ်)

www.dhammaransi.com


## ၃။ သိကြားမင်းကဆုံးမသော မစ္ဆရိယသူဌေး

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံး၌ ကုဋေ (၈၀)ကြွယ်ဝပြီး ကပ်စေးနည်းသော မစ္ဆရိယသူဌေး၏ တစ်ဦးတည်းသာစားရန် ပြသာဒ်ထိပ်၌တက်လုပ်သော မုန့်ကိုရှင်မောဂ္ဂလာန်က သွားရောက်အလှူခံပြီး ဘုရားရှင်အမှူးပြုသော သံဃာတော်များကို မစ္ဆရိယသူဌေးလင်မယားတို့ မုန့်လှူဒါန်းမှုကို အကြောင်းပြုပြီး ဘုရားရှင်က ဤအတိတ်ဇာတ်တော်ကို ဟောကြားပေးခဲ့ပါသည်။

လွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဣလ္လိသအမည်ရှိသော ကုဋေ (၈၀)ကြွယ်ဝသော သူဌေးတစ်ဦးရှိသည်။

ထိုဣလ္လိသ သူဌေးသည် ယောကျ်ားယုတ်တို့၏အပြစ်နှင့် ပြည့်စုံသည်။ ခွင်သောခြေရှိ၏။ ကောက်သောလက်ရှိ၏။ စွေသောမျက်စိရှိ၏။

သဒ္ဓါတရားမရှိ ကြည်ညိုခြင်းမရှိ ဝန်တို၏၊ သူတစ်ပါးတို့အား မလှူမပေးခြင်းရှိ၏။ မိမိလည်းမသုံးဆောင်၊ ရက္ခိုက်စောင့်သောရေကန်ကဲ့သို့ ထိုသူဌေးအိမ်သည်ဖြစ်၏။

www.dhammaransi.com


ထိုသူဌေး၏ မိဘတို့သည်ကား အမျိုးခုနှစ်ဆက်တိုင်အောင် အလှူပေးတတ်သော အလှူရှင်တို့ဖြစ်ကြသည်။ ထိုကလ္လိသသူဌေးသည် သူဌေးအရာကိုရသောအချိန်မှစ၍ အမျိုးအနွယ်ကိုဖျက်ဆီး၍ အလှူတင်းကုပ်ကို မီးတိုက်၍ အလှူခံတို့ကိုပုတ်ခတ်၍ နှင်ထုတ်ကာဥစ္စာကိုသာလျှင် တည်စေ၏။

ထိုကလ္လိသသူဌေးသည် တစ်နေ့တွင် မင်းကိုခ,စားအံ့သောငှါသွား၍ မင်းနန်းတော်မှအပြန်တွင် တစ်ယောက်သောခရီးပင်ပန်းသောလူတစ်ယောက်သည် သူရာခွက်ကိုကိုင်ကာ အင်ပျဉ်၌ထိုင်ပြီး ငါးကြော်ဟင်းလျာဖြင့် သူရာသောက်နေသည်ကို တွေ့မြင်ရလေသည်။ သူဌေးသည် ထိုသူရာကိုသောက်လိုသော ဆန္ဒဖြစ်ပေါ်လာသည်။

"ငါသည် အကယ်၍အသုရာကို အကယ်၍သောက်အံ့၊ ငါသောက်သည်ရှိသော် များစွာသောလူတို့သည် သောက်လိုသည်ဖြစ်ကုန်လတ့်၊ ဤသို့သောက်သည်ရှိသော် ငါအားဥစ္စာကုန်ခြင်းသည် ဖြစ်လတ့်၊"
ဟု ကြံစည်မိသည်။ ထိုသုရာသောက်လိုခြင်းကို သည်းခံ၍ ပြန်လာခဲ့သည်။

ရှည်မြင့်သောကာလရောက်လတ်သော် သည်းအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍ ကြိတ်အပ်သောဝါဂွမ်းကဲ့သို့ ဖျော့တော့

www.dhammaransi.com


သောကိုယ်ရှိသည်ဖြစ်၍ အကြောပြိုင်းပြိုင်းထသော ကိုယ်ရှိသည် ဖြစ်လေသည်။

တစ်နေ့တွင် တိုက်ခန်းသို့ဝင်ပြီးလျှင် ညောင်စောင်းငယ် ကိုဖက်၍ လျောင်း၏။ သူဌေး၏မယားသည်ချဉ်းကပ်၍ ကျောကို ဆုပ်နှယ်လျက်-

"အရှင်. . . အသင့်အား အဘယ်သို့သော မချမ်းသာ သည် ဖြစ်သနည်း။"

ဟုမေးသည်။

ထိုအခါ ကလ္လိသက အကြောင်းစုံ ပြန်ပြောပြသည်။

"ထိုသို့ဆိုက သင်တစ်ယောက်တည်းသာလျှင် သောက် လောက်သော သေရည်ကိုပေးအံ့"

"ရှင်မ. . . အိမ်၌ သူရာကိုစီရင်သဖြင့် များစွာကုန်သော သူတို့သည် တောင့်တကုန်လတ့်၊ အိမ်ဈေးမှဆောင်စေ၍လည်း အိမ်၌နေ၍ သောက်အံ့သော်ငါ မတတ်နိုင်ဟုဆို၍ တစ်ပဲမျှသော ဥစ္စာကိုပေး၍ အိမ်ဈေးမှသေရည်ကို ဆောင်စေ၍ အစေအပါးကို ယူခဲ့စေပြီးလျှင် မြို့မှထွက်ခဲ့၍ မြစ်ကမ်းနားသို့သွား၍ ခရီးမ‚၏ အနီး၌တစ်ခုသောချုံသို့ဝင်၍ သေခွက်ကိုထားခဲ့ပြီးလျှင်-

"သင်သည် သွားလေလော့"

ဟု အစေအပါးကို အဝေး၌နေစေ၍ သေခွက်ကိုပြည့်စေလျက် သောက်အံ့သောငှာ အားထုတ်လေသည်။

www.dhammaransi.com


ထိုဣလ္လိသ သူဌေး၏အဘသည် ဒါနအစရှိသော ကောင်းမှုတို့ကိုပြုသည်၏အဖြစ်ကြောင့် နတ်ပြည်၌သိကြားမင်းဖြစ်၍နေသည်။ ထိုသိကြားမင်းသည် ထိုခဏ၌ပင် -

"ငါ၏အလှူတင်းကုပ်ရှိသေးသလော၊ မရှိလော"

ဟု ဆင်ခြင်သည်ရှိသော် ထိုအလှူတင်းကုပ်မရှိသောအဖြစ်ကိုသိ၍

"သား၏အမျိုးအနွယ်ကို ဖျက်ဆီး၍အလှူတင်းကုပ်ကို မီးတိုက်၍ ယာစကတို့ကို နှင်ထုတ်၍ဝန်တိုသော အဖြစ်၌တည်၍ ယာစကတို့အား ပေးအပ်သည်ဖြစ်လတံ့ဟု ပေးရအံ့သည်မှကြောက်သောကြောင့် ချုံသို့ဝင်၍ တစ်ယောက်တည်းသာလျှင် သေသောက်သည်အဖြစ်ကိုလည်း မြင်၍ သွားချေအံ့၊ ထိုဣလ္လိသကိုချောက်ချားစေ၍ ဆုံးမ၍၊ ကံ-ကံ၏အကျိုးနှင့်စပ်သည်ကိုသိစေ၍ အလှူပေးပြီးလျှင် နတ်ပြည်၌ ဖြစ်ခြင်းငှါ ထိုက်သည်ကိုပြုအံ့-ဟု ကြံစည်၍ ဣလ္လိသသူဌေးနှင့် တူစွာ ခွင်သောခြေ၊ ကောက်သောလက်၊ စွေသောမျက်စိရှိသော အတ္တဘောကိုဖန်ဆင်းပြီးလျှင် လူ့ပြည်သို့သက်ဆင်းကာ ရာဇဂြိုဟ်ပြည်သို့ဝင်၍ မင်း၏နန်းတော်တံခါး၌ရပ်သည်။ မိမိလာသော အဖြစ်ကို မင်းအားကြားစေသည်။

မင်းကခွင့်ပြုသောအခါ မင်းထံဝင်ခ,စား၍ မင်းကိုရှိခိုးကာ ရပ်တည်နေသည်။

www.dhammaransi.com


"သူဌေးကြီး. . . အခါမဟုတ်သည်၌ အဘယ်ကြောင့် လာသနည်း။"

"မင်းကြီး. . . အခါမဟုတ်သည်၌လာသည် မှန်ပါ၏။ ကျွန်ုပ်အိမ်၌ ကုဋေရှစ်ဆယ်ပမာဏရှိသော ဥစ္စာသည်ရှိပါ၏။ ထိုဥစ္စာတို့ကို အရှင်မင်းကြီးသည် ဆောင်စေ၍ အရှင်မင်းကြီး၏ ဘဏ္ဍာတိုက်၌ ပြည့်ပါစေလော့။"

"သူဌေးကြီး. . . ငါသည်အလိုမရှိ၊ သင်၏ဥစ္စာထက် ငါတို့အိမ်၌ ဥစ္စာသည်အလွန်များ၏။"

"မင်းကြီး. . . အရှင်မင်းကြီးတို့အား ကိစ္စသည်အကယ်၍ မရှိငြားအံ့၊ ကျွန်ုပ်သည်အလိုရှိတိုင်း ဥစ္စာကိုယူ၍ အလှူကိုပေးပါအံ့။"

"သူဌေးကြီး. . . သင်အလိုဆန္ဒအတိုင်း ပေးလှူပါလော"

"အရှင်မင်းကြီး. . . ကောင်းပါပြီ"

သိကြားမင်းသည် ဣလ္လိသသူဌေးအိမ်သို့ သွားလေသည်။ အလုံးစုံသော အလုပ်အကျွေးတို့ကို စုံစမ်းစေသည်။ တစ်ယောက်သောသူကမျှ သိကြားမင်းကို ဣလ္လိသသူဌေးမဟုတ်ဟူ၍ မထင်မှတ်ကြချေ။

သိကြားမင်း (ဣလ္လိသ)သည် အိမ်သို့ဝင်၍ တံခါးခုံအတွင်း၌ ရပ်လျက် တံခါးစောင့်ကိုခေါ်၍

www.dhammaransi.com


"ငါမှတစ်ပါး ငါနှင့်တူသော သဘောရှိသော အကြင်သူသည် လာလတ်၍ဤအိမ်သည် ငါ့အိမ်ဟုဆိုကာ ဝင်အံ့သော်ငါလာအံ့၊ ထိုသူကိုကျော၌ ကြိမ်ဖြင့်ရိုက်၍ နှင်ထုတ်ကုန်လော့၊"
ဟု မှာကြားပြီး ပြသာဒ်ထက်သို့တက်ပြီးလျှင် မြတ်သောသူတို့နေထိုင်ရာဖြစ်သောနေရာ၌နေ၍ သူဌေးမကိုခေါ်စေသည်။

သူဌေးမရောက်လာသောအခါ ပြုံးပြ၍-

"ရှင်မ. . . အလှူကိုပေးကုန်အံ့"

ထိုစကားကိုကြားလျှင် မယား၊ သားသမီး၊ ကျွန်အမှုလုပ်တို့သည်

"ဤမျှသော ကာလတိုင်အောင် အလှူပေးအံ့သော်ငါစိတ်မျှသည်ပင်လျှင်မရှိ ယနေ့မူကား သေကိုသောက်၍ နူးညံ့သောစိတ်ရှိသည်ဖြစ်၍ လှူလိုသောသဘောရှိသည်ဖြစ်လတံ့"
ဟုဆိုကြကုန်လေသည်။

ထိုအခါ သူဌေးမသည် သိကြားမင်း (ဣလ္လိသ)ကို

"အရှင်. . . အလိုရှိတိုင်းသာ ပေးလှူပါလော။"
ဟု ခွင့်ပေးသည်။

"ထိုသို့ဆိုက စည်တီးခတ်သောသူကိုခေါ်၍ ရွှေ၊ ငွေ၊ ပတ္တမြား၊ ပုလဲ အစရှိသည်တို့ဖြင့် အလိုရှိကုန်သောသူတို့သည် ဣလ္လိသသူဌေးအိမ်သို့ သွားကြကုန်လောဟု အလုံးစုံသောမြို့ကို စည်လှည့်လည်ပါစေလော"
ဟု စေခိုင်းလေသည်။

www.dhammaransi.com



သူဌေးကတော်သည် သိကြားမင်းဆိုတိုင်းပြုလုပ်၍ လူအများသည် တောင်, အိတ် အစရှိသည်တို့ကိုယူ၍ အိမ်တံခါး၌ စည်းဝေးကြသည်။

သိကြားမင်းသည် ရတနာခုနှစ်ပါးတို့ဖြင့် ပြုလုပ်သော တိုက်တို့ကိုဖွင့်စေ၍

"သင်တို့အား ငါပေး၏၊ အလိုရှိတိုင်းယူ၍ သွားကြကုန်လော့"

ဟုဆိုသောအခါ လူတို့သည်ဥစ္စာကိုထုတ်၍ ကျယ်သောအပြင်၌ အစုကိုပြု၍ ဆောင်ခဲ့သောတောင်း၊ အိတ်အစရှိသည်တို့ကို ပြည့်စေ၍ သယ်ယူသွားကြလေသည်။

တစ်ယောက်သောဇနပုဒ်သားသည် ကက္ကလိသ၏နွားတို့ကို သူဌေး၏ရထား၌သာလျှင် က,၍ ရတနာခုနှစ်ပါးတို့ဖြင့် ပြည့်စေ၍ မြို့မှထွက်သွားပြီးလျှင် ခရီးမဖြင့်သွားသည်ရှိသော် ကက္ကလိသသေရည်သောက်နေသော ချုံအနီးဖြင့် ရထားကိုမောင်းနှင်သည်။

"အရှင်ကက္ကလိသ. . . သူဌေး သင့်ကိုမှီ၍ ယခုခါငါသည် အသက်ထက်ဆုံးအမှုကိုမပြုမူ၍ အသက်မွေးအပ်သည်ဖြစ်၏။ သင်၏ရထားသာလျှင်တည်း၊ သင်၏နွားတို့တည်း၊ သင်၏ရတနာခုနှစ်ပါးတို့တည်း၊ ငါ၏အဖို၊ အမသည် ပေးအပ်သည်သာလျှင်တည်း၊ သင့်ကိုမှီ၍သာလျှင်ရအပ်၏။ အရှင်သူဌေးကြီး သင်သည် အနှစ်တစ်ရာအသက်ရှည်ပါစေသတည်း၊"

www.dhammaransi.com



ဟု သူဌေးကြီးအား ကျေးဇူးစကားလှမ်းဆိုကာ ဆက်လက်ထွက်ခွါ ခဲ့လေသည်။

ဣလ္လိသသူဌေးသည် အသံကိုကြား၍ ကြောက်လန့်သည် ဖြစ်၍-

"ဤသူသည် ငါ၏နှစ်သက်ဖွယ်ကိုယူ၍ ဤမည်သော စကားတို့ကိုဆိုသွား၏။ ငါ၏ဥစ္စာများကို မင်းကြီးသည်လူအများ အား ပေးလေသလော"

ဟု ကြံပြီးလျှင် ချုံမှထွက်၍ နွားနှင့်ရထားကိုကြည့်သည်။ မိမိပစ္စည်း မှန်းသိ၍

"ဟဲ့. . . ကျွန်ယုတ်၊ ငါ၏နွားနှင့်ရထားတို့တည်း"

ဟုဆို၍ ပြေးလိုက်သောနွားတို့ကို နဖားကြိုး၌ကိုင်သည်။ ဇနပုဒ် သားသည် ရထားမှဆင်းသက်၍-

"ဟယ်. . ကျွန်ယုတ်၊ ဣလ္လိသသူဌေးကြီးသည် အလုံးစုံ သော မြို့သူမြို့သားတို့ကို အလှူပေး၏။ သင်သည် အဘယ်သို့ဖြစ်သ နည်း"

ဟု ပြောပြီး ဣလ္လိသကို မိုးကြိုးကျသကဲ့သို့ လည်၌စရိုက်ခတ်ပြီး လျှင် ရထားကိုယူ၍ ဆက်လက်ထွက်ခွါသွားလေသည်။

ဣလ္လိသသူဌေးသည် တစ်ဖန်တုန်တုန်လှုပ်လှုပ်နှင့် ထ,၍ မြေမှုန့်ကိုသုတ်၍ အပြေးလိုက်၍ရထားကိုဆွဲသည်။ ဇနပုဒ်သား သည် ရထားမှသက်ဆင်း၍ ဆံပင်တို့ကိုကိုင်၍ ညွတ်စေပြီးလျှင်

www.dhammaransi.com



တတောင်တို့ဖြင့်ထောင်း၍ လည်၌ကိုင်ပြီးလျှင် လာရာခရီးသို့ ရှေ့ရှုလိုက်၍ သွားလေသည်။

ဤသို့ထောင်းသတ်ထုခံရ၍ ဣလ္လိသသူဌေး၏သူရာယစ်ခြင်းသည် ပြေပျောက်သွားလေသည်။

သူဌေးသည် တုန်လှုပ်လျက် လျင်မြန်စွာအိမ်သို့ပြန်သည်။ အိမ်တံခါးသို့ရောက်သော် ဥစ္စာယူသွားသောသူတို့ကိုမြင်တွေ့သော်

"အချင်းတို့. . . ဤအမှုသည် အဘယ်မည်သော အမှုနည်း။ မင်းကြီးသည် ငါ၏ဥစ္စာကို လုယက်စေသလော"

ဟု ဆိုကာ ထိုသူတို့ကိုသွား၍ ကိုင်ကာပစ္စည်းတို့ကို ပြန်လုယူလေသည်။ ကိုင်တိုင်းကိုင်တိုင်းသော သူတို့ကလည်း ပုတ်ခတ်၍ခြေရင်း၌သာ လဲကျစေလေသည်။

ဣလ္လိသသည် ဝေဒနာကိုခံစား၍ အိမ်သို့ဝင်ရန် အားထုတ်သည်။ တံခါးစောင့်တို့က-

"ဟဲ့. . သူယုတ်၊ အဘယ်သို့ဝင်အံ့နည်း"

ဟုဆို၍ ဝါးခြမ်းစိတ်တို့ဖြင့် ရိုက်ခတ်ပြီးလျှင် လည်ကိုကိုင်၍ ဆွဲငင်ထုတ်ကြသည်။

"ယခုအခါ မင်းကြီးမှတစ်ပါး ငါမှာအားကိုးရာမရှိတော့ပါကလား"

ဟု ကြံစည်မိပြီး မင်းကြီးထံသို့ သွားလေသည်။ မင်းကြီးထံသို့ ရောက်သောအခါ ရှိခိုး၍-

www.dhammaransi.com



"အရှင်မင်းကြီး. . . အရှင်သည် ကျွန်ုပ်အိမ်ကို လုယက်စေကုန်ပါသလော။"

ဟု လျှောက်ထားသည်။

"သူဌေးကြီး. . ငါမလုယက်စေ၊ သင်သည်ပင်လျှင်လာ၍ မင်းကြီးတို့သည် ကျွန်တော်မျိုးဥစ္စာတို့ကို အကယ်၍မယူကုန်ကြား အံ့၊ ကျွန်ုပ်၏ဥစ္စာကို ကျွန်ုပ်သည်ပင် အလှူပေးပါကုန်အံ့ဟု မြို့ကို စည်လည်စေ၍ အလှူကိုပေးသည်မဟုတ်ပါလော"

"အရှင်မင်းကြီး. . . ကျွန်ုပ်သည် အရှင်မင်းကြီးထံသို့ မလာရပါ။ အရှင်မင်းကြီးတို့သည် ကျွန်ုပ်ဝန်တိုသောအဖြစ်ကိုမသိ ကုန်သလော၊ ကျွန်ုပ်သည် မြက်များဖြင့်ဆီပေါက်ကိုလည်း တစ်စုံ တစ်ယောက်သောသူအား မပေးပါ။ အရှင်မင်းကြီး အကြင်သူ သည် အလှူပေး၏။ ထိုသူကိုခေါ်၍ စုံစမ်းတော်မူပါလော။"

ဟု လျှောက်ထားသည်။

မင်းကြီးသည် အိမ်ရှိသိကြားမင်း (ဣလ္လိသ)ကို ခေါ်စေ သည်။ နှစ်ယောက်သောသူတို့သည် ခွဲခြား၍မရလောင်အောင် တူနေလေသည်။ အမတ်တို့သည်လည်း မခွဲခြားနိုင်ကုန်။

"အရှင်မင်းကြီး. . . အသို့နည်း။ ကျွန်ုပ်သည် ဣလ္လိသ သူဌေးတည်း"

"သူဌေး. . . ငါတို့မသိကုန်၊ သင့်အား သိသောသူရှိ သလော၊"

www.dhammaransi.com



"အရှင်မင်းကြီး. . . ကျွန်ုပ်၏မယားသည် သိပါ၏။"

မင်းကြီးသည် သူဌေးကတော်ကိုခေါ်စေ၍ မေးသည်။

"သင်၏လင်သည် အဘယ်သူနည်း။"

"ဤသူသည် ကျွန်ုပ်၏လင်ဖြစ်ပါ၏။"

ဟု ဆိုကာ သူဌေးကတော်သည် သိကြားမင်းထံ၌သာ ကပ်လေသည်။

သား, သမီး, ကျွန်တို့ကိုခေါ် ယူလာပြန်သော်လည်း အလားတူပင် သိကြားမင်းကိုသာသူတို့၏ဖခင်၊ အရှင်သခင်ဟု ဆိုကြလေပြန်လေသည်။

"ကျွန်ုပ်၏ ဦးခေါင်း၌ဆံပင်တို့ဖြင့် ဖုံးလွှမ်းသောမှဲ့သည် ရှိ၏။ ထိုမှဲ့ကိုကား ဆတ္တာသည်သာလျှင်သိ၏။ ထိုဆတ္တာသည်ကို ခေါ်စေအံ့၊"

ဟု ကြံပြီးလျှင်-

"အရှင်မင်းကြီး. . . ကျွန်ုပ်ကို ဆတ္တာသည်သိပါ၏။ ထိုဆတ္တာသည်ကို ခေါ်တော်မူစေလိုပါ၏။"

ဟု လျှောက်ထားသည်။

ထိုအခါ၌ကား ဘုရားလောင်းသည် ထိုဣလ္လိသသူဌေး၏ ဆတ္တာသည်ဖြစ်၏။ မင်းကြီးသည် ထိုဆတ္တာသည်ကိုခေါ်စေ၍-

"ဣလ္လိသသူဌေးကို သင်သိ၏လော"

ဟု မေးသည်။

www.dhammaransi.com

"အရှင်မင်းကြီး. . . ဦးခေါင်းကိုကြည့်ရမှုကား သိပါ၏"

"ထိုသို့ဆိုက နှစ်ယောက်သောသူတို့၏ ဦးခေါင်းကိုကြည့်ပါလော့"

ထိုခဏ၌ သိကြားမင်းသည်မဲ့ကိုဖန်ဆင်းပြန်သည်။ဘုရားလောင်းသည် နှစ်ယောက်သောသူတို့၏ဦးခေါင်းကို ကြည့်သည်ရှိသော် မဲ့ကိုမြင်၍-

"မင်းကြီး. . . နှစ်ယောက်သောသူတို့၏ ဦးခေါင်းတွင်မဲ့ရှိသည်သာလျှင်တည်း။ ကျွန်ုပ်သည် ထိုသူနှစ်ယောက်တို့တွင် တစ်ယောက်သောသူ၏ ဣလ္လိသသူဌေးအစစ် အဖြစ်ကိုသိအံ့သောငှါ မတတ်နိုင်ပါ"

ဆတ္တာသည်၏စကားကိုကြားသောအခါ ဣလ္လိသသူဌေးအစစ်သည် တုန်လှုပ်လျက်ဥစ္စာ၌ စိုးရိမ်ခြင်းကြောင့် သတိကိုဖြစ်စိမ့်သောငှါ မတတ်နိုင်သည်ဖြစ်၍ ထိုအရပ်၌ပင် သတိမေ့လဲကျလေသည်။

ထိုခဏ၌ပင် သိကြားမင်းသည် သိကြားမင်း၏တင့်တယ်သော စပ္ပါယ်ခြင်းဖြင့် ကောင်းကင်၌ရပ်တည်ကာ-

"မြတ်သောမင်းကြီး. . . ငါသည်ကား ဣလ္လိသသူဌေးမဟုတ်၊ သိကြားမင်းဖြစ်၏"

ဟု ပြောဆိုပြီး ဣလ္လိသသူဌေး၏မျက်နှာကို သုတ်သင်၍ရေဖြင့်

www.dhammaransi.com



လောင်းပေးသည်။ ဣလ္လိသသူဌေးသည် ထ,လတ်၍ သိကြားနတ်မင်းကို ရှိခိုးလျက်ရပ်နေသည်။

"ဣလ္လိသ. . . ဤဥစ္စာတို့သည် သင်၏ဥစ္စာမဟုတ်၊ ငါ၏ဥစ္စာတို့ဖြစ်သည်။ ငါသည် သင်၏အဖတည်း။ ငါသည်ဒါနအစရှိသော ကောင်းမှုတို့ကိုပြု၍ ဤသိကြားမင်း၏အဖြစ်ကို ရောက်ရ၏။ သင်သည်ကား ငါ၏အမျိုး၊ အနွယ်ကိုဖြတ်ပြီးလျှင် မလှူလိုသောအလေ့ရှိသည်ဖြစ်၍ ဝန်တိုခြင်း၌တည်၍ အလှူတင်းကုတ်တို့ကို မီးတိုက်၍အလှူခံတို့ကို နှင်ထုတ်ပြီးလျှင် ဥစ္စာကိုသာလျှင် တည်စေ၏။"

ထိုဥစ္စာကို သင်သည်လည်း မသုံးဆောင်၊ တစ်ပါးသောသူတို့အားလည်းမပေး၊ ရက္ခိုက်စောင့်သော ရေကန်ကဲ့သို့တည်၏။ ငါ၏အလှူတင်းကုပ်ကို ပကတိပြု၍ အကယ်၍လှူအံ့၊ ထိုသို့လှူမှုကား ကောင်း၏။ အကယ်၍မလှူအံ့၊ အလုံးစုံသော သင်၏ဥစ္စာကိုကွယ်စေ၍ ဝရဇိန်လက်နက်ဖြင့် ဦးခေါင်းကိုခွဲ၍ အသက်ကုန်ခြင်းသို့ ရောက်စေအံ့"

ဟု သိကြားမင်းက ဣလ္လိသကိုခြိမ်းခြောက်ပြောကြားသောအခါ ဣလ္လိသသည် သေဘေးမှကြောက်လန့်ရကာ-

"ဤနေ့မှစ၍ အလှူကိုပေးပါတော့အံ့။"

ဟု ဝန်ခံခြင်းကို ပြုလေသည်။

www.dhammaransi.com



သိကြားမင်းသည် ကုလ္လိသကိုကောင်းကင်၌နေလျက် တရားဟောပြီးလျှင် သီလကိုတည်စေပြီးလျှင် တာဝတိံသာနတ်ပြည်သို့ ပြန်လေသည်။ ကုလ္လိသသည် ထိုအချိန်မှစ၍ ဒါနအစရှိသော ကောင်းမှုတို့ကို ပြုလေတော့သည်။

ယခုခါ မဇ္ဈရိယသူဌေးကား ထိုအခါ၌ ကုလ္လိသသူဌေး
ယခုခါ မောဂ္ဂလာန်သည် ထိုအခါက မင်း
ယခုခါ ငါဘုရားသည် ထိုအခါက ဆတ္တာသည်ဖြစ်ခဲ့ပြီ။

(ကေကနိပါတ၊ ဝရုဏဝဂ်၊ ကုလ္လိသဇာတ်)

www.dhammaransi.com



## ၄။ လူအိုတို့နှင့် ကစားသောမင်းနှင့်သိကြားမင်း (ဘယ်သူမပြု၊ မိမိမှု၊ ကြည့်ရှုဆင်ခြင်ရာ)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်သည် ဘုရားရှင်သာသနာ၌ သက်တော်ရှည်မထေရ်ဖြစ်သည်။ ထင်ရှားကျော်စောသည်။ သာယာသော အသံရှိသည်။ တရားကိုသာယာစွာ ဟောတတ်သည်။ ပဋိသမ္ဘိဒါပ္ပတ္တမဂ်ရ၍ အသီတိမဟာသာဝက၌ အကျုံးဝင်သည်။

အရပ်ပမာဏအားဖြင့် ငယ်၏။ ငယ်သောသာမဏေသည် ကစားအံ့သောငှါ သွားသကဲ့သို့ဖြစ်၏။

တစ်နေ့မထေရ်သည် ဘုရားရှင်ကိုရှိခိုးပြီး ဇေတဝန်ကျောင်းမုခ်သို့သွားစဉ် ဇနပုဒ်မှလာသော (၃၀)သော ရဟန်းတို့သည် ဘုရားရှင်ကိုဖူးရန် ဇေတဝန်ကျောင်းသို့လာစဉ် ကျောင်းတံခါးမုခ်၌ မထေရ်ကိုမြင်၍-

"ဤသူကား . . သာမဏေတည်း"

ဟူသော အမှတ်ဖြင့် မထေရ်ကို သင်္ကန်းစွန်း၌ ဆွဲကုန်လျက် လက်ကိုဆွဲကြ၊ ဦးခေါင်းကိုပုတ်ကြ၊ နှာခေါင်းကိုဆွဲကြ၊ နားကိုဆွဲကြစသည်ဖြင့် ကျီစယ်ကစားသွားကြသည်။

www.dhammaransi.com


ထို့နောက် သပိတ်တို့ကိုသိမ်းဆည်းပြီး ဘုရားရှင်ထံသို့ ဝင်ရောက်ရှိခိုးကြပြီး ဘုရားရှင်ကို-

"မြတ်စွာဘုရား. . . အရှင်ဘုရား၏တပည့်ဖြစ်ပြီး သာယာသောအသံဖြင့် တရားကိုဟောတော်မူတတ်သော လကုဏ္ဍကဘဒ္ဒိယမထေရ်ရှိသည်ဟု ကြားဘူးပါသည်။ ထိုမထေရ်ကို အဘယ်အရပ်မှာ ရှိပါသနည်းဘုရား"

ဟု လျှောက်ထားမေးကြသည်။

"ရဟန်းတို့. . . သင်တို့ဖူးမြင်ကုန်လိုသလော"

"ဖူးမြင်ကုန်လိုပါ၏ ဘုရား"

"ရဟန်းတို့. . . ကျောင်းတံခါးဝ၌ တွေ့သောမထေရ်ကို သင်တို့သည်လက်၊ ခြေ၊ ဦးခေါင်းတို့ကို လက်ဆော့ခြင်းပြုလျက် လာကြကုန်၏။ ထိုမထေရ်သည် လကုဏ္ဍကဘဒ္ဒိယပင်ဖြစ်ပေသည်"

"မြတ်စွာဘုရား. . . ဤသို့သောဆုတောင်းကုသိုလ်နှင့် ပြည့်စုံသောမထေရ်သည် အဘယ်အကြောင်းကြောင့် ဤကဲ့သို့ ဘုန်းတန်ခိုးနည်းရပါသနည်း။"

"မိမိပြုအပ်သော မကောင်းမှုကံကြောင့် ဤသို့ဖြစ်ရသည်" ဟု ဘုရားရှင်က အရှင်လကုဏ္ဍကဘဒ္ဒိယမထေရ်၏ဘဝဇာတ်ကြောင်းကို ဟောပြတော်မူသည်။

* * * * *

www.dhammaransi.com


ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်သည်၊

ထိုမင်းသည် ကစားတတ်သောအလေ့ရှိသည်ဖြစ်၍ အိုခြင်းသို့ရောက်ကုန်သော ဆင်, မြင်း, နွားတို့ကို တွေ့မြင်သော် လိုက်စေ၏။ လှည်းအိုကိုမြင်က ဖျက်စေ၏။

မိန်းမအိုကိုမြင်လျှင် ခေါ်စေ၍ ဝမ်း၌တွန်း၍လဲစေ၏။ တစ်ဖန်ထ,ပြန်၍ ထိတ်လန့်စေ၏။

ယောက်ျားအိုကိုမြင်လျှင် ကျွမ်းသမားတို့ကဲ့သို့ မြေ၌ကျွမ်းထိုးစေသည်။ ဤမည်သောအိမ်၌ သူအိုရှိသည်ဟုကြားက ခေါ်စေ၍ ကစား၏။

လူတို့သည် ရှက်ကုန်သည်ဖြစ်၍ မိမိတို့၏မိဘများကို တိုင်းတစ်ပါးသို့ ပို့ကြကုန်၏။ မိဘကိုလုပ်ကျွေးမှုသည် ပြတ်ကုန်၏။

မင်းခ,စားတို့ကလည်း မင်းကဲ့သို့ကစားကြလေ့ရှိသည်။ သို့တွက်သေတိုင်းသေတိုင်းသောသူတို့သည် အပါယ်လေးဘုံသို့ ဖြစ်ကုန်၏။ နတ်ပြည်၌ဆုတ်ယုတ်ကုန်၏။

သိကြားမင်းသည် အသစ်ဖြစ်သော နတ်တို့ကိုမမြင်သော် အကြောင်းကိုစုံစမ်းကြည့်သည်။ အကြောင်းကိုသိသော် ထိုဗြဟ္မဒတ်မင်းကို ဆုံးမအံ့ဟု ကြံစည်ကာ လူအိုယောင်ဖန်ဆင်း၍ လှည့်အို၌ရက်တက်ရည် (၂)အိုးကိုတင်၍ နွားအိုနှစ်ကောင်က,၍ ဗြဟ္မဒတ်မင်းမြို့ကို တန်ဆာဆင်၍ လှည့်လည်သောနေ့၌ အဝတ်

www.dhammaransi.com


ဟောင်းကိုဝတ်ပြီး လှည်းကိုပြဟ္မဒတ်မင်းရှိရာသို့ ရှေ့ရှုမောင်းလာသည်။

ပြဟ္မဒတ်မင်းကြီးသည် လှည်းအိုနှင့်အဖိုးအိုကိုမြင်၍-

"လှည်းအိုကို ဖယ်ကြကုန်လော"

ဟု စေခိုင်းသည်။

သိကြားမင်းက မိမိလှည်းကို မင်းတစ်ဦးတည်းသာ မြင်စေသဖြင့် အခြားသူများမမြင်ကြပေ။

"မင်းမြတ်. . . လှည်းကိုအဘယ်မှာနည်း၊ ကျွန်ုပ်တို့ မမြင်ပါ။"

ဟု လူတို့ကဆိုသည်။

ထိုအခါ သိကြားမင်းသည် ထိုလှည်းကိုမင်း၏ အထက်အဖို့ဖြင့် နင်းသွားလျက် မင်း၏ဦးခေါင်းထက်၌ ရက်တက်ရည်တစ်အိုးကိုခွဲချ၍ တစ်ဖန်ပြန်လှည့်ပြီး ဒုတိယအိုးကိုခွဲချပြန်သည်။

ထိုအခါ ထိုမင်းဦးခေါင်းမှစ၍ ထိုမှဤမှ ရတက်ရည်တို့သည် စီးကျလေသည်။ ထိုမင်းသည် ထိုသို့ရတက်ရည်စီးခြင်းကြောင့် ရွံလည်းရွံရှာ၏။ ရှည်လည်းရှက်၏။ စက်လည်းစက်ဆုပ်သည်။

ထိုအခါ သိကြားမင်းသည် မင်း၏ဆင်းရဲသည်အဖြစ်ကို မြင်ပြီး လှည်းကိုကွယ်ကာ မူလသိကြားကိုယ်ဖန်ဆင်းပြီး ဝရဇိန်လက်နက်စွဲကာ ကောင်းကင်၌ရပ်တည်ပြီး-

www.dhammaransi.com



"ယုတ်မာ၍ တရားမစောင့်သောမင်း. . သင်သည် မအိုလတ့်လော၊ သင်၏ကိုယ်ကိုအိုခြင်းသည် မညှင်းဆဲလတ့်လော၊ သင်သည်ကစားသည်ဖြစ်၍ လူအိုတို့အားနှိပ်စက်ညှင်းဆဲသော အမှုကိုပြု၏။ တစ်ယောက်တည်းသောသင့်ကို အမှီပြု၍ထိုအမှုကို ပြုကြကုန်သဖြင့် သေတိုင်းသေတိုင်းသောသူတို့သည် အပါယ်သို့ ပြည့်စေကုန်၏။ လူတို့သည် မိဘတို့ကိုလုပ်ကျွေးခြင်းငှါ မရကုန်၊ ဤအမှုကို သင်သည်အကယ်၍ မကြဉ်ရှောင်အံ့၊ ဝရဇိန်လက်နက်ဖြင့် သင်၏ဦးခေါင်းကိုခွဲအံ့၊ ဤနေ့မှစ၍ ဤအမှုကိုမပြုလင့်" ဟု ခြိမ်းခြောက်၍ မိဘတို့၏ကျေးဇူးတရားတို့ကို ဟောကြားပြသည်။

ကြီးသောသူတို့အား အရိုအသေပြုသော ကောင်းမှု၏ အကျိုးဆက်ကိုပြ၍ ဆုံးမပြီးလျှင် မင်း၏ဝန်ခံချက်ကိုယူကာ တာဝတိံသာသို့ ပြန်လေသည်။

ဗုဒ္ဓက ဤအတိတ်ဇာတ်ကို ဟောပြပြီးနောက် ရဟန်းတို့ကို "ရဟန်းတို့. . . ကိုယ်၌ နှိုင်းယှဉ်အပ်သော အဖြစ်သည် မရှိ ဟသ်ာ, ကြိုးကြာ, ဥဒေါင်း, ဆင်, ချေ စသောသတ္တဝါတို့သည် ခြသေ့်မှကြောက်ကြကုန်၏။

"ဤအတူသာလျှင် လူတို့တွင် ငယ်သောသူသည် ငယ်သော်လည်း ပညာရှိသည်။ အကယ်၍ဖြစ်ငြားအံ့၊ ထိုသူသည် ထိုလူတို့၌ ကြီးသည်ဖြစ်၏။ ပညာမရှိသောသူသည် ကိုယ်ကြီးသော်လည်း ကြီးသည်မမည်။ ထို့ကြောင့် သင်တို့သည်အရှင်လကုဏ္ဍက

www.dhammaransi.com


ဘဒ္ဒိယကို ကိုယ်အားဖြင့်ငယ်၏။ ဉာဏ်အားဖြင့်မငယ်ဟူ၍ မှတ်ကြကုန်။"

ဟု ဟောကြားတော်မူသည်။

ဤတရားတော်၏ အဆုံးဝယ် အချို့သောရဟန်းတို့သည် သောတာပန်၊ အချို့သောရဟန်းတို့သည် သကဒါဂါမ်၊ အချို့သော ရဟန်းသည် အနာဂါမ်၊ အချို့သောရဟန်းတို့သည် ရဟန္တာဖြစ်ကြလေသည်။

ယခုခါ လကုဏ္ဍကဘဒ္ဒိယသည် ထိုအခါမင်းဖြစ်ခဲ့သည်။

ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်သည်။

(ဒုကနိပါတ၊ နတံဒဠှဝဂ်၊ ကောဂဠိသီလဇာတ်)

www.dhammaransi.com


## ၅။ ဝမ်းမဝသီလမစောင့်မှုနှင့်သိကြားမင်း (ဝမ်းရေးမလှ၊ စောင့်သီလ၊ ညီမျှသစ်ကျွတ်သာ)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

အရှင်ဥပသေနသည် နှစ်ဝါရသော်တစ်ဝါရသော တပည့်နှင့်တူနေသည်။ တစ်နေ့ဘုရားထံသို့သွားရောက်ဆည်းကပ်ရာ ဘုရားရှင်က အကြောင်းတစ်ခုဖြင့် ကဲ့ရဲ့အပ်သည်ရှိသော် ဘုရားရှင်ကိုရှိခိုးပြီး ဖဲ့ခွါသွားကာ ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းသည်။ မကြာခင်အရဟတ္တဖိုလ်သို့ ရောက်လေသည်။

အလိုနည်းခြင်းစသော ကျေးဇူးနှင့်ယှဉ်သော ဓုတင်(၁၃) ပါးကို ဆောက်တည်သည်။

မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်း သီတင်းသုံးနေစဉ် ပရိဇ်သတ်နှင့်အတူ ဘုရားထံသို့ဆည်းကပ်ကြသည်။

ပထမပရိသတ်ကိုမှီ၍ ကဲ့ရဲ့ခြင်းကိုခံရ၏။ အခမ္မိကဖြစ်သော ကထိကသို့အစဉ်မလိုက်သောအရာ၌ ချီးမွမ်းခြင်းကိုခံရပြီး

"ဤနေ့မှစ၍ ဓုတင်ကိုဆောင်ကုန်သော ရဟန်းတို့သည် အလိုရှိတိုင်း ဆည်းကပ်၍ ငါဘုရားကိုဖူးမျှော်ကုန်"

ဟု ဘုရားရှင်က ခွင့်ပြုတော်မူသည်။

www.dhammaransi.com


ဥပသေနသည် ထိုအကြောင်းကို မိမိ၏ပရိသတ်ရဟန်းတို့အား ပြောပြသည်။

ထိုအခါမှစ၍ ရဟန်းတို့သည် ဓုတင်ကိုဆောက်တည်ကုန်သည်ဖြစ်၍ ဘုရားရှင်အားဆည်းကပ်ရန် ချဉ်းကပ်ကြကုန်သည်။

ဘုရားရှင်သည် ကိုယ်တော်တစ်ပါးတည်း ကိန်းအောင်းရာမှ ထသည်ရှိသော် ထိုထိုအရပ်၌ ပံ့သကူတို့ကိုစွန့်၍ မိမိသပိတ်သက်န်းတို့ကိုသာလျှင် ယူကြကုန်သည်။

ဘုရားရှင်သည် ရဟန်းများစွာတို့နှင့်အတူ ကျောင်းစဉ်လှည့်လည်သည်ရှိသော် ထိုထိုအရပ်၌စွန့်ပစ်ထားအပ်သော ပံ့သကူတို့ကိုမြင်၍-

"ရဟန်းတို့ . . ဤရဟန်းတို့၏ ဓုတင်ဆောက်တည်ခြင်းမည်သည်ကား ကြာမြင့်စွာမတည်သော သစ်ကျုတ်၏ဥပုသ်ဆောက်တည်ခြင်းနှင့် တူသည်ဖြစ်၏ဟု မိန့်ကြားတော်မူ၍ အတိတ်ဇာတ်ကို ဟောကြားတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၍နေသည်။

ထိုအခါ သစ်ကျုတ်တစ်ကောင်သည် ဂင်္ဂါမြစ်ကမ်းနားကျောက်ဖျာအပြင်၌နေသည်။ ထိုအခါ ဂင်္ဂါမြစ်၌ဆီးနှင်းရေသည် ရောက်လာပြီး ထိုကျောက်ဖျာကိုဝိုင်းရံသည်။

www.dhammaransi.com



သစ်ကျုတ်သည် တက်၍ကျောက်ဖျာအပြင်၌အိပ်သည်။ သစ်ကျုတ်အားကျက်စားရာ နေရာသည်မရှိ သွားနိုင်သောလမ်းလည်းမရှိ ရေသည်တဖြည်းဖြည်းပွားတိုးလာသည်သာ ဖြစ်သည်။

ထိုသစ်ကျုတ်အား-

"ငါအား ကျက်စားရာနေရာသည် သွားရန်လမ်းလည်းမရှိ ထွက်သောငါအား ပျက်စီးခြင်းထက်ဥပုသ်ဆောက်တည်ခြင်းသည် မြတ်၏။"

ဟု ကြံစည်ပြီးလျှင် စိတ်ဖြင့်သာလျှင် ဥပုသ်ကိုအဓိဋ္ဌာန်၍ သီလကို ဆောက်တည်၍အိပ်လေသည်။

ထိုအခါ သိကြားမင်းသည် လူ့လောကကိုဆင်ခြင်လတ်သော် ထိုသစ်ကျုတ်၏အားနည်းစွာသော သီလဆောက်တည်မှုကို သိ၍-

"ထိုသစ်ကျုတ်ကို စုံစမ်းဆဲအံ့"

ဟု ကြံစည်ကာ ဆိတ်၏အသွင်ဖြင့် လာလတ်၍သစ်ကျုတ်၏အနီး၌ ရပ်၍ ကိုယ်ကိုပြသည်။

သစ်ကျုတ်သည် ထိုဆိတ်ကိုမြင်၍-

"ဥပုသ်ကို နောက်နေ့မှစောင့်တော့မည်"

ဟု ကြံစည်ကာ ထ၍ပြီးလျှင် ထိုဆိတ်ကိုဖမ်းယူရန် ပြေးလာခဲ့သည်။

ဆိတ်သည် ထိုမှဤမှ ပြေး၍မိမိကို ဖမ်းအံ့သောငှါမပေး သစ်ကျုတ်သည် ထိုဆိတ်ကိုဖမ်းအံ့သောငှါ မတတ်နိုင်သည်ဖြစ်၍

www.dhammaransi.com



ပြန်လာပြီး-

"ငါအား ဥပုသ်အမှုသည် မပျက်သေး"

ဟု ဆိုပြီး ရှေးနည်းတူသီလစောင့်သည်ဟုဆိုပြီး တစ်ဖန်အိပ်ပြန်သည်။

သိကြားမင်းသည် သိကြားကိုယ်၏အဖြစ်ဖြင့် ကောင်းကင်၌ရပ်၍-

"ထိုသို့သဘောရှိသော အားနည်းသောကုသိုလ်ဆန္ဒရှိသော သင့်အားဥပုသ်ဆောက်တည်သဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ သင်သည် ငါ့ကိုသိကြားမင်းအဖြစ်ကို မသိ၍သာ ဆိတ်သားကိုစားလို၏"

ဟု သစ်ကျုတ်ကို နှိပ်စက်ကဲ့ရဲ့စကားဆိုပြီး နတ်ပြည်သို့ပြန်လေသည်။

ထိုအခါ သိကြားမင်းသည် ယခုငါဘုရားရှင်ဖြစ်ခဲ့သည်။

(တိကနိပါတ- ကုမ္မာဝဂ်၊ ဝကဇာတ်)

www.dhammaransi.com



## ၆။ သိကြားမင်းက ယုန်, မြေခွေး, မျောက်, ဖျံတို့၏ သီလကိုစမ်းသပ်ပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သာဝတ္ထိပြည်၌ တစ်ဦးသောသူကြွယ်သည် ဘုရားအမှူးရှိသော သံဃာတော်များကို ခုနှစ်ရက်တိုင်တိုင် မွန်မြတ်သောဆွမ်းကို ဆက်ကပ်ပြီး နောက်ဆုံးနေ့၌ ပရိက္ခရာတို့ကို လှူဒါန်းမှုနှင့်ပတ်သက်၍ ဘုရားရှင်က ဤလှူမှုသည် ရှေးပညာရှိတို့၏အလေ့အကျင့်ဖြစ်သည်။ ရှေးပညာရှိတို့က ရောက်လာသောအလှူခံပုဂ္ဂိုလ်အား အသက်ကိုပင်စွန့်၍ မိမိ၏အသားကိုလှူခဲ့ဘူးသည်ဟု မိန့်ကြားကာ အတိတ်ကိုဟောကြားတော်မူလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ယုန်မျိုး၌ဖြစ်၍တော၌ နေသည်။

ထိုအခါ တော၏တစ်ဘက်၌တောင်ခြေ၊ တစ်ဘက်မှမြစ် တစ်ဘက်မှပစ္စန္တရာဇ်ရွာရှိသည်။

ဘုရားလောင်း ယုန်မင်းအား မျောက်, မြေခွေး, ဖျံဟူသော အဆွေခင်ပွန်းသုံးဦးရှိလေသည်။ ထိုပညာရှိ လေးယောက်တို့သည်

www.dhammaransi.com



အတူတကွနေကုန်လျက် မိမိ, မိမိ၏ကျက်စားရာအရပ်၌ အစာကို ယူကုန်၍ ညချမ်းသောအခါ ယုန်ပညာရှိက ကျန်သုံးဦးကို-

"အလှူပေးအပ်၏၊ သီလကိုဆောက်တည်အပ်၏၊ ဥပုသ်ကို သုံးအပ်၏၊"

ဟု ခင်ပွန်းတို့အား ဆုံးမ၍ တရားကိုဟောကြားသည်။

သုံးယောက်သောသူတို့သည် ယုန်ပညာရှိ၏ အဆုံးအမ ကို ခံယူကုန်၍ မိမိတို့၏နေရာ ချုံသို့ဝင်၍နေကုန်သည်။

တစ်နေ့တွင် ဘုရားလောင်းယုန်မင်းသည် ကောင်းကင် သို့ကြည့်၍ လ-ကိုမြင်၍ နက်ဖြန်ဥပုသ်နေ့ဟုသိ၍ မိတ်ဆွေသုံး ယောက်ကိုခေါ်ကာ-

"သင်တို့သည် သီလကိုဆောက်တည်၍ ဥပုသ်သုံးခြင်းကို ဖြစ်စေလော၊ သီလ၌တည်၍ လှူသောအလှူသည် အကျိုးကြီး၏၊ ထို့ကြောင့် ရောက်လာသောအလှူခံတို့အား သင်တို့သည်စားအပ် သော အာဟာရမှအလှူကိုလှူ၍ စားကြကုန်လော"

ဟု ဆုံးမဩဝါဒပေးသည်။

သုံးယောက်သော အဆွေခင်ပွန်းတို့သည် ကောင်းပြီဟု ဝန်ခံကာ မိမိတို့နေရာအရပ်၌ နေကုန်ကြသည်။

နောက်တစ်နေ့တွင် ထိုအဆွေခင်ပွန်းတို့တွင် ဖျံသည် စောစောကလျှင် အစာရှာအံ့ဟု ထွက်၍ဂင်္ဂါနားသို့ သွားလေသည်။

www.dhammaransi.com


ထိုအခါ တစ်ယောက်သောတံငါသည်သည် ငါးကြင်း ခုနှစ်ကောင်တို့ကိုဆယ်၍ နွယ်ဖြင့်သီ၍ ဂင်္ဂါကမ်းနား၌သဲကိုယက်ပြီး ဖုံးလွှမ်းထားခဲ့ပြီး တစ်ဖန်ငါးတို့ကိုဖမ်းအံ့သောငှါ ဂင်္ဂါကမ်းခြေသို့ သွားလေသည်။

ဖျံသည် ငါးအနံ့ရ၍ သဲကိုယက်သော် ငါးတို့ကိုမြင်၍ ထုတ်ကာ-

"ငါးတို့၏အရှင်သည် ရှိသလော"

ဟု သုံးကြိမ်အသံပြုသည်။ အသံတုန့်ပြန်သောအရှင်ကို မတွေ့၍ နွယ်ကိုကိုက်ချီယူလာပြီး မိမိ၏ချုံ၌ထားပြီး စားချိန်၌စားမည်ဟု ဆုံးဖြတ်ကာသီလကိုဆင်ခြင်လျက် မိမိနေရာ၌ဝပ်၍ နေလေသည်။

မြေခွေးသည်လည်း မိမိနေရာအရပ်မှထွက်၍ အစာရှာလတ်သော် တစ်ယောက်သောလယ်စောင့်၏တဲ၌ တံစို့ဖြင့်သီအပ်သော အမဲတံစို့နှစ်ခု၊ ဖွတ်တက်တစ်ခု၊ နို့ဓမ်းအိုးတစ်ခုကိုမြင်၍-

"ထိုဝတ္ထုတို့၏ အရှင်သည်ရှိပါသလော"

ဟု သုံးကြိမ်အသံပြုသော် အရှင်ကိုမမြင်၍ နို့ဓမ်းအိုး၌ဖွဲ့သောကြိုးကိုလည်၌သွင်း၍ အချိန်ကျမှစားမည်ဟုဆိုကာ မိမိ၏သီလကိုသာဆင်ခြင်၍ နေလေသည်။

မျောက်သည်လည်း နေရာမှထွက်၍ တောအုပ်သို့ဝင်ကာ သရက်သီးခိုင်ကိုယူပြီး မိမိနေရာ၌ထားကာ သီလကိုဆင်ခြင်၍ နေလေသည်။

www.dhammaransi.com



ဘုရားအလောင်းယုန်မင်းသည်ကား အချိန်၌သာလျှင် နေရာမှထွက်၍ နေဇာမြက်ကိုစားအံ့ဟု မိမိနေရာချဉ်၌သာလျှင် သီလကိုဆင်ခြင်လျက်-

"ငါ၏အထံသို့လာကုန်သော အလှူခံပုဂ္ဂိုလ်တို့အား မြက်ကိုလှူခြင်းငှါ မတတ်ကောင်းကုန်၊ နှမ်း၊ ဆန်၊ စသည်တို့သည်လည်း ငါအားမရှိကုန်၊ ငါ၏ထံသို့ အလှူခံသည် အကယ်၍လာငြားအံ့ ငါ၏အသားကိုလှူအံ့"

ဟု ကြံသည်။

ယုန်မင်း၏သီလတန်ခိုးကြောင့် သိကြားမင်း၏ကျောက်ဖျာသည်ပူသော အခြင်းအရာကိုပြသည်။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအခြင်းအရာကို မြင်၍-

"ယုန်မင်းကို စုံစမ်းအံ့"

ဟုဆိုကာ ရှေးဦးစွာပုဏ္ဏားအသွင်ဆောင်ပြီး ဖျံ၏နေရာသို့ သွားလေသည်။

"ပုဏ္ဏား. . . အဘယ်အကျိုးငှာ လာပါသနည်း"

"ပညာရှိ. . တစ်စုံတစ်ခုသော အစာအာဟာရကိုရသော် ဥပုသ်ဆောက်တည်၍ နေအံ့ဟုရပ်၏။"

"ကောင်းပြီ. . ပုဏ္ဏား ငါ့အားငါးကြင်းခုနစ်ကောင်ရှိပါ၏၊ သင်အားပေးလှူပါမည်။ ဤငါးကိုစား၍ တော၌နေပါလော့"

"ရှိစေဦး၊ စောသေးသည် နောက်မှလာယူစားမည်။"

www.dhammaransi.com



ဟုပြောပြီး မြေခွေးထံသို့ ဆက်လက်သွားလေသည်။ မြေခွေးကိုလည်း အထက်ပါအတိုင်းပြောသော် မြေခွေးသည်မိမိရထားသော ဖွတ်ကင် နို့ဓမ်းတို့ကိုလှူသည်။

ထိုအလှူကို ခဏသည်းခံစေပြီး မျောက်ထံသို့သွားသည်။ မျောက်ကလည်း မိမိရထားသောသရက်သီးကို လှူသည်။

ပုဏ္ဏားသည် စောသေးသည် နောက်မှလာယူမည်ဟုပြောပြီး ယုန်မင်းထံသို့ ဆက်လက်သွား၍ ရှေးနည်းအတိုင်းပြော၍ အလှူခံသည်။

ဘုရားလောင်းယုန်မင်းသည် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ

"ပုဏ္ဏား. . . အာဟာရအကျိုးငှါ ငါ့ထံသို့လာလော၊ သင်သည်ကောင်းသည်ကို ပြုအပ်၏။ ယနေ့ငါသည် မလှူဖူးသော အလှူကိုလှူအံ့၊ သင်သည်ကား သီလရှိ၏၊ သူ့အသက်သတ်မှုကို မပြုလတ့်၊ အရှင်ပုဏ္ဏား သွားပါချေ၊ အထူးထူးသောထင်းတို့ကို စု၍မီးကျီးပြု၍ ငါအားပြောကြားလာပါလော၊ ငါသည်ကိုယ်ကို စွန့်၍ မီးကျီးစု၌ဆင်းအံ့၊ ငါ၏အသားကျက်သော် သင်သည်ငါ၏ အသားကိုစား၍ ရဟန်းတရားကို ကျင့်ပါလော။"

ဟု ပြောကြားသည်။ သိကြားမင်းပုဏ္ဏားသည် ယုန်မင်းပြောသည့် အတိုင်း မီးကျီးကိုပြုပြီး ယုန်မင်းကိုလာ၍ အကြောင်းကြားသည်။

ယုန်မင်းသည် နေဇာမြက်ခင်းမှထ,၍ မီးကျီးစုရှိရာသို့ သွားပြီးလျှင် မိမိအမွေးကြားတို့၌ ခိုအောင်းနေကြသော ပိုးငယ်

www.dhammaransi.com



တို့ မသေစေခြင်းငှါ သုံးကြိမ်ကိုယ်ကို လှုပ်ခါချသည်။ အလုံးစုံသော ကိုယ်ကိုအလျှုဝဲ၍ထား၍ ခုန်လျက် ကြာကန်၌ဟင်္သာမင်းကျသကဲ့ သို့ ဝမ်းမြောက်သောစိတ်ရှိသည်ဖြစ်၍ မီးကျီးစုထဲသို့ ခုန်ဆင်းလေ သည်။

ထိုမီးသည်ကား ဘုရားလောင်းယုန်မင်း၏ ကိုယ်တွင်း အမွေးမျှင်မျှပင် ပူခြင်းငှါမဖြစ်ချေ။ ဆီးနှင်းတိုက်ထဲသို့ ဝင်သကဲ့သို့ ရှိချေသည်။

ထိုအခါ ပုဏ္ဏားကိုခေါ်၍-

"ပုဏ္ဏား. . . သင်ပြုသောမီးသည်ကား အလွန်အေး၏။ ငါ၏ကိုယ်၌အမွေးတွင်ကိုမျှလည်း ပူစေခြင်းငှါ မတတ်နိုင်ပါချေ။ ဤသို့ဖြစ်ခြင်းအကြောင်းကား အဘယ်နည်း။

ဟုမေးသည်။ ထိုအခါကျမှ သိကြားမင်းက-

"ယုန်ပညာရှိ . . ငါကား ပုဏ္ဏားမဟုတ်၊ သိကြားမင်းတည်း၊ သင်တို့၏သီလကို စုံစမ်းခြင်းငှါ လာပါ၏။"

ဟု အမှန်ကိုပြောပြသည်။

"သိကြားမင်း. . . သင့်ကိုထားဘိဦး၊ အလုံးစုံသောလောက သည်လည်း ငါ့ကိုအလှူဖြင့်စုံစမ်းအံ့၊ ငါ၏မလှူလိုသောအဖြစ်ကို မမြင်ရာသာလျှင်တည်း၊"

ဟု ယုန်ပညာရှိက ခြင်္သေ့မင်းကဲ့ရဲ့သောစကားကို ဆိုလေသည်။

ထိုအခါ ဘုရားလောင်းယုန်ပညာရှိကို သိကြားမင်းက-

www.dhammaransi.com



"သင်၏ကျေးဇူးဂုဏ်သည် ကမ္ဘာပတ်လုံး ထင်ရှားသည် ဖြစ်စေ"

ဟု တောင်ကိုညွှတ်၍ တောင်ဆိကိုယူကာ လဝန်း၌ယုန်အမှတ်ရုပ်ကို ရေးသည်။ ထို့နောက် ယုန်ပညာရှိကိုဆောင်ယူ၍ နေဇာမြက်အပြင်၌အိပ်စေ၍ မိမိနေရာ တာဝတိံသာသို့ ပြန်သွားလေသည်။

လေးဦးသောပညာရှိတို့သည် ညီညွတ်စွာဝမ်းမြောက်ဝမ်းသာဖြစ်ကုန်လျက် သီလကိုဖြည့်ဆည်းကြပြီး အလှူပေးဥပုသ်စောင့်၍သာ နေကြလေသည်။

ထိုတရား ဇာတ်တော်အဆုံးတွင် အလှူရှင်သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ယခုခါ အာနန္ဒာသည် ထိုအခါက ဖျံ
ယခုခါ မောဂ္ဂလာန်သည် ထိုအခါက မြေခွေး
ယခုခါ သာရိပုတ္တရာသည် ထိုအခါက မျောက်
ယခုခါ အနုရုဒ္ဓါသည် ထိုအခါက သိကြားမင်း
ယခုခါ ငါဘုရားသည် ထိုအခါက ယုန်မင်း

ဖြစ်ခဲ့ကြဖူးပြီ။

(စတုက္ကနိပါတ်၊ ပုစိဆန္ဒဇာတ်၊ သသပဏ္ဍိတဇာတ်)

www.dhammaransi.com



## ၇။ ရသေ့စဉ်းလဲ သူဌေးသမီးလေးဦးနှင့် သိကြားမင်း (ရဟန်းဖြစ်ခြား ကျင့်တရားထင်ရှားရှိစေလင့်)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန် ဖြစ်သည်။

အသက်ကြီးမှ ရဟန်းပြုလာသော ရဟန်းအိုတစ်ပါးသည် ဇေတဝန်ကျောင်း၏ အစွန်းရှိသရက်ဥယျာဉ်၌ ကျောင်းဆောက်၍ သရက်ဥယျာဉ်ကိုစောင့်ရှောက်လျက် ကြွေကျသောသရက်သီးမှည့်တို့ကိုစားလျက်နေ၏။

မိမိထံသို့ရောက်လာကုန်သောသူတို့အားလည်း သရက်သီးကို ပေးလေသည်။

တစ်နေ့ ထိုမထေရ်ဆွမ်းခံဝင်နေစဉ် သရက်သီးခိုးသော သူတို့သည် သရက်သီးတို့ကိုခိုးယူကြပြီး လိုသလောက်ဆွတ်ခူးယူ သွားကြသည်။

ထိုခဏတွင် သူဌေးသမီးလေးယောက်တို့သည် အစိရဝတီ မြစ်၌ ရေချိုးပြီးလျှင် လှည့်လည်လျက် ထိုသရက်သီးဥယျာဉ်သို့ ဝင်ကြသည်။

ရဟန်းအိုကြီးသည် ဆွမ်းခံမှအပြန်တွင် သရက်ဥယျာဉ်၌ သရက်သီးများဆွတ်ခူးချထားသည်ကို မြင်သလိုသူဌေးသမီးလေး

www.dhammaransi.com


ယောက်ကိုလည်းမြင်၍ ငါ၏သရက်သီးကိုခိုးစားကုန်၏ဟု စွပ်စွဲသည်။

သူဌေးသမီးတို့က သူတို့မစားမိကြောင်း ငြင်းဆိုကြသည်။

"ထိုသို့ဆိုက ကျိန်စာဆိုကြကုန်လော"

ဟု ရဟန်းအိုက ဆိုသောအခါ သူဌေးသမီးတို့ကလည်း ကျိန်ဆိုကြသည်။

ရဟန်းအိုသည် သူဌေးသမီးတို့ကို အရှက်ရစေ၍ ပြန်လွှတ်လိုက်လေသည်။

ထိုအကြောင်းကို ရဟန်းတို့သိသွားကြပြီး ဘုရားရှင်ပါသိသောအခါ ဘုရားရှင်က ရှေးကလည်း ဤကဲ့သို့ဖြစ်ခဲ့ဖူးကြောင်း အတိတ်ဇာတ်လမ်းကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၍နေသည်။

ထိုအခါ စဉ်းလဲသောရသေ့သည် ဗာရာဏသီပြည်ကို အမှီပြု၍ မြစ်နားသရက်ဥယျာဉ်ထဲ၌ ကျောင်းဆောက်နေပြီး သရက်သီးတို့ကို စောင့်ရှောက်နေ၏။ စားလည်းစား၏။ ရောက်လာသောသူတို့အားလည်းပေးလျက် များသောအသက်မွေးခြင်းဖြင့် အသက်မွေးလျက်နေ၏။

ထိုအခါ သိကြားမင်းသည် လူ့ပြည်၌အဘယ်သူတို့သည် အမိအဖတို့ကို လုပ်ကျွေးကုန်သနည်း၊ အမျိုး၌ကြီးသောသူတို့အား

www.dhammaransi.com


အရိုအသေပြုကုန်ကြသနည်း၊ အလှူကိုပေးကုန်သနည်း၊ သီလစောင့်ကုန်သနည်း၊ ဥပုသ်စောင့်ကုန်သနည်း။ အဘယ်ရဟန်းတို့သည် မကျင့်အပ်သောအကျင့်ကို ကျင့်ကုန်သနည်းဟု လူ့ပြည်ကိုကြည့်လတ်သော် သရက်ဥယျာဉ်၌စောင့်လျက် မကျင့်အပ်သောအကျင့်ကိုကျင့်လျက်နေသော ရသေ့စဉ်းလဲကိုမြင်၍-

"ဤရသေ့စရိုက်ကား ကသိုဏ်း၊ ပရိကံ၊ အစရှိသောမိမိ၏ရဟန်းတရားကိုပယ်၍ သရက်ဥယျာဉ်ကို စောင့်လျက်နေ၏။ ထိုသို့ရသေ့စဉ်းလဲကို ထိတ်လန့်စေအံ့"

ဟု ရသေ့သည် ရွာသို့ဆွမ်းခံသောင့်ါ ဝင်သောကာလ၌ သိကြား၏အာနုဘော်ဖြင့် သရက်သီးတို့ကို ကြွေစေ၍ခိုးသူတို့သည် ခိုးသကဲ့သို့ပြု၏။

ထိုအခါ ဗာရာဏသီပြည်မှ သူဌေးသမီးလေးယောက်တို့သည် သရက်ဥယျာဉ်သို့ဝင်ကုန်၏။ ရသေ့စရိုက်သည်သူဌေးသမီးတို့ကိုမြင်၍-

"သင်တို့သည် ငါ၏သရက်သီးကို စားကုန်၏"

ဟုဆို၏။

"အရှင်ဘုရား. . . ကျွန်ုပ်တို့သည် ယခုပင်လျှင် လာပါကုန်အံ့၊ အရှင်ဘုရား၏ သရက်သီးတို့ကို မစားပါကုန်"

"ထိုသို့ တပြီးကား ကျိန်ကြကုန်လော့"

"အရှင်ဘုရား. . . ကျိန်၍သွားခွင့်ကို ရပါကုန်အံ့လော"

www.dhammaransi.com


"အေး. . . ရကုန်လတ့်"

ဦးစွာပထမ အကြီးဆုံးသူဌေးသမီးက-

"အရှင်ဘုရား. . . အကြင်မိန်းမသည် အရှင်ဘုရား၏ သရက်သီးတို့ကိုခိုး၏။ ထိုမိန်းမသည် အကြင်ယောကျ်ားသည် ညို သောဆံကို တန်ဆာဆင်၏။ ညိုသောဆံပင်တို့၏အကြား၌ ရောက်သောဆံဖြူကို မွေးညှပ်ဖြင့်နှုတ်လျက်ပင်ပန်း၏။ ထိုယောကျ်ားအိုး၏ အလိုသို့လိုက်ရစေသတည်း"

ဟု သစ္စာဆိုသည်။

"သင်ကား သင့်တင့်ရာအရပ်၌ နေလော့"

ဒုတိယသူဌေးသမီးက-

"အရှင်ဘုရား. . . အကြင်မိန်းမသည် အရှင်ဘုရား၏ သရက်သီးတို့ကိုခိုး၏။ ထိုမိန်းမသည် မွေးဖွားသည်မှ နှစ်ဆယ်သို့ လည်းကောင်း၊ နှစ်ဆယ့်ငါးနှစ်သို့လည်းကောင်း၊ နှစ်ဆယ့်ကိုးနှစ် သို့လည်းကောင်းရောက်၍ ထိုသို့ရင့်သောအရွယ်ရောက်သော သဘောရှိလျက် လင်ကိုမရပါစေသတည်း။"

ဟု ကျိန်ဆိုလေသည်။

တတိယသူဌေးသမီးက-

"အရှင်ဘုရား. . . အကြင်မိန်းမသည် အရှင်ဘုရား၏ သရက်သီးတို့ကိုခိုး၏။ ထိုမိန်းမသည် လင်ကိုစောင့်တောင့်တလျက် လင်၏ထံသို့သွားသည်၏အဖြစ်ကြောင့် အဘိသာရိကမည်သော မိန်းမဖြစ်၍တစ်ယောက်တည်း ရှည်စွာသောတစ်ဂါဝုတ်၊ နှစ်ဂါဝုတ်

www.dhammaransi.com



ရှိသော ခရီးကိုသွားရစေသတည်း၊ ဤမည်သော အရပ်သို့လာလော့ ဟု လင်ချိန်းချက်ရာအရပ်၌ လင်ကိုမမြင်ရစေသတည်း။"
ဟု ကျိန်ဆိုသည်။

စတုတ္ထသူဌေးသမီးက-

"အရှင်ဘုရား. . . အကြင်မိန်းမသည် အရှင်ဘုရား၏ သရက်သီးကိုခိုး၏။ ထိုမိန်းမသည်တန်ဆာဆင်လျက် ကောင်းစွာဝတ်လျက် ပန်းပန်လျက်၊ စန္ဒကူးနံ့သာလိမ်းကျံလျက် တစ်ယောက်ထီးတည်းအိပ်ရာ၌ အိပ်ရာစေသတည်း၊"
ဟု ကျိန်ဆိုလေသည်။

"သင်တို့ကား အလွန်ဝန်လေးသော ကျိန်ဆိုခြင်းကိုကျိန်၏။ တစ်ပါးသောသူတို့သည် သရက်သီးတို့ကို စားသည်ဖြစ်ကုန်ရာ၏။ ယခု သင်တို့သွားကြကုန်လော့"
ဟု ရသေ့စဉ်းလဲက လွှတ်လိုက်သည်။

သိကြားမင်းသည် ရသေ့စဉ်းလဲကို ကြောက်မက်ဖွယ်သော အဆင်းကိုပြ၍ ထိုအရပ်မှပြေးစေသည်။

ယခု သရက်ဥယျာဉ်စောင့်ရဟန်းအိုသည်
ထိုအခါက ရသေ့စဉ်းလဲဖြစ်သည်။
ယခု လေးယောက်သောသူဌေးသမီးတို့သည်
ထိုအခါက သူဌေးသမီးလေးယောက်ဖြစ်သည်။
ယခု ငါဘုရားသည် ထိုအခါက သိကြားမင်းဖြစ်သည်။

(စတုက္ကနိပါတ၊ စူဠကုဏာလဝဂ်၊ အမ္ဗဇာတ်)

www.dhammaransi.com



## ၈။ စစ်ပွဲနိမိတ်ကိုဖတ်ပေးသော သိကြားမင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သစ္စကပရိဗိုဇ်အမများဖြစ်ကြသော သစ္စကာ၊ လောလာ၊ အဝစာရိကာ၊ ပဋိစ္ဆဒါ ဟူသော ပရိဗိုဇ်မလေးယောက်တို့သည် မိဘနှစ်ပါးထံမှ ဝါဒတစ်ထောင်တတ်ထားရာ ထိုဝါဒများကို ဇမ္ဗူဒိပ်ကျွန်းအနှံ့ လိုက်၍ ပြိုင်ဆိုင်ကြသည်။

သာဝတ္ထိအရောက်တွင် ရှင်သာရိပုတ္တရာနှင့်တွေ့ပြီး ဝါဒပြိုင်ကြရာ သူတို့ညီအစ်မရှုံးနိမ့်၍ ရဟန်းမပြုခဲ့ကြပြီး နောက်ဆုံးရဟန္တာမဖြစ်သွားကြသည်။ ထိုပရိဗိုဇ်ညီအစ်မ ရဟန်းမ, ပြုမှုနှင့်ပတ်သက်၍ ဗုဒ္ဓက ဤဇာတ်ကိုဟောကြားခဲ့သည်။

ရှေးလွန်လေပြီးသောအခါ ကာလိင်္ဂတိုင်း ဒန္တပုရမြို့၌ ကာလိင်္ဂမင်းသည် မင်းပြုသည်။ အဿကတိုင်း ပါဋလိမြို့၌ အဿကမင်း မင်းပြုသည်။

ကာလိင်္ဂတိုင်းမင်းသည် စစ်သည်ဗိုလ်ပါနှင့်ပြည့်စုံပြီး မိမိသည်လည်း ဆင်ပြောင်အားကိုဆောင်နိုင်သည်။ စစ်ထိုးဖက်ကိုမမြင်၊

ထိုကာလိင်္ဂမင်းသည် စစ်ထိုးလို၍ အမတ်တို့အား-

"ငါသည် စစ်ထိုးခြင်းငှါ အလိုရှိ၏။ စစ်ထိုးဖက်ကိုမမြင်၊ အသို့ပြုရပါအံ့နည်း" ဟု ပြောသည်။

www.dhammaransi.com



"မြတ်သောမင်းကြီး. . . တစ်ခုသောအကြောင်းဥပါယ် သည်ရှိ၏။ အရှင်မင်းကြီး၏ သမီးလေးယောက်တို့သည် မြတ်သော အဆင်းရှိကိုဆောင်ကုန်၏။ ထိုသမီးလေးယောက်တို့ကို တန်ဆာ ဆင်စေ၍ ယာဉ်ပေါင်းချုပ်စီးစေကာ ဗိုလ်ပါခြံရံလျက် ရွာ၊ နိဂုံး မင်းနေပြည်တော်သို့ လှည့်လည်စေ၍-

"အကြင်မင်းလည်း ထိုမင်းသမီးကို ယူလိုအံ့၊ ထိုမင်းနှင့် တကွ စစ်ထိုးခြင်းကိုပြုကြကုန်အံ့"

ဟု ဆိုပါလောဟု အမတ်တို့က အကြံပြုသည်။

ကာလိင်္ဂမင်းသည် ထိုအကြံအတိုင်းပြုလုပ်ရာ မင်းသမီး တို့ရောက်တိုင်း ရောက်တိုင်းသောအရပ်၌ မင်းတို့သည်ကြောက် ခြင်းကြောင့် မင်းသမီးတို့အား မြို့တွင်းသို့ပင် ဝင်ခွင့်မပေးကုန်၊ လက်ဆောင်ကိုသာပေး၍ မြို့ပ၌သာလျှင် နေစေကုန်သည်။

ဤသို့လျှင် အလုံးစုံသော ဇမ္ဗူဒိပ်သို့လှည့်လည်၍ အဿက တိုင်း ပါဋလိမြို့သို့ ရောက်ကုန်၏။ အဿကမင်းသည် မြို့တံခါး တို့ကို ပိတ်စေ၍ လက်ဆောင်တို့ကို ပို့စေသည်။

အဿကမင်း၌ နန္ဒိသေနအမည်ရှိသော အမတ်သည် ပညာရှိ၏။ လိမ္မာသည်။ အကြောင်းဥပါယ်ကို သိသည်။

"ဤမင်းသမီးတို့သည် အလုံးစုံသော ဇမ္ဗူဒိပ်ကိုလှည့် လည်၍ စစ်ထိုးဖက်ကို မရကုန်၊ ဤသို့ဖြစ်သည်ရှိသော် ဇမ္ဗူဒိပ် သည် အချည်းနှီးမည်သည်ဖြစ်၏။ ငါသည်ကာလိင်္ဂမင်းနှင့်စစ်ထိုးအံ့"

www.dhammaransi.com


ဟု နန္ဒိသေနအမတ်သည် ကြံစည်၍ မြို့စောင့်တံခါးသို့သွားကာ တံခါးစောင့်များကို ယောက်ျားဖြစ်သော ဆရာတို့သည် ကောင်းစွာ ဆုံးမအပ်ပြီးသော နန္ဒိသေနမည်သော ငါကတံခါးကိုဖွင့်စေသည်။ သင်တို့သည် တံခါးကိုဖွင့်ပေးကြပါ”
ဟု ဆိုကာအမိန့်ပေးလေသည်။

တံခါးစောင့်တို့သည် တံခါးကိုဖွင့်ကြသော် နန္ဒိသေန အမတ်သည် ထိုမင်းသမီးလေးဦးတို့ကို ဆောင်ယူ၍ မင်းကြီးအား ဆက်သလေသည်။

“အရှင်မင်းကြီး. . မကြောက်လင့်၊ စစ်ထိုးသော် ကျွန်ုပ်တို့ အောင်အံ့၊ ဤမင်းသမီးတို့သည် မြတ်သောအဆင်းကို ဆောင်ကုန်၏။ မိဖုရားကြီးပြုတော်မူပါလော။”
ဟု အားပေးစကား လျှောက်ထားသည်။

ထို့နောက် မင်းသမီးတို့အား အဘိသိက်သွန်း၍ မိဖုရား မြှောက်သည်။ မင်းသမီးတို့နှင့် အတူလာကြသော သူတို့ကို-

“သင်တို့သည် ပြန်ကြကုန်လော့၊ မင်းသမီးများကို အသယကမင်းက မိဖုရားမြှောက်သောအဖြစ်ကို သင်တို့မင်းအား လျှောက်ထားပါလော့”
ဟု ပြောဆိုကာ ပြန်လွှတ်လိုက်လေသည်။

ထိုသူတို့ပြန်၍ ထိုအကြောင်းကိုလျှောက်ထားပြကြသည်။

ကာလိင်္ဂမင်းက-

www.dhammaransi.com



"အဿကမင်းသည် ငါ၏အစွမ်းကို မသိယောင်လေတကား" ဟု ဆိုကာ ခဏချက်ချင်းပင် များစွာသောစစ်သည်ဖြင့် ထွက်လာခဲ့သည်။

နန္ဒိသေနသည် ကာလိင်္ဂမင်း၏လာခြင်းကိုသိ၍-

"မိမိနိုင်ငံ၏ အပိုင်းအခြား၌သာလျှင် နေစေ၊ ငါတို့မင်း၏ နိုင်ငံအပိုင်းအခြားသို့ မကူးစေလင့်၊ မင်းနှစ်ပါးတို့၏ တိုင်းနိုင်ငံအကြား၌ စစ်ထိုးခြင်းသည် ဖြစ်လတ့်၊"

ဟု သတင်းစကားကို ပို့စေသည်။

ကာလိင်္ဂမင်းသည် သတင်းစကားကိုကြား၍ မိမိနိုင်ငံ၏ အပိုင်းအခြား၌သာလျှင်နေသည်။ အဿကမင်းကလည်း မိမိနိုင်ငံ အပိုင်းအခြား၌သာ နေသည်။

ထိုအခါဝယ် ဘုရားလောင်းသည် ရသေ့ပြု၍ ထိုမင်းနှစ်ပါးတို့၏ နှစ်ပြည်အကြား၌ ကျောင်းဆောက်၍နေသည်။

ကာလိင်္ဂမင်းသည်-

"ရဟန်းမည်သည်ကား စိုးစဉ်းမျှသိတတ်ကုန်၏။ အသို့ဖြစ်အံ့သည်ကို အဘယ်သူသိနိုင်အံ့နည်း၊ အဘယ်မင်း၏အောင်ခြင်း၊ ရှုံးခြင်းသည်ဖြစ်လတ့်နည်းဟု ရသေ့ကိုမေးအံ့"

ဟု ကြံစည်ကာ မထင်မရှားသောအသွင်ဖြင့် ဘုရားလောင်းထံသို့ သွားကာ ပဋိသန္ထာရပြုပြီး-

www.dhammaransi.com


"အရှင်ဘုရား. . . ကာလိင်္ဂမင်း၊ အဿကမင်းတို့သည် စစ်ထိုးလိုကြ၍ မိမိတို့၏နိုင်ငံအပိုင်းအခြား၌ တည်ကုန်၏။ ထိုမင်းတို့တွင် အဘယ်မင်းသည် အောင်လတ့်နည်း၊ အဘယ်မင်းသည် ရှုံးလတ့်နည်း"
ဟု မေးလေသည်။

"ဘုန်းတန်ခိုးကြီးသော ဒါယကာ. . . ငါသည် ဤအောင်ခြင်း၊ ရှုံးခြင်းအဖြစ်ကိုမသိ၊ စင်စစ်သော်ကား သိကြားမင်းသည် ဤသို့လာ၏။ ထိုသိကြားမင်းကို ငါမေးအံ့၊ နက်ဖြန်မှ လာလော့" ဟု မိန့်ကြားသည်။

သိကြားမင်းသည် ထိုညတွင်ဘုရားလောင်းထံသို့ လာသည်။ ထိုအခါ ဘုရားလောင်းရသေ့သည် ထိုမင်းနှစ်ပါးစစ်ထိုးမည့်အကြောင်းကိုပြောပြီး မေးသည်။

"အရှင်ဘုရား. . . ကာလိင်္ဂမင်းသည် အောင်လတ့်၊ အဿကမင်းသည် ရှုံးလတ့်၊ ဤသို့သော ပုဗ္ဗနိမိတ်သည် ထင်လတ့်" ဟု သိကြားမင်းက ဆိုလေသည်။

ကာလိင်္ဂမင်းသည် နောက်တစ်နေ့စောစောလာ၍ မေးသည်။ ဘုရားလောင်းရသေ့သည်လည်း ကာလိင်္ဂမင်းအား သိကြားမင်းပြောသောစကားကို ပြောပြသည်။

ကာလိင်္ဂမင်းသည် အဘယ်မည်သောပုဗ္ဗနိမိတ်ကြီးဖြစ်လတ့်နည်းဟု မမေးမူ၍သာလျှင် ငါဟောလတ့်ဟု ဝမ်းမြောက်ဝမ်း

www.dhammaransi.com


သဖြင့် ရသေ့ထံမှပြန်လာခဲ့သည်။ ထိုစကားသည် နှစ်ဘက်တပ်တွင် ပျံ့နှံ့သွားလေသည်။

ထိုစကားကိုကြား၍ အဿကမင်းသည် နန္ဒိသေနကိုခေါ်၍

"ကာလိင်္ဂမင်းသည် အောင်လတ့်၊ ငါတို့သည် ရှုံးလတ့်၊ အဘယ်သို့ပြုအံ့နည်း"

ဟု မေးသည်။

"မြတ်သောမင်းကြီး. . . အဘယ်မင်း၏အောင်ခြင်း၊ အဘယ်မင်း၏ရှုံးခြင်းသည် ဖြစ်လတ့်ဟု အဘယ်သူသိကုန်အံ့နည်း၊ အရှင်မင်းကြီးတို့ မစိုးရိမ်ကုန်လင့်။"

ဟု မင်းကြီးကိုနှစ်သိမ့်စေ၍ ဘုရားလောင်းရသေ့ထံ ဆည်းကပ်၍ ရှိခိုးပြီးလျှင် သင့်ရာနေရာ၌နေလျက်-

"အရှင်ဘုရား အဘယ်မင်းသည် အောင်လတ့်၊ အဘယ်မင်းသည် ရှုံးလတ့်နည်း"

ဟု မေးသည်။

"ကာလိင်္ဂမင်းသည် အောင်လတ့်၊ အဿကမင်းသည် ရှုံးလတ့်"

ဟု ရသေ့ကအဖြေပေးသည်။

"အရှင်ဘုရား. . . အောင်အံ့သောမင်း၏ ပုဗ္ဗနိမိတ်သည်အသို့ဖြစ်လတ့်နည်း၊ ရှုံးသောမင်း၏ပုဗ္ဗနိမိတ်သည် အသို့ဖြစ်လတ့်နည်း"

"ဒါယကာ. . . ဖေဟင်ဖုံသောမင်း၏ အစောင့်အရှောက် ဖြစ်သောနတ်သည် အလုံးစုံဖြူသော ဥသဘဖြစ်လတ့်၊ ဇွဲသော မင်း၏အစောင့်အရှောက်နတ်သည် အလုံးစုံမည်းသော ဥသဘ ဖြစ်လတ့်၊ မင်းနှစ်ပါးတို့၏အစောင့်အရှောက်နတ်တို့သည် စစ်ထိုး၍ အောင်ခြင်းရှုံးခြင်းကို ပြုကုန်လတ့်"

ဟု ရသေ့ကရှင်းပြသည်။

နန္ဒိသေနသည် ထိုစကားကိုကြားလျှင် ထ,၍သွားသည်။ ထို့နောက်မင်း၏ အဆွေခင်ပွန်းဖြစ်ကုန်သော သူရဲကောင်း(၁၀၀) ကိုခေါ်ကာ အနီးရှိတောင်သို့တက်၍-

"အချင်းတို့. . . သင်တို့သည် ငါတို့မင်းအား အသက်ကို ပေးအံ့သောငှါ တတ်နိုင်ကြပါသလော"

ဟုမေးသည်။

"တတ်နိုင်ပါသည် အရှင်"

"ကောင်းပြီ. . .ထိုသို့ဆိုက ဤတောင်ကမ်းပါးပြတ်မှ ကိုယ်ကိုခုန်ချကြကုန်လော"

ဟု ဆိုသောအခါ သူရဲကောင်းတို့သည် မင်းကိုချစ်ကြသောကြောင့် ခုန်ချရန် အားထုတ်ကြသည်။

ထိုအခါ နန္ဒိသေနက ခုန်ချမှုကို တားမြစ်၍-

"ဤတောင်ကမ်းပါးပြတ်၌ ကိုယ်ကိုချသဖြင့် ငါအလိုမရှိပြီ သင်တို့၏စွန့်စားစွန့်ရဲသော စိတ်အလိုကို ဆန်းစစ်ခြင်းသာဖြစ်သည်။

www.dhammaransi.com


ယခုအချိန်မှစ၍ ငါတို့သည်ငါတို့မင်းကိုချစ်သော စိတ်ရှိကုန်လျက် မဆုတ်မနစ်ရှိသည်ဖြစ်၍ စစ်ထိုးကြကုန်လော”
ဟု ပြောသောအခါ သူရဲတစ်ထောင်က ထိုးပါမည်ဟု ဝန်ခံကြကုန်သည်။

ထိုအခါ စစ်ထိုးခြင်းဖြစ်လတ်သော် ကာလိင်္ဂမင်းသည် ငါအောင်အံ့ ဟုမှတ်ကာ လှံ့လကိုလျော့သောအဖြစ်သို့ ရောက်ကုန်၍ ဖွဲခြင်းကိုမပြုမူ၍ အစုစုဖြစ်ကုန်၍ အလိုအလျောက်သွား၍ ပေါ့ပေါ့နေကြသည်။ လုံ့လထုတ်အပ်သောအချိန်၌ လုံ့လမပြုကြ၊

မင်းနှစ်ပါးတို့သည် စစ်ထိုးအံ့သောအခါ မြင်းစီး၍တစ်ဦးကို တစ်ဦးချဉ်းကပ်ကြသည်။ မင်းနှစ်ပါးတို့၏ အစောင့်အရှောက်နတ်တို့သည် ရှေ့မှာလာရပ်တည်ကြသည်။ ထိုနတ်တို့သည် တစ်ဦးသည် တစ်ဦးအား စစ်ထိုးအံ့သောငှါ အခြင်းအရာကိုပြုကုန်လျက် ချဉ်းကပ်ကြကုန်သည်။

ထိုအဖြူ အမဲ ဥသဘတို့သည် မင်းနှစ်ပါးတို့အားသာလျှင် ထင်သည်၊ မြင်ကြသည်၊ တစ်ပါးသူတို့အားမထင်၊ မမြင်ကြကုန်၊

နန္ဒိသေနအမတ်က အဿကမင်းကြီးကိုမေးသည်။

“မြတ်သောမင်းကြီး. . . သင်မင်းကြီးအား အစောင့်အရှောက်နတ်သည် ထင်ပါသလော။”

“ထင်၏။”

“အဘယ်အခြင်းအရာဖြင့် ထင်ပါသနည်း။”

www.dhammaransi.com



"ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် အလုံးစုံ ဖြူသော ဥသဘဖြစ်၍ထင်၏။ ငါ၏အစောင့်အရှောက်နတ်သည် ညိုးနွမ်းသည်ဖြစ်၍ ထင်မြင်၏။"

"မြတ်သောမင်းကြီး. . . သင်မင်းကြီး မကြောက်လင့်၊ ကျွန်ုပ်တို့သည် အောင်စေအံ့၊ ကာလိင်္ဂမင်းသည်ရှုံးလတ့်၊ သင်မင်းကြီးသည် မြင်း၏ကျောကုန်းမှသက်ဆင်း၍ ဤလှံကိုကိုင်၍ ကောင်းစွာသင်အပ်ပြီးသော သိန္ဓောမြင်းကို ဝမ်း၏နံပါး၌ လက်ဝဲလက်ဖြင့်မြဲစွာဘက်ကိုင်၍ ဤသူရဲတစ်ထောင်နှင့် လျင်မြန်စွာသွား၍ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်ကို လှံဖြင့်ထိုး၍ ကျစေကုန်လော့၊ ထို့နောက်မှ ကျွန်ုပ်တို့သည် လှံတစ်ထောင်ဖြင့် ထိုးပါကုန်အံ့၊ ဤသို့ထိုးသည်ရှိသော် ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် ပျက်စီးလတ့်၊ ထို့နောက်မှ ကာလိင်္ဂမင်းသည် ရှုံးလတ့်၊ ကျွန်ုပ်တို့သည် အောင်လတ့်၊"

"ကောင်းပါပြီ။"

အဿကမင်းသည် နန္ဒိသေနမေးသောအမှတ်ဖြင့်သွား၍ ကာလိင်္ဂမင်း၏နတ်ကို လှံဖြင့်ထိုးသည်။ သူရဲတစ်ထောင်တို့ကလည်း မင်းထိုးသောနေရာသို့လိုက်၍ လှံဖြင့်ထိုးကြသည်။ ကာလိင်္ဂမင်း၏ အစောင့်အရှောက်နတ်သည် ထိုနေရာ၌ပင် အသက်ကုန်ခြင်းသို့ ရောက်လေသည်။

ထိုခဏ၌ပင် ကာလိင်္ဂမင်းသည် ရှုံး၍ထွက်ပြေးရလေသည်။ ကာလိင်္ဂမင်းပြေးသည်ကိုမြင်၍ အမတ်တစ်ထောင်တို့က

www.dhammaransi.com


ကာလိင်္ဂမင်းပြေးပြီဟော့. ဟု ပဲ့တင်ထပ်အောင် အော်ဟစ်ကြွေးကြော်ကြသည်တည်း၊ ကာလိင်္ဂမင်းသည် သေဘေးမှကြောက်သည်ဖြစ်၍ -

"မြတ်သောအကျင့်ကို ကျင့်လေ့ရှိသောရသေ့ သင်သည် သည်းခံနိုင်ခက်သောအရာကို သည်းခံခြင်းငှါ စွမ်းနိုင်ကုန်သော ကာလိင်္ဂတိုင်းသားတို့အား အောင်ခြင်းသည်ရောက်အံ့၊ အဿက တိုင်းသားတို့အား ရှုံးခြင်းသည်ရောက်အံ့၊ ဤသို့လျှင်ဆိုအပ်၏။ ဖြောင့်မတ်သောသူတို့သည် ချွတ်ယွင်းသောစကားကို မဆိုကုန်" ဟု ရသေ့ကို ဆဲရေးလျက်ပြေးရင်း မိမိ၏မြို့နန်းသို့ အမြန်ရောက်အောင်သွား၏။ စစ်ပွဲကို ပြန်မကြည့်ရဲတော့ချေ။

ထို့နောက် နှစ်ရက်သုံးရက်လွန်သော် သိကြားမင်းသည် ရသေ့ထံသို့လာသည်။

"သိကြားမင်း. . . နတ်တို့သည် မုသာဝါဒကို လိမ်ဆိုသည် မဟုတ်လော၊ ထိုနတ်တို့၌ မှန်သောစကားသည် မြတ်သောဥစ္စာမည်၏။ နတ်မင်း သင်သည်ထိုစကားကို မဟုတ်မမှန်သဖြင့် ဆိုအပ်၏။ မာယာအန္ဓယ်ဖြစ်သော သိကြားမင်း အဘယ်သို့မှုလည်းစွဲ၍ ချွတ်ယွင်းသောစကားကို သင်သည်ဆိုအပ်သနည်း။" ဟု ရသေ့ကမေးသည်။

"အရှင်ရသေ့. . . နတ်တို့သည် ယောကျာ်းတို့၏ လုံ့လအား မပြုစုကုန်၊ ဤစကားကို သင်သည်ကြားဖူးသည် မဟုတ်လော၊

www.dhammaransi.com


အဿကတိုင်းသားတို့အား ကိုယ်ကိုဆုံးမခြင်းသည်လည်းကောင်း၊ စိတ်၏မပြိုကွဲသော သမာဓိသည်လည်းကောင်း၊ အဿကမင်း လုံ့လပြုသောကာလ၌ ပျံ့လွင့်ခြင်းမရှိသည့်အဖြစ်ဖြင့် ထွက်ခြင်း သည်လည်းကောင်း၊ ယောကျ်ားတို့၏ အားထုတ်ခြင်းဟုဆိုအပ် သော မြဲမြံတည်ကြည်စွာသော ဝီရိယသည်လည်းကောင်း ဖြစ်၏။ ထို့ကြောင့်သာလျှင် အဿကမင်းအား အောင်ခြင်းသည်ဖြစ်၏။

ကာလိင်္ဂမင်းပြေးသည်ရှိသော် အဿကမင်းသည် ကျန်ရစ် ခဲ့ကြသော လက်နက်ရိက္ခာဆင်မြင်းတို့ကိုယူပြီး မြို့သို့ပြန်ဝင်သည်။

"ဤလေးယောက်ကုန်သော မင်းသမီးတို့၏ အမွေအစုကို ပို့လာစေ၊ အကယ်၍မပို့စေငြားအံ့၊ ပြုအပ်သောအမှုကိုပြုအံ့" ဟု ကာလိင်္ဂမင်းထံသို့ သတင်းစကား ပို့ပေးစေသည်။

ကာလိင်္ဂမင်းသည် ထိုသတင်းစကားကိုကြား၍ အလွန် ကြောက်လန့်ရကား ထိုမင်းသမီးတို့ရအပ်သော အမွေတို့ကိုပို့ပေး စေသည်။

ထို့နောက် မင်းနှစ်ပါးကို ချစ်ခင်ညီညွတ်စွာ နေလေသည်။

ယခုခါ ရဟန်းမငယ်တို့သည်

ထိုအခါက ကာလိင်္ဂမင်း၏သမီး တို့ဖြစ်ကြ၏။

ယခုခါ သာရိပုတ္တရာသည်

ထိုအခါက နန္ဒိသေနအမတ်ဖြစ်သည်။

ယခုခါ ငါဘုရားသည် ထိုအခါရသေ့ ဖြစ်သည်။

(စတုက္ကနိပါတ၊ ကာလိင်္ဂဝဂ်၊ စူဠကာလိင်္ဂဝဂ်)

www.dhammaransi.com



## ၉။ သေခြင်းတရားကိုအောက်မေ့သင့်ပုံနှင့်သိကြားမင်း

## သေပြီးကို တ-၍ ထိုသူပြန်မလာ သိကြားမင်း

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေခိုက်ဖြစ်သည်။

ရဟန်းကြီးတစ်ပါးသည် မိမိအားဝေယျာဝစ္စပြုလုပ်ပေးနေသော သာမဏေငယ် သေဆုံးသဖြင့် သောကကိုမထိန်းနိုင်သဖြင့် သည်းစွာသောအသံဖြင့် ငိုကြွေးသည်။

ရဟန်းကြီး၏ မရဏာနုဿတိမပွားများနိုင်ပုံကို ရဟန်းတို့အချင်းချင်းပြောပြကြရာမှ ဗုဒ္ဓကသိရှိပြီး ထိုရဟန်းကြီးနှင့် ပတ်သက်၍ ရှေးအတိတ်ကလည်း သာမဏေသေ၍ ငိုကြွေး၍ လှည့်လည်သွားလာဖူးခဲ့သော အတိတ်ဇာတ်ကြောင်းကို ဟောပြတော်မူသည်။

ကာသိတိုင်းနေ ပုဏ္ဏားတစ်ယောက်သည် ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုကာ သစ်သီး ကြီးငယ်တို့ဖြင့် မျှတနေသည်။

ထိုရသေ့သည် တစ်နေ့ဝယ်အမိသေသွားသော သမင်ငယ်တစ်ကောင်ကိုတွေ့၍ ကျောင်းသို့သယ်ဆောင်ယူလာကာ ကျွေးမွေးထားသည်။ သမင်ငယ်သည် ကြီးလတ်သော် အဆင်းလှသည် မြတ်သောတင့်တယ်ခြင်းနှင့် ပြည့်စုံသည်။ ထိုသမင်ကို ရသေ့သည် သားအဖြစ်သဘောထား၍ မွေးမြူသည်။

www.dhammaransi.com



တစ်နေ့တွင် ထိုသမင်သည်မြက်များစွာကိုစားရာမှ အစာမကြေသဖြင့် သေလေသည်။

ထိုအခါ သိကြားမင်းသည် လောကကိုကြည့်လတ်သော် ထိုရသေ့ကိုမြင်၍ ရသေ့ကိုသံဝေဂရစေရန်လာပြီး ကောင်းကင်၌ရပ်တည်ကာ-

"ရှင်ရသေ့. . . သင်သည် သေသောသူကို စိုးရိမ်ခြင်းကိုပြု၏။ ထိုစိုးရိမ်ခြင်းသည် အိမ်မှကင်း၍ အိမ်ရာထောင်သောလူတို့၏ ကိစ္စမရှိသောရဟန်းမည်သော သင့်အားမကောင်း၊ မသင့်လျော်ပါချေ။"

"သိကြားမင်း. . . ပေါင်းဖော်ခြင်းကြောင့် လူ၏လည်းကောင်း၊ သား၏လည်းကောင်း၊ နှလုံး၌ချစ်ခြင်းသည်စင်စစ်ဖြစ်ရ၏။ ထိုချစ်အပ်သောသူကို မစိုးရိမ်အံ့သောငှါ မတတ်ကောင်း"

"ရသေ့. . . အကြင်သူတို့သည် သေပြီးသောသူကိုလည်းကောင်း၊ သေအံ့သောသူကိုလည်းကောင်း၊ မျက်ရည်ယိုကုန်၏။ ဆိုမြည်တမ်းကုန်၏။ ထိုသူတို့အား မျက်ရည်ပြတ်သောနေ့မည်သည်မရှိ၊ ထို့ကြောင့် သင်သည်မငိုလင့်၊ ငိုခြင်းကိုအကျိုးမရှိဟု သူတော်ကောင်းတို့က ဆိုကြပါ၏။"

"ရသေ့. . . စင်စစ် ငိုသဖြင့် ပစ္စုပ္ပန်ဘဝမှကင်းသောသူသည် ထလာငြားအံ့၊ ခပ်သိမ်းသောငါတို့သည် စည်းဝေး၍ အချင်းချင်း၏ ဆွေမျိုးတို့ကိုငိုကုန်အံ့။"

www.dhammaransi.com



ထိုအခါကျမှ ရသေ့သည်သတိတရားရပြီး သိကြားမင်းကို ဤသို့ချီးမွမ်းစကားဆိုသည်။

"ထောပတ်ဖြင့် သွန်းလောင်းအပ်သောမီးကို ရေဖြင့်သွန်းလောင်းဘိသကဲ့သို့ စင်စစ်သောကမီးဖြင့် ပြောင်ပြောင်တောက်သည်ဖြစ်သော ငါ့ကိုငြိမ်းစေ၏။ အလုံးစုံသော စိုးရိမ်ခြင်းကို ငြိမ်းစေ၏။"

"အသင်သိကြားမင်းသည် သောကဖြင့် နှိပ်စက်အပ်သော ငါ၏သား၌ စိုးရိမ်ခြင်းကိုပယ်၏။ ငါ့အားနှလုံး၌မှီသော အကြင်သောကတည်းဟူသော ငြောင့်သည်ဖြစ်ပြီး ထိုသောကတည်းဟူသောငြောင့်ကို သင်သည်နှုတ်ပေးအပ်ပေစွတကား"

"သိကြားမင်း. . . သင်၏စကားကိုနာရ၍ ထိုငါသည် နှုတ်အပ်ပြီးသော သောကတည်းဟူသော ငြောင့်သည်ရှိသည်ဖြစ်၏၊ ကင်းသောစိုးရိမ်ခြင်းရှိ၏။ စိတ်နောက်ခြင်းမရှိပြီ၊ ယခုအခါ၌ မစိုးရိမ် မငိုကြွေး"

ဟု ရသေ့က ပြောပြသည်။

ထို့နောက် သိကြားမင်းသည် ရသေ့အားဆုံးမ၍ မိမိနေရာသို့ ပြန်လေသည်။

ယခုခါ ရဟန်းကြီးသည် ထိုအခါ ရသေ့ဖြစ်ပြီး
ယခုခါ သာမဏေငယ်သည် ထိုအခါ သမင်ဖြစ်ပြီး
ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်၏။

(ပဥ္စကနိပါတ၊ အဒ္ဓဝဂ်၊ မိဂပေါတကဇာတ်)

www.dhammaransi.com



## ၁ဝ။ သူခိုးဓားပြရိုးကမ်းသောမိန်းမနှင့်သိကြားမင်း (ချောင်းကိုပြစ်၍မြစ်ကိုရှာ ရေသာများပြီး ငါမတွေ့ပါ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

မယားဟောင်းက ဖြားယောင်းသောရဟန်းကို အကြောင်းပြု၍-

"ရဟန်း. . . ဤမိန်းမသည် သင့်ကိုအကျိုးမဲ့ကို ပြုလေ့ရှိ၏။ ရှေး၌လည်း ဤမိန်းမကိုမှီ၍ သင်၏ဦးခေါင်းဖြတ်ခံရပြီးသေခဲ့ရဖူးလေပြီ"

ဟု မိန့်ကြားကာ အတိတ်ဘဝဇာတ်ကြောင်းကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၍နေသည်။

ဗာရာဏသီပြည်၌နေသော ပုဏ္ဏားတစ်ယောက်သည် တက္ကသိုလ်ပြည်၌ ပညာသင်စဉ် လေးအတတ်၌ တစ်ဘက်ကမ်းခတ် တတ်မြောက်သဖြင့်

"စူဠဓနုဂ္ဂဟ ပညာရှိဟူသော အမည်ရသည်"

ထိုအခါ ဆရာက ဤသူသည် ငါနှင့်တူစွာ အတတ်ကိုသင်ယူ၍တတ်၏ဟု စဉ်းစားပြီး မိမိ၏သမီးနှင့် လက်ထပ်ပေးသည်။

www.dhammaransi.com



စူဠဓနုဂ္ဂဟသည် ထိုသတို့သမီးကိုဆောင်ယူ၍ ဗာရာဏသီသို့ ပြန်ခဲ့သည်။

လမ်းခရီးတစ်ခုသော တောလမ်း၌ ဆင်တစ်ကောင်သည် ဆိုးသွမ်းနေ၍ လူတို့သည်မသွားရဲ မလာရဲဖြစ်နေသည်။ စူဠဓနုဂ္ဂဟသည် လူတို့တားနေသည့်ကြားကပင် ထိုတောသို့မယားနှင့်အတူ ဝင်သည်။

ဆင်ဆိုးက လိုက်လံနှောက်ယှက်သောအခါ ဆင်ကိုလေးဖြင့် ပစ်ခွင်း၍ ဆင်၏ဦးကင်းမှမြားဝင်ပြီး နောက်အဖို့၌ထွက်ကာ ဆင်သည် လဲကျလေသည်။

စူဠဓနုဂ္ဂဟသည် နောက်တောအုပ်တစ်ခုသို့ ရောက်သော် ခရီးသွားသူတို့ကို လုယက်နှိပ်စက်သော ငါးကျိပ်သောခိုးသူတို့ကို တွေ့ဆုံရပြန်လေသည်။

ခိုးသူတို့သည် တန်ဆာဆင်ထားသော မယားနှင့်တကွ လာသော ထိုစူဠဓနုဂ္ဂဟကိုမြင်၍ ထိုလင်မယားကို ဖမ်းယူရန်အား ထုတ်သည်။

ခိုးသူကြီးသည် ယောက်ျားလက္ခဏာ၌ လိမ္မာ၏။ ခိုးသူကြီးသည် စူဠဓနုဂ္ဂဟကိုကြည့်ကာ-

"ဤယောက်ျားကား မြတ်သောယောက်ျားတည်း"

ဟုသိ၍ တစ်ယောက်သောသူမျှထ,၍ ညှင်းဆဲခြင်းငှာ မပေးချေ။

www.dhammaransi.com


"ရှင်မသွားချေ၊ ငါတို့အတွက် တစ်ခုသောအမဲတံစို့ကို ပေးကုန်လောဆိုကာ သွားတောင်းပါချေ။"

ဟု စူဠဓနုဂ္ဂဟာက မယားကိုစေသည်။ မယားသည် ခိုးသူတို့ထံသွား၍ အမဲတံစို့ကို တောင်းသည်။

"အနုဂ္ဂယောက်ျားတည်း"

ဟုဆိုကာ အမဲတံစို့ကို ပေးစေသည်။

"ငါတို့ကား ကျက်သောအမဲကိုစားကုန်အံ့။"

ဟုဆိုကာ မကျက်သောအမဲကိုတံစို့ကို ပေးကုန်ကြသည်။

စူဠဓနုဂ္ဂဟာသည် မိမိကိုယ်ကိုချီးမွမ်း၍-

"ငါ့အား မကျက်သောအမဲတံစို့ကို ပေးကုန်၏"

ဟု ဆိုကာ ခိုးသူတို့ကိုအမျက်ထွက်လေသည်။

"သင်အား တစ်ယောက်တည်းသာလျှင်တည်း၊ အဘယ်သို့ ပြုနိုင်အံ့နည်း၊ ငါတို့သည် မိန်းမ မဟုတ်ကုန်"

ဟု ခြိမ်းခြောက်ပြောဆို၍ ထ, ကုန်ကြသည်။

စူဠဓနုဂ္ဂဟာသည် ၄၉-စင်းသော မြှားတို့ဖြင့်ခိုးသူ ၄၉-ယောက်ကိုလဲကျစေသည်။ ခိုးသူကြီးကိုပစ်အံ့သောငှာ မြှားမရှိတော့ချေ။ စူဠဓနုဂ္ဂဟာတွင် မြှား-၅၀-ရှိရာ တစ်စင်းကဆင်ပစ်၍ လုပ်ခဲ့သည်။ စူဠဓနုဂ္ဂဟာသည် ခိုးသူကြီးကိုနပမ်းလုံး လဲကျစေပြီး ရင်ဘတ်ပေါ်၌ တက်စီးကာ ထိုသူ၏ဦးခေါင်းကိုဖြတ်အံ့ဟု ကြံကာ မယားထံမှ သန်လျက်ဓားကို တောင်းသည်။

www.dhammaransi.com


ထိုခဏ၌ပင် မယားသည်ခိုးသူကြီးကို တပ်စွန်းသောစိတ်ဖြစ်ပြီး ခိုးသူကြီးလက်သို့ ဓားရိုးကိုကမ်းပြီး လင်လက်သို့ဓားသွားကိုထားသည်။ ခိုးသူကြီးသည် သန်လျက်ဓားရိုးကို ကိုင်၍ စူဠဓနုဂ္ဂဟ၏လည်ပင်းကို ဖြတ်လေသည်။

ခိုးသူကြီးသည် စူဠဓနုဂ္ဂဟကိုသတ်ပြီး မယားကိုယူကာ-အမျိုးကိုမေးသည်။

"ကျွန်ုပ်ကား တက္ကသိုလ်ပြည် ဒိသာပါမောက္ခ၏ သမီးပါတည်း"

"သင့်ကို ဤယောကျ်ားသည် အဘယ်အကြောင်းအားဖြင့် ရပါသနည်း။"

"ကျွန်ုပ်၏အဖသည် သူနှင့်တူသော လေးအတတ်ကို တတ်သူဟုဆိုကာ ကျွန်မနှင့်လက်ထပ်ပေးခဲ့ပါ၏။ ယခုကျွန်မသည် သင့်ကိုချစ်မိပြန်၍ အဖပေးသောလင်ကို သတ်စေပါ၏"

"ဤမိန်းမသည်ကား အဖပေးစားသော လင်ကိုပင်လျှင် သတ်သေး၏။ တစ်ပါးသောလင်ကိုမြင်ပါက ငါ့ကိုဤအတူပင် ပြုလတ့်၊ ဤမိန်းမကို စွန့်ခြင်းငှါသင့်၏။"

ဟု ကြံစည်မိပြီး လမ်းခရီးကြား ထိုခဏ၌ရေပြည့်သော တိမ်သော မြစ်တစ်ခုကို မြင်သောအခါ-

"ရှင်မ. . . အလုံးစုံသော တန်ဆာဥစ္စာတို့ကို ကျွန်ုပ်အပေါ် ရုံဖြင့်ထုပ်၍ ကမ်းတစ်ဘက်သို့ ပို့ဆောင်စေ၍ တစ်ဖန်လာ၍ ကျွန်ုပ်ကိုဆောင်ယူပါလော"

www.dhammaransi.com



"ရှင်မ. . . ကောင်းပြီ"

ခိုးသူကြီးသည် အလုံးစုံသော တန်ဆာတို့ကိုယူပြီးလျှင် တစ်ဘက်ကမ်းသို့ရောက်၍ ထိုမိန်းမကို စွန့်ပစ်၍သွားလေသည်။

"အရှင်. . . အဘယ့်ကြောင့် ငါ့ကိုစွန့်ပစ်၍ သွားသနည်း၊ အဘယ်ကြောင့် ငါ့ပစ္စည်းများကို ဤသို့ပြုဘိသနည်း၊ ငါ့ကို အမြန်လာခေါ်ပါလော။"

"ရှင်မ. . . သင်သည် ကြာမြင့်စွာ ပေါင်းဖော်ခဲ့သော လင်ဖြင့် မပေါင်းဖော်ဖူးသော ငါ့ကိုလဲလှယ်၍ယူ၏။ အမြဲဖြစ်သော လင်ဖြင့် မမြဲသောငါ့ကို လဲလှယ်၍ယူ၏။ သင်သည်ငါဖြင့်လည်း တစ်ပါးသောလင်ကို လဲလှယ်၍ယူရာ၏။ ငါသည် သင့်ကိုကြောက်၍ ဤအရပ်မှဝေးသောအရပ်သို့ သွားပါတော့မည်။ သင်နေရစ်ပါလော"

မိုက်မဲစွာသောမိန်းမသည် အလွန်အလိုကြီးသည်၏အဖြစ်ကြောင့် ဤသို့သဘောရှိသော ပျက်စီးခြင်းသို့ရောက်လျက် ကိုးကွယ်ရာမရှိဖြစ်ကာ အနီးရှိသမန်းမြက်ချုံသို့ကပ်ကာ ငိုကြွေးနေလေသည်။

ထိုခဏ၌ သိကြားမင်းသည် လူ့ပြည်သို့ကြည့်မိသည်ရှိသော် ထိုမိန်းမကိုမြင်၍-

"ဤမိန်းမကိုနှိမ်၍ ရှက်စေပြီးမှလာအံ့"

ဟု စဉ်းစားကာ မာတလိနတ်သား ပဥ္စသိခနတ်သားတို့ကိုခေါ်၍ ထိုမိန်းမရှိရာအရပ်သို့လာသည်။

www.dhammaransi.com



"မာတလိ. . . သင်ကား ငါးဖြစ်လော့၊ ပဉ္စသိခကား ငှက်ဖြစ်လော၊ ငါကား မြေခွေးဖြစ်၍ နှုတ်သီးဖြင့်အမဲတုံးကိုချီ၍ ထိုမိန်းမ၏ရှေ့ရှုဖြစ်သော အရပ်သို့သွား၍ ရောက်လတ်သော် သင်သည် ရေမှခုန်ပျံ၍ ငါ၏ရှေ့၌ကျလော့၊ ငါသည်နှုတ်သီးဖြင့် ချီလာသော အမဲတုံးကိုစွန့်၍ ငါးကိုဖမ်းအံ့သောငှါ ပြေးလာမည်။ ထိုခဏ၌ ပဉ္စသိခက ထိုအမဲတုံးကိုချီ၍ ကောင်းကင်သို့ပျံတက်ပါလေ၊ မာတလိသင်က တစ်ဖန်ရေသို့ပြန်ကျပါလေ။"

မာတလိနှင့်ပဉ္စသိခတို့သည် သိကြားမင်းပြောပြသည့်အတိုင်း ပြုလုပ်ကြသည်။ ထိုအခါ မြေခွေးသည်ငါးရော၊ အမဲတုံးပါ ဆုံးရှုံး၍ သမန်းမြက်ချုံကိုကြည့်လျက် မျက်နှာမသာမယာဖြစ်၍ နေလေဟန်ပြုသည်။ မိန်းမသည် ထိုမြေခွေးကိုမြင်၍-

"လွန်စွာသော အလိုရမ္မက်ဖြင့် နှိပ်စက်အပ်သော မြေခွေးသည် အမဲတုံးလည်းမရ၊ ငါးလည်းမရ"

ဟုဆိုကာ အိုးကိုခွဲဘိသကဲ့သို့ သည်းစွာရယ်ခြင်းကိုပြုလေသည်။

"ဤအရပ်၌ က,ခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းများလည်း မရှိပါဘဲလျက် တင့်တယ်သောခါးရှိသော မိန်းမသည်တစ်ယောက်တည်းဖြစ်၍ ငိုသင့်ပါလျက် အဘယ်ကြောင့်ပြင်းစွာ ရယ်ဘိသနည်း" ဟု မြေခွေးကမေးသည်။

"ပညာမရှိ မိုက်သော၊ အစားကြီးသောမြေခွေး၊ သင်သည် ပညာမရှိသည်ဖြစ်၍ ငါးရောအမဲပါ ရှုံးသည်ဖြစ်၍ ဥစ္စာတစ်ထောင် ရှုံးသော အထီးကျန်သောသူကဲ့သို့ မှိုင်၍နေ၏။"

www.dhammaransi.com



"ယုတ်မာသော အကျင့်ရှိပြီး သီလမရှိသောမိန်းမ သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏။ မိမိ၏အပြစ်ကိုကား မြင်ခဲ၏။ သင်သည်သာလျှင် အဖပေးစားသောလင်ကိုလည်းကောင်း၊ လင်မြှောင်ကိုလည်းကောင်း၊ ရှုံးရသည်ဖြစ်၍ ငါထက်မှိုင်ယောင်တကား၊

"သားတို့၏ မင်းဖြစ်သောမြေခွေးမင်း သင်ဆိုကဲ့သို့ ငါသည်ဖြစ်ခဲ့ရချေပြီ၊ ငါသည်ဤအရပ်မှသွား၍ အကြင်လင်ကိုရ၍ စင်စစ်သဖြင့် ထိုလင်၏အလိုသို့လိုက်၍ ကျင့်ပါမည်။"

"ယုတ်မာသောအကျင့်ရှိသောမိန်းမ. . သင်သည် အသို့ဆိုဘိသနည်း၊ အကြင်သူသည် မြေခွက်ကိုခိုး၏။ ထိုမြေခွက်ကိုခိုးတတ်သောသူသည် ရွှေ ငွေ၊ ခွက်အစရှိသည်တို့ကိုလည်း ခိုးယူပါအံ့တည်း၊ သင်သည် ဤမကောင်းမှုကို ပြုအပ်ပြီးသည်သာလျှင်တည်း၊ တစ်ဖန်လည်းပြုလုပ်လတ့်"

ဟု သိကြားမင်းသည် ထိုမိန်းမကိုရှက်စေ၍ ဖောက်ပြန်သောအခြင်းအရာကိုရောက်စေ၍ မိမိ၏ဘုံသို့ ပြန်လေသည်။

ယခုခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ စူဠဓနုဂ္ဂဟ
ယခုခါ မယားဟောင်းသည် ထိုအခါစူဠဓနုဂ္ဂဟာ၏မယား
ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်း

(ပဥ္စကနိပါတ၊ အဒ္ဓဝဂ်၊ စူဠဓနုဂ္ဂဟဇာတ်)

www.dhammaransi.com



## ၁၁။ သေသူကို တ-၍ မငိုကြသူငါးဦးနှင့် သိကြားမင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ဗုဒ္ဓသည် သားသေသော သူကြွယ်အိမ်သို့ ကြွသွားစဉ် စိုးရိမ်သောကခံစားနေရသော သူကြွယ်ကို-

"ဒါယကာ. . . ကွဲပြိုတတ်သော သဘောရှိသော ဝတ္ထုသည်ကား ကွဲပြိုသည်သာလျှင် ဖြစ်၏။ ပျက်စီးတတ်သော သဘောရှိသောဝတ္ထုသည် ပျက်စီးတတ်သည်သာလျှင်ဖြစ်၏။ ထိုသို့ပျက်စီးခြင်းသည် တစ်အိမ်တည်း၌သာလျှင် ဖြစ်သည်မဟုတ်၊ စင်စစ်သော်ကား အတိုင်းအရှည်မရှိသော စကြာဝဠာတို့ဝယ် ဘုံသုံးပါးတို့၌ မသေတတ်သော သဘောရှိသောသူမည်သည်မရှိ၊ ခပ်သိမ်းသော သတ္တဝါတို့သည် သေခြင်းသဘောရှိကုန်၏။

ရှေးပညာရှိတို့သည်လည်း သားသေသည်ရှိသော် သေတတ်သောသဘောရှိသောဝတ္ထုသည် သေမြဲသာလျှင်ဖြစ်၏။ ပျက်စီးတတ်သော သဘောရှိသော ဝတ္ထုသည်ပျက်စီးမြဲသာဖြစ်၏ဟု မစိုးရိမ်ကုန်"

ဟု မိန့်ကြားသည်။

သူကြွယ်က တောင်းပန်၍ ဗုဒ္ဓကရှေးအတိတ်ကို ဟောပြပါသည်။

www.dhammaransi.com



လွန်လေပြီးသောအခါ ဗာရာဏသီပြည်ဝယ် ဗြဟ္မဒတ်မင်း မင်းပြုနေစဉ်အချိန်ဖြစ်သည်။

ဘုရားလောင်းသည် ဗာရာဏသီပြည်၏ တံခါးရွာဝယ် ပုဏ္ဏားမျိုး၌ ဖြစ်သည်။ ဥစ္စာအတွက် လယ်လုပ်မှုဖြင့် အသက်မွေး သည်။

ဘုရားလောင်းအား သားတစ်ယောက်၊ သမီးတစ်ယောက် ရှိသည်။ သားအရွယ်ရောက်သော် တူသောအမျိုးမှ သတို့သမီးကို ဆောင်ယူ၍ လက်ထပ်ပေးပြီး အတူနေစေသည်။

ဘုရားလောင်းမိသားစု၌ သား၊ သမီး၊ ချွေးမ၊ ကျွန်မတစ် ယောက်အားဖြင့် မိသားစု (၆)ယောက် ညီညွတ်ချစ်ခင်စွာ ဝမ်း မြောက်ကြလျက် နေကြသည်။

ဘုရားလောင်းသည် မယားအပါအဝင် ငါးယောက်သော သူတို့ကို-

"သင်တို့သည် အကြင်ရအပ်သော ပစ္စည်းဖြင့်အလှူကို ပေးလှူကြပါလေ၊ သီလကိုစောင့်ထိန်းကြကုန်လော၊ ဥပုသ်သုံး သောအမှုကိုပြုကြကုန်လော၊ သေခြင်း၌အောက်မေ့ခြင်းကို ပြုကြ ကုန်လော၊ သင်တို့သေရအံ့သောအဖြစ်ကို မှတ်ကြကုန်လော၊ ဤသတ္တဝါအပေါင်းအား သေခြင်းသည်မြဲ၏။ အသက်ရှင်ခြင်း သည် မမြဲ၊ ခပ်သိမ်းသောသင်္ခါရတို့သည် အနိစ္စဖြစ်ကုန်၏။ ပျက် ခြင်းသဘောရှိကုန်၏။ ညဉ့်၌လည်းကောင်း၊ နေ့၌လည်းကောင်း

www.dhammaransi.com



မမေ့မလျော့ဖြစ်ကြကုန်လော့"

ဟု အဆုံးအမကိုပေး၏။

ထိုငါးယောက်သော မိသားစုတို့သည် ဖခင်ပုဏ္ဏားဆုံးမသည့်အတိုင်း ဝန်ခံ၍ကျင့်ကြံကြသည်။

တစ်နေ့တွင် သားအဖနှစ်ယောက် လယ်ထွန်သွားကြရင်း သားက အမှိုက်ပုံကိုစု၍ မီးရှို့သည်။ အမှိုက်ပုံအနီးတောင်ပို့၌နေသော အဆိပ်ရှိသောမြွေသည် မီးခိုးအငွေ့ကြောင့် အမျက်ထွက်ကာ တောင်ပို့မှထွက်ကာ သားကိုကိုက်လေသည်။ မြွေဆိပ်ပြင်းသည့်အတွက် သားသည်ထိုနေရာ၌ လဲကျ၍ မြွေဆိပ်တက်ကာ မကြာခင် သေဆုံးလေသည်။

ဘုရားလောင်းသည် သားပြန်မလာ လဲကျသည်ကိုမြင်မိ၍ လယ်ထွန်ကိုရပ်ကာ သားထံလာသည်ရှိသော် သား၏သေသော အဖြစ်ကိုသိသည်။ သားသေကိုချီမ,၍ သစ်ပင်ရင်း၌ ချထားသည်။ မိမိလေ့ကျက်ထားသော အနိစ္စသဘောကိုဆင်ခြင်၍ မငိုပေ။

ဘုရားလောင်း၏လယ်အနီး၌ ဖြတ်သွားသောအိမ်နီးချင်းကိုတွေ့၍

"အမောင်. . . သင်သည် အိမ်သို့ပြန်အံ့လော"

ဟုမေးပြီး ထိုသူက အိမ်သို့ပြန်မည်ဟုဆိုသောအခါ-

"ငါ၏အိမ်သို့သွား၍ ပုဏ္ဏေးမကို ယနေ့ရှေး၌ကဲ့သို့ နှစ်ယောက်စာထမင်းကို မယူမူ၍ တစ်ယောက်စာထမင်းကိုသာယူခဲ့ပါ၊

www.dhammaransi.com



ရှေးကကဲ့သို့ ကျွန်မတစ်ယောက်ထဲ ထမင်းလာမပို့ပါစေနဲ့၊ အားလုံးသည်စင်ကြယ်သောအဝတ်ကိုဝတ်၍ နံ့သာကိုလက်စွဲ၍ လာကြပါဟု ပြောပေးပါ။”

ဟု မှာကြားလိုက်လေသည်။

အိမ်နီးချင်းယောက်ျားသည် ကောင်းပြီဟု ဝန်ခံစကားမှာကြားသည့်အတိုင်း ဘုရားလောင်းအိမ်သို့ သွားပြောပြသည်။

“အဘယ်သူက သင့်ကို၌သတင်းစကား မှာကြားလိုက်ပါသနည်း။”

“ရှင်မ. . . ပုဏ္ဏားကြီးသည်ပင် မှာကြားလိုက်ပါသည်”

ပုဏ္ဏေးမကြီးသည် စဉ်းစားဆင်ခြင်၍ သားသေသည်အဖြစ်ကိုသိသည်၊ တရားဆင်ခြင်ထားသူဖြစ်၍ တုန်လှုပ်ခြင်းမျှမဖြစ်၊ မိသားစုအားလုံးကို ပုဏ္ဏားကြီးမှာသည့်အတိုင်း ဆောင်ယူရန် မှာကြားသည်။

မိသားစုအားလုံး တရားဆင်ခြင်ထားကြသူများပီပီ မည်သူမျှ မတုန်လှုပ်၊ မငိုကြွေးကြပေ။

ထို့နောက် လယ်တောသို့သွားကြသည်။ သားကိုမီးသင်္ဂြိုဟ်ရန် ထင်းစသည်ကိုစုဆောင်းပြီး သားအလောင်းကို ထင်းပုံပေါ်တင်ကာ နံ့သာ၊ ပန်းတို့ဖြင့်ပူဇော်၍ မီးသင်္ဂြိုဟ်ကြသည်။ တစ်ယောက်သောသူမျှ မျက်ရည်မကျပေ။ သူတို့အားမရဏာနုဿတိသာရှိကြသည်။

www.dhammaransi.com


ထိုသူတို့၏ သီလတန်ခိုးဖြင့် သိကြားမင်း၏နေရာသည် ပူသောအခြင်းအရာကို ပြသည်။ သိကြားမင်းသည် ဆင်ခြင်သည် ရှိသော် ထိုသူတို့၏သီလကျေးဇူး တန်ခိုးမှန်းသိကာ အလွန်ကြည် ညိုပြီးလျှင်-

"ငါသည် ထိုသူတို့၏အထံသို့သွား၍ သုဿာန်အနား၌ ရပ်ကာ-

"အမောင်တို့. . . သင်တို့သည် အဘယ်အမှုကို ပြုကုန် သနည်း"

ဟု မေးသည်။

"တစ်ယောက်သောလူကို မီးသင်္ဂြိုဟ်ကုန်၏။"

"သင်တို့သည် လူကိုမသင်္ဂြိုဟ်ကုန်၊ တစ်ခုသောသမင်ကို သတ်၍ မီးဖုတ်ကုန်သော်တကား"

"အရှင်. . . သမင်ဖုတ်သောအမှုမဟုတ်၊ လူကိုသာလျှင် ငါတို့မီးသင်္ဂြိုဟ်ပါ၏။"

"ထိုသို့ဖြစ်ကာ ထိုသူသည်သင်တို့၏ ရန်သူဖြစ်လတ့်"

"အရှင်. . . ရင်၌ဖြစ်သော သားပါတည်း၊ ရန်သူမဟုတ် ပါ။"

"ထိုသို့ဆိုက သင်တို့သည် သားကိုမချစ်သူများဖြစ်ကြပေ မည်။"

"အရှင်. . . အလွန်ချစ်မြတ်နိုးသော သားပါတည်း။"

www.dhammaransi.com


"အလွန်ချစ်သော သားဖြစ်ပါလျက် အဘယ်ကြောင့် မငိုကြွေးကြပါသနည်း။"

"အရှင်. . . မြွေသည် အရေဟောင်းကိုစွန့်၍ သွားသကဲ့သို့ ကျွန်ုပ်၏သားသည် မိမိ၏လက်ရှိ ကိုယ်ကိုစွန့်၍သွား၏။ ကိုယ်သည် ခံစားခြင်းမရှိသည်။ တမလွန်ဘဝသို့လာသည်။ သေလွန်သည်ရှိသော် မီးရှို့အပ်သောသားသည် ဆွေမျိုးတို့၏ငိုကြွေးခြင်းကို မသိ၊ ထိုသား၏အကြင်လားရာသည်ရှိ၏။ ထိုသားသည် ထိုလားရာ ဘဝသို့သာသွားပါ၏။ သို့အတွက် ကျွန်ုပ်မငိုပါ။"

သိကြားမင်းသည် ဆက်လက်၍မိခင်ကို ဆက်လက်မေးသည်။

"မိခင်. . . သေသောသူသည် သင်နှင့်မည်သို့ တော်စပ်ပါသနည်း။"

"အရှင်. . . ဆယ်လပတ်လုံးဝမ်းဖြင့် လွယ်၍နို့တိုက်၍ လက်၊ ခြေတို့ကို ကောင်းစွာပြုပြင်၍ ကြီးစေသောသားပါတည်း၊"

"မိခင်. . . အဖသည်ကား ယောကျ်ားဖြစ်သောကြောင့် မငိုသည်ဖြစ်စေ၊ မိခင်ဟူသည်ကား နှလုံးနူးညံ့သူဖြစ်၍ အသင်သည် အဘယ်ကြောင့် မငိုပါသနည်း။"

"အရှင်. . ကျွန်ုပ်၏သားသည် မခေါ်ဘဲထိုဘဝတစ်ပါးမှ ငါတို့၏အိမ်သို့လာ၏။ ခွင့်မလွှတ်ဘဲ ဤလူ့ပြည်မှ ဘဝတစ်ပါးသို့ သွား၏။ အလိုအလျောက်လာသကဲ့သို့ ထိုအတူအလိုလျောက်သွား

www.dhammaransi.com


၏။ ထိုအလိုအလျောက် ဘဝတစ်ပါးသို့လားရာ၌ ငိုကြွေးခြင်းသည် အဘယ်အကျိုးရှိပါသနည်း။ မီးဖုတ်အပ်သောသားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကိုမသိ၊ ထို့ကြောင့် ထိုသားကိုမစိုးရိမ်၊ ထိုသား၏လားရာသည်ရှိ၏။ ထိုသားသည် ထိုလားရာသို့သာ သွားပါ၏။"

သိကြားမင်းသည် နှမကိုဆက်လက်မေးသည်။

"မိန်းခလေး. . . သေသောသူသည် သင်နှင့်အဘယ်သို့တော်စပ်ပါသနည်း။"

"အရှင်. . . သေသောသူသည် ကျွန်ုပ်၏မောင်ပါတည်း"

"မိန်းခလေး. . . နှမ၊ အစ်မတို့သည် မောင်တို့၌ချစ်တတ်ကုန်၏။ သင်သည်အဘယ်ကြောင့် မငိုပါသနည်း။"

"အရှင်. . . အကယ်၍ ကျွန်ုပ်တို့၏အဆွေအမျိုး၊ အဆွေခင်ပွန်း၊ ချစ်ကျွမ်းဝင်သောသူတို့အား လွန်စွာမမေ့မလျော့ခြင်းသည် ဖြစ်ရာ၏။

မီးဖုတ်အပ်သောမောင်သည် ဆွေမျိုးတို့၏ ငိုကြွေးနေခြင်းကိုမသိ၊ ထို့ကြောင့် မောင်အတွက် ကျွန်ုပ်မစိုးရိမ်ပါ။ မောင်၏လားရာဂတိသည်ရှိ၍ ထိုဂတိသို့သူသွားပါသည်။

သိကြားမင်းသည် မယားကိုဆက်၍မေးသည်။

"နှမ. . . ထိုသေသောသူသည် သင်နှင့်အဘယ်သို့တော်စပ်ပါသနည်း။"

"အရှင်. . . ကျွန်ုပ်၏ လင်ပါတည်း။"

www.dhammaransi.com



"နှမ. . . မိန်းမတို့သည် လင်သေသော် ကိုးကွယ်ရာမရှိကုန်၊ မုဆိုးမဖြစ်ကုန်၏။ သင်သည် အဘယ်ကြောင့် မငိုပါသနည်း။"

"အရှင်. . . အကြွင်းသူသည် သေသောသူကို စိုးရိမ်၏။ ထိုသူ၏ ထိုစိုးရိမ်ခြင်းသည် သူငယ်သည်သွားနေသော လမင်းကိုမြင်၍ လ,ကိုပေးလော့ဟု ငိုသကဲ့သို့ဖြစ်ခြင်းတည်းပါ၏။ မီးဖုတ်အပ်သောလင်သည် ဆွေမျိုးတို့၏ငိုကြွေးခြင်းကိုမသိ၊ ထို့ကြောင့် ကျွန်ုပ်သည် မစိုးရိမ်ပါ။ လင်သည် သွားရာဂတိရှိ၏။ ထိုဂတိသို့သာ သူသွားပါ၏။"

သိကြားမင်းသည် ကျွန်မကိုဆက်လက်မေးသည်။

"နှမ. . . ထိုသေသောသူသည် သင်နှင့်မည်သို့တော်စပ်ပါသနည်း"

"အရှင်. . ထိုသေသောသူသည် ကျွန်ုပ်၏အရှင်ဖြစ်ပါ၏"

"နှမ. . . သေသောသူသည် သင့်ကိုနှိပ်စက်ညှင်းဆဲပုတ်ခတ်သည် ဖြစ်မည်။ ထို့ကြောင့် သင်သည် ငါသည်ထိုသူဘေးမှကောင်းစွာလွတ်ပြီဟု ထင်မှတ်ကာ မငိုကြွေးခြင်းဖြစ်ပေမည်။"

"သခင်. . . ဤသို့မဆိုပါလင့်။ သခင်စကားသည် သေသောသူအား မလျှောက်ပတ်၊ ကျွန်ုပ်၏အရှင်သားသည် သည်းခံမေတ္တာ၊ ကရုဏာနှင့် ပြည့်စုံသူဖြစ်၏။ ရင်၌ကြီးသောသားကဲ့သို့ဖြစ်၏။"

"ထိုသို့ဖြစ်လျက် အဘယ်ကြောင့် မငိုကြွေးပါသနည်း"

"သခင်. . . အကြွင်းသူသည် သေသောသူကို စိုးရိမ်မိ၏။

www.dhammaransi.com


ထိုသူ၏စိုးရိမ်ခြင်းသည် ကွဲသောရေအိုးသည် တစ်ဖန်မစပ်ပြန် သကဲ့သို့ ဤအတူဖြစ်ပါ၏။ မီးဖုတ်အပ်သော အရှင်သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကိုမသိပါ။ သူလားရာဂတိသို့သာ သူသွားပါ၏။ သို့အတွက် မစိုးရိမ်ပါ”

သိကြားမင်းသည် အလုံးစုံသောသူတို့၏ တရားစကားကို ကြား၍ အလွန်ကြည်ညိုစိတ်ဖြစ်ကာ-

“သင်တို့သည် မမေ့မလျော့ မရဏာဿတိကိုပွားစေကုန်လော့၊ သင်တို့သည် ယနေ့မှစ၍ မိမိ၏လက်ဖြင့် အမှုကိုမပြုကုန်လင့်၊ သိကြားနတ်မင်းဖြစ်သော ငါသည်သင်တို့အိမ်၌ ရတနာခုနှစ်ပါးတို့ကို အတိုင်းမရှည်မရှိသည်တို့ကို ပြုအံ့၊ သင်တို့သည် အလှူကို ပေးကုန်လော၊ သီလကိုစောင့်ကုန်လော၊ ဥပုသ်ကိုသုံးကြကုန်လော့၊ မမေ့မလျော့ဖြစ်ကြကုန်လော”

ဟု ဆုံးမစကားပြောကာ အိမ်၌အတိုင်းအရှည်မရှိသော ဥစ္စာတို့ဖြင့် ပြည့်စေသည်။ ဘုရားရှင်၏ တရားအဆုံးဝယ် သားသေသူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်သည်။

ယခုခါ ခုဇ္ဇုတ္တရာသည် ထိုအခါ ကျွန်မဖြစ်ခဲ့ဖူးပြီ၊
ယခုခါ ဥပ္ပလဝဏ်သည် ထိုအခါ သမီးဖြစ်ခဲ့ဖူးပြီ၊
ယခုခါ ရာဟုလာသည် ထိုအခါ သားဖြစ်ခဲ့ဖူးပြီ၊
ယခုခါ ခေမာသည် ထိုအခါ အမိပုဏ္ဏေးမဖြစ်ခဲ့ဖူးပြီ၊
ယခုခါ ငါဘုရားသည် ထိုအခါ ဘုရားလောင်းဖြစ်ခဲ့ဖူးပြီ၊

(ပဉ္စကနိပါတ၊ မဏိကုဏ္ဍလဝဂ်၊ ဥရဂ ဇာတက)

www.dhammaransi.com


## ၁၂။ များသောအယူကို ပယ်ဖျောက်ပေးသောသိကြားမင်း (ရဟန်းသံဃာ၊ စိစစ်ကာ ကောင်းစွာကိုးကွယ်သင့်)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

မြတ်စွာဘုရားသည် လောက၏အကျိုးငှါကျင့်ခြင်းနှင့် ပတ်သက်၍ရှေးကလည်း ကျင့်ခဲ့ပုံကို အတိတ်အကြောင်းကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဝယ် ဘုရားလောင်းသည် သိကြားမင်းဖြစ်နေသည်။

ထိုအခါ ဝိဇ္ဇာဓိုရ်တစ်ယောက်သည် မန္တရားကိုမန်း၍ သန်းကောင်ယံအချိန်၌ ဗာရာဏသီမင်း၏ မိဖုရားနှင့်မွေ့လျော်၍ နေလေသည်။ ထိုသည်ကို မိဖုရား၏အလုပ်အကျွေးတို့က သိရှိလေသည်။

မိဖုရားသည် မိမိကိုယ်တိုင်ပင် မင်းထံဝင်၍-

"အရှင်မင်းကြီး. . တစ်ယောက်သောယောကျ်ားသည် သန်းကောင်ယံအခါ၌ ကျွန်ုပ်၏ကျက်သရေတိုက်ခန်းသို့ဝင်၍ ကျွန်ုပ်ကိုဖျက်ဆီးပါ၏။"

ဟု လျှောက်ထားသည်။

www.dhammaransi.com



"တစ်စုံတစ်ခုသောအမှတ်ကိုပြုခြင်းငှါ တတ်နိုင်ပါသလော"

"အရှင်မင်းကြီး. . . တတ်နိုင်ပါ၏။"

မင်းကြီးသည် မိဖုရားကိုဟသ်ာပြဒါးကို ဆောင်စေ၍ ညဥ့်အခါ၌လာရောက်မွေလျော်သော ယောက်ျား၏ကျော၌ လက်ငါးချောင်းရာကိုပေး၍ မင်းအားစောစောပင် အကြောင်းကြားသည်။ မင်းကြီးသည် မင်းမှုထမ်းတို့ကိုခေါ်ကာ-

"သွားကြကုန်လော့၊ အရပ်ဒေသအသီးသီး၌ ဟသ်ာပြဒါး လက်ငါးချောင်းရာရှိသော ယောက်ျားကိုဖမ်းကြကုန်လော"

ဟု စေခိုင်းလေသည်။

ဝိဇ္ဇာဓိုရ်သည် ညဥ့်အခါ၌ လွန်ကျူးသောအကျင့်ကိုကျင့်၍ နေ့အခါ၌ ရဟန်းအသွင်ဖြင့် သုသာန်၌နေကိုရှိခိုးလျက် ခြေတစ်ဖက်ဖြင့်ရပ်၍နေသည်။

မင်းချင်းတို့သည် ထိုဝိဇ္ဇာဓိုရ်ကိုမြင်၍ ခြံရံဝိုင်းကြသည်။

"ငါ၏မိဖုရားအား လွန်ကျူးသောအပြစ်သည် ထင်ရှားသည်ဖြစ်မည်။"

ဟု ကြံစည်မိကာ မန္တာန်ကိုမန်း၍ ကောင်းကင်သို့ပျံတက်သွားလေသည်။

မင်းချင်းတို့သည် ထိုအကြောင်းကို မင်းအားလျှောက်ထားပြောကြားကြသည်။

"သင်တို့ကိုယ်တိုင် မြင်ခဲ့ကြကုန်၏လော"

www.dhammaransi.com



"မြင်ခဲ့ပါကုန်၏။"

"ဤသူကား. . . အဘယ်သို့အမည်ရှိသောသူနည်း"

"အရှင်မင်းကြီး. . ရဟန်းအသွင်ရှိပါ၏။ ထိုရဟန်းသည် ညဉ့်အခါ၌ လွန်ကျူးသောအကျင့်ကိုကျင့်၍ နေ့အခါ၌ရဟန်း အသွင်ဖြင့် နေပါ၏။"

ထိုအခါ မင်းကြီးသည် ရဟန်းတို့အား အမျက်ထွက်၍ များသောအယူကိုယူကာ-

"ငါ၏နိုင်ငံမှ ခပ်သိမ်းကုန်သော ရဟန်းတို့သည် ပြေးစေ သတည်း။ မြင်တိုင်းမြင်တိုင်းသောအရပ်၌ မင်းဒဏ်ခတ်ခြင်းကို ပြုကြကုန်လော့။"

ဟု မောင်းကြေးနင်းခတ်စေသည်။

ခပ်သိမ်းသော ရဟန်းတို့သည် ယူဇနာ (၃၀၀)ရှိသော ကာသိတိုင်းမှထွက်ပြေးကြရ၍ တစ်ပါးသောမင်းနေပြည်တော်သို့ ထွက်ခွါကြသည်။

ကာသိတိုင်းနေ အလုံးစုံသောသူတို့အား အဆုံးအမကို ပေးတတ်သော တရားစောင့်သောရဟန်း၊ ပုဏ္ဏားတို့တစ်ယောက်မျှ မရှိတော့သဖြင့် လူတို့ကိုဆုံးမသူမရှိဖြစ်ကြကာ လူတို့သည်ကြမ်း ကြုတ်ကြသည်။ ဒါန, သီလတို့မှ လွတ်ကုန်သည်။ သေတိုင်းသော သူတို့သည် များသောအားဖြင့် အပါယ်တို့၌ ဖြစ်ကြကုန်သည်က များသည်။

www.dhammaransi.com



နတ်ပြည်၌ဖြစ်သောသူတို့ မရှိကုန်သဖြင့် သိကြားမင်းသည် အသစ်ဖြစ်ကုန်သော နတ်သားတို့ကိုမမြင်၍-

"အကြောင်းအသို့နည်း"

ဟု စူးစမ်းဆင်ခြင်ကြည့်သည်။

ဗာရာဏသီမင်းသည် ဝိဇ္ဇမိုရ်ကြောင့် မှားသောအယူကို ယူသည့်အကြောင်းနှင့် ရဟန်း၊ ပုဏ္ဏားတို့ကို တိုင်းပြည်မှနှင်ထုတ်ပုံ အကြောင်းစုံကို သိရှိလေသည်။

"ငါမှတစ်ပါး ဤမင်း၏မှားသောအယူကို ဖျက်ဆီးပယ် ဖျက်ပေးအံ့သောသူမရှိ၊ ငါသည်မင်းနှင့် တိုင်းသူပြည်သားတို့၏ ကိုးကွယ်ရာဖြစ်စေအံ့"

ဟု ကြံစည်၍ နန္ဒလိုဏ်ဂူ၌ ပစ္စေကဗုဒ္ဓါတို့ထံသို့သွား၍ ရှိခိုးပြီးလျှင်

"အရှင်ဘုရားတို့ . ကျွန်ုပ်အား တစ်ပါးသောသံဃာထေရ်ဖြစ်သော ပစ္စေကဗုဒ္ဓါကိုပေးပါကုန်လော၊ ကာသိတိုင်းကို ကြည်ညိုစေပါအံ့၊ "

ဟု လျှောက်ထားလျှင် သံဃာထေရ်တစ်ပါးကိုရ၍ သွားလေသည်။

ထိုအခါ ထိုပစ္စေကဗုဒ္ဓါကိုရှိခိုးလျက် မြတ်သောအဆင်းကို ဆောင်သောလုလင်ငယ်အဖြစ်မြို့၏ထိပ်၌ သုံးကြိမ်လှည့်လည်သည်။ ထို့နောက် မင်း၏အိမ်တံခါးသို့သွား၍ ကောင်းကင်၌ရပ်နေသည်။

www.dhammaransi.com



"မြတ်သောမင်းကြီး. . . အလွန်အဆင်းလှသော လုလင်ငယ်သည် ရဟန်းတစ်ပါးကိုပင့်၍ မင်းအိမ်တံခါး၀၀ယ် ကောင်းကင်၌ရပ်နေပါ၏။"

ဟု အမတ်တို့က သတင်းပို့လျှောက်ထားသည်။

မင်းကြီးသည် နေရာမှထ,၍ ခြသေ့်ခံသော ပြတင်း၌ရပ်၍

"လုလင်. . . သင်သည် အလွန်အဆင်းလှသည်ဖြစ်လျက် အဘယ်ကြောင့် အဆင်းမလှသော ထိုရဟန်း၏သပိတ်သင်္ကန်းကို ယူ၍ ရှိခိုးလျက်တည်နေပါသနည်း"

ဟု မေးလေသည်။

"လုလင်. . . သင်သည် ကောင်းသောအဆင်းရှိသည် ဖြစ်လျက် အဆင်းမလှသော ရဟန်းကိုရှေ့မှထား၍ လက်အုပ်ချီလျက်ရှိခိုးနေသည်မှာ ထိုရဟန်းသည် သင်ထက်မြတ်သလော၊ ဒါမှမဟုတ် သင်နှင့်တူသလော၊ တစ်ပါးသောရဟန်းအမည်နှင့် သင်၏အမည်ကို ပြောပြပါလော။"

"မြတ်သောမင်းကြီး. . . ရဟန်းမည်သည်ကား အရိုအသေပြုအပ်သောအရာ၌ တည်၏။ အကြင်အမည်ဖြင့် ခေါ်ဝေါ်ခြင်း ငှါမရ၊ ငါအားအကြင်အမည်သည်ရှိ၏။ ထိုအမည်ကို သင်အား ပြောပါအံ့။"

"မင်းမြတ်. . . အရဟတ္တဖိုလ်သို့ ရောက်ကုန်ပြီးသော ရှစ်ပါးသောမဂ္ဂင်ဖြင့် အေးချမ်းငြိမ်းချမ်းမှု (နိဗ္ဗာန်)သို့ ရောက်ကုန်

www.dhammaransi.com


ပြီးသော ဝိသုဒ္ဓိနတ်တို့၏အမည်, အနွယ်ကို ဥပပတ္တိနတ်တို့သည် မယူကုန်၊ ငါသည်လည်း ငါ၏အမည်ကို သင့်အားဆိုပါအံ့၊ ငါသည် တာဝတိံသာနတ်တို့ကို အစိုးရသောသိကြားမင်း ဖြစ်ပါ၏။"

"သိကြားမင်း. . . အကြင်သူသည် သီလအကျင့်နှင့်ပြည့်စုံသော ရဟန်းကိုမြင်၍ ရှေ့မှထား၍ လက်အုပ်ချီလျက်ရှိခိုး၏။ ထိုသူသည် ဤဘဝမှစုတေသည်ရှိသော် အဘယ်ချမ်းသာကိုရသနည်း၊ ငါသည် ထိုအကြောင်းကိုသိလိုပါ၏။ "

"မင်းမြတ်. . . အကြင်သူသည် သီလနှင့်ပြည့်စုံသော ရဟန်းကိုရှေ့မှထား၍ လက်အုပ်ချီလျက် ရှိခိုး၏။ ထိုသူသည် မျက်မှောက်သောကိုယ်၏အဖြစ်၌လျှင် ချီးမွမ်းခြင်းကိုရ၏။ သေသည်နောက် နတ်ပြည်သို့လည်းရောက်ရ၏။"

မင်းသည် သိကြားမင်း၏စကားကိုကြား၍ မိမိမှားသောအယူကိုဖျက်၍ နှစ်သက်သောစိတ်ရှိကာ -

"သိကြားမင်း. . . ယခုစင်စစ် ငါအား ဘုန်းကျက်သရေသည် ထင်ရှားဖြစ်၏။ နတ်တို့ကိုအစိုးရသော အကြင်သိကြားမင်းကိုလည်း မြင်ကုန်၏။ ရဟန်းကိုလည်းကောင်း၊ သိကြားမင်းကိုလည်းကောင်းမြင်၍ ငါသည်များစွာကုန်သော ကောင်းမှုတို့ကို ပြုပါအံ့"

ဟု ပြောကြားသည်။

www.dhammaransi.com


ထိုစကားကိုကြား၍ သိကြားမင်းသည် ပညာရှိသောမင်းကို ချီးမွမ်းလို၍-

"မင်းမြတ်. . . စင်စစ်မချွတ်ဧကန် ပညာရှိကုန်သော များသောအကြားအမြင်ရှိကုန်သော များစွာသောအကြောင်းတို့ကို ကြံစည်ခြင်းငှါ စွမ်းနိုင်ကုန်သောသူတို့ကို မှီဝဲအပ်ကုန်၏။ ရဟန်းကိုလည်းကောင်း၊ ငါသိကြားမင်းကိုလည်းကောင်းမြင်၍ များစွာကုန်သော ကောင်းမှုတို့ကိုပြုပါလေလော"

"သိကြားမင်း. . . ကောင်းစွာ ဆိုအပ်ကုန်သော သိကြားမင်း၏စကားတို့ကို နာရ၍အမျက်မထွက်သည်ဖြစ်၍ အမြဲကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ခပ်သိမ်းကုန်သော ဧည့်သည်အာဂန္တုတို့၏ တောင်းအပ်သောအဖြစ်နှင့်ယှဉ်သည်ဖြစ်၍ မထိပါးသောစိတ်ရှိသည်ဖြစ်၍ မာနကိုချ၍ ရှိခိုးပါအံ့"

မင်းကြီးသည် ဤသို့ဆိုပြီး ပြာသာဒ်မှသက်ဆင်း၍ ပစ္စေကဗုဒ္ဓါကိုရှိခိုးကာ တင့်အပ်သောအရပ်၌နေသည်။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်၌ ထက်ဝယ်ဖွဲ့သဖြင့် နေ၍-

"မြတ်သောမင်းကြီး. . . ညဥ့်အခါ သင့်နန်းတွင်း၌ ဖြစ်ပွားသောသူသည် ဝိဇ္ဇာဓိုရ်တည်း၊ ရဟန်းမဟုတ်၊ သင်သည် ဤနေ့မှစ၍ လောကသည်အချည်းနှီးမဟုတ်၊ တရားစောင့်သောရဟန်းပုဂ္ဂိုလ်များတို့သည်ရှိကုန်၏ဟုသိ၍ အလှူကိုပေးပါလော၊ သီလကိုဆောက်တည်ပါလော၊ ဥပုသ်ကိုသုံးပါလော"

www.dhammaransi.com



ဟု မိန့်ကြားသည်။

သိကြားမင်းကလည်း သိကြားအာနုဘော်ဖြင့် ကောင်းကင်၌ရပ်၍-

"မင်းကြီး. . . ဤနေ့မှစ၍ မမေ့မလျော့ဖြစ်ကုန်လော" ဟု မင်းနှင့်မြို့သူမြို့သားတို့ကို အဆုံးအမကိုပေး၍ ပြေးကုန်သော ရဟန်းပုဏ္ဏားတို့အား လာစေကုန်သတည်းဟု စည်ကိုလည်စေသည်"

ထို့နောက် ပစ္စေကဗုဒ္ဓါနှင့် သိကြားမင်းတို့သည် မိမိတို့၏ နေရာအသီးသီးသို့ ပြန်ကြလေသည်။

မင်းနှင့်ပြည်သူတို့သည် သိကြားမင်းနှင့်ပစ္စေကဗုဒ္ဓါအဆုံးအမ၌ တည်ကြကာ ဒါန, သီလတို့ကို ပြုလုပ်ကြသဖြင့် သေသော နတ်ပြည်သို့ ရောက်ကြလေသည်။

ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်စံဝင်လေပြီ၊
ယခုခါ အာနန္ဒာသည် ထိုအခါ မင်းဖြစ်သည်။
ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်သည်။

(ဆက္ကနိပါတ၊ ခရပါဏ္ဍဝင်၊ ဝိဓုရာခရဇာတ်)

www.dhammaransi.com


## ၁၃။ မိန်းမအလိုလိုက်သော မင်းမိုက်နှင့်သိကြားမင်း (ကတိဝန်ခံ၊ မြဲမြဲမှု၊ တစ်ရံတစ်ဆစ် မပျက်ရာ)

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေချိန်ဖြစ်သည်။ မယားဟောင်းဖြားယောင်းခံရသော ရဟန်းကို အကြောင်းပြု၍ ဤဇာတ်တော်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၏။

ထိုအခါ သေနကမင်းသည် နဂါးမင်းတစ်ယောက်နှင့် မိတ်ဆွေဖွဲ့၍နေသည်။ ထိုအခါ နဂါးမင်းသည် နဂါးပြည်မှထွက်၍ ကုန်းထက်၌အစာရှာလျက် သွားလာနေသည်။

ထိုနဂါးမင်းကို ရွာသားသူငယ်တို့ကမြင်သော် ဤသည် ကား မြွေတည်းဟု ဆိုကာ ခဲစသည်ဖြင့် ပစ်ခတ်ကြကုန်သည်။

ထိုအခါ မင်းသည် ဥယျာဉ်သို့သွားသည်ရှိသော် သူငယ် တို့ မြွေကိုပစ်ခတ်သည်ကိုမြင်၍ မင်း၏အမိန့်ဖြင့်သူငယ်တို့ကို မြွေအားမပစ်ခတ်ရန် တားမြစ်စေသည်။

နဂါးမင်းသည် အသက်ရှင်ခွင့်ရ၍ နဂါးပြည်သို့ပြန်ကာ ရတနာတို့ကိုယူဆောင်ပြီး သန်းကောင်ယံအခါ၌ မင်း၏တိုက်ခန်း သို့ဝင်၍ ရတနာတို့ကိုပြကာ-

www.dhammaransi.com


"မြတ်သောမင်းကြီး. . . ကျွန်ုပ်သည် အသင်မင်းကြီးကို မှီ၍ အသက်ကိုရပါ၏။"

ဟု လျှောက်ထားပြီး ရတနာတို့ကိုပေးသည်။

မင်းနှင့်အဆွေခင်ပွန်းဖွဲ့၍ မင်းထံအဖန်တလဲလဲလာသည်။ မိမိ၏နဂါးမလုလင်မတို့တွင် ကာမဂုဏ်အမျိုးမျိုးတို့ကို မရောင့်ရဲနိုင်အောင် ပြုလုပ်ပေးနိုင်သော နဂါးမငယ်တစ်ယောက်ကိုပေးထားပြီး နဂါးမကိုမြင်နိုင်သော မန္တရားကိုမြင်နိုင်သော မန္တရားတစ်ခုကိုလည်း သင်ပေးထားလေသည်။

တစ်နေ့တွင် သေနကမင်းသည် နဂါးမငယ်နှင့်အတူရေကန်၌ ရေကစားသည်။ နဂါးမငယ်သည် ရေကန်ထဲ၌ မြွေငယ်တစ်ကောင်ကိုတွေ့၍ မူလလူအတ္တဘောကိုစွန့်၍ ထိုရေမြွေနှင့်မေထုန်မှီဝဲသည်။

မင်းသည် နဂါးမငယ်ကိုမတွေ့၍ မန္တာန်ရားကိုမန်း၍ ကြည့်သော် မြွေနှင့်မေထုန်အကျင့်ကိုကျင့်သည်ကိုမြင်၍ ဝါးခြမ်းစိတ်ဖြင့် ရိုက်နှက်လေသည်။

နဂါးမငယ်သည် အမျက်ထွက်၍ ထိုဥယျာဉ်မှတစ်ဆင့် နဂါးပြည်သို့ ပြန်သွားလေသည်။ နဂါးမင်းက မေးမြန်းသော်-

"သင်မင်းကြီးတို့၏ အဆွေဖြစ်သောမင်းသည် မိမိ၏စကားကိုမယူဟု ငါ့ကိုကျောကုန်း၌ရိုက်၏။"

ဟု ရိုက်ရာကိုပြသလေသည်။

www.dhammaransi.com



နဂါးမင်းသည် အမှန်အတိုင်းမသိမူ၍ နဂါးလုလင်လေး ယောက်ကိုခေါ်ကာ-

"သွားကြကုန်၊ သေနကမင်း၏အိပ်ရာတိုက်ခန်းသို့ဝင်၍ နှာခေါင်းလေဖြင့် ဖွဲတို့ကဲ့သို့ ဖျက်ဆီးကြချေကုန်လော"

ဟု စေခိုင်းသည်။

နဂါးလုလင်တို့သည်သွား၍ မင်း၏ကျက်သရေရှိသော တိုက်ခန်းသို့ မင်းအိပ်သောအခါ ဝင်ကြသည်။

ထိုနဂါးလုလင်တို့ဝင်သောကာလ၌ပင်လျှင် မင်းသည် မိဖုရားကို-

"ရှင်မိဖုရား. . . နဂါးလုလင်မယ်သွားသောအရပ်ကို သိပါ၏လော။"

ဟု မေးသည်။

"ရှင်မင်းကြီး. . . မသိပါ။"

"ယနေ့ထိုနဂါးမယ်သည် ငါနှင့်ရေကန်မှာကစားစဉ် အတ္တဘောကိုစွန့်၍ ရေမြွေတစ်ကောင်နှင့်မေထုန်အမှုကိုပြုသဖြင့် ငါသည် နဂါးမယ်ကို မျက်စိမှိတ်သောငှါ ဝါးခြမ်းစိတ်ဖြင့်ရိုက်၏။ ထိုနဂါးမယ်သည် နဂါးပြည်သို့သွား၍ အဆွေခင်ပွန်းအားတစ်စုံ တစ်ခုသောစကားကို ပြောဆို၍ချစ်ခြင်းကိုဖျက်ရာ၏။ ဤသို့ချစ် ခြင်းပျက်လတ်သော် ငါ့အားတစ်စုံတစ်ခုသော အန္တရာယ်သည် ဖြစ်လတ့်"

www.dhammaransi.com



ထိုစကားကိုကြား၍ နဂါးလုလင်တို့သည် နဂါးပြည်သို့ပြန်ကြ၍ နဂါးမင်းကိုထိုအကြောင်းကို ပြန်ပြောပြကြသည်။

နဂါးမင်းသည် ထိတ်လန့်ခြင်းသို့ရောက်၍ဖြစ်၍ ထိုခဏ၌ပင်လျှင် သေနကမင်း၏အိပ်ရာတိုက်ခန်းသို့ဝင်၍ မင်းကိုကန်တော့ကာ-

"ဤအမှုသည်ကား အကျွန်ုပ်၏ဒဏ်အမှုတည်း"

ဟု ပြောပြီး သဗ္ဗရုတညုဇာနန မည်သောမန္တရားကို သင်ပေးပြန်သည်။

"မြတ်သောမင်းကြီး . . . ဤမန္တရားသည် အဖိုးမဖြတ်နိုင်၊ ဤမန္တရားကိုတစ်ပါးသောသူအား အကယ်၍ပေးငြားအံ့၊ ပေးပြီးလျှင် မီးသို့ဆင်း၍သေရအံ့"

ဟု ဆိုသည်။

"ကောင်းပြီ"

ဟု ဝန်ခံ၍ သေနကမင်းကြီးသည် ထိုအခါမှစ၍ ပိုးရွတို့၏ အသံကိုလည်းသိသည်။

တစ်နေ့တွင် သေနကမင်းကြီးသည် ပြဿာဒ်ထက်သို့တက်၍ အပြင်၌နေကာ ပျား၊ တင်လဲတို့ဖြင့်ခဲဖွယ်မုန့်တို့ကို စားနေစဉ် ပျားရည်တစ်စက်၊ တင်လဲတစ်စက်၊ မုန့်ပိုင်းတစ်ခုသည် မြေ၌ ကျလေသည်။

ပိုးရွတစ်ကောင်သည် ထိုအရာကိုမြင်၍-

www.dhammaransi.com



“မင်း၏ပြဿာဒ်အပြင်၌ ပျားအိုသည်လည်းကွဲ၏။ တင်လဲလှည်၊ မုန့်လှည်သည်လည်းမှောက်၏။ တင်လဲနှင့်မုန့်ကို စားလှည့်ကြကုန်လော”

ဟု အော်မြည်လျက်သွားလေသည်။

သေနကမင်းသည် ထိုပိုးရွတို့၏အသံကိုကြား၍ ရယ်မောလေသည်။ မင်း၏အနီး၌ရှိသော မိဖုရားက

“မင်းသည် အဘယ်ကိုမြင်၍ ရယ်သနည်း”

ဟု ကြံစည်လေသည်။

တစ်ဖန်မင်းကြီးသည် ခဲဖွယ်ကိုစား၍ ရေချိုးပြီးပလ္လင်၌ နေသည်ရှိသော် ယင်ဖိုတစ်ကောင်သည်

“ရှင်မ. . . လာလော၊ မေ့လျော်ကြကုန်အံ့”

ဟု ယင်မကိုခေါ်သည်။

“သခင်. . . သည်းခံဦးလော့၊ ယခုမင်းအား နံ့သာတို့ကို ပို့ကုန်လတံ့၊ မင်းသည်နံ့သာလိမ်းသည်ရှိသော် ခြေရင်း၌နံ့သာမှုန့်သည် ကျလတံ့၊ ငါသည်ထိုနံ့သာမှုန့်တို့၌ လူးလည်၍နံ့သာအနံ့ရှိသည်ဖြစ်အံ့၊ ထို့နောက်မှ မင်း၏ကျောထက်၌ မေ့လျော်အံ့”

ဟု ဆိုသည်။

မင်းသည် ထိုအသံကိုကြား၍ ရယ်ပြန်သည်။ မိဖုရားသည်လည်း မင်းကြီးအဘယ်ကိုမြင်၍ ရယ်သနည်းဟု ကြံစည်ပြန်သည်။

www.dhammaransi.com



တစ်ဖန်မင်းကြီးသည် ညစာစားစဉ် ထမင်းတစ်လုံးသည် မြေသို့ကျလေသည်။ ပိုးရွသည်

"မင်းအိမ်၌ ထမင်းလှည်းကျိုး၏။ လာ၍စားကြကုန်လော" ဟု မြည်သည်။ မင်းသည် ထိုစကားကိုကြား၍ တစ်ဖန်ရယ်ပြန်လေသည်။

မိဖုရားသည် ရေယောင်းမကိုကိုင်၍ လုပ်ကျွေးသောင့်ကို မြင်၍ မင်းသည်ရယ်သလောဟု ကြံစည်ပြန်သည်။

မိဖုရားသည် မင်းနှင့်အိပ်ရာထက်၌ရှိစဉ်-

"အရှင်မင်းကြီး. . . အဘယ်ကြောင့် ရယ်ပါသနည်း" ဟု အဖန်တလဲလဲနှိပ်၍ မေးသည်။

"ငါရယ်သောအကြောင်းဖြင့် သင့်အားအဘယ်ပြုအံ့နည်း" မင်းကြီးက ထိုသို့ပြောသော်လည်း မိဖုရားကအကြိမ်ကြိမ်ထပ်၍ မေးသည်။

ထိုအခါမင်းသည် မိဖုရားအားမန္တာန်အကြောင်းပြောပြသည်။

"အရှင်မင်းကြီး. . . သင်သိသောမန္တာန်ကို ကျွန်ုပ်အား ပေးပါလော"

"မိဖုရား. . . ပေးအံ့သော်ငါ မတတ်ကောင်းပါ။"

မင်းကြီးက ဤသို့ပြောသော် မိဖုရားကအတန်တန်တောင်း ဆိုနေသဖြင့်-

www.dhammaransi.com



"ငါသည် မန္တာန်ကိုသင့်ကိုပေးသည်ရှိသော် သေရပါအံ့"

"အရှင်မင်းကြီး သင်သေရသော်လည်း ဤမန္တာန်ကို ကျွန်ုပ်အားပေးပါ"

"မိဖုရား. . . ကောင်းပြီ"

မင်းကြီးသည် မိန်းမ၏အလိုသို့လိုက်ကာ မိဖုရားကိုသင် ပေးပြီးနောက် မီးပုံသို့ဝင်ရတော့အံ့ဟုဆိုကာ ရထားဖြင့်ဥယျာဉ်သို့ သွားလေသည်။

ထိုခဏ၌ သိကြားမင်းသည် လောကကိုကြည့်သည်ရှိသော် ဤအကြောင်းကို မြင်တွေ့မိသည်။

"ဤမင်းမိုက်သည် မိန်းမအလိုကိုမှီ၍ မီးပုံသို့ဝင်အံ့ဟု သွား၏။ ထိုမင်းအား အသက်၏အလှူကိုပေးအံ့"

ဟု ကြံစည်ကာ အသုရာမင်းကြီး၏သမီး မိဖုရားဖြစ်သော သုဇာတာ ကိုခေါ်၍ ဗာရာဏသီပြည်သို့လာခဲ့သည်။

သုဇာတာကိုဆိတ်မ, ပြုစေ၍ မိမိကဆိတ်ဖိုပြုသည်။

"လူအများ မမြင်စေသတည်း"

ဟု အဓိဋ္ဌာန်ပြုပြီးနောက် မင်းရထားရှေ့၌ ရပ်တည်နေကြသည်။ ထိုဆိတ်ကိုမင်းကြီးနှင့် ရထား၌က,သော သိန္ဓောမြင်းတို့ကသာ မြင်ကြသည်။

ထိုခဏ၌ ဆိတ်ဖိုက ဆိတ်မကိုမေထုန်ပြုသကဲ့သို့ပြုသည်။ ထိုသည်ကိုမြင်ရသော သိန္ဓောမြင်းက-

www.dhammaransi.com



"အဆွေဆိတ်. . . ဆတ်တို့သည် မိုက်ကုန်သတတ်၊ အရှက်မရှိသတတ်ဟု ငါတို့သည်ရှေး၌ ကြားဖူးကုန်သည်။ ယခုမူ ကိုယ်တိုင်မြင်ရကုန်၏။ သင်တို့သည်ကား ဤအမှုကိုဆိတ်ကွယ်ရာ၌သာ ပြုအပ်၏။ ယခုငါတို့ရှေ့မှာ ပြုပေ၏။ ရှေးကကြားခဲ့သော ဆိတ်တို့အရှက်မရှိဟူသောစကားသည် ဤမြင်ကွင်းအရ မှန်နေပါ၏။"

"ပြည်၏သားဖြစ်သော သိန္ဓောမြင်း၊ ကြိုးထမ်းပိုးဖြင့် လည်၌ရစ်အပ်သော၊ ကောက်သောနှုတ်ခမ်းရှိသော၊ အောက်သို့ချသောမျက်နှာရှိသော၊ သင်သည်သာလျှင် ငါ့ထက်ပို၍ မိုက်သည်ကိုသိပါလော့"

"အဆွေမြင်း. . . သင်သည် ရထားမှလွတ်သော်လည်း မပြေး၊ ဤမပြေးခြင်းသည်လည်း သင်၏မိုက်မဲခြင်းတည်း၊ သင်သည် သေနကအမတ်မင်းကို ထမ်းရွက်ခေါ်ဆောင်လာ၏။ ထိုသေနကမင်းသည်သာလျှင် သင်ထက်အလွန် မိုက်၏။"

မင်းကြီးသည် မြင်းနှင့်ဆိတ်တို့၏ ပြောဆိုသံစကားကိုသိ၍ ရထားကိုဖြည်းဖြည်းမောင်းစေ၏။

"အဆွေဆိတ်မင်း. . . ကြားရသည်ကား ငါသည်တိရစ္ဆာန်ဖြစ်ခြင်းကြောင့် မိုက်၏ဟူ၍ သင်သည်သိခြင်းငှါ တတ်ကောင်းပေ၏။ အဘယ်ကြောင့် ဤသေနကမင်းသည် ပို၍မိုက်ပါသနည်း၊ အကြောင်းကို ပြောပြပါဦးလော။"

www.dhammaransi.com


"အဆွေမြင်း. . ဤသေနကမင်းသည် မြတ်သောအကျိုးရှိသော သဗ္ဗရုတညုဇာနနမန္တာန်ကိုရ၍ မယားအားပေးလတ့်၊ ထိုပေးခြင်းကြောင့် ကိုယ်ကိုစွန့်ရလတ့်၊ ထိုမိဖုရားသည် ထိုသေနကမင်း၏မယားသည်မဖြစ်ရလတ့်၊ ထိုအခါ မင်းကြီးသည်ဆိတ်၏စကားကိုကြား၍-

"ဆိတ်မင်း. . . ငါတို့၏ချမ်းသာကို ပြုသည်ရှိသော် သင်သည်လျှင် ပြုလတ့်၊ ရှေးဦးစွာ ငါတို့အားပြုသင့်သော အမှုကိုဆိုပါလော့"

ဟု တောင်းပန်စကားကိုဆိုသည်။

"မြတ်သောမင်းကြီး. . . ဤသတ္တဝါတို့အား ကိုယ်ထက်တစ်ပါးသောချစ်သောသူမည်သည်မရှိ၊ တစ်ခုသောချစ်အပ်သောဘဏ္ဍာကိုမှီ၍ ကိုယ်ကိုဖျက်ဆီးအံ့သောငှါ ရအပ်သောစည်းစိမ်ကိုစွန့်အံ့သောငှါမသင့်။"

"လူတို့ကိုအစိုးရသောမင်းကြီး. . . သင်ကဲ့သို့သဘောရှိသောသူသည် စင်စစ်ငါသည် ဤဘဏ္ဍာကိုချစ်အပ်၏။ ဤသို့မိမိကိုယ်ကိုစွန့်၍ ချစ်အပ်သောဘဏ္ဍာတို့ကို မမှီဝဲရာ၊ ကိုယ့်ကိုသည်သာလျှင် အလွန်မြတ်၏။ ဥစ္စာစည်းစိမ်နှင့် ပြည့်စုံသောယောကျ်ားသည် နောက်၌မယားကိုရနိုင်သည်သာလျှင်တည်း။"

မင်းကို ဤသို့သိကြားမင်းက အဆုံးအမပေးသော် မင်းသည်အလွန်နှစ်သက်သဘောကျ၍-

www.dhammaransi.com



"ဆိတ်မင်း. . . အဘယ်အရပ်မှ လာပါသနည်း။"

ဟု မေးသည်။

"မြတ်သောမင်းကြီး. . . ငါသည် သိကြားမင်းတည်း၊ သင်မင်းကြီးအား သနားသဖြင့် သင့်ကိုသေဘေးမှ လွတ်စိမ့်သော ငှါ လာပါ၏။"

"သိကြားမင်း. . . ထိုမိန်းမကို မန္တရားကိုပေးအံ့ဟု ကတိထားခဲ့၏။ အဘယ်သို့ပြုရပါအံ့နည်း။"

"မြတ်သောမင်းကြီး. . . နှစ်ယောက်ကုန်သော သင်မင်းကြီးတို့အား ပျက်စီးခြင်းဖြင့် ကိစ္စမရှိ၊ အတတ်၏ပူဇော်ခြင်းကိုပြုအံ့ဆို၍ ထိုမိဖုရားကိုနှစ်ချက် သုံးချက်ရိုက်လော ဤသို့သော အကြောင်းဖြင့် မယူလတ့်။"

"သိကြားမင်း. . . ကောင်းပါပြီ။"

ထို့နောက် သိကြားမင်းသည် မင်းအားဆုံးမ၍ တာဝတိံသာသို့ပြန်သွားလေသည်။

သေနကမင်းသည် ဥယျာဉ်သို့သွား၍ မိဖုရားကိုခေါ်စေ၍

"ရှင်မိဖုရား. . . မန္တာန်ကိုယူလတ့်လော။"

ဟု မေးသည်။

"ရှင်မင်းကြီး. . . ယူပါအံ့။"

"ထိုသို့ဆိုက ပူဇော်ခြင်းကိုပြုလော့"

"အဘယ်သို့ ပူဇော်ရပါမည်နည်း။"

www.dhammaransi.com



"ကျောက်ကုန်း၌ အချက်တစ်ရာရိုက်ခံရမည်။ အသံလုံးဝ မထွက်စေရပါ၊ မိဖုရားသည် မန္တာန်၌တပ်စွန်းသဖြင့် ကောင်းပါပြီ ဟု ဝန်ခံသည်။

မင်းသည် နီးသူလူသတ်တို့ကိုခေါ်စေ၍ ကြိမ်ဖြင့်မိဖုရား၏ နံပါးနှစ်ဘက်တို့ကို ရိုက်စေ၏။ မိဖုရားသည် နှစ်ချက်သုံးချက်ရိုက် ခြင်းကိုသည်းခံနိုင်၍ ထို့ထက်အလွန်ရိုက်သော် သည်းမခံနိုင်ဖြစ်ကာ-

"ငါ့အား မန္တာန်ဖြင့် အလိုမရှိတော့ပါ။"

ဟု ဆိုလေသည်။

"မိဖုရား. . သင်သည် ငါ့ကိုသတ်၍ မန္တာန်ကိုယူလိုဘိ၏" ဟု ဆိုကာ ကျောက်ကုန်း၌အရေစုတ်ပြတ်အောင် ရိုက်စေပြီးမှ လွှတ် စေသည်။ မိဖုရားသည် ထိုအချိန်မှစ၍ မန္တာန်တောင်းဆိုမှုကို မဆို ဝံ့တော့ချေ။

ထိုဇာတ်တော်အဆုံးတွင် ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ယခုခါ ငြီးငွေ့သောရဟန်းသည် ထိုအခါ သေနကမင်း ဖြစ်သည်။

ယခုခါ မယားဟောင်းသည် ထိုအခါ မိဖုရားဖြစ်သည်။

ယခုခါ သာရိပုတ္တရာသည် ထိုအခါ မင်းဖြစ်သည်။

ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်သည်။

(ဆက္ကနိပါတ်၊ ရေပူတ္တာဝဂ်၊ ရေပူတ္တာဇာတ်)

www.dhammaransi.com



## ၁၄။ လူ့ပြီးမှစားသုံးသင့်ကြောင်း သိကြားမင်းဆုံးမမှု (လူ့ပြီးမှသာ စားအစာ စားပါ မွန်မြတ်သည်)

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌ သီတင်းသုံးနေထိုင်စဉ် ရဟန်းတို့သည် ကစားခြင်းကိုပြုကြသည်။ ထိုရဟန်းတို့ကို ရှင်မောဂ္ဂလာန်မထေရ်သည် ပြာသာဒ်ကိုလှုပ်၍ ထိတ်လန့်စေအပ်သည်။ ထိုအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က အတိတ်ဇာတ်လမ်းကို ဟောကြားတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းမင်းပြုချိန်ဖြစ်သည်။ ဘုရားလောင်းသည် သိကြားမင်းဖြစ်၍ နေသည်။

မထင်ရှားသော ကာသိရွာ၌ ညီနောင် (၇)ယောက်တို့သည် ကာမဂုဏ်တို့၏အပြစ်ကိုမြင်၍ တောထွက်မှုမပြုကြဘဲ ကိုယ်ဆူဖြိုးခြင်းကို ပြုခြင်းများကုန်သည်ဖြစ်၍ အထူးထူးအပြားပြားသော ကစားခြင်းတို့ကို ကစားကြကုန်လျက် သွားလာနေကြသည်။

သိကြားမင်းသည် ထိုရသေ့တို့၏ အပြုအမူကိုသိရှိ၍-

"ဤရသေ့တို့ကို ထိတ်လန့်စေအံ့။"

ဟု ကြံစည်၍ကျေးသားယောင်ဆောင်၍ ထိုရသေ့တို့၏နေရာအရပ်သို့သွား၍ သစ်ပင်တစ်ပင်၌ နားနေသည်။

www.dhammaransi.com



"အကြင်သူတို့သည် စားကြွင်းကိုစားကုန်သည်ဖြစ်၍ ချမ်းသာစွာလျှင် အသက်မွေးကုန်၏။ ထိုသူတို့သည် မျက်မှောက်သော ကိုယ်၏အဖြစ်၌လည်း ချီးမွမ်းထိုက်၏။ တမလွန်၌လည်း နတ်ပြည်၌ဖြစ်ကုန်၏။"

ဟု ကျေးသားသည် ရသေ့တို့ကို ထိတ်လန့်စေလို၍ ဤသို့ဆိုသည်။

ထိုစကားကို ရသေ့တစ်ပါးသည်ကြား၍ ကျန်ရသေ့တို့ကို ခေါ်ယူစုရုံးကာ-

"တစ်မိတစ်ဝမ်းပေါက် ပညာရှိတို့ လူ၏ဘာသာစကားဖြင့် ပြောဆိုသွားသော ကျေးသား၏စကားကို သင်တို့သည်မကြားကြကုန်သလော၊ ဤကျေးသားစကားကို နာကြားကြကုန်လော၊ ဤကျေးသားသည် ငါတို့ကိုသာလျှင် ချီးမွမ်းပါ၏။"

"ငါသည် သင်တို့ကိုမချီးမွမ်းပါ။ သားကောင်ပုပ်ကို စားကုန်သောရသေ့တို့ သင်တို့သည်ငါ၏စကားကို နားထောင်ကြကုန်လော၊ သင်တို့သည်တစ်ပါးသောသတ္တဝါတို့ စားကြွင်းကိုစားကုန်၏။ သင်တို့သည် စားကြွင်းစားကျန်စားသူတို့ မဟုတ်ကုန်"

ဟု ကျေးသားကဆိုပြန်သည်။

"ရဟန်းပြု၍ ခုနစ်နှစ်ရှိကုန်သော ငါတို့သည်တော၏ အလယ်၌ခြသေ့်၏ စားကြွင်းစားကျန် ကျား၏စားကြွင်းစားကျန်ဖြင့်သာလျှင် မျှတကုန်၏။ အရှင်သည် ငါတို့ကိုအကယ်၍ ကဲ့ရဲ့

www.dhammaransi.com


ကုန်ပြားအံ့၊ အရှင်သည်အဘယ်သူတို့ကို ချီးမွမ်းအပ်ကုန်သနည်း” ဟု ရသေ့တို့က ပြောသည်။

“သင်တို့သည် ကျား၊ ခြင်္သေ့တို့၏ စားကြွင်းစားကျန်တို့ကို စားကုန်လျက် သုံးအပ်ပြီးသော အစာဖြင့်လျှင်မျှကုန်လျက် စားကြွင်းကိုစားကုန်သည်ဟူ၍ မှတ်ထင်နေကြပါကုန်သလော”

“ငါတို့သည် စားကြွင်းမဟုတ်သော် အဘယ်သူတို့သည် စားကြွင်းစားကျန် ဖြစ်ကုန်သနည်း။”

“အကြင်သူသည် ရဟန်း၊ ပုဏ္ဏားအားလည်းကောင်း တစ်ပါးသောတောင်းစားအပ်သော သူအားလည်းကောင်း၊ ပေးလှူ၍ စားကြွင်းကိုစားကုန်၏။ ထိုသူတို့သည် စားကြွင်းစားမည်ပါ၏” ဟု ကျေးသားကဆုံးမသောအခါ ရသေ့တို့သည် ရှက်စနိုးဖြစ်ကုန်ကြကာ အမှန်ကိုသိစေကုန်သည်။

ထိုအခါ သိကြားမင်းသည် တာဝတိံသာသို့ ပြန်လေသည်။

ယခုခါ ကစားကုန်သောရဟန်းတို့သည် ထိုအခါ ညီနောင်ခုနှစ်ဦးဖြစ်ကုန်၏။

ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်ခဲ့သည်။

(ဆက္ကနိပါတ၊ ခရပုတ္တဝဂ်၊ ဝိဃာသာဒဇာတ်)

www.dhammaransi.com



## ၁၅။ သေ၍ငိုခြင်းသည် အကျိုးမရှိပုံနှင့် သိကြားမင်း (သေသူတမ်းတ၊ ငိုကြွေးကြ သောကဖြစ်ရုံသာ)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ် အချိန်ဖြစ်သည်။

ရဟန်းကြီးတစ်ပါးသည် သာမဏေငယ်တစ်ပါးရှင်ပြုပြီး ကျွေးမွေးစောင့်ရှောက်ထားသည်။ ထိုသာမဏေငယ်သည် ရောဂါတစ်ခုဖြင့် သေဆုံးသွားရာ ရဟန်းကြီးမှာ သောကကိုမထိန်းနိုင်ဘဲ ငိုကြွေးမြည်တမ်းလျှက် သွားနေသည်။

ထိုရဟန်းကြီး သာမဏေသေ၍ ငိုခြင်းနှင့်ပတ်သက်၍ ဘုရားရှင်က အတိတ်ကလည်း ငိုကြွေးခဲ့ကြောင်း ဇာတ်လမ်းကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် သိကြားမင်းဖြစ်၍နေသည်။

ထိုအခါ ကာသိနိဂုံး၌နေသော ပုဏ္ဏားတစ်ယောက်သည် ဥစ္စာများစွာရှိသည်။ ထိုဥစ္စာနှင့်ကာမတို့ကိုစွန့်၍ ဟိမဝန္တာသို့ဝင်ကာ ရသေ့ရဟန်းပြု၍နေသည်။ တောသစ်မြစ်၊ သစ်သီးဖြင့် မျှတ၍နေသည်။

www.dhammaransi.com



တစ်နေ့တွင် သစ်သီးကြီးငယ်အကျိုး၄ါ တောသို့ဝင်သည် ရှိသော် မိခင်မဲ့သောဆင်ငယ်တစ်ကောင်ကိုတွေ့၍ မိမိကျောင်းသို့ ခေါ်ဆောင်လာပြီး သားအရာ၌ထားကာ ထိုဆင်ငယ်ကိုသောမဒတ် ဟူသောအမည်ကိုပေးထားသည်။ မြက်, သစ်ရွက်တို့ကိုကျွေး၍ မွေးမြူထားသည်။

ထိုဆင်သည် အရွယ်ရောက်သော် ကြီးသောကိုယ်ရှိသည် ဖြစ်၍ တစ်နေ့တွင် များစွာသေအစာတို့ကို စားရာ၌အစာမကြေ ရောဂါပြင်းစွာ ခံစားရသည်။

ရသေ့သည် ဆင်ကိုကျောင်း၌ထား၍ တောသို့သစ်သီးရှာ ထွက်နေစဉ် ဆင်ငယ်သည် ထိုရောဂါဖြင့် သေလေသည်။

ရသေ့သည် တောမှပြန်လာစဉ် ယခင်ကမိမိပြန်လာက အမြဲခရီးဦးကြိုဆိုနေသော ဆင်ငယ်ကယခုလာမကြို၍ အဘယ် သို့ဖြစ်သနည်းဟု အဘယ်သို့ထွက်သွားသနည်းဟု ငိုကြွေးလျက် ရှာသည်။

စင်္ကြံ၌လဲကျသေနေသော ဆင်ကိုမြင်သော် ဆင်ကို တမ်းတလျက်သည်းစွာငိုကြွေးလေသည်။

သိကြားမင်းသည် ထိုခဏ၌လောကကိုကြည့်သည်ရှိသော် ထိုရသေ့ကိုမြင်၍-

"ဤရသေ့သည် ဥစ္စာ၊ သားမယားတို့ကိုစွန့်၍ ရဟန်းပြု ခဲ့၏။ ယခုဆင်ငယ်ကိုသားအဖြစ်သတ်မှတ်၍ ငိုကြွေးနေဘိ၏။

www.dhammaransi.com



ထိုရသေ့ကို သံဝေဂဖြစ်စေ၍ သတိကိုရစေအံ့။"
ဟု ကြံ၍ ထိုရသေ့ကျောင်းသို့သွား၍ ကောင်းကင်၌ရပ်တည်လျက်

"လူအဖြစ်မှထွက်၍ ရဟန်းအဖြစ်ကိုရောက်နေသောသူ သည် သေသောသတ္တဝါကိုကြည့်၍ စိုးရိမ်စိတ်ဖြင့်ငိုကြွေးနေခြင်း သည် မသင့်လျော် မကောင်းပါချေ။"

ဟု ပြောလေသည်။

'သိကြားမင်း. . . လူ၌လည်းကောင်း၊တိရစ္ဆာန်၌လည်း ကောင်း၊ ပေါင်းဖော်ခြင်းကြောင့် နှလုံး၌ချစ်ခြင်းသည်ဖြစ်၏။ ထိုချစ်သောသတ္တဝါကို.မစိုးရိမ်ခြင်းငှါ မတတ်ကောင်းပါချေ။"

"ရသေ့. . . အကြင်သူတို့သည် သေဆဲ၊ သေပြီးသောသူ တို့ကိုလည်းကောင်း၊ သေအံ့သောသူကိုလည်းကောင်း၊ ငိုကြွေး မျက်ရည်ကျကြကုန်၏။ မြည်တမ်းကြကုန်၏။ ထိုသူတို့အား မျက် ရည်ပြတ်သောနေ့မည်သည်မရှိ ငိုခြင်းကိုအကျိုးမရှိဟူ၍ သူတော် ကောင်းတို့သည် ဆိုကုန်၏။ သို့အတွက် သင်သည်မငိုပါလင့်။"

"ရှင်ရသေ့. . . စင်စစ်ငိုသဖြင့် ဤဘဝမှကင်းကွာသွားခဲ့ သော သေသူသည်ရှင်ပြန်သဖြင့် ထ,ငြားအံ့၊ ခပ်သိမ်းကုန်သော ငါတို့သည်စည်းဝေး၍ အချင်းချင်းဆွေမျိုးတို့ကို ငိုကြကုန်ပါအံ့"

ထိုအခါ ရသေ့သည် သိကြားမင်း၏စကားကိုကြား၍ သတိရလာကာ ကင်းသောမျက်ရည်ရှိသည်ဖြစ်၍ မျက်ရည်ကို သုတ်ကာ-

www.dhammaransi.com



"ထောပတ်ဖြင့် သွန်းလောင်းသောမီးကိုရေဖြင့် သွန်းလောင်းဘိသကဲ့သို့ စင်စစ်သောကမီးဖြင့် ပြောင်ပြောင်တောက်လောင်နေသော ငါ့ကိုငြိမ်းစေ၏။ အလုံးစုံသောစိုးရိမ်ခြင်းကို ငြိမ်းစေ၏။

"အကြင်သူသည် သောကဖြင့်နှိပ်စက်အပ်သော ငါ၏သား၌ စိုးရိမ်ခြင်းကိုပယ်ပေးပါ၏။ ငါအားနှလုံး၌ မှီသောအကြင်သောကတည်းဟူသော ငြောင့်သည်ဖြစ်၏။ သင်သည် ထိုသောကငြောင့်ကို နှုတ်ပယ်ပေးပါ၏။"

"သိကြားမင်း. . . သင်၏စကားကို နာရ၍ငါသည်နှုတ်အပ်သောမြား ငြောင့်ရှိသည်ဖြစ်၏။ ကင်းသောစိုးရိမ်ခြင်းရှိ၏။ စိတ်နှောက်ခြင်းမရှိ၊ မစိုးရိမ်၊ မငိုကြွေးရတော့ချေ။"

ဟု ရသေ့က သိကြားမင်းကို ချီးမွမ်းစကားပြောကြားလေသည်။

ထို့နောက် သိကြားမင်းသည် တာဝတိံသာသို့ ပြန်လေသည်။

ယခုခါ သာမဏေသည် ထိုအခါ ဆင်ငယ်ဖြစ်သည်။
ယခုခါ ရဟန်းကြီးသည် ထိုအခါ ရသေ့ဖြစ်သည်။
ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်သည်။

(သတ္တကနိပါတ်၊ ဂန္ဓာရဝဂ်၊ သောမဒတ္တဇာတ်)

www.dhammaransi.com



## ၁၆။ မိဘတို့အား လုပ်ကျွေးသင့်ပုံ သိကြားမင်းဆုံးမမှု (ကျေးရှူးသိပြား၊ သမီးသား၊ ကြီးပွားချမ်းသာရာ)

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ထိုအချိန်၌ သာဝတ္ထိပြည်၌နေသော အကျင့်နှင့်ပြည့်စုံသော အမျိုးသားငယ်တစ်ဦးရှိသည်။ ထိုအမျိုးသားငယ်သည် အဖသေလွန်သော် အမိအားနတ်ကဲ့သို့ လုပ်ကျွေးကာအမိ၏ ဝေယျာဝစ္စအစစအရာရာကို ပြုလုပ်ပေး၏။ ထမင်း၊ ယာဂုတို့ဖြင့် အမိကိုလုပ်ကျွေး၏။

ထိုအခါ အမိကသားကို မျိုးဆက်အတွက် သားမယားယူရန်တိုက်တွန်းသော်လည်း သားငယ်ကအိမ်ထောင်သားမွေးကိုမပြုလို မိခင်ကိုသာပြုစုလုပ်ကျွေးလိုကြောင်းပြောပြ၍ ငြင်းပယ်သည်။

နောက်တွင် မိခင်ကသင့်တော်သော အမျိုးသမီးတစ်ဦးကိုဆောင်၍ ပေးစားသည်။ ထိုအမျိုးသမီးက မိမိ၏လင်သားက မိခင်ကို ကောင်းစွာပြုစုသည်ကိုသိ၍ မိမိကလည်း ယောက္ခမကိုကောင်းစွာပြုစုလုပ်ကျွေးလေသည်။

ထိုသားသည် မိမိ၏မယားက မိမိ၏မိခင်ကို ကောင်းမွန်စွာပြုသစုလုပ်ကျွေးသည်ကို တွေ့မြင်သိရှိ၍ နောက်တွင်ရတိုင်းရ

www.dhammaransi.com



တိုင်းသော ကောင်းသောခဲဖွယ် ဘောဇဉ်တို့ကို မယားအားသာပေး လေသည်။

ထိုသည်ကိုမယားသည်က ငါ၏ယောကျ်ားသည် မိခင်ကို နှင်ထုတ်လို၍ ငါ့အားပေးသည်ဖြစ်မည်ဟု အထင်အမြင်လွဲကာ မသင့်သောနှလုံးသွင်းသည်၊ လင်အပြင်မှပြန်လာသော် လင်ကို-

"အရှင်. . . သင်သည်အပြင်သို့သွားသည်ရှိသော် သင်၏ အမိသည်ငါ့ကို ဆဲရေး၏။"

ဟု တိုင်တည်သည်။

ထိုသားသည် ဆိတ်ဆိတ်နေသည်။ မိန်းမသည် ဤသက်ကြီးရွယ်အိုကို လင်ကနှင်ထုတ်စေရန်ပြုမည်ဟု ဆင်ခြင်ဆုံးဖြတ်ကာ ထမင်းအပူ၊ အပူ-အအေး၊ ရေအပူ-အအေးအမျိုးမျိုးပြုလုပ်ပြီး အမယ်အိုမခံနိုင်အောင် အမျိုးမျိုးနှိပ်စက်သည်။

မယားသည် မိခင်ကိုအမျိုးမျိုးမခံသာအောင်ပြုလုပ်ပြီးနောက် သားကိုဂုံးတိုက်ပြောပြီး မိခင်ကိုနှင်ထုတ်ခိုင်းသည်။

ထိုအခါ သားသည် မိခင်ကိုမနှင်ထုတ်ဘဲ၊ မယားကိုသာ နှင်ထုတ်လေသည်။ ထိုအခါ မယားသည် ငါကသာ နှင်ထုတ်ခံရကမိဘအိမ်မှာ မျက်နှာငယ်စွာနှင့် နေရတော့မည်ဟု စဉ်းစားမိကာ လင်နှင့်မိခင်ကို တောင်းပန်၍ယခင်က အတိုင်းပင်ရိုသေစွာ ပြန်လည်ပြုစုလုပ်ကျွေးလေသည်။

www.dhammaransi.com


ထိုသားသည် တစ်နေ့တွင် ဘုရားရှင်ထံသို့တရားနာရန် သွားစဉ်၊ ဘုရားရှင်က-

"သီတင်းသည် ကုသိုလ်ကောင်းမှုကို မမေ့မလျော့ဖြစ်၏လော"

ဟုမေးရာ ထိုအမျိုးသားက မိမိ၏မိခင်နှင့် မယားဖြစ်ပုံအကြောင်းစုံကို လျှောက်ပြလေသည်။

"သင်သည်. . . ယခုထိုမိန်းမစကားကိုမလိုက်နာ၊ ရှေး၌ကား ထိုမိန်းမ၏စကားဖြင့် သင့်၏အမိကိုနှင်ထုတ်၍ ငါကိုမှီ၍ တစ်ဖန်အိမ်သို့ဆောင်၍ လုပ်ကျွေး၏"

ဟု မိန့်တော်မူ၍ ထိုအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် မထင်ရှားသောအမျိုး၏သားသည် အဖလွန်သဖြင့် မိခင်ကိုနတ်ကဲ့သို့ လုပ်ကျွေးပြုစု၍နေသည်။

နောင်တွင်မိခင်က အမျိုးသမီးတစ်ယောက်ကိုဆောင်၍ လက်ထပ်ထိမ်းမြားပေးခဲ့သည်။ ထိုမိန်းမသည် ပထမတွင်လင်က မိခင်ကိုဂရုစိုက်ပြုစုသည်ကိုသိ၍ လင်၏မိခင်ကိုကောင်းစွာပြုစုလုပ်ကျွေးလေသည်။

နောင်တွင် လင်က မိမိ၏မိခင်ကိုကောင်းစွာပြုစုလုပ်ကျွေးသည်ကိုသိ၍ လင်ကရသရွေ့ဥစ္စာ, အစားအစာတို့ကို မယားအားသာ အပ်နှံလေသည်။

www.dhammaransi.com



နောက်တွင်မယားသည် လင်၏မိခင်အိုကို အမျိုးမျိုးမဖွယ်မရာပြုလုပ်ဆက်ဆံပြောဆို၊ ကျွေးမွေးပြီးနောက် မိခင်၏အပြစ်တို့ကို ပြောပြကာ-

"အရှင် . . ကျွန်မသည် ဤသို့သဘောရှိသောသူယုတ်မနှင့် အတူတကွနေခြင်းငှါ မတတ်နိုင်ပါ။ ဤသက်ကြီးအိုမကို အိမ်၌မနေစေလင့်လော့၊ ကျွန်မကိုလည်းအိမ်မှာ မနေစေလင့်လော"

ဟု ဆိုသည်ရှိသော် သားသည်မိခင်၌ အပြစ်ရှိသည်ဟုဆိုကာ-

"မိခင် . . . သင်သည် ဤအိမ်၌အမြဲလျှင် ခိုက်ရန်ပြု၏။ အိမ်မှထွက်၍ အလိုရှိရာအရပ်၌နေပါလေ"

ဟုဆိုကာ နှင်ထုတ်လေသည်။

အမိသည် ကောင်းပြီဟုဆိုကာ ငိုကြွေးလျက် အိမ်မှထွက်ကာ ကြွယ်ဝသောအိမ်တစ်အိမ်၌ အခ,စား အမှုတို့ကိုပြု၍ ဆင်းရဲစွာ အလုပ်လုပ်၍ အသက်မွေးနေရလေသည်။

ယောက္ခမအိမ်မှထွက်သောကာလ၌ ချွေးမ၌ကိုယ်ဝန်သည် တည်သည်။

"သူယုတ်မာဖြစ်သော သက်ကြီးအိုမသည် အိမ်၌နေသည်ရှိသော် ငါ၌ကိုယ်ဝန်သည်မရပြီ၊ ယခုငါသည် ကိုယ်ဝန်ကိုရပြီ"

ဟု မယားသည် လင်နှင့်အိမ်နီးချင်းများကို ပြောဆိုလျက်သွားလာနေသည်။

နောင်တွင် သားကိုဖွားသည်ရှိသော် လင်ကို-

www.dhammaransi.com



"အရှင့် . . သင့်အမိသည် အိမ်၌နေသည်ရှိသော် သားကို မရ၊ ယခုငါသည် သားကိုရပြီ၊ ဤအကြောင်းကြောင့် ထိုသက်ကြီး အိုမ၏ သူယုတ်မာအဖြစ်ကို သိပါလော"

ဟု ပြောပြလေသည်။

"ငါ့ကို အိမ်မှနှင်ထုတ်သောကာလ၌ သားကိုရ၏။"

ဟု ကြား၍-

"မချွတ်လျှင် ဤလောက၌ တရားသေသည် ဖြစ်လတ့်၊ တရားသည် အကယ်၍သေခြားအံ့၊ အမိကိုသတ်ပုတ်ငင်ထုတ်၍ သားကိုမရ၊ ချမ်းသာသည်အသက်မရှည်ရာ၊ ငါသည်တရားသေ ဆွမ်းကို လှူအံ့"

ဟု ကြံစည်လေသည်။

ထိုယောက္ခမသည် နှမ်း၊ မှုန့်နှင့်ဆန်ကိုချက်ရန် အိုး၊ထင်း ယောင်းမကိုယူ၍ သုသာန်သို့သွား၍ လူဦးခေါင်းသုံးခုကို ခုံလောက် ပြု၍ မီးကိုညှိသည်။ ရေသို့သက်ဆင်း၍ ဦးခေါင်းလျှော်၍ အဝတ် ကိုဝတ်၍ ခုံလောက်တည်ရာအရပ်သို့လာ၍ ဆံထုံးကိုဖြေ၍ ဆန် ကိုဆေးအံ့သောငှါ အားထုတ်သည်။

ထိုအခါ ဘုရားလောင်းသည် သိကြားမင်းဖြစ်နေသည်။ ဘုရားလောင်းတို့မည်သည် မမေ့မလျော့ဖြစ်ကုန်၍ ထိုခဏ၌ပင် ထိုသိကြားမင်းသည် လောကကိုကြည့်လတ်သော် တရားသေပြီ ဟူသောအမှတ်ဖြင့် တရားသေဆွမ်းကိုလှူလိုသော ဆင်းရဲခြင်းသို့

www.dhammaransi.com



ရောက်သော ထိုမိန်းမကိုမြင်၍-

"ယနေ့ ငါသည်ငါ၏အစွမ်းကိုပြပေအံ့"

ဟု ပုဏ္ဏားအသွင်ဖြင့် ခရီးမ,ကိုသွားသောသူကဲ့သို့ဖြစ်၍ ထိုမိန်းမကို မြင်၍ ခရီးမှဖဲ၍ ထိုမိန်းမ၏အထံ၌ ရပ်၍-

"မိခင်. . . သုသာန်၌အာဟာရကိုချက်သောသူမရှိ၊ သင်သည် ဤသုသာန်၌ချအပ်သော နှမ်းအဘယ်ပြုအံ့နည်း။"

ဟု စကားကိုဖြစ်စေလိုရကား-

"ကစ္စည်းအနွယ်ဖြစ်သောရှင်မ. . . သင်သည်ဖြူသော အဝတ်ကိုဝတ်လျက် စင်ကြယ်သည်ဖြစ်၍ စွတ်စိုသောဆံပင်ရှိလျက် ထမင်းအိုးကိုလူတို့၏ ဦးခေါင်းဖြစ်သော ခုံလောက်သို့တင်၍ နှမ်းမှုန့်တို့ကိုယူလျက် ဆန်တို့ကိုအဘယ်ကြောင့် ဆေးပါသနည်း၊ အဘယ်အကြောင်းကြောင့် နှမ်းထမင်းသည် ဖြစ်လတ့်နည်း။"

ဟု မေးသည်။

"ပုဏ္ဏား. . . ကောင်းစွာချက်အပ်သော ဤနှမ်းထမင်းသည် စားအံ့သောငှါ မဖြစ်လတ့်၊ တရားသည်သေ၏။ ယနေ့ငါသည် သုသာန်အလယ်၌ ထိုတရား၏သေဆွမ်းကို ပြုပါအံ့၊"

"ကစ္စည်းအနွယ်ဖြစ်သောရှင်မ. . . သင်သည် စီစစ်၍ ကိစ္စကိုပြုလော့၊ တရား၊ သုစရိုတတရားသည် သေ၏။ ဤသို့သင့်အား အဘယ်သူသည်လျှင် ပြောကြားသနည်း၊ အတုမရှိသော အာနုဘော်ရှိသော တရားမင်းမြတ်ဖြစ်သော မျက်စိတစ်ထောင်

www.dhammaransi.com



အမြင်ဆောင်သောသိကြားမင်းသည် တစ်ရံတစ်ဆစ်၌မသေပါ"

"ပုဏ္ဏားကြီး. . . ဤတရားသေရာ၌ ငါ၏ယုံမှားခြင်းသည် မြဲပါ၏။ တရားသည်သေပြီ၊ ဤတရားသေရာ၌ ငါအားယုံမှားခြင်း သည်မရှိ ယခုအခါ၌အကြင်အကြင်သူတို့သည်သာလျှင် ယုတ်မာသော အကျင့်ရှိကုန်သည်ဖြစ်ကုန်၏။ ယခုခါ၌ ထိုထိုသူတို့သည် သာလျှင် ချမ်းသာကုန်သည်ဖြစ်ကုန်၏။"

"ပုဏ္ဏားကြီး. . . ထိုစကားသည်မှန်၏။ ငါ၏ချွေးမသည် မြဲသည်ဖြစ်၏။ ထိုချွေးမသည် ငါ့ကိုရိုက်ပုတ်ငင်ထုတ်၍ သားကို ဖွား၏။ ယခုခါ၌ ထိုချွေးမသည် အလုံးစုံသော အမျိုးကိုအစိုးရ၏၊ ငါသည်ကား စွန့်ပစ်အပ်သည်ဖြစ်၍ တစ်ယောက်ထီးတည်းဖြစ်၏"

"ကစ္စည်းအနွယ်ဖြစ်သောရှင်မ. . . ငါသည်ရှင်၏။ ငါသည် သေသည်မဖြစ်၊ သင်၏သာလျှင် အကျိုးငှါ ဤအရပ်သို့လာသည် ဖြစ်၏။ အကြင်ချွေးမသည် သင့်ကိုရိုက်ပုတ်ငင်ထုတ်၍ သားကို ဖွားသည်ဖြစ်အံ့၊ ထိုချွေးမကို သားနှင့်တကွသာလျှင် ပြာကဲ့သို့လွင့် ပျောက်ပျက်စီးသည် ငါပြုပါအံ့၊ "

"အို သိကြားမင်း အဘယ်သို့ဆိုပါသနည်း၊ ငါမြေးမသေ ခြင်းအကြောင်းကိုသာ ပြုပေးပါ။"

သိကြားမင်း သင်နတ်မင်းသည် ဤသို့လည်းနှစ်သက်သည် ဖြစ်အံ့၊ ငါ၏အကျိုးငှါ ဤအရပ်သို့လာသည်ဖြစ်အံ့၊ ငါနှင့်သား

www.dhammaransi.com



ချွေးမနှင့်မြေး ကျွန်ုပ်တို့တစ်တွေ တစ်အိမ်တည်း ချမ်းမြေ့စွာနေမှု ကိုသာ ဆောင်ရွက်ပေးပါလော့"

"ကစ္စည်းအနွယ်ဖြစ်သောရှင်မ. . . ဤသို့သင်နှ ့သက် အံ့ ရိုက်ပုတ်နှင်ထုတ်အပ်သည်ဖြစ်ငြားသော်လည်း သူငယ်တို့၌မေတ္တာ တရားကို သင်သည်မစွန့်ပါအံ့၊ သင်နှင့်သားချွေးမ၊ မြေးတို့ဝမ်း မြောက်စွာလျှင် အိမ်၌နေကြပါလော့"

သိကြားမင်းသည် ဤသို့ပြောပြီး မိမိ၏အာနုဘော်ဖြင့် ကောင်းကင်မှရပ်၍-

"ရှင်မ. . . သင်မကြောက်လင့်၊ သား၊ ချွေးမတို့သည် ငါ၏အာနုဘော်ဖြင့်လာကုန်၍ ခရီးအကြား၌သင့်ကိုကန့်တော့၍ ခေါ်ဆောင်သွားကုန်လတ့်၊ မမေ့မလျော့ဖြစ်ပါလော"
ဟုဆို၍ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေသည်။

သားနှင့်ချွေးမတို့သည် သိကြားမင်း၏ အာနုဘော်ကြောင့် အမိကျေးဇူးကိုအောက်မေ့မိကြပြီး-

"ငါတို့အမိ ဘယ်မှာနည်း"
ရွာတွင် စုံစမ်းမေးမြန်းကြပြီး သုသာန်သို့သွားသည်ဟု သိသော အခါ သုသာန်သို့လိုက်ကြပြီး မိခင်၊ မိခင်ဟုအော်ခေါ်ကာ လိုက် ကြသည်။ လမ်းခရီးတွင် ဆုံမိကြ၍ သားနှင့်ချွေးမတို့သည် မိခင် ရှေ့၌ ဝပ်ဆင်းကာ-

www.dhammaransi.com


"မိခင်. . . သင်သည် ကျွန်ုပ်တို့၏အပြစ်ကို သည်းခံပါလော"

ဟုဆိုကာ ကန်တော့ကြကုန်သည်။

ထို့နောက် မိခင်ကိုအိမ်သို့ခေါ်ကာ မိသားစုချစ်ချစ်ခင်ခင်ကြင်ကြင်နာနာဖြင့် စိတ်ချမ်းမြေ့ဝမ်းမြောက်စွာ နေကြလေသည်။

ထိုတရားတော်၏အဆုံးဝယ် အမျိုးသားသည် သောတာပတ္တိဖိုလ်၌တည်သည်။

ယခုခါ အမိကိုလုပ်ကျွေးသောသင်သည် ထိုအခါ အမိလုပ်ကျွေးသောသားဖြစ်ပြီ၊

ယခုခါ မယားသည် ထိုအခါ မယားဖြစ်ခဲ့ပြီ၊

ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်းဖြစ်ခဲ့ပြီ၊

(အင်္ဂုတ္တရနိပါတ်၊ ကစ္စာနိဝဂ်၊ ကစ္စာနိဇာတ်)

www.dhammaransi.com


## ၁၇။ ဆင်းရဲသော်လည်း အဆွေခင်ပွန်း မစွန့်ထိုက်ပုံ သိကြားမင်းဆုံးမမှု (ရောင့်ရဲသည်းခံ၊ ချမ်းသာမှန်၊ ကေန်ရမည်သာ)

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ရဟန်းတစ်ပါးသည် ပစ္စန္တရာဇ်ရွာကို အမှီပြု၍ တော၌ နေသည်။ ထိုပစ္စန္တရာဇ်ရွာသားတို့သည် ထိုရဟန်းအား မွန်မြတ်သော ဆွမ်းကိုလှူခြင်းငှါ မတတ်နိုင်ကြသဖြင့် ရဟန်းသည် လျောက်ပတ်သော ကျောင်းရသော်လည်း ဆွမ်းမရ၍ပင်ပန်းကာ ဝါတွင်းသုံးလလွန်သော် ဘုရားကိုရှိခိုးရန် သာဝတ္ထိသို့ပြန်ကြွလာခဲ့သည်။

ဘုရားရှင်က ထိုရဟန်း၏အကြောင်းကိုသိ၍-

"ရဟန်း. . . ရဟန်းမည်သည်ကား လျောက်ပတ်သော ကျောင်းကိုရသည်ရှိသော် လောဘ၏အစွမ်းအားဖြင့် ကျင့်ခြင်းကို ပယ်၍ တစ်စုံတစ်ခုရတိုင်းသောပစ္စည်းကိုသာလျှင် သုံးဆောင်၍ ရောင့်ရဲခြင်းဖြင့် ရဟန်းတရားကိုအားထုတ်သင့်၏။ ရှေးပညာရှိတို့သည် တိရစ္ဆာန်မျိုး၌ဖြစ်ကုန်သော်လည်း မိမိနေရာသစ်ပင် ခြောက်လတ်သော် အမှုန့်ကိုစားကုန်လျက် လောဘ၏အစွမ်းဖြင့် ကျင့်ခြင်းကိုပယ်၍ ရောင့်ရဲကုန်သည်ဖြစ်၍ အဆွေခင်ပွန်းတို့၏

www.dhammaransi.com



တရားကိုမဖျက်ဆီးမူ၍ တစ်ပါးသို့မသွားကုန်၊ သင်သည်ကား အဘယ်ကြောင့် ဆွမ်းကိုသုံးဆောင်ရလျှက် ထိုဆွမ်းကိုကြမ်း၏ ဟူ၍ လျှောက်ပတ်သောကျောင်းကို စွန့်ဘိသနည်း။”

ဟု မိန့်ကြား၍ အတိတ်ဘဝဇာတ်ကြောင်းကို ပြန်လည်ဟောပြသည်မှာ-

ရှေးလွန်လေပြီးသောအခါ ဟိမဝန္တာဝယ် ဂင်္ဂါမြစ်နား၌ရှိသော ရေသဖန်းပင်ကြီးဝယ် အရာမကသော ကျေးတို့သည်နေကြကုန်သည်။

ထိုကျောင်းတို့တွင် ကျေးတစ်ကောင်သည် မိမိနေသော ရေသဖန်းပင်၏အသီးတို့ ကုန်လတ်သော် အညွန့်၊ အရွက်၊ အခွံတို့ကိုစားကာ ဂင်္ဂါရေကိုသောက်ပြီး ရောင့်ရဲနေလေသည်။

ထိုကျေးမင်း၏ရောင့်ရဲလွယ်သည်အဖြစ်၊ အလိုနည်းသည်အဖြစ်ဟူသော ဂုဏ်ကျေးဇူးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်လေသည်။

သိကြားမင်းသည် ဆင်ခြင်လတ်သည်ရှိသော် ထိုကျေးမင်းကိုမြင်၍ ကျေးမင်းကိုစုံစမ်းအံ့သောငှါ မိမိ၏အာနုဘော်ဖြင့် ထိုသစ်ပင်ကိုခြောက်စေသည်။ ရေသဖန်းပင်သည် အငုတ်မျှသာကျန်သည်။ အပေါက်ကြီး၊ အပေါက်ငယ်ရှိလျက် လေတိုက်ခတ်သည်ရှိသော် တီးမှုတ်သကဲ့သို့မြည်သည်။

ထိုရေသဖန်းပင် အပေါက်တို့မှ အမှုန့်တို့သည်ထွက်ကုန်၏၊

www.dhammaransi.com



ကျေးမင်းသည် ထိုအမှုန့်တို့ကိုစား၍ ဂင်္ဂါရေသောက်ပြီး အခြားအရပ်သို့မသွားချေ။ လေ, နေပူတို့ကို မရှောင်ဘဲ ရေသဖန်းပင်ငုတ်၌သာနေလေသည်။

သိကြားမင်းသည် ကျေးမင်း၏အလိုနည်းသည်ကိုသိ၍-

"အဆွေခင်ပွန်းတို့၏ တရားကျေးဇူးကိုဟောပြီး ကျေးမင်းအားဆုပေးကာ ရေသဖန်းပင်ကိုအမြိုက်အသီးရှိသည်ကို ပြု၍လာအံ့"

ဟု ဟင်္သာမင်းအယောင်ဆောင်ကာ သုဇာတာနှင့်အတူ ရေသဖန်းပင်တောသို့သွားပြီး အနီးရှိသစ်ကိုင်း၌ အခက်၌နားသည်။

"ကျေးမင်း. . . သစ်ပင်သည် အကြင်အခါ၌ အသီးနှင့်ပြည့်စုံသည်ဖြစ်၏။ ထိုအခါ၌ ငှက်တို့သည်ထိုသစ်ပင်ကို တစ်ခက်မှသည်တစ်ခက်သို့ပြောင်းသွားကုန်လျက် စားကုန်၏။ အသီးကုန်မှန်းသိသောအခါ ထိုသစ်ပင်မှ အဝေးသို့ ပျံသွားကြကုန်၏။"

"နီသောနှုတ်သီးရှိသောကျေးမင်း. . သင်သည်လည်း အရပ်တစ်ပါးသို့ သွားသင့်သည်မဟုတ်ပါလော၊ မသေပါစေလင့်၊ အဘယ်ကြောင့် ခြောက်သွေ့သောသစ်ပင်၌ မှိုင်နေသနည်း၊ မိုးတွင်းကာလ၌ စိမ်းညို့သောတောအုပ်နှင့်တူသော အဆင်းရှိသောကျေးသား သင်ကိုငါတိုက်တွန်းပါ၏။ သင်သည်ငါ့ကို ဤသစ်ပင်ကို မစွန့်ရခြင်း၏အကြောင်းကို ပြောပြပါလော"

www.dhammaransi.com


"ဟသ်ာမင်း. . . အဆွေခင်ပွန်းတို့၏ အကြင်အဆွေခင်ပွန်းတို့သည် စင်စစ်ဖြစ်ကုန်၏။ ထိုအဆွေခင်ပွန်းတို့သည် ဆင်းရဲချမ်းသာတို့၌ အသက်ကိုစွန့်ရာ၏။ သူတော်ကောင်းတို့၏ တရားကိုအောက်မေ့ကုန်လျက် သူတော်ကောင်းတို့သည် ထိုအဆွေခင်ပွန်းကို စည်းစိမ်ဥစ္စာကုန်ပြီးဟူ၍လည်းကောင်း၊ စည်းစိမ်ဥစ္စာမကုန်သေးဟူ၍လည်းကောင်း မစွန့်ကုန်။"

"ဟသ်ာမင်း. . . ထိုငါသည် သူတော်ကောင်းတို့တွင် တစ်ယောက်သည်ဖြစ်၏။ ရေသဖန်းပင်သည် ငါ၏အဆွေအမျိုးသည်လည်းကောင်း၊ အဆွေခင်ပွန်းသည်လည်းကောင်း ဖြစ်၏။ အသက်ရှင်ခြင်းကို အလိုရှိသောငါသည် အသီးကုန်ပြီးဟုသိ၍ ထိုရေသဖန်းပင်ကို စွန့်အံ့သောငှါ မတတ်နိုင်၊ ထိုသို့စွန့်ခြင်းသည် သူတော်ကောင်းတို့၏တရားမဟုတ်၊"

သိကြားမင်းသည် ကျေးမင်း၏ဤစကားကိုအလွန်နှစ်သက်မိလေသည်။

"ကျေးမင်း. . . အဆွေခင်ပွန်း၏အဖြစ်သည် ကောင်းပါ၏။ အဆွေခင်ပွန်းဖြစ်၍ တကွနေခြင်း၊ ပေါင်းဖော်ခြင်းသည် ကောင်းပါ၏။ သင်သည် ချစ်ခင်လေးမြတ်ပေါင်းဖက်အပ်သော မိတ်ဆွေခင်ပွန်းသဘောကို အကယ်၍နှစ်သက်အံ့ ပညာရှိတို့သည် ချီးမွမ်းထိုက်သည်ဖြစ်၏။

www.dhammaransi.com



"အတောင်ဟူသော ယာဉ်ရှိသောကောင်းကင်ဖြင့် သွားတတ်သော ကောက်သောလည်ရှိသော ကျေးသား. . သင်သည် အမှတ်မရှိသောဆုကိုစိတ်ဖြင့် အလိုရှိအံ့၊ ထိုဆုကိုသင့်အား ငါပေးပါမည်။ ဆုကိုတောင်းပါလော၊"

"ဟသာမင်း. . . အရှင်သည် ငါအားဆုကိုပေးငြားအံ့၊ ဤသစ်ပင်သည်တစ်ဖန် အသက်ရှင်ပါစေ၊ အသီးနှင့်ပြည့်စုံပါစေ၊ ထက်ဝန်းကျင်မှစည်ပင်ပေါက်ရောက်နေသော အရွက်နုသည်ရှိသည်ဖြစ်၍ ယင်းပျားငယ်သို့ ချိုသောအသီးရှိသည်ဖြစ်၍ တည်ပါစေသတည်း။"

"ကောင်းသောကျေးမင်း. . . အသီးအရွက်နှင့်ပြည့်စုံသော မြတ်သောရေသဖန်းပင်ကို သင်သည်ရှုပါလော၊ သင့်အား ရေသဖန်းပင်နှင့် တကွနေခြင်းသည် ဖြစ်ပါစေ၊ ရေသဖန်းပင်သည် တောင်းသည့်အတိုင်း အသီး၊ အရွက်နှင့် ယင်းပျားကဲ့သို့ ချိုသော အသီးရှိပြီး တင့်တယ်သည်ဖြစ်၍ တည်စေသတည်း။"

ထိုသို့ဆုပေးပြီး ဟသာမင်းအတ္တဘောကိုစွန့်ကာ မိမိနှင့် သုဇာတာတို့သည် ဂင်္ဂါမှလက်ဖြင့်ရေကိုယူ၍ ရေသဖန်းပင်ငုတ်ကို မိမိအာနုဘော်ဖြင့် သွန်းလောင်းရာ ထိုခဏမှာပင် ရေသဖန်းပင်သည် သိကြားမင်း၏အလိုတိုင်းပြည့်စုံသည်ဖြစ်၍ တည်သည်။

ကျေးမင်းသည် ထိုပြည့်စုံသော ရေသဖန်းပင်ကိုမြင်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ-

www.dhammaransi.com



"သိကြားမင်း. . . ယနေ့ငါသည် အသီးနှင့်ပြည့်စုံသော သဖန်းပင်ကိုမြင်ရ၍ ချမ်းသာသကဲ့သို့ ထိုအတူသင်သည် ခပ်သိမ်းကုန်သော ဆွေမျိုးတို့နှင့်တကွ ချမ်းသာသည်ဖြစ်ပါစေသတည်း၊" ဟု သိကြားမင်းအား ချီးမွမ်းပြီးဆုပေးသည်။

ထို့နောက်သိကြားမင်းသည် သုဇာတာနှင့်အတူ တာဝတိံသာသို့ ပြန်လေသည်။

ထိုရဟန်းသည် ဘုရားရှင်တိုက်တွန်းသည့်အတိုင်း မိမိနေရာ ကျောင်းသို့ပြန်သွားပြီး ကမ္မဋ္ဌာန်းကိုအားထုတ်ရာ အရဟတ္တဖိုလ်သို့ရောက်လေသည်။

ယခုခါ အနုရုဒ္ဓါသည် ထိုအခါသိကြားမင်း
ယခုခါ ငါဘုရားသည် ထိုအခါ ကျေးမင်းဖြစ်သည်။

(နဝကနိပါတ၊ မဟာသုဝဇာတ်)

www.dhammaransi.com



## ၁၈။ သိကြားပေးသောဆုနှင့် ကဏှာရသေ့ယူသောဆု

မြတ်စွာဘုရားသည် ကပိလဝတ်ပြည် နိဂြောဓာရုံကျောင်း၌ ရဟန်းအပေါင်းခြံရံလျက် စကြိုန်ကြွနေစဉ်မထင်ရှားသောအရပ် ၌ ပြုံးခြင်းကို ပြုလေသည်။

ထိုအခါ အရှင်အာနန္ဒာက-

"မြတ်စွာဘုရား. . အရှင်ဘုရား၏ ပြုံးရယ်ခြင်းအကြောင်းကား အဘယ်ပါနည်း။"

ဟု မေးလျှောက်လေသည်။

"အာနန္ဒာ. . . ကဏှမည်သောရသေ့သည် ဖြစ်ဖူး၏။ ထိုရသေ့သည် ဤအရပ်၌စျာန်ဖြင့် မွေ့လျော်သည်ဖြစ်၍ နေခဲ့၏။ ထိုရသေ့၏သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်၏။"

ဟု ပြုံးရယ်ခြင်း၏အကြောင်းကို မိန့်တော်မူသည်။

ရှင်အာနန္ဒာကတောင်းပန်၍ ဘုရားရှင်က ထိုအဖြစ်အပျက်၏ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဗာရာဏသီပြည်၌ ကုဋေ (၈၀)ကြွယ်ဝသော သားမရှိသော တစ်ယောက်သောပုဏ္ဏားသည် သီလဆောက်တည်၍

www.dhammaransi.com



သားဆုကိုတောင်းသည်ရှိသော် ဘုရားလောင်းသည် ထိုပုဏ္ဏား၏ ပုဏ္ဏားမဝမ်း၌ ပဋိသန္ဓေယူလေသည်။

မွေးဖွားလာသောအခါသားသည် မဲသောအဆင်းရှိသော ကြောင့် ကဏှသတို့သားဟု အမည်ပေးထားသည်။ ကဏှသတို့ သားသည် (၁၆)နှစ်အရွယ်သို့ရောက်သော် မြဆင်းတုကဲ့သို့ တင့် တယ်ခြင်းရှိလေသည်။

အဖသည် အတတ်ကိုသင်စေရန် တက္ကသိုလ်သို့စေလွှတ် ၍ ပညာသင်စေသည်။ အတတ်ပညာပြီးသော် သင့်တော်သော မယားနှင့်ထိမ်းမြားပေးခဲ့သည်။

ကဏှသတို့သားသည် မိဘတို့ကွယ်လွန်သော် ခပ်သိမ်း သောဥစ္စာစည်းစိမ်တို့ကိုစီရင်သည်။

တစ်နေ့တွင် ကျီးကျတို့ကိုကြည့်၍ ပလ္လင်၏အလယ်၌နေ၍ ရွှေပေလွှာစာရင်းကို ဆောင်ယူစေပြီး ကြည့်သည်။

- ဤမျှသော ဥစ္စာတို့ကို ဤမည်ရှိသောသူသည် ဖြစ်စေ အပ်၏။
- ဤသို့ရှေး၌ဖြစ်ကုန်သော အမျိုးတို့သည် ရွှေပေလွှာ၌ ရေးသားအပ်ကုန်သော အက္ခရာတို့ကိုကြည့်၍ အကြွင် သူတို့သည် ဤဥစ္စာကိုဖြစ်စေအပ်၏။
- ထိုသူတို့သည် မထင်ကုန်၊ ဥစ္စာသည်သာလျှင်ထင်၏။ ဤဥစ္စာကို ယူ၍ သွားသောတစ်ယောက်သောသူသည်

www.dhammaransi.com



လည်းမရှိ ဥစ္စာထုပ်ကိုတမလွန်သို့ ယူအံ့သောငှါ တစ်စုံ
တစ်ယောက်သောသူသည် မစွမ်းနိုင်။

မီး, မင်း, ခိုးသူ, ရေ မချစ်သောရန်သူမျိုးငါးပါးတို့နှင့် ဆက်ဆံသည်၏အဖြစ်ကြောင့် အနှစ်မရှိသောဥစ္စာ၏အနှစ်ကား အလှူပေးခြင်းလျှင်တည်း၊ များစွာသောရောဂါတို့နှင့် ဆက်ဆံသည် အဖြစ်ကြောင့် အနှစ်မရှိသောကိုယ်၏ အနှစ်သည်ကား သီလရှိကုန်သောသူတို့၌ ရိုသေရှိခိုးခြင်းအစရှိသော အဖြစ်လျှင်တည်း၊

အနိစ္စတာသည်နှိပ်စက်အပ်သည်၏အဖြစ်ကြောင့် အနှစ်မရှိသောအသက်၏အနှစ်သည်ကား အနိစ္စအစရှိသည်တို့၏ အစွမ်းအားဖြင့် ဝိပဿနာစီးဖြန်းခြင်းတည်း။

ထိုကြောင့် ငါသည်အနှစ်မရှိသော ဥစ္စာတို့မှ အနှစ်ကိုယူအံ့သောငှါ အလှူကိုပေးအံ့ဟု ကြံစည်မိလေသည်။

ကဏှာသည် မင်းထံသို့သွား၍ အလှူကြီးပေးမည်အကြောင်းကို လျှောက်ထားခွင့်ပန်လေသည်။

ခုနှစ်ရက်တိုင်တိုင် ပေးလှူသော်လည်း ဥစ္စာတို့မကုန်နိုင်သည်ကိုမြင်၍-

"ငါအားဥစ္စာဖြင့် အဘယ်အကျိုးရှိပါအံ့နည်း၊ အိုခြင်းတရားသည် ငါ့ကိုမနှိပ်စက်မီ ရဟန်းပြု၍ အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေ၍ ဗြဟ္မာပြည်သို့သွားအံ့"
ဟု ကြံစည်မိလေသည်။

www.dhammaransi.com



အိမ်၌တံခါးအားလုံးဖွင့်၍-

"ငါလျှိုအပ်သည်သာလျှင်ဖြစ်၏။ ဆောင်ယူစေကြကုန်သတည်း။"

ဟူ၍ မစင်ကိုစက်ဆုပ်သကဲ့သို့ ဝတ္ထုကာမတို့ကို ပယ်စွန့်ပြီး ဟိမဝန္တာသို့သွားကာ ရသေ့ရဟန်းပြု၍နေလေသည်။

မိမိနေရာအကျိုး၄ါ နှလုံးမွေ့လျော်ဖွယ်ရှိသော မြေအဖိုးကိုကြည့်လျက်-

"ဤအပင်သို့ရောက်၍ ဤအရပ်၌နေအံ့။"

ဟု ဣန္ဒဝါရဏီမည်သော သစ်ပင်ကိုဆွမ်းခံရွာပြု၍ အမှီပြု၍ ထိုသစ်ပင်ရင်း၌ နေလေသည်။

- ရွာအနီးကျောင်းကိုပယ်၍ အရညကဓုတင်ဆောက်တည်သည်။
- သစ်ရွက်မိုးကျောင်းကိုပယ်၍ အရညကဓုတင်ဆောက်တည်သည်။
- အဗ္ဘောကာသိဓုတင်ဆောက်တည်၏။
- နိသဇ္ဇဓုတင်ကို ဆောက်တည်သည်။
- အကယ်၍ အိပ်ပြားအံ့၊ မြေ၌သာလျှင်အိပ်၏။
- သွားဟူသော ကျည်ပွေ့ရှိသည်ဖြစ်၍ မီးဖြင့်မချက်သော အာဟာရကို စား၏။

www.dhammaransi.com



- သလေး၊ မုယော၊ အစရှိသော တစ်စုံတစ်ခုသောအာဟာရမစား၊
- တစ်နေ့တစ်ကြိမ်သာလျှင်စား၏။
- ဧကေသနိတ်ဓုတင်ဆောက်တည်၏။
- မြေဝယ်ပြန့်သော အရောင်၌အရိပ်ကဲ့သို့ အသက်အပိုင်းအခြားရှိသည်ဖြစ်၍ (မြေ, ရေ, လေ, မီးတို့၏အပေါင်းနှင့်တူသည်ဖြစ်၍) ထိုမျှလောက်သော ဓုတင်တို့ကို ဆောက်တည်၍နေလေသည်။

ကဏှရသေ့သည် အလွန်အလိုနည်းသလောက် မကြာမြင့်မီပင်လျှင် အဘိညာဉ်သမာပတ်တို့ကိုဖြစ်စေ၍ ဈာန်ကစားခြင်းကို ကစားလျက်ထိုအရပ်၌ ပျော်နေလေသည်။

သစ်သီးကြီးငယ်အလို့ငှါ တစ်ပါးအရပ်သို့မသွား၊ သစ်ပင်၏အသီး သီးသောအချိန်၌ သစ်သီးကိုစား၏။ ပွင့်သောကာလ၌ အပွင့်ကိုစားသည်။ အရွက်ဖြစ်သောကာလ၌ အရွက်ကိုစား၏။ အရွက်မရှိသောကာလ၌ အပွေးကိုစား၏။

ဤသို့မြတ်သောရောင့်ရဲခြင်းရှိသည်ဖြစ်၍ ဤအရပ်၌ ကြာမြင့်စွာနေသည်။

ကဏှရသေ့သည် တစ်နေ့သ၌ နံနက်အခါ သစ်ပင်မှမှည့်သော အသီးတို့ကိုယူ၏။ ယူသော်လည်းလောဘ၏အစွမ်းအားဖြင့် ကျက်စားခြင်းမရှိသဖြင့် ထ,၍ တစ်ပါးသောအရပ်၌မယူ၊ ထိုင်မြဲ

www.dhammaransi.com



ထိုင်လျက်လက်ကိုဖြန့်၍ လက်ဖြန့်ရာအရပ်၌ တည်သောသစ်သီးတို့ကိုယူသည်။ ထိုလက်လှမ်းမှီသော အသီးတို့တွင်လည်း နှစ်သက်ဖွယ်ရှိသော အသီးတို့ကိုမရွေးမူ၍ ရတိုင်းရတိုင်းသော အသီးကို သာလျှင်ယူ၏။

ဤကဲ့သို့အလွန်မြတ်သော ရောင့်ရဲခြင်းရှိသော ထိုကဏှာရသေ့၏သီလတန်ခိုးအားဖြင့် သိကြားမင်း၏ပဏ္ဍုကမ္ဗလာကျောက်ဖျာသည် ပူသောအခြင်းအရာကိုပြသည်။

- ပဏ္ဍုကမ္ဗလာသည် သိကြားမင်း၏အသက်ကုန်သဖြင့်လည်းပူသည်။
- ကောင်းမှုကုန်သဖြင့်လည်း ပူတတ်သည်။
- တစ်ပါးသောအာနုဘော်ကြီးသောသူသည် ထိုသိကြားအရာကို တောင့်တသဖြင့်လည်းပူသည်။
- တရားစောင့်ကုန်သော ကြီးသောတန်ခိုးရှိကုန်သော ရဟန်း ပုဏ္ဏားတို့၏သီလတန်ခိုး၊ ဒါနတန်ခိုးအားဖြင့်လည်းပူသည်။

သိကြားမင်းသည်-

"ငါ့ကို အဘယ်သူသည် နေရာမှရွေ့စေလိုပါသနည်း။" ဟုဆင်ခြင်သည်။ ကဏှာရသေ့ကိုတွေ့မြင်လေသည်။

"ဤရသေ့သည် ပြင်းထန်သောအကျင့်ရှိ၏။ ကောင်းစွာထားအပ်သော ဣန္ဒြေရှိ၏။ ဤရသေ့ကိုတရားဟောစေသဖြင့်

www.dhammaransi.com



မြတ်သောအသံကိုဖြစ်စေ၍ ချမ်းသာခြင်း၏အကြောင်းကိုကြားစေ၍ ဆုပေးသဖြင့် နှစ်သက်စေ၍ ဤသစ်ပင်ကိုအမြဲသီးသော အသီးရှိသည်ကိုပြု၍ လာအံ့"

ဟု သိကြားမင်းသည် ကြံစည်မိပြီးကြီးစွာသောအာနုဘော်ဖြင့် လျင်မြန်စွာ ဆင်းသက်၍ ထိုသစ်ပင်ရင်းဝယ် ကဏှာရသေ့၏နောက် အဖို့၌ရပ်လျက်-

"မိမိက ကျေးဇူးမဲ့ကိုဆိုက အမျက်ထွက်လတ့်လော၊ မထွက်လတ့်လော "

စုံစမ်းလိုသဖြင့်-

"မည်းနက်သော ဤယောကျ်ားသည်မည်းနက်သော မြေအရပ်၌နေလျက် မည်းနက်သောအဆင်းရှိသော သစ်သီးကို စား၏။ ငါ၏စိတ်သည်မချစ်မနှစ်သက်မိပါချေ။"

ဆိုလေသည်။

ကဏှာရသေ့သည် သိကြားမင်း၏စကားကိုကြား၍-

"အဘယ်သူသည်လျှင် ငါနှင့်တကွပြောဆိုသနည်း။"

ဟု ဒိဗ္ဗစက္ခုဖြင့် ကြည့်လတ်သော် သိကြားမင်းဟု သိသည်။ ပြန်မကြည့်ဘဲ

"သုဇာတာနတ်သမီး၏လင် အဆင်းအရေဖြင့် မည်းနက်ခြင်းသည်၊ မည်းနက်သည်မမည်၊ စင်စစ်အတွင်း၌သီလ, သမာဓိ, အစရှိသောအနှစ်တို့နှင့်ပြည့်စုံသောသူသည် ဗြဟ္မဏမည်ပါ၏။

www.dhammaransi.com



အကြင်သူ၌ မကောင်းမှုကံတို့ရှိကုန်၏။ ထိုသူသည်သာ မည်းနက်ပါ၏။"

ဤသို့ဆိုပြီးလျှင် သတ္တဝါတို့ကိုမည်းသောအဖြစ်ကိုပြုတတ်သော ကံတို့ကိုအကျယ်ခဲ့ ဟောပြပြီး သီလအစရှိကုန်သော ကျေးဇူးတို့ကိုချီးမွမ်း၍ ကောင်းကင်၌လကို ထင်စေသကဲ့သို့ သိကြားမင်းက တရားဟောလေသည်။

သိကြားမင်းသည် ကဏှရသေ့၏တရားစကားကိုနာရ၍ နှစ်သက်ဝမ်းမြောက်သည်ဖြစ်၍ ကဏှရသေ့ကိုဆုဖြင့် ပေးလို၍

"မကောင်းမှုကို အပပြုပြီးသောရသေ့ သင်ရသေ့သည် လျှောက်ပတ်သောထိုစကားကို ကောင်းစွာမိန့်ဆိုအပ်သည်ရှိသော် တစ်ခုံတစ်ခုသောဆုကို သင့်အားစိတ်ဖြင့် အလိုရှိ၏ ထိုဆုကိုသင့်အားပေးအံ့၊"

ဟု ပြောကြားသည်။

သိကြားမင်းသည် မိမိကျေးဇူးမဲ့ကို ဆိုသည်ရှိသော် အမြတ်ထွက်လတံ့လော၊ မထွက်လတံ့လောဟု စုံစမ်းလျက် ငါ၏ အရေအဆင်းကိုလည်းကောင်း၊ အစာကိုလည်းကောင်း၊ နေရာကိုလည်းကောင်း၊ ကဲ့ရဲ့၍ယခုငါ၏အမျက်မထွက်သောအဖြစ်ကိုသိ၍ ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဆုကိုပေး၏။ ဤသိကြားမင်းသည် ငါကိုသိကြားစည်းစိမ် ဗြဟ္မာစည်းစိမ်တို့၏အကျိုးငှါ မြတ်သော အကျင့်ကိုကျင့်၏ ဟူ၍လည်းထင်မှတ်နေရာ၏။

www.dhammaransi.com



"ထိုသို့ထင်မှတ်ရာ၌ သိကြားမင်းအား ယုံမှားကင်းစေခြင်းငှါ အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်းတို့သည် ငါ့အားမဖြစ်စေကုန်သတည်း သူစည်းစိမ်၌တပ်စွန်းခြင်းသည်လည်း ငါ့အားမဖြစ်စေသတည်း၊ သူတစ်ပါးတို့၌ ချစ်ခြင်းသည်လည်း ငါ့အားမဖြစ်စေသတည်း၊ လျစ်လျူရှု၍သာလျှင် ငါနေလို၏။ ဤလေးပါးသောဆုတို့ကို ငါယူခြင်းငှါ သင့်၏။"

ဟု ကြံစည်ပြီးလျှင် ရသေ့သည် သိကြားမင်းအား ယုံမှားကင်းစေခြင်းငှါ တစ်ပါးသောဆုကိုယူလို၍-

"ခပ်သိမ်းသောသတ္တဝါတို့ကို အစိုးရသောသိကြားမင်း ငါ့အားဆုကိုသင်သည်အကယ်၍ပေးငြားအံ့ ငါသည်အလွန်အမျက်ထွက်ခြင်းမရှိသောအဖြစ်ကိုလည်းကောင်း၊ အလွန်ပြစ်မှားခြင်းမရှိသောအဖြစ်ကိုလည်းကောင်း၊ လောဘမရှိသောအဖြစ်ကိုလည်းကောင်း၊ ချစ်ခြင်းမရှိသောအဖြစ်ကိုလည်းကောင်း၊ မိမိ၏ဤလေးပါးနှင့် ပြည့်စုံသောသဘောရှိသောဖြစ်ခြင်းကို အလိုရှိပါ၏။ ငါ့အား ဤလေးပါးသောဆုတို့ကို ပေးပါလော့"

ကဏှရသေ့သည် အကြင်အခြင်းအရာအားဖြင့် သိကြားမင်း၏ထံ၌ ဆုကိုယူ၍ပေးသဖြင့် အမျက်ထွက်ခြင်း အစရှိသည်တို့ကိုဖယ်ခြင်းငှာ မတတ်ကောင်းဟူ၍ မသိဘူးလားဟုဆိုကာ ငါမယူဟုဆိုက မလျောက်ပတ်သဖြင့် သိကြားမင်းယုံမှားကင်းစေခြင်းငှါ ဤအခြင်းအရာဖြင့် ဆုကိုယူပါသည်။

www.dhammaransi.com



ထို့နောက်သိကြားမင်းသည် ကဏှာပညာရှိရသေ့ဆုကို ယူသည်ရှိသော်-

"အလွန်လျှင် အပြစ်ကင်းသောဆုကိုယူ၏၊ ထိုဆုတို့၌ ကျေးဇူးအဖြစ်ကို ကဏှာပညာရှိကိုလျှင်မေးအံ့။"

ဟု ကြံစည်မိလေသည်။

"ရှင်ရသေ့. . . သင်သည်အမျက်ထွက်ခြင်း၊ ပြစ်မှားခြင်း တပ်စွန်းခြင်း၊ ချစ်ခြင်းတို့၌အဘယ်အပြစ်ကိုမြင်သနည်း၊ ငါ့အား ပြောပြပေးပါ။"

"သိကြားမင်း. . . သည်းမခံခြင်းကြောင့်ဖြစ်သော အမျက်ထွက်ခြင်းသည်ကား ရှေးဦးစွာအနည်းငယ်သာဖြစ်၍ နောက်တစ်ခါများစွာဖြစ်တတ်၏။ အဆင့်ဆင့်ပွားတတ်၏။ ကပ်ငြိခြင်းကိုပြု တတ်၏။ များစွာသောစိတ်ဆင်းရဲ ကိုယ်ဆင်းရဲကို ဖြစ်စေတတ်၏၊ ထိုသို့များစွာ အပြစ်ရှိသောကြောင့် အမျက်ထွက်ခြင်းကို ငါသည် မနှစ်သက်။"

"သိကြားမင်း. . . အကြင်ဒေါသသည် အမျက်ထွက်ခြင်း၊ ကြောင့်ဖြစ်၏။ ထိုပြစ်မှားခြင်းရှိသော ဒေါသဖြင့်အမျက်ထွက်ပြီး၍ နောက်အဖို့၌ပြစ်မှားသောသူအား ကြမ်းကြုတ်ရုန့်ရင်းသောစကား ကို ဆိုတတ်၏။ ထိုစကား၏အခြားမဲ့၌ ဆွဲငင်ခြင်းစသည်ဖြင့် ထိပါး တတ်၏။ ထိပါးသည်၏အခြားမဲ့၌လက်ဖြင့် ပုတ်ခတ်တတ်၏။ ထို့နောက် တုတ်, လှံတံဖြင့် ပုတ်ခတ်သည်ဖြစ်၏။ ထိုမှတစ်ဆင့်

www.dhammaransi.com


ဓားလက်နက်ကို ကိုင်စွဲလာတတ်၏။ ထိုသို့များသော အပြစ်ရှိသော ကြောင့် ပြစ်မှားခြင်းကိုငါသည် မနှစ်သက်ပါ။"

"သိကြားမင်း. . . ရွာကိုလုယက်ခြင်း၊ ရင်၌ ဓား, လှံ တင်ထား၍ အနိုင်အထက်ပြု၍ ယူခြင်းတို့သည်လည်းကောင်း အတုကိုပြု၍ လှည့်စားခြင်းအကြောင်း၌ လိမ္မာသည်၏အဖြစ်ဖြင့် သူတစ်ပါး၏ဥစ္စာကိုလှည့်ပတ်၍ ယူခြင်းဟူသောလှည့်စားခြင်းတို့ သည်လည်းကောင်း၊ သူစည်းစိမ်ကိုတပ်သော လောဘရှိသောသူ တို့၌ ထင်ကုန်၏။ ထိုသို့များသောအပြစ်ရှိသောကြောင့် လောဘကို ငါသည် မနှစ်သက်"

"သိကြားမင်း. . . သက်ရှိ၊ သက်မဲ့ဖြစ်သော သတ္တဝါ, သင်္ခါရတို့၌ စေးကပ်ငြိတွယ်ခြင်း လက္ခဏာရှိသော တဏှာဟူသော အစေးဖြင့် ကပ်ငြိတွယ်ကုန်သောစိတ်ကြောင့် ဖြစ်ကုန်သော များ ပြားကုန်သော အဘိဇ္ဈာကာယဂန္ထအစရှိကုန်သော အကုသိုလ် တရားတို့သည် သတ္တဝါသင်္ခါရဟုဆိုအပ်သောအာရုံတို့၌ အဖန် တလဲလဲဖြစ်ကုန်၏။ ထိုသို့များစွာသောအပြစ်ရှိသောကြောင့် အဘိဇ္ဈာကာယဂန္ထအစရှိသည်တို့၏ အကြောင်းဖြစ်သောတဏှာ ဟူသော မှီဝဲရာကိုငါသည်မနှစ်သက်။"

သိကြားမင်းသည် ကဏှရသေ့၏အဖြေကိုကြား၍ အလွန် နှစ်သက်ကာ-

www.dhammaransi.com



"ကဏှပညာရှိ သင်သည်ဤပြဿနာတို့ကို ဘုရား၏တင့်တယ်စံပယ်ခြင်းဖြင့် ဖြေဆိုအပ်ပါပြီ၊ ငါသည်အလွန်လျှင် ရှင်ရသေ့အား နှစ်သက်သည်ဖြစ်၍ တစ်ပါးသောဆုကိုလည်းယူဦးလော့"
ဟု ဆိုလို၍-

"ရှင်ရသေ့. . . ကောင်းစွာဟောအပ်သော ရှင်ရသေ့အား လျှောက်ပတ်သော ထိုကုသိုလ်ကံ-အကုသိုလ်ကံတို့နှင့်စပ်သော တရားကို ရှင်ရသေ့သည် ကောင်းစွာဟောအပ်သည်ရှိသော် ငါသည် ကြည်ညိုမိပါ၏။ သင့်အားဆုကိုပေးလိုပါ၏။ သင့်စိတ်၌ဖြစ်ပေါ်လာသော အလိုရှိသောဆုကို ငါပေးပါအံ့"

"ခပ်သိမ်းသောနတ်တို့ကို အစိုးရသောသိကြားမင်း. . . သင်သည်ငါအားဆုကို အကယ်၍ပေးသည်ဖြစ်အံ့၊ တော၌ကြရိယာ ပုတ်လေးပါးကို ဆောင်လျက်အမြဲ တစ်ယောက်တည်းသာ နေလေ့ရှိသောငါအား ပြင်းစွာကုန်သော မြတ်သောအကျင့်၏အန္တရာယ်ပြုတတ်ကုန်သော အနာတို့သည် မဖြစ်စေကုန်သတည်း၊ ဤအန္တရာယ်ကင်းသောဆုကိုသာ ပေးပါလော့"

"ကဏှပညာရှိကား ဆုကိုယူသည်ရှိသော် ပစ္စည်းလေးပါးနှင့်စပ်သောဆုကိုမယူပေး ခြိုးခြံသောအကျင့်နှင့်စပ်သောဆုကိုသာလျှင်ယူ၏။"
ဟု ကြံစည်မိပြီး အတိုင်းထက်အလွန် ကြည်ညိုမိကာ တစ်ပါးသောဆုကိုပေးလိုရကား-

www.dhammaransi.com



"ရှင်ရသေ့. . . ကောင်းစွာဟောအပ်သော ရှင်ရသေ့အား လျှောက်ပတ်သော ထိုကုသိုလ်ကံနှင့်စပ်သောတရားကို ရှင်ရသေ့သည် ကောင်းစွာဟောအပ်သည်ရှိသော် ကျွန်ုပ်သည်သင်အား အလွန်ပင်ကြည်ညိုမိပါ၏။ အခြားသင်လိုသောဆုကို တောင်းပါဦးလော့"

ကဏှရသေ့သည် ဆုကိုယူခြင်း၌ နည်းသေးသဖြင့် ယူသောအရိပ်အမြွက်ဖြင့်လည်း သိကြားမင်းအား တရားဟောလို၍

"အလုံးစုံသောနတ်တို့ကို အစိုးရသောသိကြားမင်း. . . သင်သည် ငါအားဆုကို အကယ်၍ပေးသည်ဖြစ်အံ့၊ ငါအကြောင်းကြောင့်တစ်စုံတစ်ယောက်သော သတ္တဝါအားငါ၏ ကိုယ်, နှုတ်, စိတ်ဖြင့် ဒုစရိုက်ဆယ်ပါးမဖြစ်ပါစေလင့်၊ ငါ့အကြောင်းကြောင့် ဒုစရိုက်ဆယ်ပါး မပွားအံ့သောဆုကို ပေးပါလော့"

ဤသို့လျှင် ကဏှရသေ့သည် ခြောက်ပါးသောအရာတို့၌လည်း ဆုကိုယူသည်ရှိသော် ဈာန်ကိုမှီသောဆုကိုသာလျှင်ယူ၏။ ကိုယ်ကားအနာနှိပ်စက်ခြင်းသဘောရှိ၏။ ထိုနာခြင်းသဘောရှိသောကိုယ်ကို သိကြားမင်းသည် နာခြင်းသဘောမရှိသည်ကို ပြုခြင်းငှါ မတတ်ကောင်းဟု ကဏှရသေ့သည် သိ၏။

သတ္တဝါတို့၏လည်း သုံးပါးသောဒွါရတို့၌ စင်ကြယ်သည် အဖြစ်ကိုသိကြားမင်းသည် ပြုခြင်းငှါမတတ်ကောင်း၊ စင်ကြယ်ခြင်းသည် မိမိကိုယ်နှင့်သာ စပ်သည်သာလျှင်သတည်း။

www.dhammaransi.com



ဤသို့ဖြစ်ပြားသော်လည်း သိကြားမင်းအား တရားဟော ခြင်းငှါ ဤခြောက်ပါးသောဆုကိုယူ၏။

သိကြားမင်းသည်လည်း ထိုသစ်ပင်ကိုချိုသောအသီးရှိ သည်ကိုပြုပြီးလျှင် ကဏှာရသေ့ကိုရှိခိုးလျက် ဦးခေါင်းထက်၌ လက် အုပ်တည်လျက်-

"ဤအရပ်၌သာလျှင် အနာမရှိ၊ ကျန်းမာပကတိရှိတော် မူသည်ဖြစ်ကုန်စေသတည်း။"

ဟုဆို၍ မိမိနေရာ တာဝတိံသာနတ်ပြည်သို့သာလျှင် ပြန်လေသည်။

ဘုရားလောင်းကဏှာရသေ့သည် မယုတ်သောဈာန်ရှိသည် ဖြစ်၍ ပြဟ္မာပြည်သို့လားရောက်ရလေသည်။

ဇာတ်တော်ကိုပေါင်းသော်-

အာနန္ဒာ ဤအရပ်သည်ကား ငါဘုရားသည်ကဏှာရသေ့ ဖြစ်သောအခါ နေတော်မူသော အရပ်တည်း။"

ဟု ဟောကြား၍ ဇာတ်တော်ကိုပေါင်းပြသည်။

ယခုခါ အနုရုဒ္ဓါသည် ထိုအခါ သိကြားမင်း

ယခုခါ ငါဘုရားသည် ကဏှာပညာရှိရသေ့ဖြစ်ခဲ့သည်။

(ဒသကနိပါတ၊ ကဏှဇာတက)

www.dhammaransi.com


## ၁၉။ သိကြားမင်းနှင့်မင်္ဂလာ (၈)ပါး (၃၈)ပါး ပြဿနာ

ရာဇဂြိုဟ်ပြည်၌ တစ်စုံတစ်ယောက်သော ပြုဖွယ်ကိစ္စ ကြောင့်စည်းဝေးရာဇရပ်၌ စည်းဝေးနေကြစဉ် လူအပေါင်း၏ အလယ်၌ ယောကျ်ားတစ်ယောက်သည်

"ယနေ့ ငါ့အားပြုအပ်သော မင်္ဂလာရှိ၏"

ဟု ဆိုကာထ,သွားလေသည်။

ထိုအခါ ယောကျ်ားတစ်ယောက်က-

"ဤသူသည် မင်္ဂလာဟုဆို၍သာလျှင်သွား၏။ ထိုမင်္ဂလာ မည်သည် အဘယ်နည်း"

ဟုမေးသည်။

"အလွန်မင်္ဂလာဟု သမုတ်အပ်သောရူပါရုံကို မြင်ရခြင်း သည် မင်္ဂလာမည်၏။"

ဟု ဖြေသည်။

ထိုစကားသည် မှန်ပါ၏။

"အချို့သောသူတို့သည် နံနက်စောစောကလျှင် ထ,၍

- ကိုယ်လုံးဖြူသော နွားလားဥသဘကိုလည်းကောင်း၊
- ကိုယ်ဝန်ဆောင်သော မိန်းမကိုလည်းကောင်း၊
- ငါးကြင်းကိုလည်းကောင်း၊
- ဆီဦးကိုလည်းကောင်း၊

www.dhammaransi.com



- နွားနို့ထောပတ်ကိုလည်းကောင်း၊
- အစာမချေရသေးသော ပုဆိုးကိုလည်းကောင်း၊
- နို့ ဃနာထမင်းကိုလည်းကောင်း မြင်၏။ ထိုထက်အလွန်
 မင်္ဂလာမရှိပြီ"

ဟု ဆိုလေသည်။

ထိုယောက်ျားဆိုသောစကားကို အချို့သောသူတို့သည် ကောင်းစွာဆိုအပ်သောစကား ဟူ၍ နှစ်သက်ကုန်၏။

တစ်ယောက်သောယောက်ျားသည်

"ထိုမြင်အပ်သော ရူပါရုံသည် မင်္ဂလာမမည်၊ ကြားအပ်သောအသံသည် မင်္ဂလာမည်၏။"

ဟု ဆိုသည်။

- အချို့သောသူတို့က ပြည့်ဝ၏ဟုဆိုသော သူတို့၏ အသံကိုကြား၏။
- ပွားသည်ထက်ပွား၏ဟု ဆိုကုန်သောသူတို့၏ အသံကို ကြား၏။
- ချမ်းသာသည်ဟူသောသူတို့၏အသံကိုကြား၏။
- စားလော, သောက်လော့ဟုဆိုသောသူတို့၏အသံကို ကြား၏။ ထိုထက်အလွန် မင်္ဂလာမရှိပြီ"

ဟု ဆို၏။

www.dhammaransi.com



ဤစကားများကိုအချို့သောသူတို့သည် ကောင်းစွာဆိုအပ်သောစကားဟူ၍ နှစ်သက်ကုန်၏။

တစ်ယောက်သောသူသည်-

"ထိုမြင်အပ်သော ရူပါရုံသည် မင်္ဂလာမမည်၊ ကြားအပ်သောအသံသည် မင်္ဂလာမမည်၊ တွေ့ထိအပ်သော အာရုံသည် မင်္ဂလာမည်၏။"

ဟုဆို၏။

ဤစကားသည် မှန်၏။

"အချို့သောသူသည် စောစောကလျှင်ထ,၍ မြေကိုသုံးသပ်၏။ စိမ်းသောနေဇာမြက်, စိုသောနွားချေး, စင်ကြယ်သန့်ရှင်းသောမုဆိုး, ငါးကြင်း, ရွှေခွက်, ငွေခွက်ကိုသုံးသပ်မိ၏။ ဤထက်အလွန်မင်္ဂလာမည်သည်မရှိ"

ဟုဆို၏။

ဤဆိုအပ်သောစကားကိုလည်း အချို့သောသူတို့သည် ကောင်းစွာဆိုအပ်သောစကားဟူ၍ နှစ်သက်ကုန်၏။

ဤသို့လျှင် ဒိဋ္ဌမင်္ဂလာအယူရှိသောပရိသတ်၊ သုတမင်္ဂလာအယူရှိသော ပရိသတ်၊ မုတမင်္ဂလာရှိသောပရိသတ်ဟု (၃)စုသောပရိသတ်တို့သည် ဖြစ်ကုန်၏။

အချင်းချင်းသိစေခြင်းငှါ မတတ်နိုင်ကုန်၊ဘုမ္မစိုးနတ်တို့ကိုအစပြု၍အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင်သော နတ်၊ ဗြဟ္မာတို့သည်

www.dhammaransi.com



"ဤသည်ကား မင်္ဂလာမည်၏။"
ဟူ၍ မှန်သောအားဖြင့် မသိနိုင်ကုန်ချေ။

ထိုအခါ သိကြားမင်းသည်-

"ဤမင်္ဂလာပြဿနာကို နတ်ပြည်၊ ပြဟ္မာပြည်နှင့်တကွသော လောကဓာဘုရားရှင်ကို တစ်ပါးသောသူသည် ဖြေဆိုခြင်းငှါ တတ်နိုင်သောသူသည်မရှိ မြတ်စွာဘုရားကို ချဉ်းကပ်၍ဤမင်္ဂလာပြဿနာ၏အဖြေကိုပေးအံ့"
ဟူ၍ ကြံစည်မိလေသည်။

သိကြားမင်းသည် ကြံစည်ပြီး ညဥ့်သန်းကောင်ယံအချိန်ဝယ် ဇေတဝန်ကျောင်းသို့လာကာ ဘုရားထံချဉ်းကပ်၍ လက်အုပ်ချီရှိခိုးကာ ဗဟုဒေဝါမနုဿာ အစရှိသောမေးခွန်းပြဿနာကို မေးလျှောက်လေသည်။

ထိုအခါ ဘုရားရှင်သည် အသေဝနာစဗာလာနံစသော (၁၁) ဂါထာတို့ဖြင့် (၃၈)ဖြာသော မင်္ဂလာတို့ကို ဟောပြတော်မူသည်။

ထိုမင်္ဂလာသုတ်ကို ဟောတော်မူသည်ရှိသော် ကုဋေတစ်သိန်းအတိုင်းအရှည်ရှိသော နတ်၊ ပြဟ္မာတို့သည် အရဟတ္တဖိုလ်သို့ရောက်ကုန်၏။ သောတာပန်အစရှိသော ပုဂ္ဂိုလ်၏အရေအတွက်သည်ကား အတိုင်းအရှည်မသိပါချေ။

www.dhammaransi.com


သိကြားမင်းသည် မင်္ဂလာတရားကိုနာယူပြီးလျှင် တာဝတိံသာသို့ပြန်လေသည်။ မြတ်စွာဘုရား မင်္ဂလာသုတ်ကို ဟောတော်မူပြီးသော် နတ်ပြည်၊ ဗြဟ္မာပြည်နှင့်တကွသော လူအပေါင်းတို့သည်-

"မဖောက်မပြန် မှန်သောဒေသနာတော်တည်း"

ဟူ၍ အလွန်နှစ်သက်ဝမ်းမြောက်ကြလေသည်။

ရဟန်းတို့သည် မြတ်စွာဘုရားရှင်၏ မင်္ဂလာတရားဟောမှုနှင့်ပတ်သက်၍ ဘုရားရှင်ကိုချီးမွမ်းကြရာမှ ဘုရားရှင်က မင်္ဂလာတရားကို ယခုမှဟောသည်မဟုတ်၊ ရှေးကလည်းဟောဖူးကြောင်း အတိတ်ဆောင်၍ ပြန်လည်ဟောကြားပြသလေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွာငယ်တစ်ခုဝယ် စည်းစိမ်ဥစ္စာနှင့်ပြည့်စုံသော ပုဏ္ဏားမျိုးဖြစ်၍ ဘုရားလောင်းအား ရက္ခိတဟူသောအမည်ကို မှည့်ထားကြသည်။

ရက္ခိတသည် အရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်ပညာများကို ပြည့်စုံစွာသင်ယူပြီးနောက် သားမယားတို့နှင့် အတူနေသည်။

မိဘတို့ကွယ်လွန်သော် ရတနာဥစ္စာတို့ကိုကြည့်၍ ထိတ်လန့်သောစိတ် ဖြစ်ပေါ်လာသည်။ သို့အတွက် အလှူကြီးကိုပြုပြီး ကာမဂုဏ်တို့ကိုပယ်ကာ ဟိမဝန္တာအရပ်၌ ရသေ့ရဟန်းပြု၍ တရားကိုအားထုတ်ရာ အဘိညာဉ်ကိုရခဲ့သည်။

www.dhammaransi.com


တောသစ်မြစ် သစ်သီးကိုစားပြီး တစ်ခုသောအရပ်၌ နေသည်။ နောင်တွင် တပည့်ငါးရာဖြစ်လာသည်။

တစ်နေ့တွင် တပည့်ငါးရာတို့သည် ဆရာရက္ခိတရသေ့ထံ ချဉ်းကပ်၍-

"ဆရာ. . . မိုးလလွန်သောအခါ ဟိမဝန္တာတောမှသက်ဆင်း၍ ချဉ်ဆားမှီဝဲအံ့သောငှါ ဇနပုဒ်သို့ဒေသစာရီသွားပါကုန်အံ့၊ ဤသို့ဒေသစာရီသွားသည်ရှိသော် ခန္ဓာကိုယ်သည် မြဲမြံခိုင်ခံ့သည်ဖြစ်လတ့်၊ သွားခြင်းကြိယာပုတ်ဖြင့် ခန္ဓာကိုယ်မှုတသည်ဖြစ်လတ့်"
ဟု ပန်ကြားလျှောက်ထားကြသည်။

"ထိုသို့ဆိုက သင်တို့သည် သွားကြကုန်၊ ငါမူကား ဤတော၌သာလျှင် နေခဲ့ပါအံ့၊"
ဟု ဆိုကာ ခွင့်ပြုလေသည်။

တပည့်တို့သည် ရက္ခိတရသေ့အားရှိခိုးလျက် ဟိမဝန္တာမှ သက်ကုန်၍ဒေသစာရီသွားကြသည်ရှိသော် အစဉ်သဖြင့် ဗာရာဏသီသို့ ရောက်ကြပြီး မင်း၏ဥယျာဉ်၌ နေကြကုန်သည်။

ထိုရသေ့တို့အား လူတို့သည်များစွာ အရိုအသေပြု၍ လှူခြင်း၊ မြတ်နိုးခြင်းရှိသည်သာလျှင် ဖြစ်၏။

တစ်နေ့ဗာရာဏသီပြည်ဝယ် မင်းတို့စုဝေးရာ တိုင်ပင်ရာဇရပ်၌ များစွာသောလူအပေါင်းတို့ စုဝေးမိသော် မင်္ဂလာပြဿနာသည် ဖြစ်ပေါ်လာလေသည်။

www.dhammaransi.com


ထိုအခါ၌လည်း လူတို့၏ယုံမှားခြင်းကိုဖြတ်၍ မင်္ဂလာပြဿနာကိုဖြေဆိုခြင်းငှါ စွမ်းနိုင်သောသူကို မမြင်သည်ဖြစ်၍ များစွာသောလူအပေါင်းသည် ဥယျာဉ်သို့သွား၍ ရသေ့တို့အား မင်္ဂလာပြဿနာကို မေးကြသည်။

ရသေ့တို့သည် မင်းကိုခေါ်၍-

"မြတ်သောမင်းကြီး. . . ငါတို့သည် မင်္ဂလာပြဿနာကို ဖြေဆိုခြင်းငှါ မတတ်နိုင်ကုန်၊ ထိုသို့မတတ်နိုင်သော်လည်း ငါတို့၏ ဆရာဖြစ်သော ရက္ခိတရသေ့သည် နတ်နှင့်တကွသော လူအပေါင်း၏ စိတ်ကိုယူ၍ ထိုမင်္ဂလာပြဿနာကို ဖြေကြားပေးလတ့်"
ဟု မိန့်ကြားကြသည်။

"အရှင်ဘုရားတို့. . . ဟိမဝန္တာယမည်သည်ကား ဝေးလှပါ၏။ ရောက်နိုင်ခဲသည်သာတည်း၊ အကျွန်ုပ်တို့သည် ဟိမဝန္တာသို့ သွားခြင်းငှါ မစွမ်းနိုင်ပါ၊ အရှင်ဘုရားတို့ ကျွန်ုပ်တောင်းပန်ပါ၏။ အရှင်ဘုရားတို့သာလျှင် ဆရာထံသို့သွား၍မေးကာ သင်ယူခဲ့ပြီး နောက်တစ်ဖန်ပြန်လာ၍ ကျွန်ုပ်တို့အား ဟောပြပေးပါ။"
ဟု တောင်းပန်လျှောက်ထားသည်။

ရသေ့တို့သည်လည်း ကောင်းပါပြီဟု ဝန်ခံကြ၍ ဆရာရသေ့ထံသို့ ပြန်သွားကြကာ ဆရာအားရှိခိုးနှုတ်ဆက်ကြသည်။

ဆရာရသေ့က မင်းသည် မင်းကျင့်တရားဆယ်ပါးစောင့် မစောင့်၊ ဇနပုဒ်သားတို့၏ အလေ့အကျင့် စာရိတ္တတို့ကို မေးသည်။

www.dhammaransi.com



တပည့်တို့က ထိုဒိဋ္ဌမင်္ဂလာရှိသော ပြဿနာဖြစ်ကြောင်းကို အစမှစ၍ ပြောဆိုပြီးလျှင် မင်း၏တောင်းပန်ခြင်းကိုလည်းကောင်း၊ မိမိတို့၏မင်္ဂလာပြဿနာအမေးကိုသိခြင်းငှါ ပြန်လာသည့်အဖြစ်ကိုလည်းကောင်း၊ ပြည်သူတို့၏မင်္ဂလာပြဿနာကိုလည်းကောင်း ပြောပြလျှောက်ထားကြသည်။

ထို့နောက် မင်္ဂလာတရားကိုဟောကြားပေးပါရန် တောင်းပန်လိုကြသည်ဖြစ်၍

"အရှင်ဘုရား. . . အကြင်ယောကျ်ားသည် မင်္ဂလာကိုတောင့်တသောအခါ၌ အဘယ်မည်သောအတတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် အဘယ်မည်သော ဗေဒင်ကိုလည်းသင်၍ သင်ကြားအပ်သော အတတ်တို့တွင် အဘယ်မည်သောအတတ်ကိုသင်၍ ထိုယောကျ်ားသည်ဤပစ္စုပ္ပန်လောက၌လည်းကောင်း၊ တမလွန်လောက၌လည်းကောင်း၊ စင်ကြယ်ခြင်းသို့ရောက်သဖြင့်စောင့်ရှောက်အပ်သည်ဖြစ်၍ အဘယ်မည်သောအမှတ်ဖြင့်ပြုသနည်း၊ ဟောပြတော်မူပါဘုရား။"

ဟု တပည့်ကြီးတို့က မေးအပ်သည်ရှိသော် ရက္ခိတရသေ့သည် နတ်လူတို့၏ယုံမှားခြင်းကိုဖြတ်လိုလျက် မင်္ဂလာတရား (၈)ပါးကို ဟောပြသည်မှာ-

"တပည့်အပေါင်းတို့. . . အကြင်ပုဂ္ဂိုလ်အား ခပ်သိမ်းကုန်သော ဘုမ္မစိုးအစရှိသော ကာမာဝစရနတ်ပြည်ခြောက်ထပ်၌ နေ

www.dhammaransi.com



ကုန်သောနတ်တို့ကိုလည်းကောင်း၊ ရူပါဝစရပြဟ္မာတို့ကိုလည်းကောင်း၊ ကျောက်ရှည်မျိုးဖြစ်ကုန်သောသတ္တဝါတို့ကိုလည်းကောင်း မေတ္တာဖြင့်အခါခပ်သိမ်းလေ့ကျင့်ပွားများအပ်သည်ဖြစ်ကုန်၏။ ထိုပုဂ္ဂိုလ်၏ ထိုမေတ္တာဘာဝနာပွားစေခြင်းကို စင်ကြယ်သောအပြစ်မရှိသော မင်္ဂလာဟူ၍ ပညာရှိတို့သည် ဆိုကြပါကုန်၏။"

"အကြင်သူသည် မြဲ-မမြဲသော အဆွေခင်ပွန်းတို့ကို အတတ်ပညာ၊ အမျိုးဇာတ်ပြည့်စုံမှု၊ ဥစ္စာပြည့်စုံမှုတို့ဖြင့် မထေမဲ့မြင်မပြု၊ အကျိုးအကြောင်းဖြစ်ကုန်သောအခါ၌ နှစ်သက်အပ်သောကောင်းသောပညာရှိသည်၊ အကျိုးအကြောင်းကို ပိုင်းခြားစီရင်နိုင်သော ပညာရှိသည်ဖြစ်၍ အဆွေခင်ပွန်းတို့ကို မထေမဲ့မြင်မပြု၊ အဆွေခင်ပွန်းတို့ကို ထိုသို့မထေမဲ့မြင်မပြုခြင်းကို အပြစ်မရှိစင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ဆိုကြပါကုန်၏။"

"အကြင်သူသည် မချွတ်မယွင်းစေတတ်သော အလေ့ရှိသော အကြင်သူအား အကျွမ်းဝင်ခြင်းသို့ရောက်ကုန်သော ပညာရှိသူတော်ကောင်းတို့သည် စင်စစ်အဆွေခင်ပွန်းတို့ဖြစ်ကုန်၏။ အဆွေခင်ပွန်းတို့၏ အစီးအပွားကို ဖျက်ဆီးတတ်သည်မဖြစ်၊ အဆွေခင်ပွန်းတို့အား မိမိဥစ္စာဖြင့်ခွဲခြမ်းဝေဖန်လေ့ရှိ၏။ ထိုသို့သောသူ၏ အဆွေခင်ပွန်းကောင်းရှိခြင်း၊ အဆွေခင်ပွန်းတို့အား ဥစ္စာဖြင့် ဆက်ဆံဝေဖန်ဖြန့်ချီခြင်းကို အပြစ်မရှိစင်ကြယ်သောမင်္ဂလာဟု ပညာရှိတို့ဆိုကြပါကုန်၏။

www.dhammaransi.com



"အကြင်သူအား တူသောအစွယ်ရှိသော အညီအညွတ် ဝမ်းမြောက်ဝမ်းသာနေလေ့ရှိသော လင်၏အလိုကိုသာလိုက်သော ကုသိုလ်သုစရိုက်တရားတို့ကိုသာ နှစ်သက်တတ်သော၊ မိန်းမမြူ မဟုတ်သော၊ မြတ်သောအမျိုးရှိသော၊ သီလရှိသော၊ လင်ကိုရိုသေသောအကျင့်ရှိသော မယားသည်ရှိ၏။ ထိုသူ၏မယားတို့၌ ထိုဆိုအပ်သောဂုဏ်နှင့်ပြည့်စုံသောမယားကို အပြစ်မရှိစင်ကြယ်သော မင်္ဂလာဟူ၍ ပညာရှိတို့ဆိုကုန်၏။

"အကြင်သူ၏ စင်ကြယ်သည်၏အဖြစ်ကိုလည်းကောင်း၊ လုံ့လရှိသည်၏အဖြစ်ကိုလည်းကောင်း၊ ဤသူသည်ကောင်းသောစိတ်ရှိသည်၊ ဤသို့ငါ့ကိုလူအပေါင်း၏ အရှင်ဖြစ်တော်မူသော မြတ်သောကျော်ဇောခြင်းရှိသော မင်းသည်သိ၏။ မင်းတို့ကိုမှီဝဲဆည်းကပ်သော ထိုသူ၏စင်ကြယ်သည်အဖြစ်ကိုသာလျှင် အပြစ်မရှိစင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့ဆိုကြပါကုန်၏။

"အကြင်သူသည် ကံ-ကံ၏အကျိုးကိုယုံကြည်သည်ဖြစ်၍ ထမင်း, အဖျော်, ပန်းနံ့သာ, နံ့သာပျောင်းတို့ကို ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ဝမ်းမြောက်သည်ဖြစ်၍ ပေးလှူ၏။ ထိုအလှူရှင်၏ ထိုအလှူကိုနတ်ပြည်တို့၌ ချမ်းသာခြင်း၏အကြောင်းဖြစ်သော အပြစ်မရှိသော မင်္ဂလာဟူ၍ပညာရှိတို့သည် ဆိုကုန်၏။

"တပည့်တို့. . . ပညာအားဖြင့်ကြီးကုန်သော ငြိမ်သက်ယဉ်ကျေးသောစိတ်ရှိကုန်သော၊ ပညာဗဟုသုတရှိကုန်သော၊

www.dhammaransi.com


ရှာမှီးအပ်ပြီးသော ဂုဏ်ရှိသော၊ အရိယသီလရှိကုန်သော၊ အရိယာတို့သည် ကောင်းသောအကျင့်ဖြင့် နှစ်သက်သောစိတ်ရှိကုန်သည်ဖြစ်၍ အကြင်ပုဂ္ဂိုလ်ကိုမြတ်သောအကျင့်ဖြင့် သုတ်သင်ကုန်၏။ ရဟန္တာတို့၏အလယ်၌ ရအပ်သောပုဂ္ဂိုလ်၏ ထိုအရိယာတို့၏ အရဟတ္တဖိုလ်တရားကို အပြစ်မရှိသော၊ စင်ကြယ်သောမင်္ဂလာဟူ၍ ပညာရှိတို့သည် ဟောကြကုန်၏။

ဤသို့လျှင် ဘုရားလောင်းရက္ခိတရသေ့သည် အရဟတ္တဖိုလ်ဖြင့် ဒေသနာ၏အထွတ်ကိုတင်လျက် ဤရှစ်ပါးသောမင်္ဂလာကြီးတို့ကို ဟောတော်မူ၏။

"အို. . . တပည့်အပေါင်းကို သတ္တလောက၌ ဤရှစ်ပါးသော မင်္ဂလာကြီးကိုသာလျှင် အပြစ်မရှိစင်ကြယ်သော မင်္ဂလာမည်ကုန်၏။ ဘုရားအစရှိသောပညာရှိတို့သည် ချီးမွမ်းကုန်၏။ နိဗ္ဗာန်တိုင်အောင် မြတ်သောချမ်းသာကို ဖြစ်စေတတ်ကုန်၏။"

ဤလောက၌ ပညာရှိသော လူနတ်အပေါင်းသည် ထိုရှစ်ပါးသော မင်္ဂလာကြီးတို့ကိုသာလျှင် မှီဝဲကုန်ရာ၏။ ဒိဋ္ဌမင်္ဂလာ၊ သုတမင်္ဂလာ၊ မုတမင်္ဂလာလာ၌ တစ်စုံတစ်ခုသော မင်္ဂလာသည်မျှလည်း မှန်သောသစ္စာမည်သည်မရှိ၊ ထို့ကြောင့် ထိုရှစ်ပါးသော မင်္ဂလာကိုသာလျှင် မှီဝဲကုန်ရာ၏။"

ရသေ့အပေါင်းတို့သည် ဤ (၈)ပါးသော မင်္ဂလာကိုနာယူပြီး (၇)ရက်လွန်သောအခါ ဆရာရက္ခိတကိုပန်ကြား၍ ဗာရာဏ

www.dhammaransi.com



သီသို့ ပြန်လာကြပြီး မင်းအားထိုမင်္ဂလာ (၈)ပါးကို ဟောကြားပြသကြသည်။

ထိုမင်္ဂလာကို ကြားနာရသော ကာလမှစ၍ လောက၌ မင်္ဂလာသည်ထင်ရှားသည်ဖြစ်၏။ မင်္ဂလာကိုကောင်းစွာကျင့်ကုန်၍ သေတိုင်းသေတိုင်းသောသူတို့သည် နတ်ပြည်သို့ရောက်စေပြည့်စေကုန်၏။

ရက္ခိတရသေ့သည် ဗြဟ္မဝိဟာရတရားတို့ကို ပွားစေပြီးလျှင် ရသေ့အပေါင်းတို့ကို ယူဆောင်၍ဗြဟ္မာပြည်၌ ဖြစ်ကြကုန်သည်။

ဇာတ်တော်ကိုပေါင်းသော်-

ယခုခါ သာရိပုတ္တရာသည်

ထိုအခါ မင်္ဂလာပြဿနာကိုမေးသော တပည့်ကြီး

ယခုခါ ဘုရားရှင်သည် ထိုအခါ ရက္ခိတရသေ့

ယခုခါ ရဟန်းပရိသတ်သည်

ထိုအခါ ရသေ့ပရိသတ်တို့ဖြစ်ကြသည်။

(ဒသကနိပါတ မဟာမင်္ဂလဇာတ်)

www.dhammaransi.com



## ၂၀။ သိကြားမင်းဟောပြောသော နတ်ပြည်ရောက်ကျင့်စဉ်များ

ဗုဒ္ဓသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်အခါ သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဥဒယဘဒ္ဒဇာတ်ကို ဟောကြားခဲ့ခြင်းဖြစ်ပါသည်။

လွန်လေပြီးသောအခါ ကာသိတိုင်း ကုရုန္ဒနမြို့၌ ကာသိကရာဇ်မင်းသည် မင်းပြုသည်။

ထိုမင်းအား သားသမီးတို့သည် မထွန်းကားကုန်၊ မင်းသည် မိမိ၏မိဖုရားတို့ကို သားဆုကိုတောင်းရန် တိုက်တွန်းလေသည်။

ထိုမိဖုရားက သီလစောင့်၍ သားဆုကိုပန်သော် ဘုရားလောင်းသည် ဗြဟ္မာပြည်မှစုတေ၍ မိဖုရားကြီးဝမ်း၌ သန္ဓေတည်သည်။ ထိုမင်းသားဖွားသောအခါ လူအများ၏နှလုံးကိုပွားစေ၍ ဖွားမြင်လာသောကြောင့် "ဥဒယဘဒ္ဒ" ဟု အမည်ပေးလေသည်။

မင်းသားငယ်ဖြေဖြင့် သွားနိုင်သောအရွယ်သို့ရောက်သော် အခြားတစ်ယောက်သည် ဗြဟ္မာပြည်မှစုတေ၍ ထိုမင်း၏မိဖုရားတစ်ပါး၏ဝမ်း၌ သန္ဓေယူသည်။ ထိုမင်းသမီးမွေးဖွားသောအခါ၌လည်း "ဥဒယဘဒ္ဒ" ဟူ၍ အမည်ပေးထားပြန်သည်။

မင်းသားသည် အရွယ်ရောက်သည်ရှိသော် အလုံးစုံသော အတတ်ပညာပြီးမြောက်ခြင်းသို့ ရောက်လေသည်။

www.dhammaransi.com



ထိုမင်းသားသည် ဖွားသောအချိန်မှစ၍ မြတ်သောအကျင့်ကိုကျင့်၏။ အိပ်မက်ဖြင့်သော်လည်း မေထုန်အကျင့်ကိုမသိစဖူး ထိုမင်းသား၏စိတ်သည် ကိလေသာတို့၌ မကပ်ငြိချေ။

"မင်းသည် သားတော်ကိုမင်းအဖြစ်၌ အဘိသိက်သွန်း၍ ကချေသည်တို့ကို လုပ်ကျွေးစေအံ့"

ဟု မင်းသားထံသို့ သတင်းစကားကို စေသည်။

"ကျွန်ုပ်သည် မင်းအဖြစ်ကိုအလိုမရှိပါ။ ကိလေသာတို့၌ ကျွန်ုပ်၏စိတ်သည် မကပ်ငြိပါ။"

ဟု ပယ်လေသည်။

ဖခင်မင်းကြီးက အဖန်တလဲလဲဆိုသော် ဇမ္ဗူရာစ်ရွှေစင်ဖြင့် ပြီးသောမိန်းမရုပ်ကို ပြုလုပ်စေ၍-

"ဤအရုပ်နှင့်တူသော မိန်းမကိုရသော် မင်းအဖြစ်ကို လက်ခံပါအံ့။"

မိဘတို့ထံအကြောင်းပြန်လိုက်သည်။

မိဘတို့သည် ထိုရွှေရုပ်ကိုဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်စေ၍ ထိုအရုပ်နှင့်တူသော မိန်းမကိုမရကုန်၍ ဥဒယဘဒ္ဒမင်းသမီးကိုတန်ဆာဆင်၍ ထိုရွှေရုပ်အနီး၌ ထားကုန်သည်။

ဥဒယမင်းသမီး၏အလှသည် ထိုရွှေရုပ်ကိုလွှမ်းမိုး၍ တည်လေသည်။ ထိုအခါ ထိုနှစ်ယောက်တို့သည် အလိုမရှိကုန်ဘဲလျက် အဖတူအမိကွဲနှမဖြစ်သော ဥဒယဘဒ္ဒမင်းသမီးကို မိဖုရားပြု၍ မင်းအဖြစ်ဖြင့် အဘိသိက်သွန်းကြလေသည်။

www.dhammaransi.com



ထိုနှစ်ယောက်ကုန်သောသူတို့သည် မြတ်သောအကျင့်ဖြင့် နေခြင်းကိုသာလျှင် နေကုန်၏။ နောင်အဖို့၌ မိဘတို့သည် သေလွန်သဖြင့် ဥဒယဘဒ္ဒသည် မင်းပြုလေသည်။

နှစ်ယောက်သောမင်း၊ မိဖုရားတို့သည် တစ်ခုသောတိုက်ခန်း၌နေကုန်သော်လည်း တဏှာ၏အစွမ်းဖြင့် ကြွေတို့ကိုဖျက်၍ အချင်းချင်း မကြည့်ဖူးကြကုန်၏

"ငါတို့နှစ်ယောက်တွင် အကြင်သူသည် ရှေးဦးစွာသေအံ့၊ ထိုသူသည် ဖြစ်ရာအရပ်မှလာ၍ ဤမည်သောအရပ်၌ဖြစ်သည် ဟုကြားလော့။"

ဟုကတိကဝတ်ကိုပြုကြသည်။

ထိုဥဒယဘဒ္ဒမင်းသည် မင်းအဖြစ်အနှစ် (၇၀၀)လွန်သဖြင့် သေခဲ့ပြီး တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်ပြီး များသောအခြံအရံရှိလေသည်။

ဥဒယဘဒ္ဒမင်းသေလွန်သော် အခြားမင်းမတက်၊ ဥဒယဘဒ္ဒ မင်းသမီး၏အာဏာဖြင့်သာ အမတ်တို့သည် တိုင်းပြည်ကိုဆုံးမကုန်၏။

သိကြားမင်းသည် နတ်စည်းစိမ်ကြောင့် ခုနှစ်ရက်ပတ်လုံး အောက်မေ့ခြင်းငှါမတတ်နိုင်ကုန်၊ လူတို့၏အနှစ်(၇၀)မှ ဥဒယဘဒ္ဒ မင်းသမီးကိုဆင်ခြင်ကြည့်မိသည်။

www.dhammaransi.com



"ဥဒယဘဒ္ဒမင်းသမီးကို ဥစ္စာဖြင့်ဖြားယောင်းစုံစမ်း၍ မြတ်သောအသံကိုဆိုစေ၍ တရားဟောကာ ကတိကဝတ်ကိုလွတ်စေပြီးပြန်အံ့"

ဟု ကြံစည်မိသည်။

ထိုအချိန်ဝယ် လူတို့အားအနှစ်တစ်သောင်းရှည်သော အချိန်အခါဖြစ်လေသည်။

မင်းသမီးသည် ထိုနေ့ညဉ့်အဖို့ ပြသာဒ်သို့တက်၍ တစ်ယောက်တည်း မတုန်မလှုပ်မိမိ၏သီလကို ဆင်ခြင်နေလေသည်။

ထိုအခါ သိကြားမင်းသည် ရွှေပဲရုပ်ဖြင့်ပြည့်သော ရွှေခွက်တစ်လုံးကို ယူလာပြီးလျှင် အိပ်ရာတိုက်ခန်း၌ ထင်ရှားဖြစ်၍ သင့်အပ်သောအရပ်၌ရပ်ကာ

"စင်ကြယ်သောအဝတ်ကိုဝတ်ပြီး သိမ်းဆည်းအပ်၊ မကဲ့ရဲ့အပ်သော ကိုယ်ရှိသောကိန္နရီနှင့်တူသော မျက်စိရှိသောမင်းသမီး ပြသာဒ်ထက်သို့တက်၍ တစ်ယောက်ထီးတည်းနေ၏။ သင့်ကို ငါခွင့်တောင်းပါ၏။ ဤတစ်ညဉ့်ကို ငါတို့နှစ်ယောက်အတူတကွ နေလိုပါ၏။"

ဟု ပြောဆိုလေသည်။

"ဤကုရုန္ဒနနေပြည်သည် ကျုံးသုံးတန်ခြံရံပါ၏။ မြဲမြံသော ပြအိုးပစ္စင်တံခါးမုဒ်နှင့်လည်း ပြည့်စုံ၏။ သန်လျက်လက်စွဲကုန်သော သူတို့သည် စောင့်ရှောက်အပ်သည်ဖြစ်၍ ဝင်နိုင်ခဲ၏။

www.dhammaransi.com



"သူငယ်သည်လည်းကောင်း၊ အရွယ်ရောက်သူ သူရဲသူခက်၏လည်းကောင်း၊ လာခြင်းမည်သည်လည်းမရှိစဖူး၊ ထိုသို့ဖြစ်လျက် အဘာ်အကြောင်းကြောင့် ငါနှင့်အုံးအိပ်ရာ ယှဉ်တွဲ၍ မေတ္တာရစ်ခွေ ကြာနှင့်ရေကဲ့သို့ အဆွေခင်ပွန်းဖွဲ့၍နေခြင်းကို အလိုရှိသနည်း။"

"ကောင်းသောအဆင်းနှင့်ပြည့်စုံသောမင်းသမီး ငါကားနတ်သားသည်ဖြစ်၏။ သင်၏အထံသို့ တန်ခိုးဖြင့်လာသည်ဖြစ်၏။ သင်အားကောင်းခြင်းသည်ဖြစ်စေသတည်း၊ သင်သည်ငါကိုကြိုက်နှစ်သက်လော့၊ ဤသို့ကြိုက်နှစ်သက်သည်ရှိသော် ပဲရုပ်ဖြင့်ပြည့်သော ဤရွှေခွက်ကို သင်နှမအားငါပေးအံ့၊"

"ကြီးသောတန်ခိုးရှိသောနတ်မင်း. . . ငါသည်နတ်ကိုလည်းကောင်း၊ ဘီလူးကိုလည်းကောင်း၊ ထိုမှတစ်ပါးလူကိုလည်းကောင်း၊ ဥဒယမင်းကိုလွန်၍ ဥဒယမင်းသားမှတစ်ပါးသောသူကို ငါမတောင့်တ၊ သင်သည်မြန်စွာသော သွားလေလော၊ ဤအရပ်၌ တည်သည် မဖြစ်ပါလင့်၊ သွားပြီးမှတစ်ဖန် ပြန်မလာပါလင့်။"

သိကြားမင်းသည် ထိုမင်းသမီး၏စကားသံကိုကြား၍ မရပ်မူ၍သွားသကဲ့သို့ ထိုအရပ်၌ပင် ကွယ်လေသည်။

နောက်နေ့ညဉ့်အခါ၌လျှင် ရွှေပဲရုပ်ဖြင့်ပြည့်သော ငွေခွက်ကိုယူ၍ ထိုမင်းသမီးနှင့်တကွ စကားပြောလို၍-

www.dhammaransi.com



"နှမ. . . ကာမစည်းစိမ်ကို ခံစားကုန်သောသူတို့အား အကြင်မေထုန်ကာမဌ် မွေ့လျော်ခြင်းသည်မြတ်၏။ အကြင်မေထုန် ကာမဌ် မွေ့လျော်လိုသောကြောင့် သတ္တဝါတို့သည် ကာယဒုစရိုက် အစရှိသော မကောင်းမှုကို ကျင့်ကုန်၏။

နှစ်သက်ဖွယ် ပြုံးရယ်တတ်သောမင်းသမီး. . သင်သည် ထိုမေထုန်ကာမဌ် မွေ့လျော်ခြင်းကို မပျက်စေလင့်၊ ရွှေပဲရုပ်ဖြင့် ပြည့်သောငွေခွက်ကို သင့်အားငါပေး၏။"

မင်းသမီးသည် စဉ်းစားကြံမိသည်မှာ-

"ဤသူသည် စကားပြောဟောခြင်းကို ရသည်ရှိသော် အဖန်ဖန်လာလတံ့၊ ထို့ကြောင့် ထိုသူနှင့်စကားမပြောအံ့။"

ထို့နောက်မင်းသမီးသည် စကားတစ်ခွန်းမျှမပြောတော့ ချေ။ သိကြားမင်းသည် မင်းသမီးစကားမပြောသည်ကိုသိ၍ ထို အရပ်မှကွယ်လေသည်။

နောက်တစ်နေ့ညဝယ် အသပြာဖြင့်ပြည့်သော ကြေးခွက်ကို ယူ၍-

"နှမ. . . ငါတို့ ကာမဌ်မွေ့လျော်ခြင်းဖြင့် ရောင့်ရဲစံပယ် စေလော၊ သင့်အားအသပြာဖြင့်ပြည့်သော ဤကြေးခွက်ကိုပေးအံ့"

ထိုသိကြားမင်းကိုမြင်၍ မင်းသမီးသည်-

"အို. ယောကျ်ား. . . သင်သည် အလွန်မိုက်စွ၊ ထိုစကား သည်မှန်စွ ယောကျ်ားမည်သည်ကား မိန်းမကိုကိလေသာဖြင့်မွေ့

www.dhammaransi.com



လျော်ခြင်းကို ခံစားလိုသောကြောင့် ဥစ္စာလက်ဆောင်ဖြင့် စုံစမ်းဆင်ခြင်၍ သိစေသည်ရှိသော် အကြွင်မိန်းမအား ချီးမွမ်းထောပနာ၍ များသည်ထက်များသောဥစ္စာဖြင့် ဖြားယောင်းလှည့်ပတ်သွေးဆောင်၏။

သင်နတ်၏အကျင့်သဘောသည် ဆန့်ကျင်၏။ သင်သည် ယမန်နေ့ကငါအား မျက်မှောက်လျှင်အလွန်နည်းသော ဥစ္စာဖြင့် လာ၏။ ရှေးဦးစွာသောနေ့၌ ရွှေဖြင့်ပြည့်သော ရွှေခွက်ကိုဆောင်ယူလာခဲ့၏။ နှစ်ရက်မြောက်သောနေ့၌ ရွှေဖြင့်ပြည့်သော ငွေခွက်ကို ဆောင်ယူခဲ့၏။ ယခုသုံးရက်မြောက်သောနေ့၌ အသပြာဖြင့်ပြည့်သော ကြေးခွက်ကိုဆောင်ယူခဲ့၏။"

ဟု ဆိုလေသည်။

"နှမ. . မင်းသမီး ငါသည်လိမ္မာသောကုန်သည်နှင့်တူ၏၊ အကျိုးစီးပွားမရှိသည်၌ ဥစ္စာကိုမဆုတ်ယုတ်စေတတ်၊ အကယ်၍ သင်သည် အသက်ဖြင့်လည်းကောင်း ၊ အဆင်းဖြင့်လည်းကောင်း တိုးပွားသည်ဖြစ်အံ့၊ ၊ တိုးပွားသည်ဖြစ်အံ့၊ ငါသည်သင့်ကိုလက်ဆောင်ပဏ္ဏာကိုတိုးပွား၍ ဆောင်ယူလာရာ၏။ သင်သည်ကား တစ်နေ့တစ်ပါး အသက်ဖြင့်လည်းကောင်း၊ အဆင်းဖြင့်လည်းကောင်း၊ ဆုတ်ယုတ်နေသည်သာတည်း၊ ထို့ကြောင့် ဥစ္စာလက်ဆောင်ကို ဆုတ်ယုတ်စေပါသည်။

www.dhammaransi.com



"များစွာသောအခြံအရံရှိသော မင်းသမီး. . . ငါမြင်စဉ် လျှင်ပင် သင်၏အဆင်းသည်ယုတ်လျော့သွား၏။ အိုမင်းသွားပါ၏။ နေ့ညဉ့်တို့လွန်သည်ရှိသော် ပညတ်စရာအကောင်အထည် မရှိသည့်အဖြစ်သို့သာလျှင် ရောက်လတံ့။"

"ကောင်းသောပညာရှိသော မင်းသမီး. . . သင်သည်ဤ အရွယ်ဖြင့်လျှင် မြတ်သောအကျင့်ကိုကျင့်လော့၊ လွန်စွာအဆင်း နှင့်ပြည့်စုံသည် ဖြစ်ရာ၏။"

"ကြီးသောတန်ခိုးရှိသောနတ်မင်း. . . ဤလူ့ရွာ၌များစွာ သော လူအပေါင်းသည် အဘယ်ကိုကြောက်၍ နတ်ပြည်သို့မသွား ကြကုန်သနည်း၊ များသောတည်ရာရှိသော ပညာရှိတို့ဟောအပ် သော နတ်ရွာခရီးသည် အဘယ်နည်း၊ သင်နတ်မင်းကိုမေးပါ၏။ အဘယ်ခရီး၌ တည်သောသူသည်သာလျှင် တမလွန်လောကကို မကြောက်ပါသနည်း။"

"ဥဒယဘဒ္ဒမည်သောနှမ. . . နှုတ်နှလုံးကိုကောင်းစွာ ထား၍ ကိုယ်ဖြင့်မကောင်းမှုကို မပြုသည်ဖြစ်၍ ဆယ်ပါးသော ကုသိုလ်ကမ္မပထတရားတို့ကို ဆောက်တည်လျက်ကျင့်ကာ များစွာ သောထမင်းအဖျော် လျှူဖွယ်ဝတ္ထုတို့ကိုအိမ်၌နေလျက် အလှူ၏ အကျိုးသည်ရှိ၏ဟု သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ နူးညံ့သော စိတ်ရှိသည်ဖြစ်၍ အလှူအဖို့တို့ကိုဝေဖန်သည်၏အဖြစ်ဖြင့် ရဟန်း တို့သည် ဆွမ်းအလို့ငှာ ကြွလာကုန်သည်ရှိသော် ဆုံးမသည်မည်

www.dhammaransi.com



ကုန်၏။ ပစ္စည်းလေးပါးကိုလှူသဖြင့် ထိုရဟန်းတို့၏အဆုံးအမကို သိသောကြောင့် ပစ္စည်းလှူခြင်း၊ ဆုံးမခြင်းကိုယူသဖြင့် သိသည်။ သင်္ဂဟဝတ္ထုလေးပါးတို့ဖြင့် သင်္ဂြိုဟ်ထောက်ပံ့သည်ဖြစ်၍ ချစ်ဖွယ် ဆိုသည်၏အဖြစ်ဖြင့် ပြေပြစ်သောစကားရှိသည်၏အဖြစ်ဖြင့် ဖြစ်ရာ၏။ ထိုဂုဏ်ကျေးဇူး၌တည်သောသူသည် တမလွန်သို့ရောက် သည်ရှိသော် မကြောက်ပါ။"

"အလွန်မြတ်သော ကိုယ်ရှိသောနတ်မင်း. . . အမိအဖ တို့သည် သားသမီးတို့ကို ဆုံးမသကဲ့သို့ သင်သည်ကျွန်ုပ်ကိုဆုံးမ ပေးပါ၏။ အလွန်မြတ်သောကိုယ် တင့်တယ်သောကိုယ်ရှိသော သင်သည်အဘယ်သူနည်း။"

"ကောင်းသောအမြင်အမြော်ရှိသောမင်းသမီး. . ငါကား ရှေးဘဝ၌ သင်၏ချစ်လင်ခင်ပွန်းဖြစ်သော ဥဒယမင်းသားတည်း၊ တာဝတိံသာနတ်ပြည်၌ သိကြားမင်းဖြစ်၏။ ဤအရပ်သို့လာသည် မှာလည်း သင်နှမကို ကိလေသာဖြင့် ချစ်ခင်လေးမြတ်နှစ်သက် အပ်သည်ဖြစ်၍မလာ၊ သင်နှမကိုစုံစမ်းပြီး၍ ကတိကဝတ်ကိုဖြေ အံ့သောအကျိုးငှါ ရှေးဘဝ၌ကတိကဝတ်သစ္စာရှိဘူးသည်အဖြစ် ကြောင့်လာ၏။ ယခုသင်နှမကိုခေါ်ယူ၍ သွားပါအံ့၊ သင်၏ကတိ ကဝတ်သစ္စာမှလွတ်ပြီ"

"အရှင်. . . သင်သည် ဥဒယမင်းသား အမှန်ပင်ပါလော" ဟု မင်းသမီးသည် ဝမ်းနည်းချင်ဖွယ် အသွယ်သွယ်သောမျက်ရည် တို့ဖြင့် ငိုမြည်တမ်းလျက်-

www.dhammaransi.com



"အကျွန်ုပ်သည် သခင်တို့နှင့်ကွေကွင်း၍ နေခြင်းငှါမတတ်နိုင်ပါ။ သခင်တို့အထံ၌ အတူတကွခ,စားလုပ်ကျွေး၍ နေပါရအောင် ကျင့်သော် ဆုံးမပြသသွန်သင်ပြပေးတော်မူပါ။"

"မင်းသမီး. . . သတ္တဝါတို့၏ အရွယ်သုံးပါးသည် အလွန်လျင်မြန်စွာလွန်တတ်၏။ ဖြစ်-တည်-ပျက် ခဏငယ်သုံးပါးသည် ထိုအတူသာလျှင် အလွန်လျင်မြန်၏။ မပြို-မကွဲအမြဲမတည်သော အရပ်သည်မရှိ သတ္တဝါတို့သည် မချွတ်မလွဲအမြဲဧကန်မုချရွေ့ကုန်သည်။ ကုန်းကွ၊ ရွှတ်ယို၊ တွတွအို၏။ ကိုယ်သည်မမြဲ မမေ့မလျော့ပဲ ကုသိုလ်တရားဆယ်ပါးကို ကျင့်လော့။"

"ဇမ္ဗူဒိပ်ကျွန်းကို အစိုးရသော ဧကရာဇ်မင်းဖြစ်ငြားသော်လည်း တဏှာနိုင်ငံသို့လိုက်သောသူသည် မရောင့်ရဲနိုင်ချေ။ ထို့ကြောင့် မမေ့မလျော့ကုသိုလ်တရားတို့ကို ကြိုးစား၍ပြုပါလော့"

"မင်းသမီး. . . မိဘ, ညီအစ်ကို, မယားတို့သည် ဉစ္စာဖြင့် မရောင့်ရဲနိုင်ကုန်သော်လည်း ထိုသူတို့သည် အချင်းချင်းစွန့်ရကုန်၏။ မမေ့မလျော့တရားကိုကျင့်ပါလော့"

"မင်းသမီး. . . ကိုယ်သည် ကျိုးရဲ၊ စွန်ရဲ၊ သရဲ၊ ဘီလူးအစရှိသော တစ်ပါးသောသတ္တဝါတို့၏ အစာအာဟာရတည်း၊ ဤသို့သိ၍ သံသရာ၌ သုဂတိဘဝ၌လည်းကောင်း၊ ဒုဂ္ဂတိဘဝ၌လည်းကောင်း၊ ဤခုနှစ်ပါးတို့တွင် တစ်ပါးပါးသောနေရာတည်းဟုသိ၍ မမေ့မလျော့တရားကို ကျင့်ပါလော့ဟု ဆိုဆုံးမနည်းပေးသည်။

www.dhammaransi.com



"သတ္တဝါတို့၏အသက်သည် နည်း၏။ ဆင်းလည်းဆင်းရဲ၏။ တိုလည်းတို၏။ ထိုဆင်းရဲခြင်းသောအသက်သည်လည်း ဝဋ်ဆင်းရဲနှင့်ယှဉ်၏။ ဤသို့လျှင် ဤနတ်သည်ဆို၏ ကောင်းလေစွတကား။ ထိုငါသည် ကာသိတိုင်း ကုရုန္ဒနမြို့ကိုစွန့်ပယ်၍ တစ်ယောက်တည်းတည်း ရဟန်းပြုတော့အံ့"

ဟု မင်းသမီးသည် သိကြားမင်းကို ဆိုဆုံးမသည်ကို သဘောကျပြီး၍ ဤသို့ဆုံးဖြတ်တော်မူလေသည်။

သိကြားမင်းသည် မင်းသမီးအားဆုံးမပြီး တာဝတိံသာနတ်ပြည်သို့ ပြန်လေသည်။ မင်းသမီးသည် မိုးသောက်သောအခါအမတ်တို့အား ပြည်ကိုဆောင်နှင်းပေးခဲ့၍ မြို့တွင်း၌ပင်လျှင် နှလုံးမွေ့လျော်ဖွယ်ရှိသော ဥယျာဉ်၌ရသေ့ရဟန်းမပြုပြီးလျှင် တရားကိုကျင့်ကြံအားထုတ်၍ နေလေသည်။

အသက်၏အဆုံး၌ တာဝတိံသာနတ်ပြည်ဝယ် သိကြားမင်း၏ အလုပ်အကျွေးမယားဖြစ်လေသည်။

ဇာတ်တော်၏အဆုံးဝယ် သာသနာ၌ငြီးငွေ့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်လေသည်။

ယခုအခါ ရာဟုလာမယ်တော်သည် ထိုအခါ မင်းသမီးဥဒယဘဒ္ဒ ယခုခါ ဘုရားရှင်သည် ထိုအခါသိကြားမင်းဖြစ်လေသည်။

(ကောဒသကနိပါတ၊ ဥဒယဘဒ္ဒဇာတ်)

www.dhammaransi.com



## ၂၁။ သတ္တဝါတို့အကျိုး သိကြားမင်းကျင့်ခဲ့ပုံ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

ရဟန်းတို့သည် ဘုရားရှင်၏သတ္တလောကအကျိုးကျင့်ပုံနှင့် ပတ်သက်၍စကားပြောဆွေးနွေးမှုဖြစ်ကြသည်။ ထိုဆွေးနွေးမှု၌ ဘုရားရှင်သည် သတ္တဝါအများ၏အစီးအပွားအလို့ငှါ ကျင့်သည်။

- ချမ်းသာစွာနေခြင်းကို စွန့်တော်မူ၍ သတ္တလောက၏ အကျိုးကိုသာလျှင် ကျင့်တော်မူသည်။

- အလွန်မြတ်သော သဗ္ဗညုတဉာဏ်တော်ကိုရပြီးသော် ကိုယ်တော်တိုင်သပိတ်သင်္ကန်းကိုယူ၍ (၁၈) ယူဇနာရှိသောခရီးကိုကြွ၍ ပဉ္စဝဂ္ဂီတို့အား ဓမ္မစကြာတရားကို ဟောတော်မူ၍ (၅)ရက်မြောက်နေ့၌ အနတ္တလက္ခဏာသုတ်ကို ဟောတော်မူ၍ ပဉ္စဝဂ္ဂီငါးဦးတို့အား အရဟတ္တဖိုလ်ကိုပေးတော်မူပုံ၊

- ဥရုဝေဠသို့ကြွ၍ ညီနောင်ဖြစ်သော ရသေ့တို့အား (၃၅၀၀)သော တန်ခိုးပြာဋိဟာကိုပြတော်မူ၍ ဂယာသီသ၌ အာဒိတ္တပရိယာယသုတ်ကို ဟောတော်မူ၍ ရသေ့တစ်ထောင်တို့အား အရဟတ္တဖိုလ်ပေးပုံ

- အရှင်မဟာကဿပအား (၃)ဂါဝုတ်တိုင်အောင်သွား၍ ခရီးဦးကြိုဆိုပြီး သုံးပါးသောဩဝါဒတို့ဖြင့် ပဉ္စင်းအဖြစ်ပေးတော်မူပုံ၊

www.dhammaransi.com


- တစ်ညဥ့်တည်း၌ (၄၅)ယူဇနာ ခရီးကိုကြွ၍ ပက္ကုသာတိ အမျိုးသားကို အနာဂါမိဖိုလ်၌ တည်စေသည်။

- မဟာကပ္ပိနမင်းအား ယူဇနာ (၁၂၀)တိုင်အောင် သွားရောက်ကြိုဆိုပြီး အရဟတ္တဖိုလ်သို့ ဆိုက်ရောက်စေခဲ့သည်။

- တစ်ညဥ့်တည်း၌ (၃) ယူဇနာရှိသောခရီးကိုကြွ၍ အလွန်ခက်ထန်ကြမ်းတမ်းသော အင်္ဂုလိမာလကို အရဟတ္တဖိုလ်သို့ တည်စေပုံ၊

- ယူဇနာ (၃၀၀)ခရီးကိုကြွ၍ အာဠာဝကဘီလူးကို သောတာပတ္တိဖိုလ်၌တည်စေပြီး ဟတ္ထာဠာဝကမင်းသားကို ချမ်းသာခြင်းကိုပြုတော်မူပုံ၊

- တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလနေတော်မူကာ အဘိဓမ္မာတရားကိုဟောပြီး ကုဋေ (၈၀)သောနတ်ဗြဟ္မာတို့ကို အကျွတ်ရစေပုံ

- ဗြဟ္မာပြည်သို့ကြွ၍ ဗကဗြဟ္မာ၏မိစ္ဆာအယူကိုဖျက်ဆီးတော်မူ၍ ဗြဟ္မာတစ်သောင်းတို့အား အရဟတ္တဖိုလ်ကိုပေးပုံ၊

- နှစ်စဉ်နှစ်တိုင်း (၃)ပါးတို့၌ ဒေသစာရီကြွတော်မူလျက် ဥပနိဿယပြည့်စုံကုန်သောလူတို့အား သရဏဂုံတို့ကိုလည်းကောင်း၊ သီလတို့ကိုလည်းကောင်း၊ မဂ်ဖိုလ်အစရှိသည်တို့သို့ ရောက်အောင် ပေးပုံ

www.dhammaransi.com


- နဂါး၊ ဂဠုန်အစရှိသည်တို့၏ အထူးထူးသောအကျိုးကို ကျင့်တော်မူပုံ

ဤသို့လျှင် ဘုရားရှင်၏သတ္တလောကအကျိုးငှါ ကျင့်တော်မူသောဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုပြောဆိုဆွေးနွေးကြသည်။

- ထိုသို့ ဆွေးနွေးသောအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က ရှေးကလည်းသတ္တဝါတို့၏အကျိုးကိုဆောင်ခဲ့ပုံ မဟာကဏှဇာတ်ကို ဟောပြတော်မူသည်။

လွန်လေပြီးသောအခါ ကဿပဘုရားရှင်၏လက်ထက်တော်၌ ဗာရာဏသီပြည်၌ ဥသီနက မည်သောမင်း မင်းပြု၏။

ကဿပဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် အချိန်ကြာသော် ကဿပဘုရားရှင်၏သာသနာတော်သည် ဆုတ်ယုတ်လာသည်။ ရဟန်းတို့သည် (၂၁)ပါးသော အနေသနတို့ဖြင့် အသက်မွေးကုန်ကြ၏။ သားသမီးအစရှိသည်တို့ဖြင့် ပွားကုန်၏။ ရဟန်းမတို့သည် လူတို့နှင့်ရောနှောကာ သားသမီးတို့ကို ဖြစ်ပွားစေကုန်၏။

ရဟန်းယောကျ်ား မိန်းမတို့သည် ရဟန်းကျင့်ဝတ်တို့ကို စွန့်လွှတ်ကြကုန်သည်။ ဒါယကာ ဒါယိကာမတို့သည် မိမိတို့၏ကျင့်ဝတ်ကိုစွန့်ကုန်၏။ ပုဏ္ဏားတို့သည် ပုဏ္ဏားကျင့်ဝတ်ကိုစွန့်ကုန်၏။ လူတို့သည် အကုသိုလ်ကမ္မပထတရားတို့ကို ပြုလုပ်ဆောင်ရွက်လာကြကုန်သည်။ သေတိုင်းသေတိုင်းသောလူတို့သည် အပါယ်သို့ ရောက်ကုန်ပြီး နတ်ပြည်၌နတ်သား နတ်သမီးနည်းကုန်သည်။

www.dhammaransi.com



ထိုအခါ သိကြားမင်းသည် အသစ်အသစ်သောနတ်သား နတ်သမီးတို့ကိုမမြင်၍ လူ့ပြည်သို့ကြည့်သော် လူတို့သေကုန်သည် ရှိသော် အပါယ်ဘုံ၌ဖြစ်ကြသည်ကို သိလာသည်။ ကဿပဘုရား ရှင်၏သာသနာတော် ဆုတ်ယုတ်လာသည်ကိုမြင်သဖြင့် အသို့ပြု ရအံ့နည်းဟု ကြံ၍

"လူအများကို ခြိမ်းခြောက်၍ကြောက်သောအပြစ်ကိုသိ လျှင် နောက်မှနှစ်သိမ့်စေ၍ ဆုတ်ယုတ်သောသာသနာတော်ကို အနှစ်တစ်ထောင်ပတ်လုံး တည်အောင်ပြုအံ့။"

ဟု ဆုံးဖြတ်တော်မူသည်။

မာတလိနတ်သားက ငှက်ပျောဖူးပမာဏရှိသော လေး ချောင်းသောအစွယ်တို့မှ ပြူးပြူးပြက်ပြက်ထွက်သောအရောင်ဖြင့် ကြောက်မက်ဖွယ်ကိုပြု၍ ကိုယ်ဝန်ဆောင်မိန်းမတို့မြင်လျှင် ကိုယ် ဝန်ကျခြင်းကိုပင် စွမ်းနိုင်သော ကြောက်မက်ဖွယ်အဆင်းရှိသော အာဇာနည်ဆင်ပမာဏရှိ မည်းနက်သောအဆင်းရှိသော ခွေးနက် ကြီးကို ဖန်ဆင်းသည်။

သိကြားမင်းကလည်း နီသောပန်းကုံးကိုလည်၌ဆွဲလျက် ကြီးစွန်းကိုကိုင်ကာ အဝတ်နက်နှစ်ထည်ကို ဝတ်ဆင်သည်။ ဆံထုံး (၅)ထုံးထုံး၍ နီသောပန်းကိုဖန်ဆင်းသည်။ သန္တာအဆင်းနှင့်တူ သော လေးညှို့ရှိသော တင်အပ်ပြီးသောလေးညှို့ ဝရဇိန်ကျောက် ကဲ့သို့အဖျားချွန်သောမြားကို လက်သည်းဖြင့်ပြင်လျက် မုဆိုး

www.dhammaransi.com



အသွင်ယူကာ မြို့၏တစ်ယူဇနာအရပ်၌ သက်ဆင်းပြီး-

"လောကသည် ပျက်လတံ့၊ လောကသည် ပျက်လတံ့"

ဟု သုံးကြိမ်အသံကိုပြုပြီး လူတို့ကိုထိတ်လန့်စေသည်။

လူတို့သည် ခွေးနက်ကြီးကိုမြင်လျှင် ကြောက်လန့်၍မြို့ထဲသို့ ပြေးဝင်ကြကာ မင်းကြီးကိုလျှောက်ထားကြလေသည်။ မင်းကြီးက လျင်မြန်စွာ မြို့တံခါးတို့ကို ပိတ်စေသည်။

သိကြားမင်းမှုဆိုးသည် (၁၈)တောင်မြင့်သော မြို့တံခါးကို ခုန်လွှားကျော်၍ ခွေးနှင့်အတူတူမြို့ထဲသို့ ဝင်လေသည်။

လူတို့သည် ကြောက်လန့်ကုန်၍ အိမ်ထဲသို့ဝင်ပြေးကြကာ တံခါးကိုပိတ်ထားကြသည်။ ခွေးနက်ကြီးသည် မြင်တိုင်းမြင်တိုင်းသော လူတို့ကိုလိုက်၍ ပြင်းစွာထိတ်လန့်စေလျက် မင်းအိမ်နန်းသို့ ရှေ့ရှုသွားသည်။ လူတို့သည် ပြင်းစွာထိတ်လန့်လျက် မင်းအိမ်သို့ ဝင်ကြကာ တံခါးကိုပိတ်ကုန်ကြသည်။

ဉသိနကမင်းသည် မောင်းမတို့ကိုခေါ်ဆောင်၍ ပြာသာဒ်ထက်သို့တက်လေသည်။ ခွေးနက်ကြီးသည် ခြေနှစ်ဘက်ကိုကြွ၍ လေသွန်တံခါး၌ထားပြီးလျှင် ပြင်းစွာသောဟောင်ခြင်းကိုဟောင်လေသည်။

ထိုခွေးနက်ကြီး၏ဟောင်သံသည် အထက်ဘဝဂ်၊ အောက်အဝိစီသို့တိုင်အောင်ရောက်၍ အလုံးစုံသောစကြာဝဠာတိုက် တပြိုင်နက်ပွဲ့တင်ထပ်လေသည်။

www.dhammaransi.com



(ဇမ္ဗူဒိပ်တစ်ကျွန်းလုံးပျံ့နှံ့သောအသံ ၄-မျိုးရှိခဲ့သည်။)

- ဝိဓူရဇာတ်၌ ပုဏ္ဏကဘီလူး၏အသံ
- ကုသဇာတ်၌ ကုသမင်းကြီး၏အသံ
- ဘူရိဒတ်ဇာတ်၌ သုဒဿနနဂါးမင်းအသံ
- ဤမဟာကဏှဇာတ်၌ ခွေးနက်ကြီးအသံတို့ဖြစ်သည်။

မြို့သူမြို့သားအပေါင်းတို့သည် အလွန်ကြောက်ရွံ့သဖြင့် မုဆိုးနှင့်မည်သူမျှ စကားမပြောဝံ့ကြချေ။

မင်းကြီးသည် သတိကိုထိန်းချုပ်ပြီး လေသွန်တံခါးကိုမှီကာ

"မုဆိုးကြီး. . . သင်ခွေးကြီးသည် အဘယ်ကြောင့်ဟောင်ပါသနည်း။"

ဟု မေးသည်။

"မြတ်သောမင်းကြီး. . . ဆာမွတ်သည်အဖြစ်ကြောင့် ဟောင်ပါ၏။"

"ထိုသို့ဖြစ်က ထမင်းကိုပေးပါအံ့"

ဟုဆိုကာ မင်းကြီးကအလုံးစုံသော စားတော်ထမင်းကို ပေးစေ၏။ အလုံးစုံသောထမင်းကို ခွေးနက်ကြီးသည်တစ်လုပ်တည်းကဲ့သို့ပြု၍ စား၏။ တစ်ဖန်အသံပြုပြန်သည်။"

မင်းကြီးကတစ်ဖန်မေးသော်-

"ငါ၏ခွေးနက်ကြီးသည် ဆာမွတ်သည်သာတည်း။"

ဟုဆိုသော် ဆင်, မြင်းတို့အတွက် ချက်ထားသောအလုံးစုံသော

www.dhammaransi.com



ထမင်းကိုပေးပြန်၏။ ထိုအားလုံးကိုလည်း တစ်လုပ်တည်းပြု၍ စားပစ်ပြန်၏။ တစ်ဖန်ပြည်သူအားလုံးချက်သောထမင်းကို ပေးပြန်၏။ ခွေးနက်ကြီးက ယခင်အတိုင်းတစ်လုပ်တည်းပြု၍ စားပစ်ပြန်၏။

"ဤသူကား ခွေးမဟုတ်၊ စင်စစ်ဘီလူးဖြစ်ဟန်ရှိသည်။ လာသောအကြောင်းကို ငါမေးအံ့။"

ဟု မင်းကြီးသည် ကြံစည်၍-

"အိုမုဆိုး. . . ကြောက်မက်ဖွယ် အလွန်မည်းနက်သော အဆင်းရှိပြီး ဖြူဖွေးသောအရောင်တလက်လက်ထွက်နေသော ခွေးကိုကြိုးငါးချောင်းဖြင့် ဖွဲ့ချည်ထားပါလျက် သင်ခွေးသည်အဘယ်ကြောင့် ဟောင်ပါသနည်း။"

"ဥသီနကမင်း. . . ဤခွေးသည် သားတို့၏အကျိုးငှါ မဖြစ်လတ့်၊ အကြင်အခါ၌ လူတို့၏ပျက်စီးခြင်းသည်ဖြစ်လတ့်၊ ထိုအခါဤခွေးကြီးသည် ငါ၏လက်မှလွတ်လတ့်။"

"အို. မုဆိုး. . . သင်၏ခွေးသည် အလုံးစုံသောသူတို့၏ အသားကိုသာလျှင်စားလတ့်လော၊ ထိုသို့မဟုတ်မူ ရန်သူတို့၏ အသားကိုစားလတ့်လော"

"မင်းကြီး. . . ရန်သူတို့၏အသားကို စားလတ့်လော"

"အို-မုဆိုး. . . ဤအရပ်၌ အဘယ်သူတို့သည် ရန်သူ မည်ကုန်ပါသနည်း။"

www.dhammaransi.com



"မင်းကြီး. . . မတရားသောအမှု၊ မညီညွတ်သောအမှုတို့ကို ကျင့်သောသူတို့သည် ရန်သူမည်ကုန်ပါ၏။"

"အို-မုဆိုး. . . ထိုရန်သူတို့ကို ငါ့အားပြောပြပါဦးလော"

"မင်းကြီး. . . သပိတ်လက်စွဲကိုယ်ဝတ်ဒုကုဋ်ကိုရုံထားသောရဟန်းယုတ်တို့သည် ထွန်တုံးတို့ဖြင့်လယ်ကိုထွန်ကုန်လတ့်၊ ထိုအခါ ဤခွေးနက်ကြီးသည် ငါ့လက်မှတ်လွတ်လတ့်"

"သာသနာတော်၌ ရဟန်းဖြစ်ကုန်သောသူတို့သည် ကာမဂုဏ်တို့ကိုခံစားလျက် သွားကုန်လတ့်၊ ထိုအခါ ဤခွေးနက်ကြီးသည် လွတ်လတ့်"

"ရှည်သောအရပ်၌တည်ကုန်ပြီး သွားခြေးကပ်သောမြူအလိမ်းလိမ်းကပ်သောဦးခေါင်း၌ ဆံကျစ်ရှိသောရသေ့တို့သည် အကြင်အခါ၌ ကြွေးမြီကိုတောင်း၍သွားကုန်လတ့်၊ ထိုအခါ ခွေးနက်ကြီးသည် လွတ်လတ့်"

"ပုဏ္ဏားတို့သည် ဗေဒင်ကိုလည်းကောင်း၊ သာဝတ္ထိကျမ်းကိုလည်းကောင်း၊ ယာဇ်အစီအရင်ဆိုရာကျမ်းကိုလည်းကောင်း သင်ယူ၍ အခစားရသဖြင့် ယာဇ်ပူဇော်ကုန်လတ့်၊ ထိုအခါ ခွေးနက်ကြီးသည် လွတ်လတ့်"

"အိုမင်းကုန်သောမိဘတို့ကို စွမ်းနိုင်လျက် မကျွေးမွေးကြကုန်၊ ထိုအခါ ခွေးနက်ကြီးလွတ်လတ့်"

"အိုမင်းကုန်သောမိဘတို့ကို သင်တို့သည်မိုက်ကုန်၏၊ အကြင်အခါ၌ ဆိုကြကုန်၏၊ ထိုအခါ ခွေးနက်ကြီးလွတ်လတ့်"

www.dhammaransi.com



"ဆရာ၏မယား၊ အဆွေခင်ပွန်းမယား၊ ဦးရီးမယား၊ ဘထွေးမယားတို့၌ လွန်ကျူးကုန်လတ့်၊ ထိုအခါ ခွေးနက်ကြီး လွတ်လတ့်"

"ပုဏ္ဏားတို့သည် သံလက်ကိုလက်ဆွဲကြလျက် ခရီးသွားတို့ကို လုယက်ကြကုန်လတ့်၊ ထိုအခါ ခွေးနက်ကြီးလွတ်လတ့်"

"ဖြူသောအရေအဆင်းရှိ၊ ထူသောလက်ရုံးရှိ၊ ဥစ္စာကို ဖြစ်စေခြင်းကင်းကုန်သောမုဆိုးမကိုအလိုရှိသောသူတို့သည် အချစ်ပျက်ခြင်းကိုပြုလတ့်၊ ထိုအခါ ခွေးနက်ကြီးလွတ်လတ့်"

"အတုပြု၍ လှည့်ပတ်တတ်ကုန်၊ မာယာဖြင့်လှည့်ပတ် တတ်ကုန်သော ယုတ်မာသောအမှုတို့ကိုကြံတတ်ကုန်သောသူတို့ သည် အကြွင်အခါ၌ဖြစ်ကုန်လတ့်၊ ထိုအခါ ခွေးနက်ကြီး လွတ်လတ့်"

"မင်းကြီး. . . ဤဆိုအပ်ခဲ့သောသူတို့သည် သီလရှိကုန် သူမဟုတ်ကြ၍ ရန်သူတို့မည်ကြကုန်၏။

ထိုမတရားသောအမှုတို့ကိုပြုသောသူတို့ကို ခွေးနက်ကြီး သည် လိုက်၍စားအံ့သကဲ့သို့ပြု၍ပြသည်။

လူအများထိတ်လန့်ကြောက်ရွံ့သောအခါ ခွေးနက်ကြီးကို ကြိုးဖြင့်ငင်၍ ထားသကဲ့သို့ပြုပြီး မုဆိုးအသွင်ကိုစွန့်ကာ မိမိ၏ အာနုဘော်ဖြင့် ကောင်းကင်၌ထွန်းပရပ်လျက်-

www.dhammaransi.com



"မင်းကြီး. . . ငါကား သိကြားနတ်မင်းတည်း၊ ဤလူများ အပေါင်းသည် ပျက်စီး၏၊ ထို့ကြောင့် ငါလာ၏၊ မေ့လျော့ကုန်သောလူများတို့သည် မတရားသောအကျင့်ကိုကျင့်၍ သေတိုင်းသေတိုင်းသောသူတို့သည် အပါယ်လေးဘုံ၌ပြည့်နေကြ၏၊ ငါတို့၏နတ်ပြည်ကား အချည်းနှီးဖြစ်နေရ၏၊

ဤနေ့မှစ၍ ငါသည်တရားမစောင့်သောသူတို့ကို ခွေးကိုစားစေအံ့၊ ထို့ကြောင့် ရှင်မင်းကြီးသည် မမေ့မလျော့ဖြစ်ပါလော့" ဟုပြောပြီး လူတို့အား ဒါန၊ သီလတို့၌တည်စေ၍ ဆုတ်ယုတ်ရွေ့လျောသောသာသနာကို အနှစ်တစ်ထောင်တည်စေခြင်းငှာ စွမ်းနိုင်သည်ကို ပြုပြီးနောက် မာတလိနတ်သားကိုခေါ်၍ တာဝတိံသာသို့ပြန်လေသည်။

လူအပေါင်းသည်လည်း ဒါန၊ သီလပြုကြသဖြင့် နတ်ပြည်သို့ရောက်ကြရသည်က များလာသည်။

ဇာတ်ကိုပေါင်းသော်-

ယခုအခါ အာနန္ဒာသည် ထိုအခါ မာတလိနတ်သား

ယခုအခါ ငါဘုရားသည် သိကြားမင်း ဖြစ်ခဲ့လေသည်။

(ဒွါဒသကနိပါတ်၊ မဟာကဏှဇာတ်)

www.dhammaransi.com



## ၂၂။ သေရည်အရက် စတင်ဖြစ်ပေါ်လာရာ

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေချိန်ဖြစ်သည်။

သာဝတ္ထိပြည်၌ သေသောက်ပွဲသဘင် ကြွေးကြော်သောအခါ ဝိသာခါ၏အဆွေခင်ပွန်းမ ငါးရာတို့သည် မိမိတို့လင်များအား သေသောက်ပွဲပြုစုညှော်ခံပြီးသောအခါ အစွမ်းထက်သောအရက်ကိုစီရင်၍ မိမိတို့လည်းသေသောက်ပွဲကိုပြုလုပ်အံ့ ဟု ဝိသာခါကိုပြောပြသည်။

"ဤပွဲသဘင်သည် သေသောက်ပွဲဖြစ်ပါ၏၊ ငါသည် ဘုရားရှင်ထံ၌ မသောက်ဟုကတိပြုထားသည်၊ သို့အတွက် မသောက်လိုပါ"

ဟု ဝိသာခါက ပြောသောအခါ-

"သင်တို့သည် ဘုရားသခင်အား အလှူပေးကုန်လော့၊ ငါတို့ကား ပွဲသဘင်ကစားကုန်အံ့"

ဟု အဆွေခင်ပွန်းမတို့က ပြောဆိုကြကာ သေသောက်ပွဲကို ကျင်းပကြသည်။

ဝိသာခါကမူ ဘုရားရှင်အားပင့်ဖိတ်၍ အလှူကြီးကိုပေးသည်၊ ညနေချမ်းအချိန်သို့ရောက်သော် ပန်းတို့ကိုလက်စွဲလျက် တရားနာရန်အတွက် ထိုမိန်းမငါးရာခြံရံလျက် ဇေတဝန်ကျောင်းသို့သွားလေသည်။

www.dhammaransi.com



ဝိသာခါ၏အဆွေခင်ပွန်းမတို့သည် အရက်မူးလျက်ပင် ဘုရားရှင်ထံသို့လိုက်လာကြသည်၊ ဝိသာခါသည် ဘုရားရှင်ကို ရှိခိုး၍သင့်ရာနေရာ၌နေသည်။

ဝိသာခါ၏အဆွေခင်ပွန်းမတို့သည် မြတ်စွာဘုရား၏ရှေ့တော်မှောက်၌ အချို့သည်ကခုန်ကြ၏၊ အချို့သည် သီချင်းဆိုကုန်၏၊ အချို့က လက်ကိုလှုပ်ကုန်ကြ၏၊ အချို့ကား ခြေကိုလှုပ်ကုန်၏၊ အချို့ကား ငြင်းခုန်နေကြ၏။

ဘုရားရှင်သည် သူရာယစ်မူးနေကြသော မိန်းမတို့ထိတ်လန့်စေခြင်းငှာ မျက်မှောက်တော်အမွေးမှညိုသောရောင်ခြည်တော်ကိုလွှတ်တော်မူသည်၊ အမိုက်တိုက်သည် ဖြစ်ပေါ်လာပြီး မိန်းမအားလုံးတို့သည် ထိတ်လန့်ကုန်ကြသည်၊ သေဘေးမှ ကြောက်ကုန်ကြသည်ဖြစ်၍ သူရာယစ်ခြင်းသည် ပြေပျောက်ကုန်၏။

ဘုရားရှင်သည် နေတော်မူရာမှ ပလ္လင်မှကွယ်ပြီးလျှင် မြင့်မိုရ်တောင်ထိပ်၌ရပ်တော်မူကာ ဥဏ္ဏာလုံမွေရှင်တော်မှရောင်ခြည်တော်ကိုလွှတ်တော်မူသည်၊ လတစ်ထောင်နေတစ်ထောင် ထွက်သကဲ့သို့ဖြစ်၏။

ဘုရားရှင်သည် ထိုအမျိုးသမီးများကို-

"ဒါယိကာမတို့. . . သင်တို့အား အမြဲရာဂအစရှိသော မီးဖြင့်တောက်လောင်သည်ရှိလျက် အဘယ်ကြောင့်ရွှင်မြူးကြသနည်း၊ အဘယ်ကြောင့် နှစ်သက်ဝမ်းမြောက်လိုကြသနည်း၊

www.dhammaransi.com



မောဟတည်းဟူသောအမိုက်တိုက်ဖြင့် မြှေးယှက်အပ်ကုန်သော သင်တို့သည် ပညာတည်းဟူသော ဆီမီးကိုမရှာကြကုန်သနည်း" ဟု ဟောတော်မူရာ ငါးရာကုန်သောအမျိုးသမီးတို့သည် ထိုခဏမှာပင် သောတာပတ္တိဖိုလ်၌တည်ကြလေသည်။

ထို့နောက် ဘုရားရှင်သည် ပြန်ကြွလာတော်မူ၍ ဂန္ဓကုဋိတိုက်ရှိ ဘုရားရှင်၏နေရာ၌နေတော်မူသည်။

ထိုအခါ ဝိသာခါသည်ဘုရားရှင်အားရှိခိုး၍-

"ဘုန်းတော်ကြီးသောမြတ်စွာဘုရား. . . အရက်အကြောက်ကိုဖျက်ဆီးတတ်သော ဤသေသောက်ခြင်းသည် အဘယ်ကာလမှစ၍ ဖြစ်ပေါ်လာပါသနည်း"

ဟု မေးလျှောက်ထားသည်။

ထိုအခါ ဘုရားရှင်က ဝိသာခါအား ရှေးအတိတ်ဇာတ်လမ်းကို ဟောပြတော်မူသည်။

* - * * * *

ရှေးလွန်လေပြီးသောအခါ ဗာရဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။

ကာသိတိုင်း၌နေသော သုရာအမည်ရှိသော မုဆိုးတစ်ယောက်သည် ဆင်စွယ်၊ စာမရီမြီး အစရှိသောဥစ္စာရှာခြင်းငှာ ဟိမဝန္တာသို့သွား၏။

ထိုဟိမဝန္တာ၌ တစ်ခုသောသစ်ပင်သည် အထက်သို့တက်သောခက်မ(၃)ခုရှိပြီး ထိုခက်မ(၃)ခု၏ကြားဝယ် အိုးစရည်းပမာဏ

www.dhammaransi.com



ရှိသောအခေါင်းပေါက်သည်ရှိ၏၊ မိုးရွာသည်ရှိသော် ထိုအခေါင်းပေါက်သည် ရေဖြင့်ပြည့်သည်။

ထိုသစ်ပင်ကိုရံ၍ သဖန်းခါးပင်၊ ရှစ်ရှားပင်၊ ပြုတ်ချိုပင်တို့သည် ရှိကြသည်၊ ထိုအပင်များမှအသီးများသည်မှည့်၍ကြွေကျသောအခါ ထိုသစ်ခေါင်းထဲသို့ကျလေသည်။

ထိုသစ်ပင်၏အနီး၌ အလိုလိုပေါက်သောသလေးခင်းလည်းရှိရာ ကျေးငှက်တို့သည် သလေး၊ နှံတို့ကိုယူ၍ သစ်ပင်၌နေ၍စားကုန်ရာ သလေးစပါး၊ သလေးဆန်တို့သည် သစ်ပင်အခေါင်းထဲသို့ကျကုန်သည်။

ထိုရေသည် နေပူဖြင့်ကျက်၍ အရည်သည် နီးသောအဆင်းရှိသည်ဖြစ်၍ နွေလအခါသို့ရောက်သော် ငှက်တို့သည် ထိုရေကိုသောက်ကုန်သဖြင့် ယစ်မူးကုန်လျက် အထက်သို့ပျံတက်ပြီးလျှင် သစ်ပင်ရင်း၌ကျကုန်သည်။

အတန်ငယ်အိပ်ပျော်၍ တွန်မြူးကုန်လျက် ပျံသွားကြလေသည်၊ သစ်ပင်ထက်ရှိမျောက်တို့သည်လည်း ဤနည်းဖြင့်လျှင် ဖြစ်ကုန်၏။

မုဆိုးသည် ထိုအခြင်းအရာကိုမြင်၍ ဤရေသည် အဆိပ်ရည်အကယ်၍ဖြစ်ငြားအံ့၊ ဤသတ္တဝါတို့သည် သေကုန်ရာ၏၊ စင်စစ်မှာမူ ဤသတ္တဝါတို့သည် အတန်ငယ်အိပ်ပျော်၍ အလိုရှိရာသို့သွားကြကုန်သည်။

www.dhammaransi.com



ဤရေသည် အဆိပ်ရည်မဟုတ် ဟုကြံစည်မိပြီး အနည်းငယ်ယူ၍ မိမိသည်လည်းသောက်၍မူးယစ်လေသည်၊ အမဲကိုစားလိုသည်ဖြစ်၍ မီးမွေး၍သူရာယစ်သဖြင့် သစ်ပင်ရင်း၌ကျကုန်သောငှက်တို့ကိုသတ်၍ အသားကိုမီးကျီးတို့၌ကင်၍ ထိုအရေနှင့်အသားတို့ကို စားသောက်လျက် ထိုနေရာ၌တစ်ရက်နှစ်ရက် နေလေသည်။

ထိုသစ်ပင်၏ မနီးမဝေးအရပ်၌ ဝရုဏအမည်ရှိသောရသေ့တစ်ယောက်သည် နေလေသည်။

မုဆိုးသည် တစ်ချိန်အခါက ထိုရသေ့ထံသို့သွားရောက်ဖူး၍-

"ငါသည် ဤအရေကို ရသေ့နှင့်အတူတူသောက်ရလျှင်ကောင်းပေမည်"

ဟု အကြံဖြစ်ပြီး မုဆိုးသည် ဝါးကျည်တောက်တစ်ခုကိုပြုလုပ်ပြီး အရည်ကိုအပြည့်ထည့်ကာ အမဲကင်ကိုဆောင်ယူ၍ ရသေ့ကျောင်းသို့သွားလေသည်။

"အရှင်ဘုရား. . . ဤအဖျော်ကိုသောက်တော်မူပါလော"

ဟု ပြောဆိုကာ နှစ်ယောက်အတူ အမဲကင်ကိုစားလျက် အရည်ကိုသောက်ကြလေသည်။

ဤသို့လျှင် သူရာမည်သောမုဆိုး၊ ဝရုဏမည်သောရသေ့ကိုစတင်မြင်အပ်၊ သောက်အပ်သောကြောင့် ထိုအဖျော်ကို သူရာ

www.dhammaransi.com



ဟူ၍လည်းကောင်း၊ ဝရုဏာဟူ၍လည်းကောင်း အမည်တွင်ခဲ့သည်။

ထိုသုရာမုဆိုးနှင့်ဝရုဏာရသေ့တို့သည် ထိုရေကိုကျည်တောက်တွင်ထည့်၍ ပစ္စန္တရာဇ်မြို့သို့သွားရောက်ကြသည်။

လူတို့အား ထိုအရည်အကြောင်းကိုပြောပြ၍ တိုက်ကျွေးကြသည်၊ လူတို့သည် ထိုအရည်ကိုသဘောကျနှစ်သက်သောက်ကြသည်။

ထိုသူတို့သည် သေရည်တို့ပြုတတ်ကုန်သောသူတို့သည် လာကြကုန်၏ ဟု မင်းအား လျှောက်ထားကြလေသည်။

မင်းသည် ထိုသုရာမုဆိုးနှင့်ဝရုဏာရသေ့တို့ကို ခေါ်စေသည်၊ မင်းက အကျိုးအကြောင်းမေးသည်ရှိသော် အကြောင်းစုံလျှောက်ထားရှင်းပြပြီး သေရည်ကိုဆက်သကြသည်။

မင်းသည် ထိုသေရည်ကို နှစ်ကြိမ် သုံးကြိမ်မျှသောက်၍ ယစ်မူးလေသည်၊ မုဆိုးတို့ယူလာသောသေရည်သည် နှစ်ရက်သုံးရက်စာမျှရှိ၍ မင်းက-

"တစ်ပါးသောသေရည်သည်ရှိသေး၏လော"

ဟု မေးသောအခါ မုဆိုးနှင့်ရသေ့တို့က ရှိသေးကြောင့် လျှောက်ထားကြသည်။

"အဘယ်အရပ်၌ ရှိသနည်း"

"အရှင်မင်းကြီး. . . ဟိမဝန္တာ၌ရှိပါသည်"

www.dhammaransi.com



"ထိုသို့ဆိုက သွားရောက်ဆောင်ယူကြကုန်လော့"

ထိုမုဆိုးနှင့်ရသေ့တို့သည် နှစ်ကြိမ်မျှသွားရောက်ယူပြီးသော် မပြတ်သွားရောက်ယူဆောင်ခြင်းငှာ မတတ်နိုင်သဖြင့် သေရည်ပါပစ္စည်းများကို မှတ်သားယူလာပြီး မြို့၌သေရည်ကို ချက်လုပ်ကြသည်။

မင်းနှင့်တကွ မြို့သူမြို့သားတို့သည် သေရည်ကိုသောက်၍ မေ့လျော့ခြင်းသို့ရောက်ကုန်သဖြင့် ဆင်းရဲကုန်ကြသည်၊ မြို့သည် သုဉ်းသကဲ့သို့ဖြစ်လာလေသည်။

ထိုသို့အခြေအနေရောက်သော် မုဆိုးနှင့်ရသေ့တို့သည် ထိုမြို့၌ ဆက်လက်နေထိုင်ပြီး ချက်လုပ်ရန်မသင့်တော့ဟု ဆုံးဖြတ်ကာ ဗာရဏသီမြို့သို့ထွက်ခွာခဲ့ကြသည်။

ဗာရဏသီမြို့သို့ဆိုက်ရောက်သော် မင်းအား သေရည်ကို ဆက်သကြသည်၊ ဗာရဏသီမင်းသည်လည်း သေရည်ကိုနှစ်သက်၍ စားနပ်ရိက္ခာကိုပေးကာ ချက်လုပ်စေသည်။

ဗာရဏသီမင်းနှင့်တကွ မြို့သူမြို့သားတို့သည် သေရည်ကိုသောက်ကြသဖြင့် ဗာရဏသီပြည်သည် ရှေးမြို့နည်းတူပျက်သုဉ်းလာလေသည်။

ရသေ့နှင့်မုဆိုးတို့သည် ဗာရဏသီမှတစ်ဖန် သာကေတမြို့၊ သာကေတမှတစ်ဖန် သာဝတ္ထိပြည်သို့ပြောင်းရွှေ့ပြီး မင်းကို လျှောက်ထားကြသည်။

www.dhammaransi.com



ထိုအချိန်၌ သာဝတ္ထိပြည်တွင် သဗ္ဗစိတ္တမည်သောမင်းသည် မင်းပြုနေသည်၊ သဗ္ဗစိတ္တမင်းသည် ရသေ့နှင့်မုဆိုးတို့အား အထောက်အပံ့ကိုပေးရန် လိုအပ်သောပစ္စည်းကိုမေးသော် ရသေ့နှင့်မုဆိုးတို့က သေရည်ချက်ရန်အတွက် အမြစ်အခေါက် သလေးမုန့်ညက်နှင့်အိုးစရည်ကြီး ၅၀၀ တို့ကို တောင်းခံလေသည်။

မင်းကြီးက လိုအပ်သမျှအကုန်လုပ်ပေးသော် ရသေ့နှင့်မုဆိုးတို့သည် သေရည်ကိုချက်လုပ်ကြ၍ အိုးစရည်ကြီး (၅၀၀)တို့၌ထည့်ထားလေသည်။

သေရည်တို့ကို ကြွက်တို့သောက်မည်စိုး၍ တစ်လုံးတစ်လုံးသောအိုး၌ ကြောင်တစ်ကောင်စီထားလေသည်။

ထိုကြောင်တို့သည် သေရည်ကကျက်၍ အထက်သို့ဝေကျကာ အိုးနံပါး၌ယိုစီးသောသေရည်ကို သောက်ကုန်သဖြင့် ယစ်မူးကုန်၍ အိပ်ပျော်ကုန်ကြလေသည်။

ကြွက်တို့သည် လာလတ်ကုန်၍ ထိုကြောင်တို့၏ နား,နှာခေါင်း၊ အစွယ်၊ အမြီးတို့ကိုစား၍ သွားကြကုန်သည်။

"ကြောင်တို့သည် သေကိုသောက်၍ သေကုန်ကြသည်" ဟု မှူးမတ်တို့က မင်းအားလျှောက်ထားသောအခါ မင်းသည် ထိုရသေ့ မုဆိုးတို့သည် အဆိပ်ကိုပြုလုပ်သည်ဟုဆိုကာ ဦးခေါင်းကိုဖြတ်၍ သတ်စေသည်။

"အရှင်မင်းကြီး. . အလွန်ချိုမြိန်သော သေရည်ပါတည်း၊" ဟု ရွတ်ဆိုမြည်တမ်းလျက်ပင် သေကြရလေသည်။

www.dhammaransi.com


မင်းကြီးသည် ထိုသူတို့ကိုသတ်၍ သေရည်အိုးတို့ကို ခွဲလေကုန်ဟု စေခိုင်းသည်။ ထိုခဏမှာပင် ကြောင်တို့သည်အမူးပြေ၍ ထကာ ကစားမြူးတူးလျက် သွားကြကုန်သည်။

အမတ်တို့သည် ထိုအကြောင်းကို မင်းကြီးအားလျှောက်ထားကြသည်ရှိသော်-

"ဤအရပ်သည် အကယ်၍အဆိပ်ဖြစ်အံ့၊ ဤကြောင်တို့သည် သေကုန်ရာ၏။ အလွန်ချိုမြိန် မြင့်မြတ်သည်သာလျှင် ဖြစ်ရာ၏။ ထိုသေရည်ကို ငါသောက်ကြည့်အံ့။"

ဟု ကြံစည်ပြီးလျှင် မြို့ကိုတန်ဆာဆင်ကာ မဏ္ဍပ်ကိုဆောက်လုပ်စေကာ ထီးဖြူဆောင်းအပ်သော ပလ္လင်ထက်၌နေပြီး မှူးမတ်အပေါင်းခြံရံကာ သေရည်သောက်ရန် စီမံလေသည်။

ထိုအချိန်တွင် သိကြားမင်းသည်-

"အဘယ်သူသည် အမိအဖတို့ကို လုပ်ကျွေးခြင်းအစရှိသည်တို့၌ မမေ့မလျော့သနည်း၊ သုံးပါးအပြားရှိသော သုစရိုက်တရားတို့ကို ဖြည့်သနည်း၊"

ဟု လူ့ပြည်ကိုကြည့်ရှုသည်ရှိသော် သေသောက်ရန်စီမံနေသော ထိုသဗ္ဗမိတ္တမင်းကိုမြင်၍-

"ဤမင်းသည် သေရည်ကိုအကယ်၍သောက်အံ့၊ ဤသို့သောက်သည်ရှိသော် အလုံးစုံသောဇမ္ဗူဒိပ်ကျွန်းသည် ပျက်စီးလတ္တံ့ အကြောင်းအခြင်းအရာဖြစ်ပြီသည်ရှိသော် မင်းသည်သေရည်မသောက်

www.dhammaransi.com


လတ့်၊ ထိုအခြင်းအရာဖြင့် ထိုမင်းကိုငါပြုအံ့"

ဟုကြံ၍ သေရည်ဖြင့်ပြည့်သော အိုးတစ်လုံးကိုလက်ဝဲပြင်၌ထား၍ ပုဏ္ဏားအသွင်ဖြင့် လာလတ်ပြီးလျှင် မင်း၏မျက်နှာရှေ့ရှု ကောင်းကင်၌ ရပ်ကာ-

"ဤအိုးကို ဝယ်ကြကုန်လော"

ဟုဆိုလေသည်။

သဗ္ဗမိတ္တမင်းသားသည် ကောင်းကင်၌တည်သော ပုဏ္ဏားကိုမြင်၍-

"ပုဏ္ဏား. . . သင်သည် အဘယ်အရပ်မှလာပါသနည်း၊ အသို့နည်း တာဝတိံသာနတ်ပြည်မှလာ၍ ကောင်းကင်၌ထင်ရှား ဖြစ်နေပါသလား၊ ညဉ့်အခါ၌ ထွန်းပသောလ,ကဲ့သို့ ကောင်းကင်၌ သတေရိတမည်သော လျှပ်စစ်ကဲ့သို့သင်၏ ကိုယ်တို့မှအရောင်တို့ သည် ထွက်ကုန်၏။"

"ပုဏ္ဏား. . . သင်သည် ကောင်းကင်၌ ပြတ်သောလေရှိ သည်ကိုဖြစ်စေ၏။ ကောင်းကင်၌သွားလည်းသွား၏။ ရပ်လည်း ရပ်တည်၏။ ထိုကောင်းကင်၌ခြေလျင်ဖြင့် မသွားကုန်သော နတ်တို့၏တန်ခိုးသည် သင်အားရှိခိုး၍ ထိုတန်ခိုးဖြင့်တည်ရာကဲ့သို့ ပြုအပ်ပါသလော။"

"ပုဏ္ဏား. . . ကောင်းကင်၌ဖြစ်သော ခြေဖြင့်နင်းသွား ခြင်းကိုစွဲ၍ ရပ်သောသင့်ကား အဘယ်သူနည်း၊ ငါအားပြောကြား

www.dhammaransi.com


ပေးပါ။ ဝယ်ပါဟုသင်သည် ငါ့ကိုပြောကြား၏။ ထိုအကြောင်းကား အဘယ်ပါနည်း။ ဤအိုးသည် အဘယ်ဝတ္ထု၏အိုး ဖြစ်ပါသလဲ" ဟု မေးသည်။

"မြတ်သောမင်းကြီး. . . ဤအိုးသည် ထေပတ်အိုး၊ ဆီအိုး တင်လဲအိုး၊ ပျားရည်အိုးတို့မဟုတ်ပါ။ ဤအိုး၏အပြစ်တို့ကား အလွန်များကုန်၏။ အိုး၏အပြစ်တို့ကို သင့်အားပြောပြပါမည်။"

"မြတ်သောမင်းကြီး. . . အကြင်သေရည်အိုးကိုသောက်၍ သွားသည်ရှိသော် ဖဝါးလှမ်းတိုင်းလဲကျရာ၏။ ကမ်းပါးပြတ်၊ တွင်း၊ လိုဏ်ခေါင်း၊ ညွှန်ရွံ့စေး၊ ဆန်ဆေးရည်စသည်တို့ကိုသွန်းရာ နေရာတို့၌ လဲကျရာ၏။ မစားသင့်သော များစွာသောအစာကိုလည်း စားမိရာ၏။ ဤသို့အပြစ်တို့ပြည့်သော ဤအိုးကိုဝယ်ကြကုန်ပါလော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကိုသောက်သော ကြောင့် စိတ်၌အစိုးမရသည်ဖြစ်၍ အဟောင်းဖြစ်သော မြက်ဖတ် ကိုစားသော နွားကဲ့သို့သဘောရှိ၏။ ကိုးကွယ်ရာမရှိသောသူကဲ့သို့ လဲကျတတ်၏။ ထိုသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ယူပါလော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကိုသောက်ခြင်း ကြောင့် တက္ကတွန်းကဲ့သို့ အဝတ်မဝတ်ဘဲရွာ၌လည်းကောင်း၊ လမ်း ခရီး၌လည်းကောင်း၊ သွားမိသွားရာသွား၏။ တွေဝေသောစိတ်ရှိ သည်ဖြစ်၍ အတိုင်းထက်အလွန် အိပ်လေရာ၏။ ထိုသို့များသော အပြစ်ရှိသော ဤသေရည်ပြည့်သောအိုးကို ဝယ်ကြကုန်လော"

www.dhammaransi.com



"မြတ်သောမင်းကြီး. . . ဤသေရည်ကို သောက်သောကြောင့် ထ,၍တုန်လှုပ်လျက် ဦးခေါင်း, လက်ရုံးကို လှုပ်လျက် ထိုသေသောက်ကြူးသည် သစ်သားဖြင့်ပြုလုပ်သော ယန္တရားရုပ်ကဲ့သို့ က,တတ်၏။ ထိုသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . အကြင်သေရည်ကိုသောက်သောကြောင့် စင်စစ်မီးလောင်ကုန်လျက် အိပ်ရ၏။ ထိုမှတစ်ပါး မြေခွေးတို့သည် ခဲစားအပ်ကုန်သည်ဖြစ်၍ နေရကုန်၏။ နှောင်ဖွဲ့ခံရခြင်း၊ သတ်ပုတ်ညှင်းဆဲခံရခြင်း၊ စည်းစိမ်ယုတ်ခြင်းတို့သို့ ရောက်တတ်ကုန်၏။ ထိုသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကို သောက်သောကြောင့် ပွဲသဘင်၌ မဆိုအပ်သောစကားကို ဆိုမိရာ၏။ အဝတ်မှကင်းသည်ဖြစ်လျက် မိမိအန်ဖတ်၌ လဲကျကာအန်ဖတ်ဖြင့် လိမ်းကျံလျက် နစ်သောအဖြစ်သို့ရောက်သည်ဖြစ်၍ အိပ်ရ၏။ ထိုသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ယူကြကုန်လော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကို သောက်သောကြောင့် စင်စစ်ငါကား အလွန်မြတ်သောသူတည်း၊ ငါနှင့်တူသောသူမရှိဟု ကြုံးဝါးပြောဆိုရာ၏။ နီသောမျက်စိရှိရာ၏။ အလုံးစုံသောမြေသည် ငါ၏မြေတည်း၊ ငါနှင့်တူသော သမုဒ္ဒရာလေးစင်း၊ အပိုင်း

www.dhammaransi.com



အခြားရှိသောမြေ၌ အစိုးရသောမင်းသည်လည်းမရှိ ဤသို့ထင်မှတ်ရာ၏။ ထိုသို့သောသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . အကြင်သေရည်သည် ပကတိသောမာန်၊ လွန်သောမာန်မူခြင်းကို ပြုတတ်၏။ ငြင်းခုန်ခြင်းတို့ကိုလည်း ပြုတတ်ကုန်၏။ ဂုံးတိုက်ချောပစ်ခြင်းကိုလည်း ပြုတတ်ကုန်၏၊ အဝတ်မရှိသည်ကိုလည်း ပြုတတ်၏။ ပြေးခြင်းကိုလည်းပြုတတ်ကုန်၏။ သူခိုးတို့၏လည်းကောင်း၊ သေသောက်ကြူးတို့၏လည်းကောင်း၊ ရောက်ရာလည်းဖြစ်၏။ နေရာလည်းဖြစ်၏။ ဤသို့အပြစ်ရှိသော သေရည်ဖြင့်ပြည့်သော သေရည်အိုးကိုဝယ်ယူကြကုန်လော"

"မြတ်သောမင်းကြီး. . . လူပြည်၌ ပြည့်စုံကုန်သောအဝတ်တန်ဆာထက်ဝန်းကျင်ဥစ္စာတို့ဖြင့် ပွင့်လန်းကုန်သော အထောင်မကများစွာသော ဥစ္စာရှိကုန်သော အကြင်အမျိုးတို့သည် ဖြစ်ကုန်၏။ ထိုအမျိုးတို့ကို ဤသေရည်သည် ပြတ်သောအမွေခံရှိသည်တို့ကို ပြုတတ်ကုန်၏။ ထိုသို့အပြစ်ရှိသော သေရည်ဖြင့်ပြည့်သော ဤအိုးကို ဝယ်ယူကြကုန်လော"

"မြတ်သောမင်းကြီး. . . အကြင်အမျိုးကိုမှီ၍ အကြင်အမျိုး၌ စပါးဥစ္စာ၊ ငွေ၊ ရွှေ၊ လယ်၊ နွားတို့သည် တည်ကုန်၏။ ထိုအရပ်၌ ထိုအမျိုး၏များစွာကုန်သော ဥစ္စာတို့သည် ဤသေရည်ကြောင့် ပျက်စီးကုန်၏။ အမျိုးတို့၏ ပြတ်ခြင်း၊ ဥစ္စာမရှိခြင်းသို့

www.dhammaransi.com



ရောက်ခြင်းကို ဤသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . ရှက်ကြောက်တတ်ကုန်သော သူတို့သည်လည်း သေရည်ဖြင့်ယစ်မူးကုန်သည်ဖြစ်၍ အရှက်အကြောက်ကင်းသောအဖြစ်ကို ထင်စွာပြုတတ်ကုန်၏။ ပညာရှိတို့သည် ရှိကုန်လျက်လည်း များစွာကုန်သောစကားကို ဆိုမိတတ်ကုန်၏။ ထိုသေရည်ဖြင့်ပြည့်သော အိုးကိုဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကိုသောက်သောကြောင့် စင်စစ်ဝက်သူငယ်ကဲ့သို့ အမျိုးယုတ်သောသူနှင့်တကွ တစ်ပေါင်းတည်းဖြစ်ကုန်၍ အိပ်ကုန်၏။ ကင်းသောအာဟာရရှိကုန်သည်ဖြစ်၍ မြေ၌ဆင်းရဲစွာသော အိပ်ခြင်းသို့လည်းကောင်း၊ အဆင်းမလှခြင်းသို့လည်းကောင်း၊ ကဲ့ရဲ့ခြင်းသို့လည်းကောင်း၊ ရောက်ကုန်၏။ ထိုသေရည်ဖြင့်ပြည့်သော အိုးကိုဝယ်ယူကြကုန်လော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကိုသောက်သောကြောင့် စင်စစ်ငိုက်ဆိုက်သော လည်ရှိသည်ဖြစ်၍ လည်၌ဖွဲ့အပ်သော ယန္တရားဖြင့်ညှင်းဆဲအပ်ကုန်သော နွားတို့ကဲ့သို့ အိပ်ကုန်၏။ သေရည်၏အဟုန်ကဲ့သို့ လူတို့ကိုပြင်းစွာနှိပ်စက်တတ်သော အဟုန်သည်မရှိသည်သာလျှင်တည်း၊ ထိုသေရည်ဖြင့်ပြည့်သော ဤအိုးကိုဝယ်ကြကုန်လော"

www.dhammaransi.com



"မြတ်သောမင်းကြီး. . . ဤသေရည်ကိုပြင်းသောအဆိပ်ရှိသောမြွေကဲ့သို့ လူတို့သည် ရှောင်ကြဉ်ကြကုန်၏။ လူ့ပြည်၌ အဆိပ်နှင့်တူသော ထိုသေရည်ကိုအဘယ်သူသည် သောက်ခြင်းငှါ ထိုက်အံ့နည်း။"

"မြတ်သောမင်းကြီး. . . ဤသေရည်ကို သောက်သောကြောင့် စင်စစ်အဏ္ဏကာဝဏ္ဏာသားဖြစ်ကုန်သော တစ်ကျိပ်ကုန်သော မင်းညီနောင်တို့သည် သမုဒ္ဒရာကမ်းနား၌ ခြံရံကုန်လျက် ကျည်ပွေ့တို့ဖြင့် အချင်းချင်းရိုက်ပုတ်ကြကုန်၏။ ထိုသေရည်ဖြင့်အိုးကို ဝယ်ကြကုန်လော"

"မြတ်သောမင်းကြီး. . . ဤသေရည်ကိုသောက်သောကြောင့် မယားနှင့်တူတကွကုန်သော အသူရာနတ်တို့သည် စင်စစ် သေရည်ကိုယစ်ကုန်သည်ဖြစ်၍ နှစ်လရှည်ကြာသောကြောင့် မြဲသည်ဟုသမုတ်အပ်သော တာဝတိံသာနတ်ပြည်မှ ရွေ့လျော၍ ကျကုန်၏။ ထိုသို့သဘောရှိသော ဤသေရည်ကို

"ဤသေရည်သည် အကျိုးမရှိဟု သိသောမင်းကြီးသည် အဘယ်ကြောင့် သောက်ပါအံ့နည်း။"

"သဗ္ဗမိတ္တအမည်ရှိသောမင်းမြတ်. . . ဤသို့သဘောရှိသော ဤအိုး၌နို့ဓမ်း, ပျားရည်တို့မဟုတ်ပါ။ ဤသို့အပြစ်များသော အဖြစ်ကိုသိ၍ဝယ်သော ဤသို့လျှင်အိုး၌တည်သော အဖြစ်ကို ရှင်မင်းကြီးအား ငါသည်သဘောအားဖြင့် ကြားအပ်ပြီ"

www.dhammaransi.com



ထိုစကားကိုကြား၍ သဗ္ဗမိတ္တမင်းကြီးသည် သေရည်၏ အပြစ်များကိုသိပြီးနောက်-

"ပုဏ္ဏား. . . ငါ၏အဖ အမိတို့သည် ထိုသို့သဘောရှိကုန်သည်မဖြစ်ကုန်၊ အကြင်သို့သဘောရှိသော သင်သည်ငါ၏အစီးအပွားကို အလိုရှိသည်ဖြစ်၏။ ထိုသို့သဘောရှိသောသင်သည် ငါ၏မြတ်သော အကျိုးကိုအလိုရှိသည်ဖြစ်၏။ ထိုငါသည် ယခုအခါ၌ သင်၏စကားကိုလိုက်နာပါအံ့။"

"ပုဏ္ဏား. . . အခွန်တစ်သိန်းထွက်သော ငါးရွာတို့ကိုလည်းကောင်း၊ ကျွန်မတစ်ရာကိုလည်းကောင်း၊ ခုနစ်ရာသောနွားတို့ကိုလည်းကောင်း၊ အာဇာနည်မြင်း က,ကုန်သော ဤဆယ်စီးသောရထားတို့ကိုလည်းကောင်း၊ သင်အားငါသည်ပေးပါ၏။ သင်သည် ငါ၏အကျိုးစီးပွားကို အလိုရှိသောဆရာသည် ဖြစ်ပေ၏"

ထိုစကားကိုကြား၍ သိကြားမင်းသည် နတ်၏ကိုယ်အဖြစ်ကိုပြ၍ မိမိကိုယ်ကိုသိစိမ့်သောငှါ ကောင်းကင်၌ရပ်၍ မိမိအားပေးသောဆုကိုပယ်ပြီး အဆုံးအမကိုပေးလိုသဖြင့်

"မင်းမြတ်. . . သင်မင်းမြတ်၏ ကျွန်မတစ်ရာသည် သင်မင်းမြတ်အားသာလျှင် ဖြစ်ပါစေသတည်း၊ ရွာငါးရွာ၊ နွားခုနစ်ရာတို့သည်လည်း သင်မင်းအားသာလျှင် ဖြစ်စေကုန်လော၊ အာဇာနည်မြင်းက,သော ရထားတို့သည်လည်း သင်မင်းကြီးအားသာ ဖြစ်ပါစေလော၊ ငါသည်ကား တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်ပါ၏။"

www.dhammaransi.com



"လူတို့ကိုအစိုးရသောမင်းမြတ်. . . သင်မင်းမြတ်သည် သားပြွမ်းထမင်းကိုလည်းကောင်း၊ ယနာထမင်းကိုလည်းကောင်း၊ စားပါလော၊ ပျားရည်နှင့်တကွသော မုန့်တို့ကိုစားပါလော၊ ဤသို့ အထူးထူးသောမြတ်သောအရသာရှိသော ခဲဘွယ်ဘောဇဉ်ကိုစား၍ သေရည်သောက်ခြင်းမှ ရှောင်ကြဉ်လျက်သုစရိုက်တရား၌ မွေ့လျော်သည်ဖြစ်၍ မကဲ့ရဲ့အပ်သည်ဖြစ်၍ သင်မင်းမြတ်သည် ရှုပါရုံ စသည်ဖြင့် မြတ်သောနတ်ပြည်သို့ ချဉ်းကပ်ပါလော"

သိကြားမင်းသည် သဗ္ဗမိတ္တမင်းကို ဆုံးမပြီးလျှင် မိမိနေရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေသည်။

သဗ္ဗမိတ္တမင်းသည်လည်း အသုရာတို့ကို မသောက်မူ၍ သုရာအိုးတို့ကို ခွဲစေပြီးလျှင် သီလကိုသာဆောက်တည်ပြီး အလှူ ကိုသာပေးလေသည်။

ထိုအချိန်မှစ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးဝယ် သေရည် သောက်ခြင်းသည် ပြန့်ပွားခြင်းသို့ရောက်ရှိလေသည်။

ထိုအခါက သဗ္ဗမိတ္တမင်းသည် ယခုခါ ရှင်အာနန္ဒာ

ထိုအခါ သိကြားမင်းက ယခုဘုရားရှင်ဖြစ်လာသည်။

(တိံသနိပါတ ကုမ္ဘဇာတ်)

www.dhammaransi.com



## ၂၃။ သိကြားမင်းက ရသေ့၏အကျင့်ကိုဖျက်ခိုင်းမှု

မယားဟောင်းဖြားယောင်းခံရသော ရဟန်းနှင့်ပတ်သက်၍ ဘုရားရှင်က သင်ရဟန်းကို ထိုမယားဟောင်းသည် အတိတ်ဘဝက သင့်ကိုစျာန်ကိုပျက်စီးစေ၍ သုံးနှစ်တို့ပတ်လုံး တွေဝေလျက်သညာ ကင်းသဖြင့် အိပ်၍ဖြစ်သော သညာဖြင့်သည်းစွာသောငိုကြွေးခြင်း ကို ငိုကြွေးရဘူးပေပြီ. ဟု မိန့်ကြား၍အတိတ်ဇာတ်ကို ဟောကြား ခဲ့ပါသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။ ဘုရားလောင်းသည် ကာသိတိုင်းဝယ်ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်ရောက်လျှင် အလုံးစုံသောအတတ်ပညာသင် ယူပြီးနောက် လူ့ဘောင်၌မနေဘဲ ရသေ့ရဟန်းပြုကာ တော၌နေ လေသည်။

ထိုရသေ့နေသော တော၌သမင်တစ်ကောင်သည် ထိုရသေ့ စွန့်သော သုတ်ရေပါသောကျင်ငယ်ရေစွတ်စိုသည့် မြက်ကိုစားမိ ရာမှ တပ်နှစ်သက်သောစိတ်ဖြစ်ကာ ထိုအရပ်၌သာလျက်စား၍ နေလေသည်။

မကြာခင်ကိုယ်ဝန်သည်ရင့်၍ သမင်မမှာ သူငယ်တစ် ယောက်ကိုဖွားလာသည်။ ဘုရားလောင်းရသေ့သည် ထိုစကားကို သားအဖြစ်ဖြင့် မွေးစားထားပြီး ဣသိသိင်္ဂ. ဟု အမည်ပေးထားလေ သည်။

www.dhammaransi.com



ထိုဣသိသိဂ်လုလင်အရွယ်ရောက်သော် ဘုရားလောင်းက ရသေ့ရဟန်းပြုစေသည်။ အိုမင်းသောအခါ ထိုဣသိသိင်္ဂရသေ့ကို ခေါ်ကာ မိန်းမပုံသဏ္ဍာန်ပွင့်သောပန်းရှိသော နာရီအမည်ရှိနွယ် ပန်းတောသို့ ခေါ်ဆောင်သွားပြီ၊

"ချစ်သား. . . ဤဟိမဝန္တာ၌ ဤပန်းတို့နှင့် တူကုန်သော မိန်းမတို့သည် ရှိကုန်၏။ ထိုမိန်းမတို့သည် မိမိတို့အလိုသို့လိုက် ကုန်သော သူတို့ကိုကြီးစွာသော ပျက်စီးစေခြင်းသို့ရောက်စေတတ် ကုန်၏။ ထိုမိန်းမတို့၏ အလိုသို့လိုက်ခြင်းငှါ မသင့်။"
ဟု ဆုံးမလေသည်။

ထို့နောက်ဘုရားလောင်းရသေ့သည် ကွယ်လွန်၍ဗြဟ္မာ ပြည်သို့ ရောက်လေသည်။

ထိုဣသိသိင်္ဂရသေ့သည် ဈာန်ကစားခြင်းကို ကစားရွှင်မြူး လျက် ဟိမဝန္တာအရပ်၌နေသည်။ ပြင်းထန်သောအကျင့်ရှိ၏။ ချုပ် တည်းစောင့်စည်းသော ဣန္ဒြေရှိ၏။

ထိုအခါ ထိုဣသိသိင်္ဂရသေ့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏နေရာသည် တုန်လှုပ်လေသည်။ သိကြားမင်းသည် ဆင်ခြင်လတ်သော် ထိုအကြောင်းကိုသိ၍-

"ဤရသေ့သည် ငါ့ကိုသိကြားအဖြစ်မှ ရွေ့လျောစေလို၏" ဟု နှလုံးသွင်းပြီးလျှင် တစ်ယောက်သောနတ်သမီးကို စေလွှတ်၍ ထိုဣသိသိင်္ဂရသေ့၏ သီလကိုပျက်စီးစေအံ့။"

www.dhammaransi.com


ဟု အလုံးစုံသောနတ်ပြည်ကို စုံစမ်းသည်ရှိသော် မိမိ၏နှစ်ဆယ်ငါးကုဋေအရေအတွက်ရှိကုန်သော အလုပ်အကျွေးတို့၏ အလယ်၌ တစ်ယောက်သော အလမ္ဗုသာအမည်ရှိနတ်သမီးသည်ထိုကုသိုလ်ကို ဖျက်ဆီးနိုင်စွမ်းသည်ကိုမြင်၍ ထိုနတ်သမီးကိုခေါ်စေကာ-

"ရှင်မ. . . ဝတ်ကြီးဝတ်ငယ်ကိုလည်းကောင်း၊ မြတ်သော အကျင့်ကိုလည်းကောင်း၊ ဖြည့်ကျင့်နေသော နတ်ပြည်၌အလွန်မွေ့လျော်ထသော ဂုဏ်အားဖြင့်ကြီးသော ထိုကုသိုလ်ရသေ့သည် ငါတို့ကိုမလွှမ်းမိုးမိ သင်သည်သွား၍မိမိအလိုသို့ဆောင်ကာ ထိုကုသိုလ်ရသေ့ကို နတ်ပြည်ခရီးကို တားမြစ်ပါလော့"

ဟု ပြောဆိုစေခိုင်းသည်။

"အရှင်သိကြားမင်း. .,. နတ်သမီးများစွာရှိသည်အထဲတွင် အဘယ်ကြောင့်ကျွန်ုပ်ကိုသာ ရွေးချယ်မြင်မိပါသလဲ၊ အခြားကျွန်ုပ်ထက်သာသော နတ်သမီးများစွာ ရှိပါသည်။ သူတို့ကိုလည်း ရသေ့ကိုဖျက်ဆီးရန် အလှည့်ပေးစေချင်ပါသည်။"

"ရှင်မနတ်သမီး. . . သင်ပြောသော အခြားနတ်သမီးတို့ ရှိသည်ကမှန်ပါ၏။"

အလုံးစုံသော အင်္ဂါကြီးငယ် တင့်တယ်ခြင်းနှင့် ပြည့်စုံသော နတ်သမီးတို့သည် ရှိသည်ကမှန်သော်လည်း ယောကျ်ားတို့ကို ဆည်းကပ်လုပ်ကျွေးသော အတတ်ပညာကိုမူကား သင်နတ်သမီးသည် အဆင်းဖြင့်လည်းကောင်း၊ မိန်းမတို့ထက်သာသော အတတ်

www.dhammaransi.com



ပညာဖြင့်လည်းကောင်း၊ ထိုဣုသိသိဂ်ရသေ့ကို သင်အလိုသို့ပါအောင် နိုင်ပါမည်။"

"အရှင်သိကြားမင်း. . . ထိုဣုသိသိဂ်ရှင်ရသေ့ကို ဖြား ယောင်းဖျက်ဆီး၍ သာသနာ၌ကျင်လည်၍ ငရဲ၌ကျရောက်ကုန် သော သတ္တဝါတို့သည် များလှကုန်ပါ၏။ ထို့ကြောင့် သီလကိုဖျက် ဆီးအံ့. ဟု ကြံစည်လျှင်ပင်လျှင် ကျွန်ုပ်ကြက်သီးမွေးညှင်းထ,မိ ပါသည်။

အလမ္ဗုသာ နတ်သမီးသည် သိကြားမင်းအား ဤသို့ပြော ကြားပြီး သိကြားမင်း၏တာဝန်ကို မလွန်ဆန်ဝံ့၍ ဣုသိသိဂ်ရသေ့ ထံသို့ နံနက်စောစောနေဝန်းပြူစအချိန် မီးတင်းကုတ်ကို တံမြက် လှည်းနေသော ရသေ့ထံသို့ မိန်းမတို့၏တင့်တယ်စံပယ်ခြင်းကို ပြုလျက်ချဉ်းကပ်သွားလေသည်။

"ဆန်းကြယ်သောလက်ဝတ်တန်ဆာသာလျှင် ဆင်ယင်ပြီး ပုံလဲသွယ် လည်ရွဲပတ္တမြားနားဋ္ဌောင်းဆင်ယင်ထားသော သင်သည် လျှပ်စစ်နွယ်ကဲ့သို့လည်းကောင်း၊ သောက်ရှုးကြယ်ကဲ့သို့လည်း ကောင်း ထွန်းပ၏။ သင်အဘယ်သူနည်း။"

"သင်သည် နေမင်းကဲ့သို့ ထွန်းလင်းသောအရောင်လည်း ရှိ၏။ ရွှေအဆင်းနှင့်တူသော အဆင်းရှိသောစန္ဒကူးနံ့သာလည်း လိမ်းကျံထား၏။ လုံးသောတစ်ခဲနက်သော နိရုလက္ခဏာလည်း ရှိ၏။ ပျိုနု၏။ ရှုချင်စဖွယ်ရှိ၏။ သေးသေးသွယ်သွယ် တင့်တယ်

www.dhammaransi.com


သော ခါးလည်းရှိ၏။ နူးညံ့၏။ ညစ်ကြေးမတင်သန့်ရှင်းစင်ကြယ်၏။ သင်၏ပေါင်တို့သည်လည်း အစဉ်အတိုင်း အရင်းကြီး၍ အဖျားသေးသွယ်ကုန်သည်ဖြစ်၍ ဆင်နှာမောင်းနှင့်တူကုန်၏။ ကြွေအန်ကစားသော ပျဉ်ကဲ့သို့သင်၏ကောင်းသောခါးသည် တင့်တယ်ပြေပြစ်ပေစွ။"

"သင်၏ချက်သည် ကောင်းသောသဏ္ဌာန်ရှိ၏။ ကြာညို၏အချပ်ကဲ့သို့လည်းကောင်း၊ သစ်နက်ရေဖြင့်ပြည့်ဘိသကဲ့သို့လည်းကောင်း၊ အဝေးမှစိမ်းစိမ်းညို့ညို့ထင်၏။

"သင်၏နှစ်ခုစုံဖြစ်သော ရင်၌ဖြစ်ကုန်သော နို့ရည်ကိုဆောင်ကုန်သော သားမြတ်တို့သည် အညှာလည်းမရှိကုန်၊ ကောင်းစွာရင်မှ ထွက်ပြူကုန်၏။ တွဲလျားမကျ၊ မတွဲမရှုံ့ကုန်၊ ရွှေအင်ပျဉ်ဝယ်တင်၍ ထားအပ်သော ကောင်းစွာလုံးသောရွှေဖူးသီး၏ ထက်ဝက်နှင့်တူ၏။"

"သင်၏ လည်သည်ဇောီမည်သော သားကောင်း၏လည်ကဲ့သို့ အတန်ငယ်ရှည်၏။ ရွှေဖြင့်ပြီးသော မုရိုးစည်ငယ်နှင့်တူ၏။ နှုတ်ခမ်းတို့သည်လျှာအဆင်းကဲ့သို့ နီဝင်းကုန်သည်ဖြစ်၍ တင့်တယ်ကုန်၏။"

"သင်၏အထက်သို့ အဖျားရှိသည်လည်းဖြစ်ကုန်သော အောက်သို့အဖျားရှိသည်လည်းဖြစ်ကုန်သော ဒန်ပူဖြင့်ပွတ်တိုက်အပ်သည်ဖြစ်၍ စင်ကြယ်ကုန်သော အပြစ်မရှိကုန်သော သွားဖုံး

www.dhammaransi.com


သားတို့၏အဆုံး၌ ရောက်ကုန်သည်ဖြစ်၍ နှစ်မိုးသောအရပ်၌ တည်ကုန်သောသွားတို့သည် ရှုချင်စဖွယ်ရှိကုန်၏။"

"ညိုသင့်ရာဝယ် စိမ်းစိမ်းညိုကုန်သော၊ အနီလျှင်အဆုံးရှိကုန်သော နီသင့်ရာ၌ချင်ရွှေရောင်အဆင်းကဲ့သို့ နီးဝင်းကုန်သော ဆံပင်တို့သည် စန္ဒကူးနံ့တကြိုင်ကြိုင်လှိုင်ကုန်ပါ၏။"

"အကြင်မျှလောက်ကုန်သော လယ်ယာထွန်၍ အသက်မွေးသောသူ၊ နွားကျောင်း၍ အသက်မွေးသောသူ၊ ကုန်သည်တို့သည်ရှိကုန်၏။ အကြင်ဖြစ်ရာအရပ် ကိုယ်, နှုတ်, နှလုံးသုံးပါးကို စောင့်ရှောက်ကုန်သော၊ ခြိုးခြံသောအကျင့်ရှိကုန်သော ရသေ့တို့၏ သွားလာရာအရပ်သည်လည်းကောင်း ရှိပါ၏။

"ထိုသို့သဘောရှိသော မြေအပြင်၌နေကုန်သော ခပ်သိမ်းကုန်သော ထိုသူတို့တွင် သင်နှင့်တူမျှသောသူကို ငါမမြင်စဘူးပါ။ သင်သည် အဘယ်သူနည်း၊ အဘယ်သူ၏ သားသမီးပေနည်း၊ အဘယ်သို့လျှင် သင့်ကိုငါတို့သည် သိရကုန်အံ့နည်း။"

ဤသို့ဖြင့် ခြေဖျားမှစ၍ ဆံဖျားတိုင်အောင် မိမိဂုဏ်အထူးကို ကာသိသိင်္ဂရသေ့က ချီးမွမ်းပြောဆိုသည်ရှိသော် အလမ္ဗုသာနတ်သမီးသည် ဆိတ်ဆိတ်နေလျက် ထိုရသေ့မိမိသို့ စိတ်ညွှတ်သည်ကိုသိ၍-

"အရှင်ရသေ့. . . ကျွန်ုပ်ကိုကြင်နာယိုစိတ် မေတ္တာစိတ်ထားသည်ရှိသော် လာပါလော၊ နှစ်ယောက်ကုန်သော ကျွန်ုပ်တို့

www.dhammaransi.com


သည် ကျောင်းအတွင်း၌မွေလျော်ကြပါကုန်စို့ ကျွန်ုပ်သည် သင့်ကို ပွေ့ဖက်၍ငါးပါးသော ကာမဂုဏ်ဖြင့်မွေ့လျော်ရွှင်ပျော်သောသူတို့ ထက် မွေ့လျော်သာလွန်သူ ဖြစ်စေရပါမည်။"

နတ်သမီးက ဤသို့ပြောဆိုခွင့်ပေးပြီးနောက်-

"ငါသည် ရပ်လျက်နေသည်ရှိသော် ရသေ့သည်အနီးသို့ မလာလတ့်၊ သွားတော့မည့်ဟန်ကိုပြုအံ့"

ဟုကြံ၍ အလအမျှသာနတ်သမီးသည် မိန်းမတို့၏လိမ်မာသည်၏ အဖြစ်ကြောင့် ရှင်ရသေ့ကိုတုန်လှုပ်စေ၍ လာခဲ့သောခရီးကိုသွား ဟန်ပြုလေသည်။

ထိုအခါ ဣသိသိင်္ဂရသေ့သည် နတ်သမီးသွားသည်ကို မြင်၍ သူမသွားလေပြီဟုဆိုကာ လျင်မြန်စွာလိုက်၍ ဆံထုံးကိုလက် ဖြင့် သုံးသပ်၍ဆွဲငင်ယူသည်။

ထိုအခါ နတ်သမီးသည်ပြန်လှည့်၍ ပွေ့ပိုက်၍ထားလေ သည်။ ထိုခဏမှာပင် ရသေ့သည်မြတ်သောအကျင့်မှ ရွေ့လျော့ လေသည်။

သိကြားမင်းသည် မိမိတောင့်တအပ်သော အရာပြည့်စုံ လေသည်အတွက် များစွာနှစ်သက်သဘောကျလေသည်။

နတ်သမီးသည် သိကြားမင်း၏အလိုဆန္ဒပြည့်ဝ၍ သိကြား မင်းထံမှ ဆန္ဒကိုစိတ်ဖြင့် အောက်မေ့တောင့်တ မျှော်လင့်လေသည်။ သိကြားမင်းသည်လည်း နတ်သမီး၏စိတ်အကြံကိုသိ၍ ရွှေဖြင့်ပြီး

www.dhammaransi.com



သော ငါးဆယ်သောအပေါ် လွှမ်းဗိမာန်နှင့်တကွသော တစ်ထောင်သော နတ်ကော်ဇောခင်းထားသော ပလ္လင်ကိုပို့ပေးစေသည်။

နတ်သမီးသည် ထိုနတ်ပလ္လင်၌နေလျက် ရသေ့ကိုရင်၌ ပွေ့ဖက်၍ ဆောင်ထားသောခဏ၌ မိန်းမောသွားကာ သုံးနှစ်တိုင်တိုင်ရှိသွားလေသည်။ သုံးနှစ်ပြည့်မှမိန်းမောတွေဝေခြင်း ပြေပျောက်သည်ဖြစ်၍ နှိုးထပြီးမိမိ၏မီးတင်းကုတ်ကို ခြံရံ၍ပေါက်နေသော စိမ်းညို့သောအရွက်ရှိသော သစ်ပင်တို့ကိုမြင်တွေ့ရပြီး

"ငါသည် မီးမပူဇော်၊ ဗေဒင်တို့ကိုလည်း မသရဇ္ဈာယ်မိ မီးပူဇော်မှုကို စွန့်ပစ်မိ၏။ အဘယ်သူသည် ကိလေသာဖြင့် လုပ်ကျွေး၍ ငါ၏စည်းစိမ်ကို ဖြားယောင်းလေဘိသနည်း။"

"အထူးထူးသော ရတနာတို့ဖြင့်ပြည့်သော လှေကိုသမုဒ္ဒရာ၌ နစ်ဘိသကဲ့သို့ အကြင်သူသည် တော၌နေသောငါ၏ ဈာန်ကျေးဇူးကို ပျက်စီးခြင်းသို့ ရောက်စေဘိသနည်း။"

ဟု ငိုကြွေးမြည်တမ်းလျက် မျက်ရည်များယိုစီးကျလေသည်။

နတ်သမီးသည် ဣသိသိင်္ဂရသေ့၏ ငိုကြွေးသံကိုကြား၍-

"ငါသည် အကယ်၍မပြောချေအံ့၊ ဤရှင်ရသေ့သည် ငါ့ကိုကျိန်ဆဲလတ့်၊ ယခုအခါ ငါသည်ထိုရသေ့အား ပြောဆိုအံ့" ဟုကြံစည်ကာ-

"အိုရှင်ရသေ့ သင်အားကာမဂုဏ်ဖြင့် လုပ်ကျွေးစိမ့်သောငှာ သိကြားမင်းသည် စေခိုင်းအပ်၍ ငါသည်ကျွန်ုပ်၏စိတ်ဖြင့်

www.dhammaransi.com



သင်၏စိတ်ကို ညှင်းဆဲမိပါ၏။ သင်ရသေ့သည် မေ့လျော့သည် ဖြစ်၍ သိတော်မမူပါချေ။"

ဟု ပြောပြသည်။

ရသေ့သည် နတ်သမီး၏စကားကိုကြား၍-

"ငါသည်ခမည်းတော် ရှင်ရသေ့ပေးထားအပ်သော အဆုံးအမကို မလိုက်နာမိ၍ ကြီးစွာသောပျက်စီးခြင်းသို့ရောက်ရ၏။" ဟု ဖခင်ရသေ့ကြီး ဆိုဆုံးမသောစကားကို ပြန်လည်အောက်မေ့ပြီး ငိုကြွေးပြန်လေသည်။

"ငါသည် အမြော်အမြင်နှင့်ပြည့်စုံသော ဖခင်၏အဆုံးအမကို မလိုက်နာမိ၍ ယခုတောလည့်ခေါင်တွင် တစ်ယောက်တည်း ငိုကြွေးနေခဲ့ရပါပြီ၊ ငါကား အသက်ရှင်နေခြင်းဖြင့် အကျိုးမရှိ စက်ဆုပ်ရွံရှာဖွယ်ရှိပေစွ၊ ငါအားသေခြင်းသည်လည်း ဖြစ်လတံ့၊"

"အကြင်သို့သော အခြင်းအရာအားဖြင့် ပြုအပ်သည်ရှိသော် ရှေးနည်းတူစျာန်ရသော ယောကျ်ားသည်ဖြစ်လတံ့၊ ထိုသို့သော အခြင်းအရာဖြင့် ပြန်၍ပြုကြည့်အံ့။"

ဟု ကြံစည်၍ရသေ့သည် ကာမရာဂကိုပယ်၍ တစ်ဖန်စျာန်ကို ဖြစ်စေသည်။

www.dhammaransi.com



ထိုအခါ ဣသိသိင်္ဂရသေ့၏ တန်ခိုးအစွမ်းကိုမြင်သော နတ်သမီးသည် ကြောက်လန့်လေရကား ရသေ့၏ခြေတို့ကို ဦးခေါင်းဖြင့်တိုက်လေသည်။

"ကြီးသော လုံ့လရှိသောရှင်ရသေ့. . . ကျွန်ုပ်အား အမျက်မထွက်ပါလင့်၊ အကြင်အခါ၌ ရှင်ရသေ့သည် တာဝတိံသာ နတ်ပြည်ကိုတုန်လှုပ်စေခဲ့သည်။ ထိုအခါ ကျွန်ုပ်သည် ထိုတာဝတိံသာ နတ်တို့အတွက် ကျွန်ုပ်ကျင့်ခဲ့ရပါသည်။ ယခုကျွန်ုပ်သည် အရှင်ရသေ့၏ ခြေတို့ကိုရှိခိုးပါ၏။"

"ကောင်းသော လက္ခဏာနှင့်ပြည့်စုံသောနတ်သမီး. . . တာဝတိံသာနတ်ပြည်၌နေကုန်သော နတ်တို့သည်ရှိကုန်၏။ ထိုနတ်များနှင့်အတူ နတ်တို့အရှင်သိကြားမင်းသည်လည်း ချမ်းသာသည်ဖြစ်ပါချေ၊ သင်သည်လည်းချမ်းသာသည် ဖြစ်ပါစေ၊ ယခု သင်ပြန်သွားပါလော့။"

ရသေ့ကဤသို့ခွင့်လွှတ်စကားမိန့်ကြားသောအခါ အလမ္ဗုနတ်သမီးသည်ရသေ့ကိုရှိခိုးပြီး ရွှေပလ္လင်နှင့်အတူ တာဝတိံသာ နတ်ပြည်သို့ ပြန်သွားလေသည်။

သိကြားမင်းသည် အလမ္ဗုနတ်သမီးကို နှစ်သက်သည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နတ်သမီးကိုလိုရာဆုကို တောင်းလော့ဟု ဆုကိုပေးလေသည်။

www.dhammaransi.com



"ထိုအခါ အလမ္ဗုနတ်သမီးက-

"အရှင်မင်းကြီး. . . ကျွန်ုပ်ကို ဆုပေးမည်ဆိုပါက နောက်နောင်ကျွန်ုပ်သည် ရသေ့ရဟန်းတို့ကို ဖြားယောင်းဖျက်ဆီးစေရန်သွားရသောအမှုကိုမပြုလုပ်လိုရသော ဆုကိုပေးရန်တောင့်တပါ၏" ဟု ဆုကိုတောင်းလေသည်။ သိကြားမင်းကလည်း သဘောတူသောဆုကိုပေးလေသည်။

ဇာတ်တော်ကိုပေါင်းသော်-

ယခု ရဟန်း၏မယားသည် ထိုအခါ နတ်သမီး

ယခု ရဟန်းသည် ဣသိသိင်္ဂရသေ့ဖြစ်ခဲ့ပြီး

ယခု ငါဘုရားသည် ဣသိသိင်္ဂရသေ့၏ ဖခင်ရသေ့ဖြစ်ခဲ့ပြီ

(စတ္တာလီသနိပါတ်၊ အလမ္ဗုသာဇာတ်)

www.dhammaransi.com



## ၂၄။ မလှူသောသွေမျိုးကို လှူအောင်ဆောင်ရွက်မှု

မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေစဉ်ဖြစ်သည်။

အမျိုးသားတစ်ဦးသည် ဘုရားရှင်၏တရားတော်ကို နာရပြီးလျှင် ကြည်ညိုသောစိတ်ရှိသည်ဖြစ်၍ ရဟန်းပြုကာ သီလကို ဖြည့်ကျင့်လေ့ရှိ၏။ ဓုတင်ကျေးဇူးဂုဏ်နှင့် ပြည့်စုံ၏။ မြတ်သော အကျင့်ကိုကျင့်လေ့ရှိ၏။ မေတ္တာစိတ်ကိုကောင်းစွာဖြစ်စေ၏။

တစ်နေ့သုံးကြိမ် ဘုရား၊ တရား၊ သံဃာ၊ လုပ်ကျွေးခြင်း၌ မမေ့မလျော့သောစိတ်ရှိ၏။ အကျင့်သီလနှင့်ပြည့်စုံပြီး အလှူဒါနကို အလိုရှိသည်ဖြစ်၏။ သာရဏီယဝတ်ကိုဖြည့်၏။ မိမိသည်ရအပ်သော ပစ္စည်းကိုအလှူခံတို့သည် ရှိကုန်လတ်သော် မိမိ၌မလောက်မငရှိသော်လည်း လှူသည်သာဖြစ်၏။

ထိုရဟန်း၏ အလှူဒါန၌ မွေ့လျော်သောအဖြစ်သည် ရဟန်းသံဃာအပေါင်း၌ ထင်ရှားသည်။ ရဟန်းအပေါင်းက-

“ငါ့ရှင်တို့ . . . ဤမည်သောရဟန်းသည် အလှူဒါနကို အလိုရှိ၏။ အလှူ၌မွေ့လျော်၏။ မိမိသည်ရအပ်သော တစ်လက်ဖက်မျှသောရေကိုသော်လည်း လောဘကိုဖြတ်၍ သီတင်းသုံးဖော်တို့အား ပေးလှူ၏။ ထိုရဟန်းသည် ဘုရားလောင်း၏အလိုဆန္ဒကဲ့သို့ဖြစ်၏။”

ဟူသောစကားဖြစ်စေကုန်၏။

www.dhammaransi.com



ထိုရဟန်းအကြောင်းနှင့်ပတ်သက်၍-

"ရဟန်းတို့ . . ဤရဟန်းသည် ရှေးအခါ၌ကား ပေးလှူလေ့မရှိ ဝန်တိုမစ္ဆရိယရှိသူဖြစ်၏။ လက်ဖျားရှိဆီနှင့်ပေါက်လောက်သော်မျှ မပေးလှူ၊ ထိုအခါ ထိုရဟန်းကို ငါဘုရားလောင်း သိကြားမင်းက ဆုံးမသည်ဖြစ်၍ ယဉ်ကျေးသည်ကိုပြုကာ အလှူဒါန၏အကျိုးတို့ကိုချီးမွမ်းလျက် အလှူပေးခြင်း၌တည်စေခဲ့၏။ ထိုရဟန်းသည် တစ်လက်ဖက်မျှလောက်သော ရေကိုသော်လည်းရသည်ရှိသော် မလှူမူ၍မသောက်ပါပြီဟု ငါဘုရားထံ၌ဆုကိုယူခဲ့ဘူး၏။ ထိုသို့ယူခဲ့သောဆု၏အစွမ်းကြောင့် အလှူဒါန၌မွေ့လျော် အလိုရှိသည်ဖြစ်၏။"

ဟုမိန့်ကြားကာ အတိတ်ဘဝဖြစ်စဉ်ကို ပြန်လည်၍ဟောပြတော်မူသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုချိန်ဖြစ်သည်။

တစ်ယောက်သောသူကြွယ်သည် ဥစ္စာကုဋေ (၈၀) ကြွယ်ဝ၏။ ထိုအခါ ဗာရာဏသီမင်းက ထိုသူကြွယ်အား သူဌေးအရာကိုပေးလေသည်။

ထိုသူကြွယ်သည် မင်းနှင့်ပြည်သူ ဇနပုဒ်သူတို့သည် ပူဇော်ခံရသည်ဖြစ်၍ တစ်နေ့တွင် မိမိ၏စည်းစိမ်ကိုကြည့်၍-

"ဤစည်းစိမ်ချမ်းသာကို ငါသည်ရှေးဘဝ၌ အိပ်သဖြင့်လည်းမရ ကာယဒုစရိုက်စသည်တို့ကို ပြုသဖြင့်လည်းမရ၊ စင်စစ်

www.dhammaransi.com



သော်ကား သူစရိုက်တရားကိုဖြည့်၍ ရအပ်၏။ နောက်အခါ၌လည်း ငါသည်ငါ၏တည်ရာကို ပြုခြင်းငှါသင့်၏။”

ဟု ကြံစည်မိလေသည်။

ထိုသို့ကြံစည်ပြီးနောက် မင်းထံသို့သွားကာ-

“အရှင်မင်းမြတ်. . . ကျွန်ုပ်၏အိမ်၌ ဥစ္စာကုဋေ(၈၀)ရှိပါ၏။ ထိုဥစ္စာတို့ကို အရှင်မင်းမြတ် သိမ်းယူတော်မူပါလော။” ဟု တင်လျှောက်လေသည်။

“သူဌေး. . . ငါသည် သင်၏ဥစ္စာဖြင့်အလိုမရှိ၊ ငါအား ဥစ္စာသည်များစွာရှိ၏။ ဤငါ၏ နန်းတော်မှ အကြွင်ဥစ္စာကိုသင် အလိုရှိ၏။ ထိုဥစ္စာကို သင်ယူပါလော။”

“အရှင်မင်းမြတ်. . . ဤသို့ဆိုက ကျွန်ုပ်၏ပိုင်ဆိုင်သော ဥစ္စာတို့ကို ပေးလှူခြင်းငှါ ရပါမည်လော”

“သူဌေး. . . သင့်ဥစ္စာကို သင်အလိုရှိတိုင်းပြုပါလော”

မင်းထံမှ ထိုသို့ခွင့်ပြုချက်ကိုရသော သူဌေးသည်မြို့တံခါး လေးမျက်နှာ၌လည်းကောင်း၊ မြို့လယ်၌လည်းကောင်း၊ နေအိမ်တံခါးမုဒ်၌လည်းကောင်း၊ အလှူဍာန (၆)ခုကို ဆောက်စေပြီး နေ့စဉ်နေ့တိုင်း (၁၆)သိန်းသော ဥစ္စာတို့ကို စွန့်ကြဲလျက်ကြီးစွာသောအလှူကိုဖြစ်စေသည်။

ထိုသူဌေးသည် အသက်ထက်ဆုံးအလှူပေး၍-

“ငါ၏ အလှူအစဉ်အဆက်ကို မပြတ်ကြကုန်လင့်။”

www.dhammaransi.com



ဟု သားသမီးတို့ကို ဆုံးမ၍အသက်၏အဆုံး၌ သိကြားမင်းဖြစ်လေသည်။

- ထိုသူဌေးသားသည်လည်း ထိုအတူအလှူပေး၍ စန္ဒနနတ်သားဖြစ်သည်။
- ထိုသူဌေးသားသည်လည်း ထိုအတူအလှူပေး၍ သူရိယနတ်သားဖြစ်သည်။
- ထိုသူဌေးသားသည်လည်း ထိုအတူအလှူပေး၍ မာတလိနတ်သားဖြစ်သည်။
- ထိုသူဌေးသားသည်လည်း ထိုအတူအလှူပေး၍ ပဉ္စသိခနတ်သားဖြစ်သည်။
- ထိုသူဌေးသား၏သားဖြစ်သော (၆)ယောက်မြောက်

သောသူဌေးသားသည်ကား သူဌေးအရာကိုရသည်ရှိသော် ကုဋေ (၈၀)ကြွယ်ဝသော မစ္ဆရိကောသိယ အမည်ရှိသော သူဌေးဖြစ်လေသည်။

"ငါ၏အဘ, အဘိုး, အဘေးတို့သည် မိုက်သည်သာဖြစ်ကုန်၏။ ဆင်းရဲငြိုငြင်စွာ ဆည်းပူးရှာဖွေထားအပ်သော ဥစ္စာကို စွန့်ပစ်ကြကုန်၏။ ငါမူကား ဤဥစ္စာများကို စောင့်ရှောက်အံ့၊ တစ်စုံတစ်ယောက်သောသူအား အနည်းငယ်မျှသော ဥစ္စာတို့ကိုမပေးမလှူအံ့"

ဟု ကြံစည်ကာ အလှူတင်းကုတ်တို့ကို ဖျက်ဆီး၍မီးတိုက်ပြီးလျှင်

www.dhammaransi.com



အလှူဝတ်တို့ကိုဖြတ်အပ်၏။ လာပြောပြသူတို့ကို ခက်ထန်ဝန်တိုစွာ ပြောလွှတ်သည်။

ထိုအခါ မစ္ဆရိကောသိယသူဌေးအိမ်တံခါး၌ အလှူခံ၊ ဖုန်းတောင်းယာစကာတို့သည် စည်းဝေးကြကာ လက်နှစ်ဘက်ကို ချီးမြှောက်ကြကုန်လျက်-

"သူဌေးကြီး. . . မိမိ၏အဘ, အဘိုး, အဘေး, အဆက်ဆက်တို့၏ အလှူဝတ်အစဉ်ကို မဖျက်ဆီးပါလင့်၊ အလှူကိုဆက်ပေးပါလော။"

ဟု ကျယ်လောင်သော အသံများစွာဖြင့် ငိုကြွေးအော်ဟစ်တောင်းဆိုကြသည်။

ထိုသူတို့၏ ငိုကြွေးတောင်းဆိုသံကို ကြားကြရ၍လူအများသည် မစ္ဆရိကောသိယ သူဌေးကိုကဲ့ရဲ့ရှုတ်ချကြသည်။

မစ္ဆရိကောသိယသူဌေးသည် ရှက်သည်ဖြစ်၍ အိမ်တံခါးမုခ်သို့လာကုန်သော အလှူခံတို့ကို တားမြစ်ရန်အစောင့်အရှောက်ကိုထားလေသည်။ အလှူခံ ဖုန်းတောင်းယာစကာတို့သည် အထောက်အပံ့မရှိကုန်သည်ဖြစ်၍ ထိုသူဌေးအိမ်တံခါးဝသို့ မလာကြတော့ပေ။

ထိုမစ္ဆရိကောသိယသူဌေးသည် ထိုအခါမှစ၍ ဥစ္စာကိုသာလျှင် ဆည်းပူး၏။ ထိုဥစ္စာကိုမိမိလည်းမသုံးဆောင်၊ သားမယားအစရှိသည်တို့အားလည်း မပေး၊

www.dhammaransi.com


ပအုံးရည်လျှင် နှစ်ခုမြောက်သော ဆန်ကဲ့သို့ထမင်းကို သာလျှင်စားသည်။ ဝါချည်ဖြင့်ရက်ကုန်သော ကြမ်းတမ်းသော ပုဆိုးတို့ကိုသာ ဝတ်ဆင်၏။ သစ်ရွက်ထီးကိုသာဆောင်း၏။ နွားအိုက,သော ဆွေးမြေ့သောရထားအိုကိုသာ စီး၏။

ဤသို့လျှင် သူဌေးယုတ်၏ဥစ္စာသည် ခွေးသည်ရအပ်သော အုန်းသီးကဲ့သို့ဖြစ်၏။

ထိုသူဌေးသည် တစ်နေ့တွင်မင်းကို ခ,စားအံ့သောအခါ သွားသည်ရှိသော် သူဌေးငယ်ကိုခေါ်၍ သွားအံ့ဟုကြံ၍ သူဌေးငယ်အိမ်သို့ သွားလေသည်။ ထိုခဏ၌ သူဌေးငယ်သည် သားသမီးတို့ဖြင့် ခြံရံလျက် ထောပတ်သစ်၊ ပျားလဘို့သကာမှုန့်တို့ဖြင့် စီရင်အပ်သော နို့ယနာကိုစားလျက် နေသည်။

သူဌေးငယ်သည် မစ္ဆရိကောသိယသူဌေးကြီးကိုမြင်လျှင် နေရာမှထ,၍

"အရှင်သူဌေးကြီး. . . ကြွတော်မူလှည့်၊ ဤပလ္လင်၌နေ၍ နို့ယနာကို စားပါလော"

ဟု ဖိတ်ကြားနေရာပေးသည်။

ထိုယနာကိုမြင်လျှင်ပင် မစ္ဆရိကောသိယသူဌေးအား ခံတွင်း၌တံတွေးသည်ဖြစ်၏။ စားလို၏။ ဤသို့စားလိုသော်လည်း

"အကယ်၍ ငါသည်ဤယနာကိုစားအံ့၊ ဤသို့စားသည်ရှိသော် သူဌေးငယ်ငါ့အိမ်သို့လာပါက ငါသည်သူ့ကို ပူဇော်သက္ကာရ

www.dhammaransi.com



တုံ့ပြန်ပြုရလတ့်၊ ဤသို့ပြုတုံ့ရသည်ရှိသော် ငါ၏ဥစ္စာသည် ပျက်စီးလတ့်”

ဟု အကြံဖြစ်ပြီး-

“ငါမစားလိုပါ။”

ဟု ပြောဆိုသည်။

သူဌေးငယ်က အဖန်တလဲလဲတောင်းပန်ပြောဆိုသော်

“ယခုခါ ငါသည်ထမင်းဝ, နေ၍ မစားလိုပါ။”

ဟု ထပ်မံပြောဆိုသည်။

သို့သော် သူဌေးငယ်စားနေသည်ကိုကြည့်လျက် ခံတွင်း၌ များစွာသောတံတွေးဖြစ်လျက် နေသည်။

သူဌေးငယ်သည် စားသောက်ပြီးသော် သူဌေးငယ်နှင့်အတူ မင်းနန်းတော်သို့ သွားရောက်ခဲ,စားပြီးနောက် မင်းအိမ်မှတစ်ဖန် မိမိ၏အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်သော် နို့ယနာစားလိုသော တဏှာနှိပ်စက်အပ်သည်ဖြစ်၍-

“အကယ်၍ ငါသည်နို့ယနာကို စားလိုသည်ဟုဆိုအံ့၊ အများအိမ်သားများသည် စားလိုသည်ဖြစ်လတ့်၊ များစွာသောဆန်အစရှိသည်တို့သည် ပျက်စီးကုန်လတ့်၊ တစ်စုံတစ်ယောက်သူကိုမျှ မပြောဆိုအံ့”

ဟု ကြံစည်မိပြန်လေသည်။

www.dhammaransi.com



ထိုသူဌေးသည် နှမ်းညှော်မပြတ် နှံ့ယနာကိုသာလျှင် စားလို၍ ကြံစည်နေ၏။ သို့သော် ဥစ္စာပျက်စီးခြင်းမှ ကြောက်သောကြောင့် မည်သူကိုမျှမပြောဘဲ ငတ်မွတ်ခြင်းကို သည်းခံ၍နေသည်။ သို့သော် အာသာကိုမဖျောက်နိုင်၍ ကိုယ်သည်ဖက်ရွက်ရော်ကဲ့သို့ ဖြော့တော့သောအဆင်းကို ရှိလာသည်။ ထိုသို့ရှိလာသော်လည်း ဥစ္စာပျက်စီးခြင်းမှ ကြောက်သောကြောင့် မည်သူကိုမျှမပြောဆို၊ နောက်တွင် အိပ်ရာထဲလဲ၍ အိပ်ရသည်။

ထိုအခါ သူဌေး၏မယားသည် သူဌေးထံသို့ချဉ်းကပ်လျက် ကျောကိုသုံးသပ်ကာ-

"အရှင်. . . အရှင်အား အဘယ်သို့သောမချမ်းသာသော အမှုသည် ဖြစ်ပေါ်နေပါသနည်း။"

ဟုမေးသည်။

"ရှင်မ. . . သင်၏ကိုယ်၌သာလျှင် မချမ်းသာခြင်းရှိလျှင် ရှိမည်။ ငါ့မှာ မချမ်းသာခြင်းမည်သည်မရှိ။"

"အရှင်. . . အရှင်သည် ဖက်ရွက်ရော်ကဲ့သို့ဖြော့တော့ သော အဆင်းရှိနေပါ၏။ အရှင်အားတစ်စုံတစ်ခုသော အကြံအစည် သည် ရှိပါသလော၊ ထိုသို့မဟုတ်မူ အရှင်မင်းမြတ်သည် အမျက် ထွက်ခြင်းကို ခံနေရပါသလော၊ ထိုသို့မဟုတ်မူ သား၊ သမီးတို့သည် မထေမဲ့မြင်ပြုသလော၊ ထိုသို့မဟုတ်မူ တစ်စုံတစ်ခုသော ချင်ခြင်း တဏှာသည်ဖြစ်လေသလော"

www.dhammaransi.com



"ရှင်မ. . . ငါအား တဏှာသည်ဖြစ်ပေါ်ခံစားနေရပါ၏"

"အရှင်. . . ထိုချင်ခြင်းတဏှာကိုစောင့်ခြင်းငှါ မတတ်နိုင်လတ့်လော"

"ရှင်မ. . . စောင့်အပ်သည်နှင့်လျော်သော အခါသည်အကယ်၍ဖြစ်ငြားအံ့၊ ငါစောင့်အံ့"

ဤသို့ဖြစ်သော်လည်း သူဌေးသည် ဥစ္စာပျက်စီးသည်မှကြောက်သောကြောင့် ပြောဆိုခြင်းငှါမဝံ့၊ မယားကအဖန်တလဲလဲနှိပ်စက်၍မေးသော်-

"ရှင်မ. . . ငါသည်တစ်နေ့သ၌ ထောပတ်သစ်၊ ပျားသကာတို့ဖြင့် ကောင်းစွာစီရင်အပ်သော နွားနို့ယနာထမင်းကို သူဌေးငယ်စားသည်ကိုမြင်ရလျှင် ထိုအခါမှစ၍ ထိုနို့ယနာနှင့်တူသော ထမင်းကိုစားလိုသော အလိုဆန္ဒဖြစ်ပေါ်ခံစားနေရပါ၏။

"အို. သူယုတ်. . . အသို့နည်း၊ သင်သည် ဆင်းရဲနေပါသလော၊ ဗာရာဏသီတစ်မြို့လုံးလောက်အောင် နို့ယနာထမင်းကိုချက်အံ့-

ထိုသို့ဆိုသောအခါ ထိုသူဌေးအားဦးခေါင်းကိုလှံတံဖြင့်ပုတ်ခတ်သကဲ့သို့ဖြစ်၏။ မယားအား အမျက်ထွက်၍-

"ငါသည် သင်ဥစ္စာများသော အဖြစ်ကိုသိပါ၏။ သင့်အားမိဘအိမ်မှဆောင်ယူခဲ့သော ဥစ္စာသည်အကယ်၍ရှိအံ့၊ ထိုဥစ္စာဖြင့်နို့ယနာချက်၍ အလုံးစုံသောမြို့နေသူတို့အား ပေးလော့"

www.dhammaransi.com



"ဒါဆိုကောင်းပြီ၊ လမ်းခရီးတစ်ခု၌ နေသောသူတို့အား စားသောက်နိုင်ရန် ချက်အံ့၊"

"ရှင်မ. . . သင့်အား ထိုသူတို့ကို မိမိဥစ္စာကို စားစေသဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။"

"ဤငါတို့အိမ်၌နေသော ပရိတ်သတ်အပေါင်းအား စားသောက်ရုံချက်ပါအံ့၊ "

"ရှင်မ. . . သင့်အား ထိုသူတို့ဖြင့် အဘယ်အကျိုးရှိပါအံ့နည်း။"

"ထိုသို့ဆိုက ငါတို့သားသမီး၊ အဆွေအမျိုးတစ်ခုအားသာလျှင် စားသောက်ရုံချက်အံ့"

"ရှင်မ. . . သင့်ကား အဘယ့်သို့ပြုသနည်း၊ မသင့်ပါချေ"

"ဒါဆို အရှင်တစ်ယောက်တည်းစားသောက်ရုံချက်ပါအံ့"

"ရှင်မ. . . ငါ့အတွက်လည်း သင်မချက်ပါလင့်၊ ဤယနာနို့ ဤအိမ်၌ချက်သော် များစွာသောလူတို့သည် တောင့်တကုန်လတ့်ံ ငါအားဆန်တစ်ခွက်၊ ဆန်လေးစုတစ်စုသောနို့ရည်၊ နို့ရည်အားလျော်သော သကာခွက်၊ ထောပတ်ခွက်၊ ပျားခွက်၊ ယာနာချက်စရာအိုးတစ်လုံးကို ပေးပါလော၊ တောသို့ဝင်၍ တော၌ချက်ကာ ငါစားချေအံ့"

မယားသည် သူဌေးကြီးပြောပြသည့်အတိုင်း ပြုလုပ်ပေးသည်။ ထိုအလုံးစုံကို တစ်ယောက်ကိုယူခဲ့စေ၍-

www.dhammaransi.com



"သွားချေ၊ ဤမည်သောအရပ်၌ သင်နေနှင့်လော့"
ဟု မှာထားပြီးလျှင် ထိုအလုပ်အကျွေးကို ရှေးကသွားစေ၍ တစ်ယောက်တည်းသာလျှင် လှို့ဝှက်သည်ကိုပြု၍ မထင်ရှားသော အသွင်ဖြင့်သွားကာ မြစ်နားဝယ်တစ်ခုသော ချုံအတွင်း၌မီးဖိုပြုလုပ်ကာ ထင်းရေတို့ကို ဆောင်ယူစေသည်။"

"သင်သည် သွား၍တစ်ခုသော လမ်းခရီး၌နေ၍ တစ်စုံတစ်ယောက်သောသူကိုမြင်လျှင် ငါ့အားအမှတ်ပေးလော၊ ငါ့ခေါ်မှသာလျှင် သင်သည်လာခဲ့လော့"
ဟု မှာကြားကာ အလုပ်အကျွေးကို စေလွှတ်လိုက်ပြီးလျှင် မီးညှိ၍ နို့ဃနာကိုချက်သည်။

ထိုခဏ၌ သိကြားမင်းသည် ယူဇနာတစ်ထောင်ရှိသော တန်ဆာဆင်အပ်သော သုဒဿနနတ်မြို့

- ယူဇနာ (၆၀)ရှိသော ရွှေမြင့်ပြီးသောနတ်လမ်း
- ယူဇနာ (၁၀၀၀)မြင့်သော ဝေဇယန္တာပြာသာဒ်
- ယူဇနာ (၅၀၀)ရှိသော သုဓမ္မာနတ်သဘင်
- ယူဇနာ (၆၀)ရှိသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာ
- အဝန်း (၅) ယူဇနာရှိသော ရွှေပန်းနှင့်ထီးဖြူ
- နှစ်ကုဋေ ငါးသန်းအရေအတွက်ရှိသော နတ်သမီးအပေါင်း
- တန်ဆာဆင်ခြင်းနှင့်စပ်သော မိမိ၏ကိုယ်
- ဤသို့လျှင် မိမိ၏နေရာ ဘုန်းကျက်သရေအစုကိုကြည့်၍

www.dhammaransi.com



"အဘယ်ကောင်းမှုကိုပြု၍ ငါသည်ဤကဲ့သို့သော နတ်စည်းစိမ်ချမ်းသာကို ခံစားရလေသနည်း။"

ဟု ကြံဆင်ခြင်လတ်သော် ဗာရာဏသီသူဌေးဖြစ်စဉ် မိမိပြုခဲ့သော အလှူဒါနကို မြင်မိသည်။

ထို့နောက် ငါ၏သားအစရှိကုန်သော သူတို့သည် အဘယ်သို့သောအရပ်၌ ဖြစ်ကုန်သနည်းဟု ကြည့်ပြန်သော်-

- မိမိသားသည် စန္ဒနတ်သားဖြစ်သည်။
- စန္ဒနတ်သားသည် သူရိယနတ်သားဖြစ်သည်။
- ထိုသူရိယနတ်သားသည် မာတလိနတ်သားဖြစ်သည်။
- ထို မာတလိ၏သားသည် ပဉ္စသိခဖြစ်သည်ကို သိလေသည်။

ဤသို့အလုံးစုံသော ဖြစ်ခြင်းကိုမြင်၍ ပဉ္စသိခနတ်သား၏ သားသည် အဘယ်သို့သဘောရှိသနည်း။"

ဟု ကြံစည်ကြည့်ပြန်သော် မိမိ၏အနွယ်ကိုဖြတ်သောအဖြစ်ကို မြင်၏။

ထိုအခါ သိကြားမင်းအား-

"ဤသူယုတ်သည် ဝန်တိုပိတ်ပင်သည်ဖြစ်၍ မိမိလည်း မသုံးဆောင် သူတစ်ပါးတို့အားလည်း မပေး၊ ငါ၏အနွယ်အဆက်တို့ကို ထိုသူယုတ်သည်ဖြတ်၏။ သေလျှင်ငရဲ၌ဖြစ်လတ့်၊ ထိုသူယုတ်အား ဆုံးမသဖြင့် ငါ၏အနွယ်အဆက်ကို တည်စေ၍ထိုသူယုတ်၏

www.dhammaransi.com



ဤငါကို နတ်ပြည်၌ဖြစ်အံ့သောအကြောင်းကို ငါပြုအံ့။"
ဟု ကြံစည်ပြီးလျှင် သိကြားမင်းသည် စန္ဒနနတ်သား အစရှိသော သူတို့ကိုခေါ်၍-

"အမောင်တို့. . . လာကြကုန်၊ လူ့ပြည်သို့သွားကုန်အံ့၊ မစ္ဆရိယကောသိယသူဌေးသည် ငါတို့အနွယ်အဆက်ကိုဖြတ်၏။ အလှူတင်းကုတ်ကို ဖျက်ဆီး၍ မီးတိုက်ကုန်၏။ ဥစ္စာပစ္စည်းတို့ကို မိမိလည်းမသုံးဆောင်၊ သူတစ်ပါးတို့ကိုလည်းမပေး၊ ယခုအခါ နို့ယနာကိုစားလိုသည်ဖြစ်၍ အိမ်၌ချက်သည်ရှိသော် တစ်ပါးသော သူအားလည်း ပေးရမည်ကိုစိုး၍ တောသို့ဝင်ပြီးလျှင် တစ်ယောက်တည်းသာလျှင် ချက်၏။

ထိုသူယုတ်ကိုဆုံးမသဖြင့် အမှု၏အကျိုးကိုသိစေ၍ လာကြကုန်အံ့၊ စင်စစ်သော်ကား အလုံးစုံသောငါတို့သည် တစ်ပေါင်းတည်းပေါင်းတောင်းကြကုန်သည်ရှိသော် ထိုအရပ်၌ပင်လျှင် သေရာ၏။ ငါသည်ရှေးဦးစွာသွား၍ ယနာနို့တောင်း၍နေသော ကာလ၌ သင်တို့သည် ပုဏ္ဏားအသွင်ဖြင့် အစဉ်အတိုင်းလာ၍ တောင်းကြကုန်လော့"
ဟု မှာထားပြီးလျှင် မိမိသည်ရှေးဦးစွာ ပုဏ္ဏားအသွင်ဖြင့် ထိုမစ္ဆရိကောသိယသူဌေးထံသို့ ချဉ်းကပ်သွား၍-

"အို. သူဌေး. . . ဗာရာဏသီပြည်လမ်းခရီးသည် အဘယ်နည်း" ဟုမေးသည်။

www.dhammaransi.com



"သင်သည် ရူးနေသလော၊ ဗာရာဏသီသွားခရီးလမ်းကို မသိဘဲ အဘယ်ကြောင့် ဤအရပ်သို့လာသနည်း၊ ဤအရပ်မှ ထွက်ခွာ၍ ရှေ့သို့ဆက်သွားပါလော့"

သိကြားမင်းသည် မစ္ဆရိကောသိယမင်းစကားကို မကြား ဟန်ပြု၍-

"အရှင်. . . အသို့ဆိုသနည်း။"

ဟုဆိုကာ အနီးသို့ပို၍ ကပ်သွားလေသည်။

"ဟယ်. ပုဏ္ဏား. . . သင် နားပင်းနေသလော၊ အဘယ် ကြောင့်ဤအရပ်သို့ လာရပါသနည်း၊ ဤအရပ်မှ ထွက်ခွာ၍ရှေ့သို့ ဆက်သွားလော့"

ဟု ဆိုမြည်ရေရွတ်သည်။

"အိုသူဌေး. . . အဘယ်ကြောင့် သင်မြည်တမ်းသနည်း၊ မီးခိုးသည် ထင်၏။ မီးသည်ထင်၏၊ နို့ယနာချက်သလော၊ ပုဏ္ဏား တို့အား ပင့်ဖိတ်ရာအရပ်သည် ဖြစ်ရာ၏။ ငါသည်လည်း ပုဏ္ဏား တို့အား ဆွမ်းကျွေးသောအခါ အတန်ငယ်ရလတ့်၊ အဘယ်ကြောင့် သင်အမျက်ထွက်သနည်း။ သင်စားသောကာလ၌ အတန်ငယ်ငါရ လတ့်၊ အဘယ်ကြောင့် ငါ့ကိုနှင်ထုတ်ရဘိသနည်း"

"ပုဏ္ဏား. . . ဤအရပ်၌ ပုဏ္ဏားတို့အား ပင့်ဖိတ်ခြင်း မည်သည်မရှိ၊ ရှေ့သို့သာ သင်သွားပါလော့"

"အို-သူဌေး. . . အဘယ်ကြောင့် သင် အမျက်ထွက်ပါ သနည်း၊ သင်စားသောကာလ၌ အတန်ငယ်ငါ ရလတ့်"

www.dhammaransi.com



"ပုဏ္ဏား. . . ငါသည်သင့်အား ထမင်းတစ်လုပ်မျှကိုလည်း မပေးလတ့်၊ ဤနို့ဃနာသည်အနည်းငယ်မျှသာတည်း၊ ငါတစ်ယောက်မျှလောက်ရုံသာ ငါချက်၏။ တောင်း၍သာလျှင် ငါသည်ရအပ်၏။ သင်သည် တစ်ပါးသောအစာကို ရှာလေလော့"

ပုဏ္ဏား. . . ငါသည် နို့ဃနာကိုဝယ်လည်းမဝယ်၊ ရောင်းလည်းမရောင်း၊ ငါအားစု၍ထားသော နို့ဃနာလည်းမရှိ ဤနို့ဃနာကို အလွန်ငြိုငြင်စွာ ရှာမီးရ၏။ အနည်းငယ်မျှသာရှိ၍ တစ်ကွမ်းစာမျှသာဖြစ်၍ ငါတို့နှစ်ယောက်မစားလောက်ပါ။"

"သူဌေး. . . ငါသည် သင့်အား သာယာသောအသံဖြင့် ဂါထာတစ်ခုကို ဟောပါအံ့၊ ထိုဂါထာကိုနာပါလော"

"ပုဏ္ဏား. . . သင်၏ဂါထာကို ငါမနာလို၊ အလိုမရှိ"

"သူဌေး. . . အနည်းငယ်သောဝတ္ထုမှ အနည်းငယ်သောဝတ္ထုကိုပေးလှူရာ၏။ အနည်းငယ်သောဝတ္ထုတစ်ဝက်မှ အနည်းငယ်ထက်ဝက်သော အဖို့ကိုပေးလှူရာ၏။ မပေးမလှူသည် မဖြစ်ရပါ။"

သူဌေး. . . ထို့ကြောင့် သင့်ကိုငါဆိုပါ၏။ မြတ်သောပုဂ္ဂိုလ်တို့သွားရာလမ်းခရီးကို ကောင်းစွာတက်၍ အလှူတို့ကိုပေးလှူသော မိမိလည်းသုံးဆောင်ပါလော၊ မိမိတစ်ယောက်တည်း သုံးဆောင်စားသောက်သောသူသည် ချမ်းသာသုံးပါးကို မရရာ"

www.dhammaransi.com



"ပုဏ္ဏား. . . သင်သည် နှစ်သက်ဖွယ်သောစကားကို ဆိုပေ၏။ နို့ယနာကျက်လတ်သော် အတန်ငယ်ရလတ္တံ့၊ စောင့်နေဦးလော့"

ဟု ဆိုသောအခါ သိကြားမင်းသည် တင့်အပ်သောအရပ်၌နေလေသည်။

ထိုအခါ စန္ဒနတ်သားသည် ထိုရှေ့နည်းတူလာ၍ နို့ယနာကို အလှူခံသော် သူဌေးကငြင်းဆိုပြန်လွှတ်သည်။

"ကောသိယသူဌေး. . . အကြွင်းသူသည် ညှော်သည်သည်ရှိပါလျက် တစ်ယောက်တည်းဘောဇဉ်ကို စားသုံး၏။ ထိုသူအား လှူအပ်သောအလှူသည် အကျိုးမရှိသည်သာလျှင်တည်း၊ ဥစ္စာဆည်းပူးအပ်သော လုံ့လသည်လည်း အကျိုးမရှိသည်သာလျှင်ဖြစ်၏။

သူဌေး. . . ထို့ကြောင့် သင့်ကိုငါဆိုပါ၏။ အရိယာတို့သွားရာလမ်းခရီးကို ကောင်းစွာတက်၍ အလှူတို့ကိုပေးလှူလော့၊ မိမိသည်သုံးဆောင်ပါလော၊ တစ်ယောက်တည်းသုံးဆောင်သောသူသည်လည်း ချမ်းသာသုံးပါးကိုမရရာ။

သူဌေးသည် စန္ဒနတ်သားစကားကိုကြား၍ ရှေ့နည်းတူစကားကိုပြော၍-

"ငါသည် ဆင်းရဲငြိုငြင်သဖြင့် ရအပ်၏။ ထိုသို့တပြီးကားနေလော၊ သင်သည်လည်း အတန်ငယ်ရလတ္တံ့"

www.dhammaransi.com



ထိုအခါ စန္ဒနတ်သားသည် သိကြားမင်းနေရာသို့သွား၍ နေသည်။

ထိုအချိန်ဝယ် သူရိယနတ်သားရောက်လာပြီး အလှူခံပြန်သည်။ သူဌေးသည် ရှေးနည်းတူတားမြစ်ပြောဆိုပြန်သည်။

သူဌေး. . . အကြင်သူသည် ညှော်သည်သည်နေလာသည်ရှိသော် တစ်ယောက်တည်းဘောဇဉ်ကိုမစား၊ ထိုသူအား အလှူသည်မှန်သည်သာလျှင် ဖြစ်၏။ ဥစ္စာကိုဖြစ်စေသောလုံ့လသည်လည်း မှန်သည်သာလျှင် ဖြစ်၏။

သူဌေး. . . ထို့ကြောင့် သင့်ကိုငါဆို၏။ အရိယာသူတော်ကောင်းတို့သွားရာလမ်းခရီးသို့ ကောင်းစွာတက်၍ အလှူတို့ကိုပေးလှူပါလော့၊ သုံးဆောင်လည်းသုံးဆောင်ပါလော့၊ တစ်ယောက်တည်း စားသောက်သောသူသည် ချမ်းသာကိုမရရာ။

သူရိယနတ်သား၏စကားကိုကြားလျှင် သူဌေးသည် ရှေးနည်းတူ အတန်ငယ်ပေးမည်ဟုဆို၍ စောင့်ခိုင်းသည်။ သူရိယနတ်သားသည် သိကြားမင်းထံသို့ သွားရောက်နေထိုင်ပြန်သည်။

ထို့နောက်မာတလိနတ်သားသည် ပုဏ္ဏားယောင်ဆောင်၍ လာရောက်အလှူခံပြန်သည်။ သူဌေးကလည်း ရှေးနည်းတူတားမြစ်ပြန်သည်။

"သူဌေး. . . သတ္တဝါသည် ရေအိုင်သို့လည်းကပ်၍ ပူဇော်၏။ ဗဟုကာအမည်ရှိသောမြစ်၌လည်းကောင်း၊ ဂယာအမည်ရှိ

www.dhammaransi.com



သော ရေကန်၌လည်းကောင်း၊ ဒေါဖာအမည်ရှိသောမြစ်ဆိပ်၌ လည်းကောင်း၊ တိဗ္ဗရုမည်သောမြစ်ဆိပ်၌လည်းကောင်း၊ လျှင်သော အယဉ်ရှိသော များသောရေ၌လည်းကောင်း ပူဇော်၏။

ထို့ကြောင့် သင့်ကိုငါဆို၏။ သူဌေး ဘုရားအစရှိသော သူတော်ကောင်းတို့သွားရာ လမ်းခရီးကိုကောင်းစွာတက်၍ အလှူကိုပေးလှူပါလော့၊ သုံးလည်းသုံးဆောင်ပါလော၊ တစ်ယောက် တည်းစားသောသူသည် ချမ်းသာသုံးပါးကိုမရရာ။

သူဌေးသည် မာတလိနတ်သား၏စကားကိုကြားသည်ရှိ သော် တောင်ထွင့်ဖြင့်ဖိသကဲ့သို့ခံစားရပြီး၊ ရှေးနည်းတူအနည်းငယ် ပေးမည်ဟုဆိုကာ စောင့်ခိုင်းပြန်သည်။ မာတလိနတ်သားသည် သိကြားမင်းထံသွား၍ နေလေသည်။

ထို့နောက် ပဉ္စသိခနတ်သားသည် ပုဏ္ဏားအသွင်ဖြင့် ရောက်လာပြီး အလှူခံပြန်သော် သူဌေးသည်ရှေးနည်းတူ တားမြစ် ပြန်သည်။

သူဌေး. . . အကြင်သူသည် ဧည့်သည်ရှိလျက် တစ် ယောက်တည်းအစာကို စား၏။ ထိုသူသည် ရှည်လျားသောကြိုး ရှိသောအဖွဲ့အနှောင်နှင့်တကွသော သံမြားကောက်ကို မျိုသည်နှင့် တူ၏။

သူဌေး. . . ထို့ကြောင့် သင့်ကိုငါဆို၏။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သွားရာလမ်းခရီးကို ကောင်းစွာတက်

www.dhammaransi.com



၍ အလှူတို့ကိုပေးလှူပါလော၊ မိမိလည်းသုံးဆောင်ပါလော၊ တစ်ယောက်တည်းစားသောသူသည် လူ၊ နတ်၊ နိဗ္ဗာန်ဟူသောချမ်းသာ သုံးပါးကိုမရရာ။

သူဌေးသည် ထိုစကားကိုကြား၍ ဆင်းရဲခံစားလျက် ညည်းညူကာ အနည်းငယ်ပေးမည်ဟုပြောပြီး စောင့်ခိုင်းပြန်ရလေသည်။

ဤသို့လျှင် ပုဏ္ဏားငါးယောက်တို့နေကာမျှ၌ပင် နို့ယနာသည်ကျက်၏။ သူဌေးသည် နို့ယနာကိုမီးဖိုမှချ၍–

"သင်တို့ . . ခွက်တို့ကို ဆောင်ယူခဲ့ကြကုန်လော"

ဟု ဆိုလေသည်။

ပုဏ္ဏားငါးယောက်တို့သည် မထ,ကုန်ဘဲ ထိုင်ကုန်လျက်လျှင် လက်တို့ကိုဆန့်၍ ဟိမဝန္တာမှအင်ရွက်တို့ကို ဆောင်ကုန်၏။

သူဌေးသည် ထိုအင်ရွက်တို့ကိုမြင်၍–

"သင်တို့အား ဤသစ်ရွက်တို့၌ ပေးအပ်သောနို့ယနာသည် မရှိ၊ ရှားပင်အစရှိသည်တို့၏ အရွက်တို့ကိုလည်း ဆောင်ခဲ့ကြကုန်လော"

ဟုဆိုသော် ပုဏ္ဏားငါးယောက်တို့သည် ရထားပျဉ်ချပ်အတိုင်း အရှည်ရှိသော ရှားရွက်တို့ကို ယူဆောင်၍သွားကြသည်။

သူဌေးသည် အလုံးစုံသော ပုဏ္ဏားတို့ကို ယောက်မဖြင့် နို့ယနာကိုပေးသည်။ အငယ်ဆုံးဖြစ်သော ပုဏ္ဏားအားပေးလှူသော

www.dhammaransi.com



ကာလ၌ ချက်သောအိုး၏ အရာမျှသာထင်၏။

ပုဏ္ဏားတို့ကိုပေးပြီးနောက် သူဌေးသည်မိမိချက်သောအိုးကို ကိုင်၍နေသည်။ ထိုခဏမှာပင် ပဉ္စသိခနတ်သားသည် ထ၍ကိုယ်အဖြစ်ကိုစွန့်ပြီးလျှင် ခွေးယောင်ဖန်ဆင်း၍ ထိုသူ၏ရှေ့မှကျင်ငယ်စွန့်လျှက်သွားသည်။

ပုဏ္ဏားတို့သည် မိမိတို့ဃနာထမင်းကို သစ်ရွက်ဖြင့် ပိတ်ထားကြသည်။ သူဌေး၏လက်မဖိုး၌ ကျင်ငယ်ရေပေါက်သည်ကျသည်။

ပုဏ္ဏားတို့သည် ကရားတို့မှရေဖြင့် လက်ဆေး၍နို့ဃနာကို စားသကဲ့သို့ ဖြစ်ကုန်၏။

"ငါ့အားလည်း ရေကိုပေးကြပါကုန်လော၊ လက်ဆေး၍စားပါအံ့"

ဟု သူဌေးကရေတောင်းသည်။

"သင်သည် ကိုယ့်ဘာသာကိုယ်ရေကို ရှာဖွေဆောင်ယူ၍လက်ကိုဆေးပါလော"

"သင်တို့အား ငါသည်နို့ဃနာကိုပေးအပ်ခဲ့ပြီ၊ ငါ့အားအတန်ငယ်သောရေကို ပေးပါလော့ဟု တောင်းဆိုသောအခါအတုံ့အလှည့်ပေးမှုမပြုကြပါ။ ရှိပါစေတော့၊ ဤနို့ဃနာကို ကြည့်ထားကြပါ။ လက်ဆေး၍ငါပြန်လာခဲ့ပါမည်။"

ဟု သူဌေးသည်ပြောဆိုမှာကြားပြီး မြစ်ထဲသို့ဆင်းလေသည်။

www.dhammaransi.com



ထိုခဏ၌ ခွေးသည်နို့ယနာအိုးကို ကျင်ငယ်ရေဖြင့်ပြည့်စေသည်။ သူဌေးသည် ကျင်ငယ်စွန့်သော ထိုခွေးကိုမြင်လျှင် လှံတံကိုယူ၍ ထိုခွေးကိုခြိမ်းခြောက်လျက် လာခဲ့သည်။

ထိုခွေးသည် အာဇာနည်မြင်းအတိုင်းအရှည်ရှိသည်ဖြစ်၍ သူဌေးကိုပြန်လိုက်သည်ရှိသော် မည်းနက်သောအဆင်း၊ ဖြူသောအဆင်း၊ ရွှေအဆင်းနှင့်တူသောအဆင်း၊ ပြောက်ကျားသောအဆင်းရှိသည်ဖြစ်ကာ အဆင်းအမျိုးမျိုးဖြင့်ပြောင်းကာလိုက်သည်။ တစ်ခါတစ်ရံမြင့်၍ တစ်ခါတစ်ရံနိမ့်၍ လိုက်သည်။

ထိုအခါ သူဌေးသည် သေဘေးမှကြောက်သည်ဖြစ်၍ ပုဏ္ဏားထံသို့ ပြေးကပ်လေသည်။ ပုဏ္ဏားတို့သည် ပျံတက်၍ ကောင်းကင်၌တည်ကြသည်။

သူဌေးသည် ပုဏ္ဏားတို့၏ တန်ခိုးကိုမြင်၍-

"ပုဏ္ဏားတို့ . . . သင်တို့သည် အလွန်တင့်တယ်သော အဆင်းရှိကုန်စွတကား၊ သင်တို့၏ဤခွေးသည်လည်း အဘယ်အကြောင်းကြောင့် ယုတ်ယုတ်မြင့်မြတ်သော အရောင်အဆင်းကို ဖန်ဆင်းသနည်း၊ ငါအား သင်တို့မည်သူဆိုတာကို ပြောကြားပေးပါလော"

ထိုအခါ သိကြားမင်းပုဏ္ဏားက-

"သူဌေးကြီး . . . စန္ဒနတ်၊ သူရိယနတ်၊ ဤနတ်နှစ်ပါးတို့သည် ဤအရပ်သို့လာကုန်၏။ ဤသူသည်ကား နတ်ရထားထိန်း

www.dhammaransi.com



ဖြစ်သော မာတလိနတ်သားဖြစ်ပေ၏။ ငါသည်ကား တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းဖြစ်၏။ ဤသူကား ပဉ္စသိခနတ်သားဟုခေါ်၏။"

သူဌေးကြီး. . . ခွက်ခွင်းသံတို့သည်လည်းကောင်း၊ မုရိုးစည်သည်လည်းကောင်း၊ မုရဇမည်သောစည်တို့သည်လည်းကောင်း၊ ထက်စည်တို့သည်လည်းကောင်း၊ အိပ်ပျော်နေသော ငါ့ကိုနိုးစေကုန်၏။ နိုးသောငါသည်လည်း နှစ်သက်၏။

"အရှင်နတ်မင်း. . . ဤသို့သဘောရှိသော နတ်စည်းစိမ်ကို အဘယ်အမှုကိုပြု၍ ရပါသနည်း။"

"သူဌေးကြီး. . . ဝန်တိုပိတ်ပင်တတ်ကုန်သော စဉ်းလဲခက်ထန်ကုန်သော အလုံးစုံကုန်သော ဤသူတို့သည် မကောင်းမှုကို ငြိမ်းစေပြီးအပပြုပြီးသောသူတို့ကို ဆဲရေးရေရွတ်တတ်ကုန်သောသူတို့ကို ဆဲရေးရေရွတ်တတ်ကုန်သော သူတို့သည်ဤလူ့ပြည်မှ သေသော်ငရဲသို့ သွားရကုန်၏။

သူဌေးကြီး. . . ကောင်းသောဘဝကို တောင့်တကုန်သော သူတို့သည် ကုသိုလ်ကမ္မပထတရားဆယ်ပါး၌လည်းကောင်း၊ ကိုယ်, နှုတ်, နှလုံးစောင့်စည်းခြင်း၌လည်းကောင်း၊ ခွဲခြမ်းဝေဖန်၍ သုံးဆောင်ခြင်း၌လည်းကောင်း၊ တည်ကုန်ကြပြီး သေသောအခါ သုဂတိဘုံဘဝသို့ လားရကုန်၏။

"သူဌေးကြီး. . . သင်သည် ရှေးဘဝတို့၌ငါတို့၏ အဆွေအမျိုးတည်း၊ ချုပ်ချယ်တတ်သောသင်သည် ဝန်တိုပိတ်ပင်တတ်၏။

www.dhammaransi.com



ယုတ်မာသောအကျင့်ရှိ၏။ သင့်၏အကျိုးငှာ ဤအရပ်သို့ငါတို့လာကုန်ကြသည်။ ယုတ်မာသောအကျင့်ရှိသော သင်သည်ငရဲသို့မရောက်စေလိုပါ။”

ထိုစကားကိုကြား၍ သူဌေးကြီးသည်-

“ဤသူတို့သည် ငါ၏အကျိုးစီးပွားကိုအလိုရှိကုန်သတတ်၊ ငါ့ကိုအပါယ်ငရဲမှ ထုတ်ဆောင်၍နတ်ပြည်၌ တည်စေလိုသတတ်” ဟု နှစ်သက်သောစိတ်ဖြစ်ပေါ်ကာ မိမိကိုဆုံးမပေးလိုသော ဆန္ဒဖြစ်ပေါ်မိလေသည်။

“အရှင်သိကြားမင်း. . . သင်သည် ကျွန်ုပ်၏အစီးအပွားကို အလိုရှိ၍ဆုံးမလို၏။ ဆုံးမစကားကိုပြောကြားပေးပါလော၊ ကျွန်ုပ်သည် အရှင်ဆိုဆုံးမသည်ကို လိုက်နာပါမည်။

ကျွန်ုပ်သည် ဝန်တိုပိတ်ပင်သောအဖြစ်မှ ရှောင်ကြဉ်ပါမည်။ အနည်းငယ်မျှသော ကောင်းမှုကိုမပြုပါပြီ၊ ကျွန်ုပ်အားမပေးမလှူသည်မဖြစ်စေရပါ၊ တစ်ဖက်လက်မျှသောရေကိုလည်း မပေးလှူမူ၍ ဤဥစ္စာများကုန်ခမ်းသွားပါက ကျွန်ုပ်သည်ကာမဂုဏ်တို့ကိုစွန့်၍ ရဟန်းပြုပါအံ့၊

သိကြားမင်းသည် မစ္ဆရိယကောသိယသူဌေးကို ဆုံးမသဖြင့် ယဉ်ကျေးသည်ကိုပြုရန် တရားကိုဟောသည်။ ငါးပါးသီလကိုဆောက်တည်စေသည်၊ ထို့နောက် နတ်သားများနှင့်အတူ နတ်ပြည်သို့ပြန်လေသည်။

www.dhammaransi.com



သူဌေးသည် မြို့သို့ပြန်ဝင်ပြီးလျှင် မင်းကိုခွင့်ပြုစေ၍ ဖုန်းတောင်းယာစကာတို့အား ဥစ္စာကိုပေးစွန့်လေသည်။

မိမိသတ်မှတ်သောဥစ္စာကုန်သော် တေထွက်ရဟန်းပြုကာ သစ်သီးကိုစားပြီး ဟိမဝန္တာတောင်ဘက်နံပါး ဂင်္ဂါ၌လည်းကောင်း၊ ဇာတဿရအိုင်၌လည်းကောင်း၊ အလယ်ကြား၌သစ်ရွက်မိုးကျောင်းဆောက်ကာ တရားကျင့်၍နေသည်မှာ အိုသောအရွယ်ရောက်သည်အထိ ဖြစ်လေသည်။

ထိုအခါ သိကြားမင်းအား အာသာ, သဒ္ဓါ, သီရိ, ဟီရိဟူသော သမီးတော်လေးယောက်တို့သည်ရှိကုန်၏။

ထိုနတ်သမီးလေးယောက်တို့သည် များစွာသောနတ်ပန်းတို့ကိုယူ၍ ရေကစားအံ့သောအခါ အနာတတ်အိုင်သို့သွားကာ ရေကစားကြသည်။ ရေကစားပြီးသော ကျောက်ဖျာအပြင်၌ နေကြကုန်သည်။

ထိုခဏ၌ နာရဒအမည်ရှိသော ပုဏ္ဏားရသေ့သည် တာဝတိံသာနတ်ပြည်သို့ နေ့သန့်ခြင်းငှါသွား၍ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာဥယျာဉ်တို့၌ နေ့သန့်ခြင်းကိုပြု၏။

ထို့နောက် ပင်လယ်ကသစ်ပွင့်ကို ထီးပြု၍ဆောင်းကာ နတ်သမီးတို့နေသော ကျောက်ဖျာထက်ရှိ မိမိဂူသို့သွားလေသည်။

နတ်သမီးတို့သည် နာရဒရသေ့၏လက်မှ ပင်လယ်ကသစ်ပွင့်ကိုမြင်ကြ၍-

www.dhammaransi.com



"မကောင်းမှုကို အပပြုပြီးသော မြတ်သောရှင်ရသေ့. . သင်သည် အကယ်၍သင်သည် မရည်သေးသည်ဖြစ်အံ့၊ ပင်လယ်သကစ်ပန်းကို ကျွန်ုပ်တို့အား ပေးပါလော့၊ အရှင်ဘုရားအားအလုံးစုံသော စိတ်တော်အလိုရှိတိုင်း ပြည့်စုံရပါစေမည်။ ကျွန်ုပ်တို့၏ သခင် သိကြားမင်းကဲ့သို့ အရှင်ဘုရားသည်လည်း ဖြစ်တော်မူပါလော။"

ဤပင်လယ်ကသစ်ပန်းမည်သည်ကား တာဝတိံသာနတ်တို့ အရိုအသေပြုအပ်သော နတ်မြတ်တို့မှီဝဲရသော မြတ်သောပန်းဖြစ်သည်။ နတ်မှတစ်ပါးသော ဒါနောဘီလူးတို့ မသုံးဆောင်ထိုက်ပါ။

ပင်လယ်ကသစ်ပွင့်ကို တောင်းကုန်သောနတ်သမီးတို့သည် နာရဒရသေ့ကို စုံစမ်းဆင်ခြင်လို၍ ဤသို့တောင်းဆိုကြခြင်းဖြစ်သည်။

"နတ်သမီးတို့. . . ငါအား ဤပင်လယ်ကသစ်ပန်းဖြင့် အနည်းငယ်သော အလိုသည်မရှိပါ။ သင်တို့လေးယောက်တို့တွင် အကြင်နတ်သမီးသည်သာလျှင် အထူးသဖြင့်မြတ်သည်။ ထိုအထူးသဖြင့်မြတ်သော နတ်သမီးကိုသာလျှင် ဤပင်လယ်ကသစ်ပန်းကို ဖန်ဆင်းပါလော။"

"အရှင်ရသေ့ အရှင်သည်သာလျှင် မြတ်သောသူကို ရွေးပါလော့၊ အကြင်နတ်သမီးအား အရှင်သည်ပေးခြင်းငှာ အလိုရှိ၏။

www.dhammaransi.com



ထိုနတ်သမီးကိုပေးပါလော့၊ အပေးခံရသော နတ်သမီးသည် ကျွန်ုပ်တို့အထဲတွင် အမြတ်ဖြစ်သော နတ်သမီးဖြစ်ပါမည်။"

"ကောင်းသောကိုယ်ရှိသော နတ်သမီးတို့ သင်တို့၏စကားသည် ငါ့အားမသင့်လျော်၊ အဘယ်ရသေ့ရဟန်းသည် ငြင်းခုန်ခြင်းကို ပွားစေအံ့နည်း၊ ဤအရပ်၌ သင်တို့သည် အမြတ်အယုတ်ကို မသိကြကုန်အံ့၊ သင်တို့သည် သင်တို့၏အဘသိကြားမင်းကိုသာလျှင် သွား၍ မေးကြကုန်လော။"

နတ်သမီးတို့သည် နာရဒဆိုသောစကားကို အမျက်ထွက်ကြ၍ အဆင်းမာန်ယစ်ခြင်းဖြင့် ယစ်ကုန်သည်ဖြစ်၍ သိကြားမင်းထံသို့ သွားကြကာ-

"ဘခင် . . . ကျွန်ုပ်တို့တွင် အဘယ်သူသည် အထူးသဖြင့် မြတ်သည် ဖြစ်ပါသနည်း။"

ဟု မေးလျှောက်ကြလေသည်။

"ချစ်သမီးတို့ . . . အလုံးစုံလည်း ဖြစ်ကုန်သော သင်တို့သည် တူမျှကုန်သည်ဖြစ်ကြပါစေ၊ ချစ်သမီးတို့ . . . ဤအရပ်၌ အဘယ်သူသည် ငြင်းခုန်ခြင်းကို ပွားစေသနည်း။"

ဟု မေးသောအခါ နတ်သမီးတို့က နာရဒရသေ့ကဆိုပုံအကြောင်းစုံကို ဘခင်သိကြားမင်းအား ပြန်ပြောပြကြသည်။

"ဤလေးယောက်သော နတ်သမီးတို့သည်လည်း ငါသမီးတော်တို့ပင်တည်း၊ အကယ်၍ငါသည် သမီးတော်လေးယောက်တို့

www.dhammaransi.com



တွင် တစ်ယောက်သောသမီးသည် ဂုဏ်ကျေးဇူးနှင့်ပြည့်စုံ၏၊ မြတ်၏ဟု အကယ်၍ဆိုငြားအံ့၊ ကျန်သောသမီးတို့သည် အမျက်ထွက်ကုန်ရာ၏။ ဤတရားကိုငါသည် ဆုံးဖြတ်ခြင်းငှာ မတတ်ကောင်း ငါ၏သမီးတော်တို့ကို ဟိမဝန္တာ၌ ကောသိယရသေ့ထံသို့ စေလွှတ်အံ့၊

ငါသည် ရသေ့ထံနတ်သုဓာဘုတ်ကို ပို့ပေးထားမည်။ ထိုရသေ့သည် သူတစ်ပါးကိုမပေးမလှူဘဲမစား၊ ပေးလှူ၍သာစား၏။ ထိုသို့ပေးလှူသော်လည်း ရွေးချယ်စိစစ်၍ ဂုဏ်ရှိသောသူအားသာလျှင် ပေးလှူ၏။ သင်တို့လေးယောက်တွင် အကြင်သူသည် ထိုကောသိယရသေ့လက်မှ နတ်သုဓာဘုတ်ကိုရအံ့၊ ထိုနတ်သမီးသည် မြတ်သည်ဖြစ်လတ့်"

ဟု ကြံစည်မိလေသည်။

မြတ်သောကိုယ်ရှိသော ချစ်သမီးတို့. . . တောကြီး၌နေလေ့ရှိသော ကောသိယအမည်ရှိသော ရသေ့သည်သူတစ်ပါးအား မပေးလှူမူ၍ မစားပေးလှူ၍သာလျှင် စား၏။ ကောသိယရှင်ရသေ့သည် ရွေးချယ်စီစစ်၍ အလှူတို့ကိုပေးလှူလေ့ရှိ၏။ ထိုကောသိယရသေ့သည် အကြင်နတ်သမီးအားပေးအံ့၊ ထိုနတ်သမီးသည်သာလျှင် အထူးသဖြင့်မြင့်မြတ်ပေ၏။"

ဟု ပြောကြားပြီး မာတလိရထားထိန်းကိုခေါ်ကာ-

www.dhammaransi.com



"အမောင်မာတလိ. . . ကောသိယမည်သော ရှင်ရသေ့သည် ဟိမဝန္တာနံပါးရှိ ဂင်္ဂါမြစ်တောင်ဘက် ကမ်းနား၌နေပါ၏။ ထိုရသေ့သည် ရခဲသောဘောဇဉ်အဖျော်ရှိ၏။ သင်သည် ထိုရသေ့ထံသို့ နတ်သုဓာဘုတ်ကို ပို့ပေးပါလော။

ထိုအခါ မာတလိနတ်သားသည် သိန္ဓောမြင်းတစ်ထောင်က,သော ရထားကိုတက်စီး၍ လျင်မြန်စွာပင် ကောသိယရသေ့ကျောင်းသို့သွားပြီး နတ်သုဓာဘုတ်ကို လှူလေသည်။

ကောသိယရသေ့သည် နတ်သုဓာဘုတ်ခွက်ကိုကိုင်လျက်

"အချင်းတို့. . . ရေ၊ မီးကို ပူဇော်အပ်သည်ဖြစ်၍ လောက၌အမိုက်ကို ဖျောက်တတ်သောမြတ်သောနေမင်းကိုအကယ်၍ ငါသည်ရှိခိုးစဉ် အလုံးစုံသောသတ္တဝါတို့ကိုလွန်၍ ဖြစ်လာသောသူကား သိကြားလော၊ အဘယ်သူသည် ငါ၏လက်၌ အဘယ်ကြောင့် နတ်သုဓာဘုတ်ကို ထားဘိသနည်း။"

ခရုသင်းနှင့်တူသော ဖွေးဖွေးဖြူသော အတုမရှိသော အဆင်းရှိသော စင်ကြယ်စွာသော ကောင်းသောအနံ့ရှိသော နှစ်သက်ဖွယ်သောအဆင်းရှိသော မဖြစ်ဘူးမြဲဖြစ်သော ငါ၏မျက်စိတို့ဖြင့် ဤဘဝတွင်မမြင်ဖူးသော နတ်သုဓာဘုတ်ကို အဘယ်နတ်သားသည် ငါ၏လက်တို့၌ အဘယ်ကြောင့်ထားဘိသနည်း။"

ဟုမေးလေသည်။

"မြတ်သောကျေးဇူးတရားကို ရှာလေ့ရှိသော မြတ်သောရှင်ရသေ့ ကျွန်ုပ်သည်ကား ရထားထိန်းဖြစ်သော မာတလိနတ်သား

www.dhammaransi.com



ပါတည်း၊ နတ်တို့သည် သိကြားမင်းသည် ကျွန်ုပ်ကိုဤမြတ်သော နတ်သုဓာဘုတ်ကို အရှင့်ထံပို့ခိုင်းပါ၏။ မတားမြစ်ပါလင့်၊ ဘုန်းပေးတော်မူပါလော။"

"အရှင်ဘုရား. . . ထိုနတ်သုဓာဘုတ်သည်ကား ထမင်းငတ်မွတ်ခြင်း၊ ရေငတ်ခြင်း၊ မမွေ့လျော်ခြင်း၊ ပူပန်ခြင်း၊ ပင်ပန်းခြင်း၊ အမျက်ထွက်ခြင်း၊ ရန်ငြိုးဖွဲ့ခြင်း၊ ဂုံးတိုက်ခြင်း၊ အေးခြင်း၊ ပူခြင်း၊ ပျင်းရိခြင်း၊ ဟူသောတစ်ဆယ့်ခုနှစ်ပါးကုန်သော ယုတ်မာသော မကောင်းကျိုးတို့ကို ပယ်ဖျောက်တတ်ပါ၏။ နတ်သုဓာသည် မြတ်သောအရသာဖြစ်ပါ၏။"

"မာတလိနတ်သားမစားမိ ရှေ့အဖို့၌မပေးလျှူမူ၍ ငါအား စားခြင်းငှါမသင့်၊ ငါသည် မြတ်သောကျင့်ဝတ်ကို ဆောက်တည်အပ်၏။ တစ်ယောက်တည်းစားခြင်းကိုလည်း ဘုရားစသောသူတော်ကောင်းတို့ မချီးမွမ်းပါ၊ ဝေဖန်ခွဲခြမ်းလေ့မရှိသောသူသည်လည်း လူ၊ နတ်၊ နိဗ္ဗာန်ချမ်းသာကို မရနိုင်ပါ။"

"အရှင်ဘုရား. . . အရှင်တို့သည် သူတစ်ပါးတို့အားမပေးလျှူမူ၍ စားခြင်း၌အဘယ်အပြစ်ကိုမြင်၍ ဤကျင့်ဝတ်ကိုဆောက်တည်တော်မူပါသနည်း။"

"မာတလိနတ်သား. . . အကြင်သူတို့သည်ကား မိန်းမတို့ကို ညှင်းဆဲတတ်ကုန်၏။ သူတစ်ပါးမယားတို့ကို ပြစ်မှားတတ်ကြကုန်၏၊ အဆွေခင်ပွန်းတို့ကို ပြစ်မှားတတ်ကုန်၏။

www.dhammaransi.com



အကြွင်းသူတို့သည် ကောင်းသောအကျင့်ရှိကုန်သော ရသေ့ရဟန်းတို့ကို ကျိန်ဆဲရေရွတ်တတ်ကုန်၏။ ဝန်တိုခြင်းရှိကုန်၏။ အလုံးစုံသာလျှင်ဖြစ်သော ထိုသူတို့သည် သူယုတ်မည်ကုန်၏။ ထို့ကြောင့်လည်း ရေမျှကိုသော်လည်း သူတစ်ပါးအားမပေးလှူမူ၍ ငါမသုံးဆောင်၊

မာတလိနတ်သား. . . ငါသည် ယောက်ျားမိန်းမတို့အား ဘုရားအစရှိသော သူတော်ကောင်းကို ချီးမွမ်းအပ်သောအလှူကို ပေးလှူအံ့၊ ဤလောက၌ သဒ္ဓါတရားနှင့်ပြည့်စုံကုန်သော ကောင်းသောစကားကိုသိတတ်ကုန်သော ဝန်တိုခြင်းကင်းကုန်သော ဤသူ စင်ကြယ်သူ သူမြတ်ဟုသမုတ်အပ်ပါ၏။"

ထိုစကားကိုကြား၍ မာတလိနတ်သားသည် မထင်ရှားသောကိုယ်ဖြင့် တည်နေသည်။

ထိုခဏ၌ သိကြားမင်းစေလွှတ်လိုက်သော နတ်သမီးလေးယောက်တို့သည် အရပ်လေးမျက်နှာမှလာ၍ မီးလျှံကဲ့သို့သော အရောင်ဖြင့် ရပ်တည်နေကြ၏။ သီရိနတ်သမီးက အရှေ့အရပ်၊ အာသာနတ်သမီးက တောင်အရပ်၊ သဒ္ဓါနတ်သမီးက အနောက်အရပ်၊ ဟီရိနတ်သမီးက မြောက်အရပ်တို့၌ ရပ်တည်နေကြသည်။

ကောသိယရသေ့သည် အရောင်အဆင်းတင့်တယ်ခြင်းတို့ဖြင့် ပြည့်စုံကုန်သော ထိုနတ်သမီးတို့ကိုမြင်၍ ဝမ်းမြောက်စွာပင် မာတလိနတ်သား၏ ရှေ့မှာပင်-

www.dhammaransi.com



"နတ်သမီး. . . သင်သည် အရှေ့မျက်နှာ၌ ထွန်းတောက်ပ၏။ တန်ဆာဆင်သည်ဖြစ်၍ ကြယ်တကာတို့ထက်မြတ်သော သောက်ရှူးကြယ်နှင့်တူ၏။ ရွှေရုပ်ကဲ့သို့ကိုယ်ရှိသော နတ်သမီး သင့်ကိုငါမေး၏။ သင်သည် အဘယ်မည်သော နတ်သမီးဖြစ်သနည်း၊ သင်သည် ငါ့အားပြောကြားပါလော့။"

မြတ်သောပညာရှိတော်မူသော ရှင်ရသေ့. . . ကျွန်ုပ်သည် သီရိမည်သော နတ်သမီးဖြစ်ပါသည်။ ကျွန်ုပ်ကိုလူတို့သည် ပူဇော်အပ်ကုန်၏။ အခါခပ်သိမ်းမြတ်သော သတ္တဝါတို့သည်သာ မှီဝဲဆည်းကပ်အပ်ကုန်၏။ သုဓာဘုတ်အငြင်းအခုန်ကြောင့် အရှင်ဘုရားထံသို့လာရောက်ပါကုန်၏။

မြတ်သောရှင်ရသေ့. . . ကျွန်ုပ်သည် အကြင်သူ၏နတ်သုဓာဘုတ်ကိုအလိုရှိ၏။ ထိုသူသည်.အလုံးစုံသောအလိုဆန္ဒဖြင့်မွေ့လျော်၏။ ထို့ကြောင့် သီရိနတ်သမီးကို နတ်သုဓာဘုတ်ကိုပေးပါလော့။

"နတ်သမီး. . . ဆင်, မြင်းအစရှိသော အတတ်ဖြင့်လည်းကောင်း၊ ဗေဒင်သုံးပုံဟုဆိုအပ်သောအတတ်သီလနှင့်လည်းကောင်း၊ ပညာနှင့်လည်းကောင်း၊ အားထုတ်အပ်သောမိမိအမှုနှင့်လည်းကောင်း၊ ပြည့်စုံကုန်သော သတ္တဝါတို့သည် ချမ်းသာကိုရကုန်၏။ သင်သည်ကား ထိုအတတ်အစရှိသည်တို့မှကင်း၍ စိုးစဉ်းမျှသော ဥစ္စာကိုမရကုန်၊ သင်သည်အကြင်အမှုကို ပြုအပ်၏။ သင်ပြုအပ်သော အမှုသည်မကောင်းပါ။

www.dhammaransi.com



ပျင်းရိသောအစားကြီးသော အမျိုးယုတ်သည်လည်းဖြစ်သော အဆင်းမလှသည်လည်းဖြစ်သော သတ္တဝါကိုငါမြင်၏။ သင်သည်စောင့်ရှောက်အပ်သော ဘုန်းကြက်သရေရှိသော အမျိုးမြတ်သည်လည်းဖြစ်သော ဥစ္စာရှိသော ချမ်းသာခြင်းရှိသော သတ္တဝါကို ကျွန်မကဲ့သို့စေ၏။

ထို့ကြောင့် သစ္စာမစောင့်သော ဝေဖန်ခွဲခြား၍ ဆည်းကပ်လေ့ရှိမရှိသော မိုက်မဲတွေဝေသော ပညာရှိကိုမဆည်းကပ်တတ်သော သင့်ကိုငါသိပါ၏။ သင်ကဲ့သို့သောသူသည် နေရာရေကိုမျှလည်းမထိုက်၊ နတ်သုဓာကို အဘယ်မှာထိုက်ပါအံ့နည်း၊ ငါသည်သင့်ကိုမနှစ်သက်၊ သွားပါလော့၊

သိရီနတ်သမီးသည် ကောသိယရသေ့၏ စကားကိုကြား၍ ထိုအရပ်မှာပင် ကွယ်လေသည်။

ထို့နောက် အာသာနတ်သမီးဘက်သို့လှည့်၍-

"နတ်သမီး. . . ဖြူစင်စွာသောသွားရှိသော ပတ္တမြားနားဋောင်းဝတ်သော ဆန်းကြယ်သောရတနာခုနှစ်ပါးတို့ဖြင့် တန်ဆာဆင်ထသော၊ အလွန်ပြေပြစ်သော ရွှေတန်ဆာလည်ထင်ထသော သင့်ကားကော အဘယ်သူနည်း၊ သင်သည်ကားသွန်းလောင်းအပ်သော ရေအယဉ်အဆင်းနှင့်တူသော နတ်ဘွဲ့ဖြူပုဆိုးကို ဝတ်ရုံ၍ သမန်းမြက်မီးလျှံကဲ့သို့ နီသောအငုံနှင့်တကွသော အသောကပန်းကိုပန်ဆင်၍ တင့်တယ်လှပေ၏။"

www.dhammaransi.com



"ညှင်းညှင်းသာပြုံးရယ်၍ ကြည့်တတ်သောနတ်သမီး . . မုဆိုးသည်မြားဖြင့်ပစ်၍ ချွတ်ယွင်းသောသမင်မသည် တုန်လှုပ်လျက် ကြည့်သကဲ့သို့သင်သည် ပြုံးရယ်သကဲ့သို့ဖြစ်၍ ကြည့်၏။ ဤအရပ်၌ သင်၏အလိုကား အဘယ်နည်း၊ တောကြီး၌ တစ်ယောက်ထီးထီး သင်မကြောက်ဘူးလော၊"

"ကောသိယရှင်ရသေ့ . . ဤအရပ်၌ ကျွန်ုပ်၏အလိုသည် မရှိ၊ ကျွန်ုပ်သည် တာဝတိံသာနတ်ရွာ၌ဖြစ်သော အာသာအမည်ရှိသော နတ်သမီးဖြစ်ပါ၏။ နတ်သုဓာကိုအလိုရှိ၍ အရှင်ဘုရားထံသို့ လာခဲ့ပါ၏။ မြတ်သောရှင်ရသေ့ ကျွန်ုပ်ကိုနတ်သုဓာကို ပေးပါလော့၊"

"နတ်သမီး . . . သင်သည် အကြင်သူကို နှစ်သက်၏။ ထိုနှစ်သက်သောသူအားသာလျှင် တောင့်တခြင်း၊ အကျိုးကိုပြီးစေသဖြင့် အလိုအာသာကိုပေးသတတ်၊ အကြင်သူကို သင်သည်မနှစ်သက်၊ ထိုမနှစ်သက်သောသူအား အလိုအာသာမပေး၊ သင်သည် အညီအမျှဖြစ်ခြင်းမရှိ၊ အညီအမျှကို ဖျက်ဆီးတတ်သူဖြစ်၏။"

"နတ်သမီး . . . ဥစ္စာကိုရှာကုန်သော ကုန်သည်တို့သည် အလိုအာသာကြောင့် သမုဒ္ဒရာ၌လှေသင်္ဘောကို စီးကုန်၍သွားကုန်၏။ ထိုသူတို့သည် သမုဒ္ဒရာ၌နစ်ကုန်၏။ တစ်ခါတစ်ရံရှုံးကုန်၍ လာရ၏။ ပျက်စီးခြင်းသို့ရောက်ကုန်၏။"

"နတ်သမီး . . . လယ်လုပ်သောသူတို့သည် အလိုအာသာကြောင့် လယ်တို့ကိုထွက်ကုန်၏။ မျိုးစေ့တို့ကိုစိုက်ပျိုးကုန်၏။

www.dhammaransi.com



အကြောင်းဖြင့်အမှုကိစ္စတို့ကို ပြုကုန်၏။ လေမုန်တိုင်းတိုက်၍ ပျက်ခြင်း၊ ကြွက်ခဲခြင်း၊ နှံကျခြင်း၊ ကျေးကိုက်ခြင်း၊ မြောင်တောင်ကျခြင်း၊ ပိုးကျခြင်းဖြင့်လည်းကောင်း၊ မိုးခေါင်သဖြင့်လည်းကောင်း ထိုလယ်သမားတို့သည် အနည်းငယ်မျှသော စပါးသီးကိုမရကုန်”

ထိုမှတစ်ပါး မိမိသည်ပြုအပ်သောယောကျ်ား၊ အမှုတို့ကို ပြု၍ အရှင်သခင်တို့၌ အမှုထမ်းကုန်၏။ စီးပွားချမ်းသာကိုရှာလေ့ရှိကုန်သောလူတို့သည် အလိုအာသာကို ရှေ့သွားပြု၍ မင်းမှုထမ်းကုန်၏။ ထိုသူတို့သည် အရှင်သခင်အကျိုးငှါ ရန်သူတို့သည် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ တစ်ဖန်အနည်းငယ်မျှသော ဥစ္စာကိုမရမူ၍ အရပ်ထက်ဝန်းကျင်တို့သို့ ထိုမှဤမျှပြေးဝင်ကုန်၏။

နတ်သမီး. . . ချမ်းသာကို ရှာလေ့ရှိကုန်သောသူတို့သည် စပါးကိုလည်းကောင်း၊ ဥစ္စာကိုလည်းကောင်း၊ အဆွေအမျိုးတို့ကိုလည်းကောင်း၊ စွန့်၍တဏှာအာသာကြောင့် နတ်ရွာသို့ရလိုသည်ဖြစ်၍ ဆင်းရဲငြိုငြင်သော ပဉ္စတပအစရှိသော အကျင့်ကိုလည်း အလွန်ကြာမြင့်စွာ ကျင့်ကုန်၏။ ထိုသူတို့သည် မကောင်းသော ခရီးသို့တက်၍ အပါယ်လေးပါးသို့ ပြည့်စေကုန်၏။

“နတ်သမီး. . . ဤသတ္တဝါတို့သည် တဏှာအာသာကြောင့် အပါယ်လေးပါးသို့ သွားရကုန်၏။ အာသာအမည်ရှိသောသင့်ကို ချွတ်ယွင်းသောစကားကိုဆိုတတ်၏ဟု သမုတ်အပ်၏။ အာသာနတ်သမီး မိမိ၌နတ်သုဓာဘုတ်ကို စွန့်လော့၊ သင်ကဲ့သို့သောသူသည်

www.dhammaransi.com



နေရာမှရေကိုမျှမထိုက်၊ နတ်သုဓာကား အဘယ်မှာထိုက်ပါအံ့နည်း၊ ငါသည်သင့်ကိုမနှစ်သက် သွားပါလော့"

ကောလိယရသေ့က ဤသို့ပယ်သည်ရှိသော် အာသာနတ်သမီးသည် ထိုနေရာမှထွက်လေသည်။

ထို့နောက် ကောသိယရသေ့သည် သဒ္ဓါနတ်သမီးဘက်သို့ လှည့်၍-

"ရွှေအဆင်းနှင့်တူသော နတ်သမီး ထွန်းတောက်ပသည်ဖြစ်၍ များသောအခြံအရံရှိသော အနောက်ဟူ၍ယုတ်သောအမည်ဖြင့် ခေါ်ဝေါ်အပ်သော အရပ်မျက်နှာ၏အကြီးအကဲဖြစ်သော နတ်သမီး သင်ကော အဘယ်သူနည်း၊ ငါ့အားပြောကြားပါလော ဟု ပြောဆိုမေးမြန်းသည်။

"မြတ်သောပညာရှိတော်မူသောရှင်ရသေ့. . . ကျွန်ုပ်သည် သဒ္ဓါအမည်ရှိပါ၏။ နတ်လူတို့သည် အခါခပ်သိမ်းပူဇော်အပ်ပါ၏။ မြတ်သောသတ္တဝါတို့သည် ဆည်းကပ်အပ်ပါ၏။ ရှင်ရသေ့ နတ်သုဓာဘုတ်ကိုရသင့်-မရသင့် အကြောင်းအခုံကြောင့် အရှင်ထံလာရောက်ရပါ၏။ အရှင်သည် ကျွန်ုပ်ကိုနတ်သုဓာဘုတ်ကို ပေးပါလော့။"

"နတ်သမီး. . . ပေးလှူခြင်းကိုလည်းကောင်း၊ ကန္တြေဆုံးမခြင်းကိုလည်းကောင်း၊ စွန့်ကြဲခြင်းကိုလည်းကောင်း၊ သီလစောင့်ထိန်းခြင်းကိုလည်းကောင်း၊ အကြောင်းပြု၍ယုံကြည်သဖြင့် အချို့သောသူတို့သည် တစ်ခါတစ်ရံပြုကြကုန်၏။

www.dhammaransi.com



ရွှေလျောစေအပ်ကုန်သော အချို့သောသူတို့သည် တစ်ဖန်ခိုးဝှက်ခြင်း၊ ချွတ်လွဲစကားဆိုခြင်း၊ ချိန်စဉ်းလဲ အသပြာစဉ်းလဲခြင်းပြုခြင်း၊ ချောပစ်ဂုံးတိုက်သောစကားကို ပြုကြကုန်၏။

"နတ်သမီး. . . တဏှာနှင့်တကွသော ယောကျ်ားသည် အချို့အနွယ်စသည်ဖြင့်တူကုန်သော သီလနှင့်ပြည့်စုံကုန်သော လင်ဝတ်နှင့်ပြည့်စုံကုန်သော၊ မိမိမယား၌လည်းကောင်း၊ အမျိုးနှင့်ပြည့်စုံသောမိန်းမတို့၌လည်းကောင်း၊ တပ်စွန်းခြင်းဆန္ဒကိုစွန့်၍ တစ်ဖန်ကျွန်မစကားကို ယုံကြည်ခြင်းကိုပြု၏။"

"နတ်သမီး. . . သင်သည်သာလျှင် သူတစ်ပါးမယားကို သွားလာစေတတ်၏။ သင်သည် မကောင်းမှုကိုပြု၏။ ကုသိုလ်ကို အလိုမရှိ၊ ထိုကဲ့သို့သောသူသည် နေရာရေမျှကိုလည်းမရထိုက်၊ နတ်သုဓာကိုကား အဘယ်မှာရနိုင်မည်နည်း၊ ငါသည်သင့်ကို မနှစ်သက်သွားပါလော့"

"ဤသတ္တဝါတို့သည် တစ်စုံတစ်ယောက်သောသူ၏ စကားကိုယုံကြည်၍ ထိုထိုသို့သောအမှုကို ပြုသည်ရှိသော် ပြုအပ်သောအမှုထက် မပြုအပ်သောအမှုကိုသာလျှင် များစွာပြုကုန်၏။ ထိုသို့အလုံးစုံကို သင်သည်ပြုစေအပ်သည်မည်၏။"
ဟု ကောသိယရသေ့ကပြောဆိုသောအခါ နတ်သမီးသည် ထိုနေရာမှ ကွယ်ပသွားလေသည်။

ကောသိယရသေ့သည် မြောက်အရပ်၌ ရပ်တည်နေသော ဟိရီနတ်သမီးဘက်သို့လှည့်ကာ-

www.dhammaransi.com



"နတ်သမီး. . . မိုးယောက်ယံ၌ နေအာရုဏ်သည် တက်လတ်သော် မြတ်သောကိုယ်အဆင်းကိုဆောင်သော အရှေ့အရပ်၌တည်သော နတ်သမီးနှင့်တူသော နတ်သမီးသည်ထင်၏။ သင်သည် အဘယ်မည်သော နတ်သမီးပါနည်း၊ ငါ့အားပြောကြားပါလော၊"

"နတ်သမီး. . နွေကာလ၌ ညိုသောနွယ်ကဲ့သို့လည်းကောင်း၊ လေညှင်းခတ်အပ်သော မီးလျှံကဲ့သို့လည်းကောင်း၊ နီသောအရွက်ရှိသောပန်းကိုပတ်ဆင်သည်ဖြစ်၍ သမင်မငယ်ကဲ့သို့ကြည့်လျက်တည်သည်ကား အဘယ်သူနည်း၊ ငါနှင့်စကားပြောဆိုလိုသည်ဖြစ်လျက်လည်း စကားကိုမပြောပါလား"
ဟု မေးမြန်းပြောဆိုသည်။

"အရှင်ဘုရား. . . ကျွန်ုပ်သည်ကား ဟိရိအမည်ရှိသော နတ်သမီးပါတည်း၊ ကျွန်ုပ်ကိုနတ်လူတို့သည် ပူဇော်အပ်ကုန်၏။ အခါခပ်သိမ်းမြတ်သောသတ္တဝါတို့ကိုသာ ဆည်းကပ်လေ့ရှိ၏။ နတ်သုဓာဘုတ်ရသင့် မရသင့်အငြင်းအခုံရှိသောကြောင့် အရှင်ဘုရား၏ထံသို့ လာရောက်ရပါ၏။ ကျွန်ုပ်သည် နတ်သုဓာဘုတ်ကိုတောင်းခြင်းငှါ မဝံ့ပါ။ မိန်းမ၏တောင်းခြင်းသည် အရှက်မရှိသည်နှင့်တူ၏။"

"ကောင်းသောကိုယ်ရှိသောနတ်သမီး. . . သင်သည်သဘောအားဖြင့် အကြောင်းအားဖြင့် ရှက်ပေ၏။ ထိုသို့ရှက်ခြင်းသည်လျှင် ကောင်းသောသဘောတည်း၊ တောင်းသဖြင့်နတ်သုဓာ

www.dhammaransi.com


ဘုတ်ကို အကြင်ကြောင့်မရအပ်၊ ထို့ကြောင့် မတောင့်သောသင့်ကို ငါသည် ဖိတ်အံ့နတ်သုဓာဘုတ်ကို သင့်အားငါပေးအံ့။"

"ရွှေအဆင်းနှင့်တူသောအဆင်းရှိသောနတ်သမီး. . . သင့်ကိုယ်နေ့ငါသည် မိမိကျောင်း၌ ပင့်ဖိတ်အပ်၏။ ငါသည်သင့်ကို အလုံးစုံသောအရသာတို့ဖြင့် ပူဇော်ထိုက်၏။ သင့်ကိုပူဇော်ပြီး၍ ကျန်သောနတ်သုဓာဘုတ်ကို ငါစားအံ့"

ထို့နောက် ကောသိယရှင်ရသေ့သည် ခွင့်ပြုအပ်သော ဘုန်းတန်ခိုးအာနုဘော်နှင့် ပြည့်စုံသောဟီရိနတ်သမီးသည် နှလုံးမွေ့လျော်ပျော်ဖွယ်ရှိသော ရေအစားသစ်သီးတို့နှင့် ပြည့်စုံသော သူတော်ကောင်းတို့သည် ပူဇော်အပ်သော အခါခပ်သိမ်းမြတ်သော သတ္တဝါတို့သည် မဖြစ်မှိတဲဆည်းကပ်လာအပ်သော ကောသိယရသေ့ ကျောင်းသို့ဝင်လေသည်။ ကောသိယရသေ့သည် ဟီရိနတ်သမီးကို ကျောင်းတံခါးဝ၌ ကောင်းသောအနံ့ရှိသော သစ်နက်ရေအခင်းကိုခင်းပေးကာ ထိုင်စေသည်။

ထို့နောက်နတ်သမီးကို နတ်သုဓာကိုပေးသည်။ နတ်သမီးကို ထိုနတ်သုဓာဘုတ်ကို လက်နှစ်ဘက်ဖြင့်ခံယူ၍ ဝမ်းမြောက်သောစိတ်ဖြင့်-

"အရှင်ရသေ့. . . ကျွန်ုပ်သည် ယခုအခါ၌ ရှင်ရသေ့သည် ပူဇော်အပ်သည်ဖြစ်၍ တာဝတိံသာနတ်ရွာသို့ ပြန်သွားပါတော့အံ့"

ဟု ပြောဆိုကာ ဟီရိနတ်သမီးသည် သိကြားမင်းထံသို့ ပြန်သွား၍-

www.dhammaransi.com



"ဖခင်သိကြားမင်း . . . ဤနတ်သုဓာဘုတ်သည် ထိုကောသိရသေ့ပေးအပ်သော နတ်သုဓာဘုတ်ပါတည်း၊ ကျွန်ုပ်အား အောင်ခြင်းကိုပေးတော်မူပါလော"

ဟု ပြောကြားသည်။

ထိုအခါ သိကြားမင်းသည် အသစ်ဖြစ်သောခတ်ကျစ်အခင်းနေရာ၌ ဟိရိနတ်သမီးကိုဝင်ထိုင်စေပြီး သိကြားမင်းနှင့်တကွ နတ်တို့သည် ပင်လယ်ကသစ်ပန်း အစရှိသည်တို့ဖြင့် မြတ်သောဟိရိနတ်သမီးကို ပူဇော်ကြကုန်သည်။

သိကြားမင်းသည် နတ်သမီးကိုပူဇော်ပြီးနောက်-

"အဘယ်အကြောင်းကြောင့် ကောသိယရသေ့သည် ဟိရိနတ်သမီးကိုမှ နတ်သုဓာဘုတ်ကိုပေးသနည်း။"

ဟုကြံစည်မိပြီး ထိုအကြောင်းကိုသိလိုသဖြင့် တစ်ဖန်မာတလိနတ်သားကို ရသေ့ထံသို့စေလွှတ်၍ ထိုအကြောင်းကိုမေးစေသည်။

မာတလိသည် သိကြားမင်း၏စကားကိုနာခံ၍ ကောသိယရသေ့ထံသို့ ဝေဇယန္တရထားကိုစီးကာ သွားရောက်ပြီးလျှင်-

"အရှင်ကောသိယရသေ့ . . . သိကြားမင်း၏စကားကိုနာတော်မူပါလော့၊ ကျွန်ုပ်သည် သိကြားမင်း၏တမန်ပါတည်း၊ အရှင်သည်နတ်သမီးလေးဖော်တို့တွင် အဘယ်အကြောင်းကြောင့် ဟိရိနတ်သမီးကို နတ်သုဓာဘုတ်ကို ပေးပါသနည်းဟု မေးလိုက်ပါသည်။"

ဟု ပြောကြားမေးလျှောက်သည်။

www.dhammaransi.com



"မာတလိ. . . သီရိနတ်သမီးသည် မိုက်၏ဟူ၍ ငါ၏ပညာ၌ထင်၏။ သဒ္ဓါနတ်သမီးကား အဖြစ်မမြဲ အာသာနတ်သမီးကား ချွတ်ယွင်းသောစကားကိုဆိုတတ်သည်။ ငါသည်သူကို ချွတ်ယွင်းသောစကားကိုဆိုတတ်သူဟုမှတ်၏။ ဟီရိနတ်သမီးကား မြတ်သောဂုဏ်ကျေးဇူး၌ တည်၏။

မာတလိနတ်သား အမျိုးအနွယ်ကို စောင့်ရှောက်တတ်သော အကြင်အမျိုးအနွယ်ဖြစ်ကုန်သော မိန်းမတို့သည်လည်းကောင်း၊ အိုမင်းကုန်ပြီးသော လင်ကွာမယားတို့သည်ကောင်း၊ လင်ရှိမယားတို့သည်လည်းကောင်း၊ ထိုအလုံးစုံသောမိန်းမတို့သည် တစ်ပါးသောယောကျ်ား၌ လွတ်စွာသော အားကြီးစွာသော တပ်စွန်းခြင်းကိုသိ၍ မိမိစိတ်ကိုအရှက်ဖြင့် တားမြစ်ကုန်၏။

မာတလိနတ်သား. . . မြားဖျားချင်း၊ ဓားလှံချင်းယှက်သော စစ်မြေပြင်၌ ဆုတ်နစ်ပြေးကုန်သော စစ်ရှုံးကုန်သောသူတို့အား အရှက်ဖြင့် မိမိ၏လက်ကိုစွန့်၍ ပြန်၍ခုခံကုန်၏။ ထိုစစ်ရှုံးပြေးသောသူတို့သည် တစ်ဖန်ရှက်သောစိတ်ရှိကုန်သည်ဖြစ်၍ ဝန်ခံကြသည်။

"မာတလိနတ်သား. . . သမုဒ္ဒရာကမ်းသည် သမုဒ္ဒရာ သမုဒ္ဒရာလှိုင်းတံပိုးအဟုန်ကို တားမြစ်သကဲ့သို့ ဤဟီရိနတ်သမီးသည် လူအပေါင်းကိုမကောင်းမှုမှ တားမြစ်တတ်၏။ အလုံးစုံသောလူ့ပြည်၊ နတ်ပြည်၌ ထိုဟီရိနတ်သမီးကို သူတော်ကောင်းတို့သည်

www.dhammaransi.com



ချိုးမွှမ်းအပ်၏။ ထိုအကြောင်းကို သင်သိကြားမင်းအား ပြောကြားလျှောက်ပါလော"

"ကောသိယရသေ့. . . အရှင်ဘုရားအား ဤအမှုကို အဘယ်ကြောင့် ယူပါသနည်း။ သိကြားမင်းသည် မြတ်လှပေ၏။ သတ္တဝါတို့၏ အရှင်ဖြစ်၏။ မြတ်သောသိကြားမင်း၏သမီးဖြစ်သော ဟိရိနတ်သမီးကို နတ်ပြည်တို့၌ အထူးသဖြင့် မြတ်သည်ဟု သမုတ်ထားအပ်ပါ၏။

ထိုသို့မာတလိနတ်သားနှင့် စကားပြောနေစဉ်ပင် ကောသိယရသေ့သည် ကွယ်လွန်ပျက်စီးခြင်းသဘောသည် ဆိုက်ရောက်လာလေသည်။

"အရှင်ဘုရား. . . အရှင်၏အာယုသင်္ခါရသည် စွန့်လွှတ်ပြီး အရှင်ဘုရားအားပေးအံ့သောသဘောသည် ဆိုက်ရောက်လာပါပြီ။ အရှင်ဘုရားအား လူ့ပြည်၌အဘယ်အကျိုးရှိပါအံ့နည်း၊ နတ်ပြည်သို့ သွားပါကုန်လော့"

"သိကြားမင်းနှင့် တူသောအမျိုးအနွယ်ရှိသော ရှင်ရသေ့ ကျွန်ုပ်တိုက်တွန်းပါ၏။ လာပါလှည့်၊ ယခုအခါ၌ တာဝတိံသာနတ်ရွာသို့ ကြွတော်မူလော၊ မြတ်နိုးအပ်သော ဤဝေဇယန္တာရထားသို့ တက်စီးပါလော၊ သိကြားနတ်မင်းသည် အရှင်ဘုရားကို အလိုရှိတော်မူပါ၏။ အရှင်သည်ယနေ့ပင်လျှင် သိကြားနတ်မင်း၏ အပေါင်းအဖော်အဖြစ်သို့ ကြွတော်မူလော။"

www.dhammaransi.com



ထိုသို့ပြောဆိုနေစဉ် ကောသိယရသေ့သည် စုတေ၍ ဥပပတ်ပဋိသန္ဓေဖြစ်သော နတ်သားဖြစ်၍ ဝေဇယန္တာရထား၌ တည်၏။

ထိုအခါ ကောသိယရသေ့ကို မာတလိနတ်သားသည် သိကြားမင်းထံသို့ ဆောင်ယူ၍လာခဲ့လေသည်။ သိကြားမင်းသည် ကောသိယနတ်သားကိုမြင်ရလျှင် အလွန်နှစ်သက်သော စိတ်ရှိသည် ဖြစ်ပြီး မိမိ၏သမီးတော်ဖြစ်သော ဟီရိနတ်သမီးကို ထိုကောသိယ နတ်အား မိဖုရားကြီးပြု၍ ပေးလေသည်။

ထိုကောသိယနတ်အား အတိုင်းအရှည်မသိသော များစွာသော စည်းစိမ်အခြံအရံသည် ဖြစ်ပေါ်လေသည်။

ထိုအကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က-

"မကောင်းမှုကို မပြုကုန်သော သတ္တဝါတို့သည် အထူးသဖြင့် စင်ကြယ်ကြကုန်၏။ ကောင်းစွာပြုအပ်သောအမှု၏အကျိုးသည်မပျက်၊ အလုံးစုံကုန်သောသူတို့သည်လည်း ထိုအလှူကိုဝမ်းမြောက်ကုန်သောကြောင့်သိကြားမင်းအပေါင်းအဖော်အဖြစ်သို့ ရောက်ရကုန်၏။"

ဟူ၍ ဟောကြားတော်မူသည်။

ထို့နောက်ဘုရားရှင်က ဇာတ်တော်ကို ပေါင်းပြတော်မူရာ၊

ယခုခါ ဥပ္ပလဝဏ်သည် ထိုအခါက ဟီရိနတ်သမီး

ယခုခါ အလှူဒါနရှ၌မွေ့လျော်သောရဟန်းသည်

www.dhammaransi.com


ထိုအခါက ကောသိယရသေ့
ယခုခါ အရှင်အနုရုဒ္ဓါသည် ထိုအခါက ပဥ္စသီခနတ်သား
ယခုခါ အရှင်အာနန္ဒာသည် ထိုအခါက မာတလိနတ်သား
ယခုခါ မဟာကဿပသည် ထိုအခါက သူရိယနတ်သား
ယခုခါ အရှင်မဟာမောဂ္ဂလာန်သည် ထိုအခါက စန္ဒနတ်သား
ယခုခါ အရှင်သာရိပုတ္တရာသည် ထိုအခါက နာရဒရသေ့
ယခုခါ ငါဘုရားရှင်သည် ထိုအခါက သိကြားမင်း

ဖြစ်ခဲ့ပြီဟု မိန့်ကြားတော်မူသည်။

(အသီတိနိပါတ်၊ သုဓာဘောဇနဇာတက)

www.dhammaransi.com


## ၂၅။ သီလရှိသူကို သိကြားမင်းက သားဆုပေးပုံ

ဝိသာခါကျောင်းအမသည် တစ်နေ့တွင် ဘုရားရှင်ထံ၌ တရားနာပြီး ရဟန်းသံဃာနှင့်တကွ ဘုရားရှင်ကို နက်ဖြန်ဆွမ်းအတွက် ပင့်ဖိတ်၍ သွားလေသည်။

ထိုညလွန်သော် လေးကျွန်းလုံးပျံ့နှံ့သောမိုးသည် ရွာချလေသည်။ ထိုအခါ ဘုရားရှင်က ရဟန်းတို့ကိုခေါ်တော်မူ၍-

"ရဟန်းတို့ . . ဇေတဝန်ကျောင်းတော်၌ မိုးကြီးရွာသကဲ့သို့ ထိုအတူလေးကျွန်းလုံး၌ မိုးကြီးသည်ရွာ၏။ ရဟန်းတို့ ကိုယ်ကို စိုစွတ်သော၍မိုးကြီးသည် အဆုံးစွန်ဖြစ်သော လေးကျွန်းလုံးပျံ့နှံ့သော မိုးကြီးဖြစ်၏။"

ဟု မိန့်တော်မူပြီးလျှင် မိုးရေစွတ်စိုသော ကိုယ်ရှိသောရဟန်းတို့နှင့်တကွ တန်ခိုးအစွမ်းဖြင့် ဇေတဝန်ကျောင်းတော်မှ ကွယ်ခဲ့၍ဝိသာခါ ဒါယိကာမကြီး၏ တံခါးမုခ်၌ ထင်ရှားဖြစ်တော်မူသည်။

ထိုအခါ ဝိသာခါဒါယိကာမသည်-

"အချင်းတို့ . . ဘုရားရှင်၏တန်ခိုးကြီးသော အာနုဘော်ကြီးသောအဖြစ်သည် အံ့ဩဖွယ်ရှိပေစွ၊ အချင်းတို့မဖြစ်ဖူးမြဲသော သဘောသည် ပုဆစ်ဒူးအတိုင်းအရှည်ရှိသော ရေအယဉ်တို့သည် ဖြစ်ကုန်သော်လည်းကောင်း၊ တစ်ယောက်သောရဟန်း၏ လည်ခြေတို့သည်လည်းကောင်း၊ သင်္ကန်းတို့သည်လည်းကောင်း၊ စွတ်စိုသည်မဖြစ်ကုန်၊"

www.dhammaransi.com


ဟု ရှင်လန်းဝမ်းမြောက်သည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းသံဃာများကို ဆွမ်းလုပ်ကျွေးလေသည်။

ဆွမ်းကိစ္စပြီးသော် ဝိသာခါဒါယိကာမက ဘုရားရှင်အား ရှိခိုး၍-

"ဘုန်းတော်ကြီးသော အရှင်ဘုရား. . . တပည့်တော်မသည် အရှင်ဘုရားထံမှ ဆုရှစ်ပါးကိုတောင်းခံပါ၏"

ဟု လျှောက်ထားသည်။

"ဝိသာခါ. . . စင်စစ်လျှင် ဘုရားရှင်တို့သည် ဆုကိုပေးခြင်း၌ အလွန်နှစ်သက်ကုန်၏။"

ဟု မိန့်ကြားသည်။

"အရှင်ဘုရား. . . အကြင်ဆုတို့သည် အပ်လည်းအပ်၏။ အပြစ်လည်းမရှိကုန်၊ ထိုဆုကိုတောင်းခံအပ်ပါ၏"

"ဝိသာခါ. . . ဆိုပါဦးလော့"

"အရှင်ဘုရား. . .

၁။ တပည့်တော်မသည် အသက်ထက်ဆုံးရဟန်းသံဃာအား မိုးရေခံသင်္ကန်းလှူခြင်း၌ အလိုရှိပါ၏။

၂။ အသက်ထက်ဆုံး အာဂန္တုကဘတ်ကို လှူခြင်းငှါအလိုရှိပါ၏။

၃။ အသက်ထက်ဆုံး နာသောရဟန်းတို့အား ဆွမ်းလှူခြင်းငှာ အလိုရှိပါ၏။

www.dhammaransi.com



၄။ အသက်ထက်ဆုံး ဂမိကဘတ် (ခရီးသွားရဟန်း၏ဆွမ်း) ကို လှူခြင်းငှါ အလိုရှိပါ၏။

၅။ အသက်ထက်ဆုံး သူနာကိုလုပ်ကျွေးသောရဟန်းတို့အား ဆွမ်းလုပ်ကျွေးခြင်းငှါ အလိုရှိပါ၏။

၆။ အသက်ထက်ဆုံး သူနာကိုဆေးကုခြင်းငှါ အလိုရှိပါ၏။

၇။ အသက်ထက်ဆုံး ယာဂုကိုအမြဲလှူခြင်းငှါ အလိုရှိပါ၏။

၈။ အသက်ထက်ဆုံး ဘိက္ခုနီသံဃာအား မိုးရေခံသင်္ကန်းကို လှူခြင်းငှါ အလိုရှိပါ၏။"

ဟု လျှောက်ထားတောင်းခံသည်။

"ဝိသာခါ. . . သင်သည် အဘယ်မည်သော ဆုရှစ်ပါး၏ အကျိုးအာနိသင်ကို မြင်သည်ဖြစ်၍· ငါဘုရားထံ ဤဆုရှစ်ပါးကို တောင်းခံဘိသနည်း။"

ထိုအခါ ဝိသာခါက ဆုရှစ်ပါး၏အကျိုးကို ဘုရားရှင်အား လျှောက်ပြသော် ဘုရားရှင်က-

"ဝိသာခါ. . . ကောင်းစွ၊ ကောင်းစွ၊ သင်သည် ကောင်းစွာလျှင် အကျိုးအာနိသင်ကိုမြင်သဖြင့် ဘုရားထံဆုရှစ်ပါးကို တောင်းခံဘိ၏။"

ဟု မိန့်ကြားကာ ဆုရှစ်ပါးကိုခွင့်ပြုတော်မူလေသည်။

ထို့နောက် ဘုရားရှင်သည် ဆုရှစ်ပါးကိုပေးပြီး အနုမောဒနာပြုကာ ကျောင်းသို့ပြန်ကြွတော်မူလေသည်။

www.dhammaransi.com



ဝိသာခါ၏ ထိုဆု (၈)ပါးတောင်းခံမှု ခွင့်ပြုမှုနှင့်ပတ်သက်၍ ရဟန်းတို့၌ ဆွေးနွေးမှုဖြစ်ပေါ်ရာ ဘုရားရှင်က မိန်းမဖြစ်လျက် ဘုရားသခင်ထံ၌ ဆုရှစ်ပါးတောင်းခံသော ဝိသာခါ၏အတိတ်ဘဝ ဆု (၈)ပါးရပုံ အကြောင်းစုံကို ဟောပြတော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ မိထိလာပြည်ဝယ် သုရုစိမည်သော မင်းသည်မင်းပြုနေချိန်ဖြစ်သည်။

ထိုမင်းသည် သားကိုမွေးဖွား၍ ထိုသားကိုလည်း သုရုစိမင်းသားဟူ၍ အမည်ပေးကြသည်။

ထိုမင်းသားအရွယ်ရောက်လတ်သော် တက္ကသိုလ်ပြည်၌ အတတ်သင်အံ့ဟုသွား၍ တက္ကသိုလ်မြို့တံခါးအနီးရှိ ဇရပ်၌ခေတ္တတည်းခိုနေသည်။ ဗာရာဏသီမင်း၏သားဖြစ်သော ဗြဟ္မဒတ်မည်သော မင်းသားသည်လည်း အလားတူတက္ကသိုလ်၌ ပညာသင်ရန် ရောက်လာပြီး ထိုနေရပ်၌ပင် တည်းခိုလေသည်။

ထိုမင်းသားနှစ်ယောက်တို့သည် အချင်းချင်းစုံစမ်းမိတ်ဖွဲ့ကာ အတူတကွသာလျှင် ဒိသာပါမောက္ခဆရာထံဝင်ပြီး ဆရာအား အဖိုးအခကိုပေးပြီး ပညာသင်ယူကြသည်။

ပညာသင်ယူပြီးဆုံးသော် ဆရာအားခွင့်ပန်ကန်တော့၍ အတူတူပြန်ခဲ့ကြသည်။ လမ်းခွဲခါနီးတွင် အချင်းချင်းလည်ပင်းဖက်၍ အဆွေခင်ပွန်းတို့၏ ကျင့်ဝတ်ကိုထိန်းသိမ်းရန် ကတိကဝတ်ပြုကြသည်။

www.dhammaransi.com



"အကယ်၍ ငါ့အားသားဖြစ်အံ့၊ သင့်အားသမီးဖြစ်အံ့၊ သင်အားသားဖြစ်၍ ကျွန်ုပ်အားသမီးဖြစ်အံ့၊ ထိုသားသမီးများအား ထိမ်းမြားခြင်းမင်္ဂလာကို ပြုကုန်အံ့"
ဟု ကတိကဝတ်ပြုကာ နှုတ်ဆက်၍မိမိတို့၏ တိုင်းပြည်အသီးသီးသို့ ရှေ့ရှုလမ်းခွဲ၍ ပြန်ခဲ့ကြသည်။

နောင် ထိုမင်းသားနှစ်ပါးတို့ မင်းဖြစ်ကြသည်ရှိသော် သုရုစိမင်းကြီးအား သားမွေး၍ ဗြဟ္မဒတ်မင်းကြီးက သမီးကိုမွေးကြလေသည်။ မင်းသားအမည်မှာ သုရုစိမည်၍ မင်းသမီးအမည်မှာ သုမေဓာအမည်ရှိကြလေသည်။

ခမည်းတော်မင်းကြီးသည် သားတော်အားအိမ်ရှေ့မင်းအဖြစ် အဘိသိက်သွန်းလို၍ ဗာရာဏသီဗြဟ္မဒတ်မင်းထံသို့ လက်ဆောင်ပဏ္ဏာများစွာဖြင့် အမတ်တမန်တို့ကို စေလွှတ်လေသည်။

ထိုတမန်အမတ်အား မလာမီတွင် ဗာရာဏသီမင်းသည် မိဖုရားကို-

"ရှင်မိဖုရား မိန်းမတို့အား အဘယ်သည်လျှင် အလွန်ဆင်းရဲသနည်း။"
ဟု လျှောက်သည်။

"အရှင်မိဖုရား. . . ကောင်းပြီ၊ ငါ၏သမီးသုမေဓာအား ထိုဆင်းရဲမှလွတ်စေရန် အကြင်သူသည် သုမေဓာတစ်ယောက်တည်းကိုသာလျှင်ယူအံ့၊ ထိုသူနှင့်ပေးစားအံ့"
ဟု ဆိုလေသည်။

www.dhammaransi.com



သုရုစိမင်းကြီး၏အမတ်တမန်တို့ ရောက်လာသော် အကျိုးအကြောင်းကို သိပြီး၍-

"အမောင်တို့ . . ငါသည် ရှေး၌အဆွေခင်ပွန်းအား ဝန်ခံခြင်းကို အကယ်၍ကား ပြုခဲ့သည်မှန်ပါ၏။ ထိုသို့ပြုငြားသော်လည်း ငါသည်ငါ့သမီး သုမေဓာကို မိန်းမအပေါင်းအလယ်၌ မချလို၊ အကြင်သူသည် ဤသုမေဓာတစ်ယောက်တည်းကိုသာလျှင် ယူအပ်၏။ ထိုသူအားသာ ပေးအပ်လိုကုန်၏။"

ဟု မိန့်ကြားသည်။

ထိုအခါ သုရုစိမင်းကြီး၏ သံတမန်အမတ်တို့သည် သုရုစိမင်းကြီးထံပြန်ကြ၍ ထိုအကြောင်းကို လျှောက်ထားကြလေသည်။

"ငါတို့တိုင်းပြည်သည် အလွန်ကြီးကျယ်၏။ မိထိလာပြည်သည် ခုနစ်ယူဇနာရှိ၏။ တိုင်းနိုင်ငံအပိုင်းအခြားသည်ကား ယူဇနာသုံးရာရှိ၏။ နည်းသောအပိုင်းအခြားဖြင့် တစ်သောင်းခြောက်ထောင်သော မိန်းမတို့ကိုရခြင်းငှါ သင့်၏ဟုဆိုကာ မင်းကြီးကားမနှစ်သက်ချေ။"

သုရုစိမင်းသားငယ်ကမူ သုမေဓာမင်းသမီး၏ အဆင်းနှင့်ပြည့်စုံခြင်းကို ကြားသိထား၍ ကြားခြင်းဟူသော နှိုးနှောခြင်းဖြင့် တပ်စွန်း၍-

"ငါသည် ထိုသုမေဓာမင်းသမီး တစ်ယောက်တည်းကိုသာလျှင် ယူပါအံ့၊ ငါအား မိန်းမအပေါင်းဖြင့် အလိုမရှိပါ၊ ထိုသုမေဓာမင်းသမီးကိုသာလျှင် ဆောင်ယူပေးပါလော့။"

ဟု မယ်တော်ခမည်းတော်တို့ကို ပန်ကြား၍ ဆောင်ယူခိုင်းသည်။

www.dhammaransi.com



မယ်တော် ခမည်းတော်တို့သည် သားတော်၏စိတ်အလို ဆန္ဒကိုမဖျက်မူ၍ များစွာသောဥစ္စာကိုပို့စေ၍ များစွာသောအခြံအရံဖြင့် သုမေဓာဝီမင်းသမီးကို ဆောင်ယူစေသည်။ ထို့နောက် သုရုစီမင်း၏ မိဖုရားပြုကာ အဘိသိက်သွန်းလောင်းကြကုန်သည်။

ထိုသုမေဓာမိဖုရားသည် အနှစ်တစ်သောင်းပတ်လုံး သုရုစီမင်းကြီးနှင့် နေသော်လည်းသားသမီးကို မရချေ။

ထိုအခါ ပြည်သူတို့သည် စည်းဝေးကုန်၍ မင်းယင်ပြင်၌ ကြွေးကြော်ကြကုန်သည်။

"ဤကြွေးကြော်ခြင်းသည်ကား အသို့နည်း။" ဟုမင်းကြီးက မေးသည်။

"ဤပြဿနာ၌ မင်းကြီးအားအပြစ်မရှိ၊ စင်စစ်သော်ကား အရှင်မင်းကြီးအား အမျိုးအနွယ်ကို စောင့်တတ်သောသားတော်သည်မရှိပါ။ အရှင်မင်းကြီးအား မိဖုရားတစ်ယောက်သာရှိနေပါသည်။ မင်းမျိုးမည်သည်ကား ယုတ်သောမိမုရားအပိုင်းအခြားအားဖြင့် တစ်သောင်းခြောက်ထောင်သော မိဖုရားတို့သည် ဖြစ်ရာ၏"

အရှင်မင်းကြီး. . . မိန်းမအပေါင်းတို့ကို ယူတော်မူပါလော၊ ထိုမိန်းမအပေါင်းတို့တွင် ဘုန်းရှိသောမိန်းမသည် သားကိုရလတ့်" ဟု အမတ်တို့က လျှောက်ထားကြသည်။

"အမောင်တို့ အသို့ဆိုကုန်သနည်း၊ တစ်ပါးသောမိန်းမကို ငါမယူအံ့ဟု ဝန်ခံခြင်းကိုပေး၍ ငါသည်ထိုသုမေဓာမိဖုရားတစ်

www.dhammaransi.com



ယောက်တည်းကိုသာ ဆောင်ယူအပ်၏။ မုသာဝါဒပြုခြင်းငှာ မတတ်ကောင်း၊ ငါ့အားမိန်းမအပေါင်းဖြင့် အလိုမရှိပါ။"
ဟု မင်းကြီးကပယ်လေသည်။

သုမေဓာမိဖုရားကြီးသည် ထိုစကားကိုကြား၍-

"မင်းသည် သစ္စာမှန်သည်အဖြစ်ကြောင့် တစ်ပါးသော မိန်းမတို့ကို မဆောင်ယူ၊ ထိုသို့မဆောင်ယူသော်လည်း ငါသည် မင်းအားဆောင်ပေးအံ့၊ ငါသည်မင်း၏ အမိနှင့်တူသော မယား အရာ၌တည်၍ မိမိအလိုအားဖြင့်သာလျှင် မင်းသမီးအပျိုတစ်ထောင် အမတ်သမီးပျိုတစ်ထောင်၊ သူဌေးသမီးအပျိုတစ်ထောင် အလုံးစုံသော ကချေသည်မိန်းမတစ်ထောင် ဤသို့လျှင် မိန်းမလေးထောင်ကို ဆောင်ယူပေးအံ့"
ဟု စဉ်းစားပြီး ဆောင်ယူပေးလေသည်။

ထိုလေးထောင်သောမိန်းမတို့သည်လည်း အနှစ်တစ်ထောင် ပတ်လုံးမင်းအိမ်၌နေသော်လည်း သားသမီးကိုမရကြကုန်။

ဤနည်းဖြင့် တစ်ပါးတည်းဖြစ်ကုန်သော သုံးကြိမ်လေးထောင်စီ လေးထောင်စီဖြစ်သော မိန်းမတို့ကိုဆောင်၏။ ထိုမိန်းမတို့သည်လည်း သားသမီးကိုမရကုန်၊ ဤမျှဖြင့် တစ်သောင်းခြောက်ထောင်ကုန်သော မိန်းမတို့ကိုဆောင်ပေးခဲ့သည်။ အနှစ်လေးသောင်းတို့သည် ကုန်လွန်သွားခဲ့သည်။

www.dhammaransi.com



တစ်ပါးသော မိန်းမတို့ကိုမဆောင်ဘဲ သုမေဓာမိဖုရား တစ်ပါးတည်းနှင့်နေသော အနှစ်တစ်သောင်းတို့ပေါင်းပါက အနှစ်ငါးသောင်းတို့သည် ကုန်ဆုံးသွားလေသည်။

ထိုအခါ ပြည်သူတို့သည် စည်းဝေးကုန်၍ ကြွေးကြော်ကြပြန်ရာ အမတ်တို့က အကြောင်းစုံလျှောက်ထားပြီး-

"အရှင်မင်းကြီး. . . မင်းကြီး၏မိဖုရားတို့အား သားဆုကိုတောင်းစိမ့်သောငှါ စေခိုင်းတော်မူပါလော။"

ဟု လျှောက်တင်ကြလေသည်။

မင်းကြီးသည် ကောင်းပြီဟုဝန်ခံကာ မိဖုရားတို့ကို သားဆုကို တောင်းစေကုန်သည်။

မိဖုရားတို့သည် အထူးထူးသောနတ်တို့ကိုရှိခိုးကာ အထူးထူးသော အကျင့်တို့ကိုကျင့်ကြကာ သားဆုကိုပန်ကြသည်။ သို့သော် သားသမီးကမရကြပါချေ။

ထိုအခါ မင်းသည် သုမေဓာမိဖုရားကြီးကို ကိုယ်တိုင်သားဆုပန်ပါဟု တိုက်တွန်းသည်။ မိဖုရားကြီးသည် ကောင်းပြီဟု ဝန်ခံ၍ ပန္နရသီ (၁၅)ရက် ဥပုသ်နေ့၌ အင်္ဂါ (၈)ပါးရှိသော ဥပုသ်ကို ဆောက်တည်ပြီးလျှင် ကျက်သရေရှိသော တိုက်ခန်း၌နေ၍ သီလတို့ကိုဆင်ခြင်လျက် လျှောက်ပတ်အပ်သော ညောင်စောင်းငယ်၌ နေသည်။

www.dhammaransi.com



ကြွင်းကုန်သော မိဖုရားတို့သည်လည်း နွားအကျင့်၊ ဆိတ်အကျင့်ကိုကျင့်ကြသော်လည်း သားကိုမရ၍ ဉယျာဉ်ကိုသွားကုန်၏။

သုမေဓာမိဖုရားကြီး၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်လေသည်။ သိကြားမင်းသည် ဆင်ခြင်လတ်သော် သုမေဓာမိဖုရား၏သားဆုပန်သည်ကို သိသည်။

"မိဖုရားကိုသာ ဆုပေးအံ့၊ ထိုသို့ပေးငြားသော်လည်း ဟူးဟူးညားညား သာမန်သားကိုမပေးကောင်း၊ သုမေဓာမိဖုရားအတွက် လျှောက်ပတ်သောသားကို စုံစမ်းအံ့"

ဟု စဉ်းစားကာ သားကိုစုံစမ်းသည်ရှိသော် ကျူထရံသည်နတ်သားကိုမြင်လေသည်။

ထိုနတ်သားသည် ဘုန်းကံနှင့်ပြည့်စုံသော သတ္တဝါဖြစ်သည်။ ရှေးကိုယ်အဖြစ်၌ ဗာရာဏသီပြည်၌နေလျက် စိုက်ပျိုးသောအခါ လယ်တောသို့သွားသည်ရှိသော် ပစ္စေကဗုဒ္ဓါတစ်ပါးကိုမြင်၍ ကျွန်အမှုလုပ်တို့ကို စိုက်ပျိုးရစ်ကြဟု စေခိုင်းခဲ့ပြီး မိမိသည်ပြန်၍ အရှင်ပစ္စေကဗုဒ္ဓါအိမ်သို့ ပင့်ဆောင်ခဲ့ပြီးလျှင် ဆွမ်းကျွေးသည်။

တစ်ဖန်ဂင်္ဂါမြစ်နားသို့ပင့်၍ သားနှင့်တကွ ရေသဖန်းသားနံရံအခြေရှိသော ကျူထရံကာရံသော သစ်ရွက်မိုးကျောင်းကိုဆောက်၍ တံခါးကိုပြုလုပ်ပေးသည်။ စင်္ကြံကိုပါပြုလုပ်ပြီး အရှင်ပစ္စေကဗုဒ္ဓါကို တစ်ဝါတွင်းလုံး ထိုကျောင်း၌နေစေ၍ လုပ်ကျွေးခဲ့သည်။

www.dhammaransi.com



ဝါကျွတ်သော် သားအဖနှစ်ဦးတို့သည် အရှင်ပစ္စေကဗုဒ္ဓါကို သက်န်းသုံးထည်လှူလိုက်လေသည်။

ဤနည်းဖြင့်လျှင် ခုနှစ်ပါး၊ ရှစ်ပါးသော ပစ္စေကဗုဒ္ဓါတို့ကို ကျောင်း၌နေစေပြီး နှစ်စဉ်လုပ်ကျွေးခဲ့သည်။ သင်္ကန်းများလှူခဲ့သည်။

ထိုသားအဖသည် သေလျှင်တာဝတိံသာနတ်ပြည်၌ ဖြစ်ကြရသည်။ ကာမာဝစရနတ်ပြည် (၆)ထပ်၌ အပြန်အလှန်အားဖြင့် ကြီးစွာသော စည်းစိမ်ကိုခံစားကြကုန်လျက် ကျင်လည်ခဲ့ကြသည်။

ထိုနတ်သားနှစ်ယောက်တို့သည် ထိုတာဝတိံသာနတ်ပြည်မှ စုတေ၍ အထက်နတ်ပြည်၌ဖြစ်လိုကြသည်။ သိကြားမင်းသည် ထိုအထက်နတ်ပြည်သို့သွားအံ့သောအဖြစ်ကိုသိ၍ နတ်သားနှစ်ယောက်တို့တွင် တစ်ယောက်သောနတ်သား၏ ဗိမာန်သို့သွားသည်။

နတ်သားသည် သိကြားမင်းကို လာရောက်ရှိခိုးသော်-

"အချင်းနတ်သား. . . သင်သည် လူ့ပြည်သို့သွားခြင်းငှါ သင့်၏"

ဟု ဆိုသည်။

"မြတ်သောအရှင်နတ်မင်း. . . လူ့ပြည်မည်သည်ကား စက်ဆုပ်ဖွယ်ရှိ၏။ ရွံရှာဖွယ်ရှိ၏။ ထိုလူ့ပြည်၌ ဒါနအစရှိသော ကောင်းမှုကိုပြု၍ နတ်ပြည်ကိုတောင့်တကြရကုန်၏။ ထိုလူ့ပြည်သို့ သွား၍ အဘယ်သို့ပြုရပါအံ့နည်း။"

www.dhammaransi.com


"အချင်းနတ်သား. . . နတ်ပြည်၌ ခံစားသုံးဆောင်အပ်သော စည်းစိမ်ချမ်းသာကို လူ့ပြည်၌ခံစားရလတ့်၊ အစောက် (၂၅) ယူဇနာ၊ အနံ (၈)ယူဇနာရှိသော ရတနာပြသာဒ်၌နေရလတ့်၊ ဝန်ခံပါလော"

ဟု တိုက်တွန်းသည်ရှိသော် ထိုနတ်သားသည် လူ့ပြည်သွားရန် ဝန်ခံလေသည်။

သိကြားမင်းသည် ထိုနတ်သား၏ဝန်ခံခြင်းကိုယူ၍ ရသေ့အသွင်ဖြင့်မင်း၏ ဥယျာဉ်သို့သွား၍ ထိုမိန်းမတို့၏ အထက်ကောင်းကင်၌ စင်္ကြံန်သွားလျက် ကိုယ်ကိုပြ၍-

"အဘယ်သူအား ငါသည်သားဆုကို ပေးရအံ့နည်း၊ အဘယ်မိန်းမသည် သားဆုကိုယူလတ့်နည်း။"

ဟု ဆိုသော် တစ်သောင်းခြောက်ထောင်သော မိန်းမတို့သည်

"အရှင်ဘုရား. . . ကျွန်ုပ်အားပေးပါလော၊ အရှင်ဘုရား ကျွန်ုပ်အား ပေးပါလော"

ဟု ရသေ့ကိုလက်အုပ်ချီကာ တောင်းဆိုကြသည်။

"ငါသည် သီလရှိသောသူတို့အားသာ သားဆုကိုပေးအံ့၊ သင်တို့၏သီလသည် အဘယ်နည်း၊ အကျင့်သည်အဘယ်နည်း၊"

ဟု ရသေ့ကမေးသည်။

ထိုအခါ မိန်းမတို့သည် မိမိတို့၏လက်အုပ်ချီမှုကိုဖြေချကြ၍

www.dhammaransi.com



"သီလရှိသောမိန်းမအား အကယ်၍ပေးလိုကြားအံ့၊ သုမေဓာမိဖုရားကြီးထံသို့သာ ကြွတော်မူပါလော"

ဟု ဆိုကြကုန်သည်။

သိကြားမင်းသည် ကောင်းကင်ဖြင့်သွား၍ ထိုသုမေဓာမိဖုရား၏နန်းပြသာဒ်တံခါးဝယ် ခြသေ့်ခံသော လေသွန်းတံခါး၌ တည်သည်။

ထိုအခါ သုမေဓာမိဖုရားအား ထိုမိန်းမတို့သည် ကြားလျှောက်ကြသည်။

"အရှင်မိဖုရား. . . လာလော့၊ တစ်ယောက်သောနတ်မင်းသည် မိဖုရားကိုသားဆုကိုပေးအံ့ဟု ကောင်းကင်ဖြင့်လာ၍ ခြသေ့်ခံလေသွန်းတံခါး၌ ရပ်တည်နေပါ၏။"

ဟု လျှောက်ကြားကြသည်။

သုမေဓာမိဖုရားသည် ရှိသေလေးမြတ်သော အဆောင်အရွက်ဖြင့်လာလတ်၍ ခြသေ့်ခံသော လေသွန်းတံခါးကိုဖွင့်၍-

"အရှင်ဘုရား. . . အရှင်တို့သည် သီလရှိသောမိန်းမတို့အား သားဆုကိုပေးကုန်လတ့်လော၊"

ဟု မေးလျှောက်သည်။

"ရှင်မိဖုရား. . . ဟုတ်ပါ၏။"

"ထိုသို့ဆိုက သားဆုကိုပေးပါလော"

www.dhammaransi.com



"မိဖုရား. . . သင်၏သီလကား အဘယ်နည်း၊ သင်၏ သီလကိုငါအား ပြောပြပါလော၊ အကယ်၍ငါသည် နှစ်သက်အံ့၊ သင့်ကိုသားဆုကို ပေးပါမအံ့"

"အရှင်. . . ဤသို့ဆိုက နာကြားပါလော့"

"မကောင်းမှုကို အပပြုပြီးသောရသေ့. . . ကျွန်ုပ်သည် သုရုစိမင်းကြီး၏မိဖုရားကြီးပါတည်း၊ သုရုစိမင်းကြီးက ဆောင်ယူသောအချိန်မှစ၍ ယခုနှစ်တစ်သောင်းကာလအထိ သုရုစိမင်း၏ နန်းတော်၌နေခဲ့ပါ၏။"

"ရှင်ရသေ့. . . ကျွန်ုပ်သည် ဝိဒေဟရာဇ်တိုင်းကို မင်းကျင့်တရားဆယ်ပါး သင်္ဂဟတရားလေးပါးနှင့်အညီ ကျင့်ကြံနေသော သုရုစိမင်းကို ကိုယ်, နှုတ်, စိတ်သုံးပါးဖြင့် မျက်မှောက်-မျက်ကွယ် မထေမဲ့မြင် မပြုဘူးပါ။"

"ရသေ့. . . ဤမှန်သောသစ္စာစကားကြောင့် သားသည် ဖြစ်ပါစေ၊ မဟုတ်မမှန်စကားကို ဆိုသည်ရှိသော် ကျွန်ုပ်၏ဦးခေါင်းသည် ခုနှစ်စိတ်ကွဲပါစေသတည်း။"

"ရှင်ရသေ့. . . ကျွန်ုပ်၏လင်ဖြစ်သော သုရုစိမင်း၏ မိဘနှစ်ပါးဖြစ်သော ယောက္ခမမိဘတို့သည် ကျွန်ုပ်ကိုကာလရှည်စွာ ဆိုဆုံးမခဲ့ကြပါသည်။"

ကျွန်ုပ်သည် သူတစ်ပါးတို့ကို မညှင်းဆဲခြင်းတည်းဟူသော မွေ့လျော်ခြင်းရှိသည်ဖြစ်၍ စင်စစ်ကုသိုလ်ကမ္မပထတရား၊ ဆယ်ပါး

www.dhammaransi.com


တို့ကို ကျင့်ကာညဉ့်နေ့ပတ်လုံး မပျင်းမရိသည်ဖြစ်၍ ရိုသေစွာ ထိုယောက္ခမမိဘတို့ကို လုပ်ကျွေးခဲ့ပါ၏။

"ရှင်ရသေ့. . . ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်အားသားသည် ဖြစ်ပါစေ၊ မဟုတ်မမှန်စကားကို ဆိုခဲ့ပါက ကျွန်ုပ်၏ဦးခေါင်းခုနှစ်စိပ်ကွဲပျက်ပါစေ၊"

"ရှင်ရသေ့. . . မင်းအားမယားတစ်သောင်းခြောက်ထောင်တို့ရှိပါ၏။ ထိုမိန်းမတို့အပေါ်၌ ပြူစူခြင်း၊ အမျက်ထွက်ခြင်းတို့သည် ကျွန်ုပ်အားတစ်ရံတစ်ဆင့်မျှ မဖြစ်ဖူးပါ။"

ထိုတစ်သောင်းခြောက်ထောင်သော မိန်းမတို့၏အကျိုးစီးပွားဖြင့် နှစ်သက်ပါ၏။ ကျွန်ုပ်အား တစ်စုံတစ်ယောက်မျှလည်း မုန်းသောမိန်းမသည်မရှိပါ၊ အခါခပ်သိမ်းအလုံးစုံကုန်သော လင်တူရန်သူဖြစ်ကုန်သော မိန်းမတို့ကို ကျွန်ုပ်ကဲ့သို့ သနားကြင်နာပါ၏"

"ရှင်ရသေ့. . . ဤမှန်သော သစ္စာစကားကြောင့် ကျွန်ုပ်အားသားရတနာသည် ဖြစ်ပါစေ၊ ကျွန်ုပ်သည် လိမ်ညာပြောဆိုပါက ဦးခေါင်းခုနှစ်စိပ်ကွဲပျက်ပါစေ"

"ရှင်ရသေ့. . . ကျွန်ုပ်တို့ကိုလည်းကောင်း၊ အမှုလုပ်ကုန်သော သူတို့ကိုလည်းကောင်း၊ တစ်ပါးကုန်သော ကျွန်ုပ်တို့ကိုမှီ၍ အသက်မွေးကုန်သော သူတို့ကိုလည်းကောင်း၊ ကျင့်ဝတ်သဘောနှင့် အခါခပ်သိမ်းဝမ်းမြောက်သော ဣန္ဒြေရှိသည်ဖြစ်၍ ကျွန်ုပ်သည် စေခိုင်းပါ၏။"

www.dhammaransi.com



"ရှင်ရသေ့. . . ဤမှန်ကန်သော သစ္စာစကားကြောင့် သားသည်ဖြစ်ပါစေ၊ အကယ်၍မဟုတ်မမှန်ဆိုပါက ကျွန်ုပ်၏ဦးခေါင်းခုနှစ်စိပ်ကွဲပါစေ။"

"ရှင်ရသေ့. . . ငြိမ်းပြီးသော ကိလေသာရှိသောသူတို့ကိုလည်းကောင်း၊ မကောင်းမှုမှအပပြုပြီးသောသူတို့ကိုလည်းကောင်း၊ တစ်ပါးကုန်သောခရီးသွားဧည့်သည်၊ အထီးကျန်သောသူတို့ကိုလည်းကောင်း၊ အခါခပ်သိမ်းဖြန့်သောလက်ရှိသည်ဖြစ်၍ ထမင်းအဖျော်ဖြင့် ရောင့်ရဲစေပါ၏။

ရှင်ရသေ့. . . ဤမှန်သောသစ္စာစကားကြောင့် ကျွန်ုပ်အားသားသည်ဖြစ်ပါစေ၊ မမှန်မကန်ဆိုပါက ကျွန်ုပ်၏ဦးခေါင်းသည်ခုနှစ်စိပ်ကွဲပါစေ။"

"ရှင်ရသေ့. . . (၁၄)ရက်မြောက်သောနေ့၊ (၁၅)ရက်မြောက်သောနေ့၊ လဆန်း၊ လဆုတ်ပက္ခ (၈)ရက်နေ့တို့သည်ရှိပါ၏၊ ထို (၈)ပါးနှင့်ပြည့်စုံသော ကောင်းစွာဆောက်တည်အပ်သောဥပုသ်ကိုကျင့်သုံးပါ၏။ အခါခပ်သိမ်း ငါးပါးသီလကို ကောင်းစွာစောင့်ထိန်းပါ၏။

ရှင်ရသေ့. . . မှန်ကန်သော ဤသစ္စာစကားကြောင့် ကျွန်ုပ်အားသားသည် ဖြစ်ပါစေ၊ မဟုတ်မမှန်ဆိုပါက ဦးခေါင်းခုနှစ်စိပ်ကွဲပါစေ၊"

www.dhammaransi.com



ထိုသုမေဓာမိဖုရားအား ဂါထာတစ်ရာ၊ ဂါထာတစ်ထောင် ဂါထာတစ်သိန်းဖြင့် ချီးမွမ်းအပ်သော ကျေးဇူးတို့၏ အတိုင်းအရှည်သည် (၁၅)ဂါထာဖြင့် မိမိဂုဏ်ကျေးဇူးကိုဆိုသောအခါ၌လျှင် သိကြားမင်းသည် မိမိ၏များသောပြုဖွယ်ကိစ္စရှိသည်၏အဖြစ်ကြောင့် ထိုသုမေဓာမိဖုရား၏စကားကို ဖြတ်၍-

"မင်းသမီး. . . သင်၏ဂုဏ်ကျေးဇူးတို့သည် အံ့ဖွယ်သရဲမဖြစ်ဖူးမြဲ ဖြစ်ပေ၏။ များသောအခြံအရံရှိသောမိဖုရား သင်၌ ထိုအလုံးစုံဟုတ်မှန်သော အကျင့်ကျေးဇူးတို့သည် ရှိကုန်ပါ၏။

ရေမြေကို စိုးထိုက်သော ဇာတ်နှင့်ပြည့်စုံသော စင်ကြယ်သောအမျိုးရှိသော များသောအခြံအရံရှိသော ဝိဒေဟရာဇ်တိုင်းသူတို့၏ တရားမင်းဖြစ်သော သားသည်သင့်အားဖြစ်ပေလတ့်" ဟု ပြောကြားသည်။

သုမေဓာမိဖုရားသည် ရသေ့၏စကားကိုကြားလျှင် နှစ်သက်သည်ဖြစ်၍ ရသေ့ကိုမေးလိုရကား-

"ရှင်ရသေ့. . . မျက်ရေမှုန်ကားမကွင်းသည်ဖြစ်၍ အဆင်းမလှသော မျက်နှာရှိသော မြူအလိမ်းလိမ်းကပ်သော သစ်ခေါက်လျှော်တေကိုဝတ်သော၊ ကပ်ငြိထိပါးခြင်းမရှိသော ကောင်းကင်၌ တည်သောသင်သည် နှစ်သက်ဖွယ်သော နှလုံးသို့သက်ဝင်သော အကြင်စကားကို သင်ပြောဆို၏။"

www.dhammaransi.com



သင်သည် နတ်ပြည်မှနတ်ဖြစ်သလော၊ တန်ခိုးကြီးသော ရသေ့သည် ဖြစ်ပါသလော၊ ဤအရပ်သို့ရောက်လာသောသင်သည် အဘယ်သူနည်း၊ မိမိကိုယ်ကို ငါ့အားပြောကြားပေးပါလော"

"သုမေဓာမိဖုရား . . သုဓမ္မာနတ်သဘင်၌ အညီအညွတ် လာကုန်သော နတ်အပေါင်းတို့က ငါ့ကိုရှိခိုးရသော၊ မျက်စိတစ်ထောင်အမြင်ဆောင်သော သိကြားမင်းငါသည် သင့်ထံသို့လာပါ၏"

"ထိုသို့သဘောရှိသော ကောင်းသောပညာရှိသော စင်ကြယ်သောအမူရှိသော မိန်းမကိုမြင်ခြင်းငှါ လူ့ပြည်သို့ကာမဂုဏ်ငါးပါးနှင့် မြူးတတ်ကုန်သော နတ်တို့သည်လာကုန်၏။"

"ရှင်မိဖုရား. . . သင်သည်ကား ရှေး၌ကောင်းသောအလေ့ကြောင့်လည်းကောင်း၊ အလုံးစုံသောအလိုဆန္ဒနှင့် ပြည့်စုံသော ဤမင်းအိမ်၌ ဖြစ်၏။"

"မင်းသမီး. . . သင်၏ဤကောင်းသော အလေ့အကျင့်သည်ကား ဤဘဝနောက်ဘဝတို့၌ အောင်ခြင်းကိုယူသည်မည်၏။ နတ်ပြည်၌ဖြစ်ခြင်း၏ အကြောင်းလည်းဖြစ်၏။ ဤဇီဝလောက၌ ကျော်စောခြင်းသို့ ရောက်၏။"

"ချမ်းသာခြင်းနှင့်ပြည့်စုံသော သုမေဓာမိဖုရား မြင်ရှည်စွာ မိမိကိုယ်၌ ကုသိုလ်တရားကိုစောင့်သော ထိုငါသည်နတ်ပြည်သို့ သွားပါတော့အံ့၊ ငါသည် သင့်အားမြင်ခြင်းသည် ချစ်အပ်၏"

www.dhammaransi.com



ကျူထရံသည် နတ်သားသည် မိုးသောက်သောအခါ နတ်ပြည်မှစုတေခဲ့၍ သုမေဓာမိဖုရားကြီး၏ဝမ်း၌ ပဋိသန္ဓေကိုယူသည်။

သုမေဓာမိဖုရားသည် မိမိ၌ကိုယ်ဝန်တည်သောအဖြစ်ကို သိ၍ မင်းအားအကြောင်းကြား အသိပေးသည်။ မင်းကြီးက ကိုယ်ဝန်အစောင့်အရှောက်ကို ပေးသည်။

သုမေဓာမိဖုရားသည် ဆယ်လလွန်သော်သားကို ဖွားမြင်သည်။ ထိုသားကို မဟာပနာဒဟူသော အမည်ကိုမှည့်သည်။

ဗာရာဏသီပြည်၊ မိထိလာပြည် နှစ်ပြည်ထောင်နေကြကုန်သော သူတို့သည် ငါတို့အရှင်သားတော်နို့ဖိုးတည်းဟု ဆိုကုန်၍ တစ်သပြာစီသော ဥစ္စာတို့ကိုမင်းယင်ပြင်၌ ပစ်ချပေးကြရာ ကြီးစွာသော ဥစ္စာသည် ဖြစ်၏။

ထိုဥစ္စာများကို မင်းကပယ်အပ်သော်လည်း-

"ငါတို့၏အရှင်သားတော်ကြီးသောအခါ ရိက္ခာစားနပ်ဖြစ်လတ့်"

ဟုဆို၍ မယူမူကြ၍သာလျှင် သွားကြကုန်၏။

မင်းသားသည်ကား များစွာသောအခြံအရံဖြင့်ကြီး၍ (၁၆) နှစ်အရွယ်သို့ရောက်လတ်သော် အလုံးစုံသော အတတ်တို့၌ အပြီးဆုံးရောက်သည်။

ခမည်းတော်မင်းကြီးသည် သားတော်အရွယ်ကိုကြည့်၍ မိဖုရားကြီးကို-

www.dhammaransi.com


"ရှင်မိဖုရား. . . သားတော်အား မင်းအဖြစ်ကိုအဘိသိက်သွန်းအံ့သောအခါတန်ပြီ၊ ထိုသားတော်အား မွေ့လျော်ဖွယ်သော ရွှေနန်းပြသာဒ်ကို ဆောက်လုပ်စေ၍ အဘိသိက်သွန်းခြင်းကို ပြုအံ့"

ဟု မိန့်ကြားသည်။

"အရှင်မင်းကြီး. . . ကောင်းပါပြီ"

ခမည်းတော်မင်းကြီးသည် မြေကြန်တတ်သော ဆရာတို့ကိုခေါ်စေ၍-

"အမောင်တို့. . . လက်သမားတို့ကိုယူ၍ ငါတို့နန်းတော်မှ မနီးမဝေး၌ ငါသားတော်အားပြသာဒ်ကို ဆောက်လုပ်ကုန်သော ငါသားအားမင်းအဖြစ်ဖြင့် အဘိသိက်သွန်းပါအံ့"

ဟု ဆိုသည်။

ထို့နောက် မြေကြန်ဆရာတို့သည် မြေကိုစုံစမ်းမှုပြုစဉ်သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ ဝိသကြုံနတ်သားကိုခေါ်ကာ

"အမောင်ဝိသကြုံနတ်သား. . . သွားချေ၊ မဟာပနာဒမင်းသားအား အလျား (၉)ယူဇနာ၊ အနံ (၈)ယူဇနာ၊ အစောက် (၂၅) ယူဇနာရှိသော ရတနာပြသာဒ်ကို ဖန်ဆင်းချေလော့"

ဟု စေလိုက်၏။

ဝိသကြုံနတ်သားသည် လက်သမားအသွင်ဖြင့် လက်သမားတို့ထံသို့သွားကာ-

www.dhammaransi.com



"သင်တို့သည် နံနက်စာစား၍ လာခဲ့ကြကုန်လော"
ဟု ထိုလက်သမားတို့ကို စေလွှတ်ပြီး လှံတံဖြင့်မြေကို ခတ်သည်။

ထိုသို့ခတ်သောခဏ၌လျှင် ဘုံဆင့်တစ်ရာရှိသော ရတနာပြာသာဒ်သည် ပေါ်ပေါက်လာလေသည်။

မဟာမနာဒမင်းအား ပြာသာဒ်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ဤသုံးပါးသောမင်္ဂလာတို့သည် တပြိုင်နက်တည်း ဖြစ်လာခဲ့သည်။

မင်္ဂလာပြုရာအရပ်၌ နှစ်ပြည်ထောင်သားတို့သည် စည်းဝေးကုန်၍ မိထိလာပြည်၌ပွဲသဘင် ခုနှစ်နှစ်တိုင်တိုင် ကျင်းပခဲ့သည်။

နှစ်ပြည်ထောင်သားတို့အား အဝတ်တန်ဆာ၊ ခဲဘွယ်၊ ဘောဇဉ်၊ အစရှိသော အလုံးစုံတို့ကို မင်းအိမ်ကသာလျှင် တာဝန်ယူဆောင်ရွက်ပေးသည်။ ခုနှစ်နှစ်လွန်သော် ထိုနှစ်ပြည်ထောင်သားတို့သည် ငြွေးငြော်ကြပြန်သည်။

သုရုစိမင်းကြီးက အကြောင်းကိုမေးသော်-

"မြတ်သောမင်းကြီး. . . ကျွန်ုပ်တို့၏ မင်္ဂလာပွဲသဘင်ကို ခံစားလျှင်ပင် ခုနှစ်တို့ကုန်ဆုံးလွန်ခဲ့ပါပြီ၊ အဘယ်အချိန်ခါမှာ မင်္ဂလာပွဲအဆုံးသတ်ပါမည်နည်း။"
ဟု လျှောက်ထားကြသည်။

www.dhammaransi.com



"အမောင်တို့. . . ငါ၏သားတော်သည် ဤမျှလောက်သောကာလပတ်လုံး မပြုံးရယ်စဖူး၊ အကြင်အခါ၌ ငါ၏သားတော်သည် ပြုံးရယ်လတ့်၊ ထိုအခါ သွားကြကုန်လော"

ဟု မင်းကြီးက ပြောဆိုသောအခါ လူအများသည် သဘင်သည်များကိုစုဝေးစေ၍ ခြောက်သောင်းသောသဘင်သည်တို့ စုဝေးမိကြသည်။

ခုနှစ်စု,စု၍ က,ခုန်ဖျော်ဖြေကြသော်လည်း မဟာပနာဒမင်းသားကို ရယ်ရွှင်စိမ့်သောငှါ မတတ်နိုင်ကုန်။

(မဟာပနာဒမင်းသားက နတ်ပြည်မှသဘင်သည်တို့ကို မြင်ဖူးသည်၏အဖြစ်ကြောင့် ယခုသဘင်သည်တို့၏ ကခုန်ခြင်းကို မနှစ်သက်ခြင်းဖြစ်လေသည်။)

ထိုအခါ ဘဏ္ဍုကဏ္ဍမည်သောသဘင်သည် ပဏ္ဍုကဏ္ဍသဘင်သည်ကြီး နှစ်ယောက်တို့သည် ငါတို့သည်မဟာပနာဒမင်းသားကို ရယ်ရွှင်စေကုန်အံ့ဟုဆိုကာ ဦးစွာဘဏ္ဍုကဏ္ဍသဘင်သည်သည် မင်းအိမ်တံခါး၌ ကြီးစွာသောအတုလမည်သော သရက်ပင်ကို ဖန်ဆင်းပြီးလျှင် ချည်လုံးကိုပစ်၍ ထိုသရက်ပင်၏အခက်၌ ငြိစေ၍ ချည်တန်းဖြင့် အတုလသရက်ပင်ကို တက်ပြသည်။

(အတုလသရက်ပင်သည် ဝေဿဝဏ်နတ်မင်းကြီး၏ သရက်ပင်ကြီး၏ သရက်ပင်ဖြစ်သည်။ ထိုအချိန်အခါက ထိုသဘင်သည်ကို ထိုသရက်ပင်မှ ဝေဿဝဏ်နတ်မင်း၏ ကျွန်တို့ကအင်္ဂါ

www.dhammaransi.com



ကြီးငယ်တို့ကိုဖြတ်၍ ချပြကြသည်။ ကျန်သောသဘင်သည်တို့က ပေါင်းစု၍ရေဖြင့် သွန်းကုန်၏။ ထိုဘဏ္ဍကုကဏ္ဍမည်သောသဘင်သည်,သည် ပန်းပုဆိုးကို ဝတ်ရုံလျက် က,လျက်ထွက်ထလာသည်။ မဟာပနာဒမင်းသားငယ်သည် ထိုသဘင်သည်ကိုမြင်လျက်လည်း မပြုံးရွှင်ချေ။

ပဏ္ဍုကဏ္ဍမည်သောသဘင်သည်,သည် မင်းယင်ပြင်၌ ထင်းပုံကိုပြုစေ၍ မိမိပရိတ်သတ်နှင့်တကွ မီးထဲသို့ဝင်ပြ၏။ ထိုမီးငြိမ်းသည်ရှိသော် ထင်းပုံကိုရေဖြင့်သွန်းကုန်၏။ ပဏ္ဍုကဏ္ဍသဘင်သည်,သည် မိမိပရိတ်သတ်နှင့်အတူ ပန်းပုဆိုးကိုဝတ်၍ က,လျက် ထလာ၏။

ထိုသဘင်သည်ကိုမြင်၍လည်း မဟာပနာဒမင်းသည် မပြုံးရယ်ပေ။ ဤသို့လျှင် မဟာပနာဒမင်းသားကို ပြုံးရယ်စိမ့်သော ငှါ မတတ်နိုင်ကုန်ကြ၍ လူတို့သည်ဆင်းရဲကြကုန်သည်။

သိကြားမင်းသည် ထိုအကြောင်းကိုသိ၍ နတ်သဘင်သည် ကိုခေါ်ကာ-

"အချင်း. . . သွားချေ။ မဟာပနာဒမင်းသားကို ပြုံးရယ် စေ၍ ပြန်လာခဲ့ပါ"

ဟု စေခိုင်းသည်။

ထိုနတ်သဘင်သည် လာလတ်၍မင်းယင်ပြင်ဝယ် ကောင်းကင်၌ရပ်လျက် ထက်ဝက်သောကိုယ်ကိုပြသည်။ လက်တစ်ဘက်၊ ခြေတစ်ဘက်၊ မျက်စိတစ်ဘက်၊ အစွယ်တစ်ချောင်း

www.dhammaransi.com



တည်းရှိသည်ဖြစ်၍ ကပြ၏။ လှုပ်၏။ ကိုယ်တစ်ဝက်သာ တုန်လှုပ်၏။ ကြွင်းသောကိုယ်တစ်ဝက်သည် မတုန်လှုပ်သည်ကိုပြု၍ ပြသည်။

ထိုအခါကျမှ မဟာပနာဒမင်းသားသည် ထိုနတ်သဘင်သည် ကပြသည်ကိုမြင်၍ ပြုံးရယ်လေသည်။

လူအများသည် မင်းသားရယ်သည်အဖြစ်ကို ဘာကြောင့်ရယ်သည်ကို မသိကြသော်လည်း မင်းသားရယ်ပြုံးသဖြင့် မင်္ဂလာပြီးဆုံးလေသည်။

ထို့နောက် ထိုမဟာပနာဒမင်းသည် ဒါနစသောကောင်းမှုကိုပြု၍ နတ်ပြည်သို့တစ်ဖန်ပြန်သွားလေသည်။

ဘုရားရှင်က ဇာတ်တော်ကိုပေါင်းသော်-

ယခုခါ ဘဒ္ဒဇိသည် ထိုအခါက မဟာပနာဒမင်း
ယခုခါ ဝိသာခါသည် ထိုအခါ သုမေဓာမိဖုရား
ယခုခါ အာနန္ဒာသည် ထိုအခါ ဝိသကြုံနတ်သား
ယခုခါ ငါဘုရားသည် ထိုအခါ သိကြားမင်း ဖြစ်ခဲ့ဖူးပြီ။

ဝိသာခါသည် ယခုမှ ဆုရသည်မဟုတ်၊ ရှေးကလည်းရဘူးသည်ဟု ဟောပြတော်မူသည်။

(ပကိဏ္ဏကနိပါတ်၊ သုရုစိဇာတက)

မဟာသဒ္ဓမ္မဇောတိကဓဇ
တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ ဘီ.အေ)

အမှတ် ၂၀၃၆၉
ရက်စွဲ... ၄.၇.၁၅

www.dhammaransi.com



ဇာတကာလာ သိကြားမင်း၏

# လောကလူသားအကျိုးပြုမှုများ

မဟာသဒ္ဓမ္မဇောတိကဓဇ

တက္ကသိုလ် သျှင်သီရိ

(ဓမ္မာစရိယ၊ဘီ-အေ)